
www.burmeseclassic.com




ဝါဇီကရဏာအားတိုးဆေး
- ပိန်သူဝဖြိုးအလှတိုးသည်။
- အင်အားပြည့်စုံ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ၊ သိသိသာသာ အားတိုးသည်။)
- ကိုက်ခဲ ညောင်းညာ အကြောနာကောင်းစွာပျောက်သည်။ (ဒူလာရောဂါ၊ ဝီးယပ်ရောဂါ၊ အထိုင်များသူများ)
- စားကောင်းအိပ်ပျော်သည်။ ဆီးစမ်းသွား၍ကောင်းသည်။ မျက်စေ့ကြည်သည်။
- ဝီးယပ်စိန်၊ ဝီးယပ်ဖြောက် သွေးဆုံးရောဂါပျောက်သည်။

အလုံး / အမှုန့် နှစ်မျိုးထုတ်သည်။

TMR-009604 (0115)

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၊ အတွဲ (၂)၊ အမှတ်စဉ် (

အမြင့် မဂ္ဂဇင်း


★ အယ်ဒီတာချုပ်

အောင်ကျော်စော

★ တာဝန်ခံအယ်ဒီတာ

ထက်ထက်ဦးဝေ (B.Sc.Physics)

★ အယ်ဒီတာအဖွဲ့

ဦးရဲလွင် (ရဲဘိုင်အို)

ညိုမိအောင် (B.A.Myanmar)

အေးအေးနိုင်

★ ထုတ်ဝေသူ

ဦးအောင်လွင် (၀၄၁၄၉)

★ ပုံနှိပ်သူ

ဦးမြင့်ဦး(၀၁၅၈၃)

သိန်းသန်းဦးပုံနှိပ်တိုက်

၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

★ မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်

မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

ဒီဇိုင်း

စည်သူကျော်

ကွန်ပျူတာစာစီ နေမျိုးအောင်

တန်ဖိုး - ၃၀၀

အုပ်ရေ - ၁၀၀၀

ကုံးကော်ကျွင်စာပေ

အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတား

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၃၈၅၃၃၆၉၊ ၀၉-၅၉၂၉၄၂၁၈



ဆောင်းပါး

- ကိုကို (ယမ်းချစ်) ---၁၃

(ရှိုးမကိုသက်သေတည်၍)

နိုင်ငံတကာသတင်း

ဆောင်းပေါမန် - - ၁၅၃

မေခင် အောင်

- ထက်ထက်ဦးဝေ - - - ၃၀

(တရှိုင်းမဲ့မေတ္တာရှင်) [အခန်းဆက်ဝတ္ထုရှည်]




www.burmeseclassic.com

www.burmeseclassic.com

## မှခင်းဝတ္ထု


- ထင်အမြဲတိ (မြန်မာစာ) --- ၂၄
(ဆုံးဖြတ်မှုအမှန်)
- ကိုမိုး (ရွှေပြည်သာ) --- ၃၄
(အဆိပ်သင့်ပုံပြင်)
- မောင်သာမန် (စီးကုန်း) --- ၆၅
(မှုန်း)
- ခင်ဦး (ပုတီးကုန်း) --- ၇၅
(အမှုပါလီလိုမိန်းကလေး)
- မောင်ထည့်ဝါ (မျော်ဘွယ်) --- ၈၇
(အရောင်ဆိုးတိမ်တောင်)
- နွေအလွန် --- ၉၅
(သံယောဇဉ်ပဲ့တင်သံ)
- နွေးမယ်နော် --- ၁၀၉
(မျိုသိပ်ခြင်းရဲ့တစ်ဖက်မှာ)
- ရုမှုန်ဦး (ဟသ်ာတ) --- ၁၂၈
(မိုးတစ်ည၊ လူတစ်ယောက်နဲ့ ပုစ္ဆာတစ်ပုဒ်)
- ရှောယဉ်ချစ် --- ၁၃၅
(တင်းလွန်းတဲ့အမုန်းကြိုး)
- ကေသီမိုးသူ --- ၁၅၅
(သူတည်းတစ်ယောက်)


## ကာတွန်း

သူရိန်၊ ကျော်ဝင်းနိုင်၊ မောင်တင်ယု

## ကဗျာ

ကဗျာမင်းဓေ၊ လရောင်မိုးပြည့်၊ မောင်ခင်မှိုင်း (ချောက်)၊ လမင်းသစ္စာ၊
ညီလွမ်းရင့်၊ သရက်တန်းဆိုးရွှေ (မြစ်ငယ်)၊
လှိုင်ခင်အုန်း (အမရပူရ)၊ ထက်ကောင်းလတ် (မင်းဘူး)။



www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➤ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➤ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➤ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➤ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➤ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➤ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၁၆ |
| ➤ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၃၅၉၆၂ |
| ➤ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➤ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➤ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➤ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➤ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➤ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➤ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➤ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➤ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➤ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၀၂၅၉ |
| ➤ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➤ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➤ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➤ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➤ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၀၄/၂၃၀၅၄ |
| ➤ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➤ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |


အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



# အရိုးကြိုက်သူများ



ထမင်းဝိုင်းနားကခွေး
မျှော်ငေးစောင့်စား
အသားရိုးများ ဝါးရမလား
ငါးရိုးများဝါးရမလား
သွားရည်တမြားမြား။
ထမင်းဝိုင်းထဲကလူများ
အရိုးမုန်းသမျှ မရှောင်အား
တက်ညီလက်ညီဝါး
ချဉ်ပေါင်ရိုးများ
ကန်စွန်းရိုးများ။ ။

မောင်ခင်မိုး (ချောက်)



www.burmeseclassic.com

www.burmeseclassic.com



# ငြိမ်းချမ်းသောဘုံထဲမှာ

ပိန်ပါးတစ်ရန်
နွမ်းလာခဲ့အဝတ်
ပေါ့ရွှတ်တဲ့အိတ်ထောင်
ခပ်ချောင်ချောင်ဗလာထား
ဒါပေမဲ့.....
အတွေးများတော့ လတ်ဆတ်ပါသေးတယ်။
ရှုညဲ့တဲ့ဝန်းကျင်
တမင်ညှည်းတဲ့ဒုက္ခ
အမြင်ကအဆွာသာ
ဆန္ဒမာယာရထားလား
အမြင်လေးတွေ သန့်နေပါသေးတယ်
ငြိမ်းချမ်းမှုသာ နိဗ္ဗာန်ဆိုလျှင်
ငါ့ကိုယ်တွင်ပြန့်မွှား
ကဗျာများသွေးဖြစ်
အတွေးသစ်တားသုံး
ရင်နှလုံးအေးစွာ
တေးမှာသာစာရွက်ချ
ဘောလ်ပင်လှလှနဲ့ရေး
ကဗျာလေးမွှင့်အနံ့
စိတ်ထဲမှာပဲတင်ထပ်
စိတ်ဓာတ်လျှံကြဲ
ငါလည်းလေ.....
ဆင်းရဲပေမယ့် လောကနိဗ္ဗာန်ထဲမှာသာ။ ။



သရက်တန်းစိုးရွှေ (မြဝယ်)



www.burmeseclassic.com

www.burmeseclassic.com



# ဒိုင်ယာရီလေးကြွေသွားပြီ

ရုတ်တရက်ဆို
နှုတ်ဆိတ်ကြေကွဲ
တိတ်တိတ်ငိုပွဲဆင်တဲ့နေ့။
အဲဒီနေ့
ဘယ်ဒါမမေ့
တွယ်တာယနေ့တိုင်
သိနေဦးမယ်.....ဝိုင်
မှတ်မိနေမလား ထပ်သိလေလား
ဒွိဟစိတ်တွေ ပြေသိမ့်နေလည်း
ယစ်မူးရှုတ်ခမ်း
များရည်ဆမ်းလို့
တိတ်တိတ်လေးလည်း.....နမ်းရှုတယ်
ဒါကြောင့်မို့လည်း
မမေ့သည့်ပန်း
မွှေးဒီပန်းကို
ရှယ်သာရှယ်ရဲ့
မသွတ်ရဲလို့.....ဝိုင်ရယ်
တိတ်တိတ်လေးပဲချစ်တော့မယ်။ ■



ညီလွှမ်းရှင်




www.burmeseclassic.com

www.burmeseclassic.com



# ညာတတ်သူ



တချို့က.....
ရှိလို့ကြွား။
တချို့က.....
သိလို့ကြွား။
တချို့က.....
တတ်လို့ကြွား။
ရှိလို့ပဲကြွားကြွား
သိလို့ပဲကြွားကြွား
တတ်လို့ပဲကြွားကြွား
အကြွားနောက်မှာရှိနေဖို့
အကြွားနောက်မှာသိနေဖို့
အကြွားနောက်မှာတတ်နေဖို့။
အဲဒီလိုမှမဟုတ်
အကြွားနောက်မှာ ဘာမှမရှိ
အကြွားနောက်မှာ ဘာမှမသိ
အကြွားနောက်မှာ ဘာမှမတတ်ခဲ့ရင်တော့
ခင်ဗျားရဲ့အနာဂတ်ကို
"ညာတတ်သူ" ဆိုတဲ့သမိုင်းက
အပိုင်းပိုင်းဖြတ်တောက်သွားမယ်ကွယ်။

လမင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com



# ကဗျာဆရာရဲ့ခံစားချက်

ကဗျာတွေ ချရေးပြခဲ့ပေမယ့်
မြင်အောင် မကြည့်တတ်ခဲ့တော့လည်း
ငါ ကဗျာဆရာ ဖြစ်လာရုံကလွဲလို့
ငါ့ခံစားချက်တွေ ဘာမှအရာမထင်သေးဘူး။
တကယ်ပဲ မမြင်ခဲ့တာလား.....
တမင်ပဲ မမြင်ယောင်ဆောင်ခဲ့တာလား
သေချာတာကတော့
နင်နဲ့ငါ နီးနီးလေးနဲ့ ဝေးနေတုန်းပဲ။
တစ်ယောက်ရင်ထဲ တစ်ယောက်မြင်နေရပေမယ့်
ဖွင့်ပြောဖို့ သတ္တိမရှိတဲ့ ငါ့အတွက်
ငါ ချရေးပြတဲ့ ကဗျာလေးတွေ ဖတ်ရှုရင်း
ငါ့ခံစားချက်တွေကို အသိအမှတ်ပြုပေးပါဦး ချစ်သူရေ သိ။
အခုထက်ထိတော့
နင့်အကြောင်း တွေးလိုက်တဲ့အခါတိုင်း
ကဗျာတစ်ပုဒ်သာ ဖြစ်လာတယ်
ငါ့အချစ်တွေ နိဒါန်းမပျိုးရသေးဘူး။ ။



ကဗျာမင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



# အနိုင်ယူမေတ္တာ



စိမ့်စိမ့်စမ်းရေ
အေးမြပေသည့်
စီးဝေလွှမ်းမျှ
ကြည်နူးရ။
လမင်းရောင်ခြည်
ဝင်းပစွာဖြင့်
ရှင်မှာအေးမြ
ကြည်နူးရ။
စမ်းရေယှဉ်မှ
လရောင်မှုနှင့်
အပူမေတ္တာ
ဘယ်သောခါမှ
ကြည်နူးမရ အေးမရ။
သို့ပေမယ့်လေ.....
စမ်းရေအေးက အေးကြည်မှုဖြင့်
မှုစွနေပြင်း
အေးမြခြင်းဖြင့် အနိုင်ယူ။
စန္ဒာလမင်း
ဝင်းပခြင်းက
အလင်းအေးမြ
လွှမ်းခြုံမြ၍ အနိုင်ယူ။
မြူဝင်မေတ္တာ
အေးမြစွာက
နိုင်းရာမတူ
အပူအားလုံး
သိမ်းကျုံးလွှမ်းခြုံ
ပြီးပြည့်စုံဖြင့် အနိုင်ယူ။
မေတ္တာအေးမြ
စွမ်းထက်လှ၏
ဘဝသာယာ ကြည်နူးစွာ။

ထက်ကောင်းလတ် [[illegible]]



www.burmeseclassic.com

www.burmeseclassic.com

# သူတို့ ဆုံကြတဲ့အခါ



ဟိုတိမ်၊ သည့်တိမ်၊
နွယ်လိုယိမ်းသည့်
မိန်းမလှလေးတစ်ယောက်။
ဟိုခွေ သည့်ခွေ
တွင်းထဲနေသည့်
မြွေပွေးတစ်ကောင်။
အိုင်တွေ့ရင်မြွေသေး
မြွေတွေ့ရင်ဖမ်း
ရမ်းရမ်းကားကား၊
ယောက်ျားတစ်ယောက်။
သူတို့တစ်တွေ ဟိုတောင်မြေမှာ
နေဝင်ချိန်မှ ဆုံကြတဲ့အခါ.....။ ■

လှိုင်ခင်အုန်း (အမရပူရ)




www.burmeseclassic.com

www.burmeseclassic.com



# ပြန်ရိုက်လို့မရတဲ့ဓာတ်ပုံ

ပြန်အိပ်လို့မရဘူး
မက်ပြီးသွားတဲ့
အိပ်မက်ဆိုး။
ပြန်နှိပ်လို့မရဘူး
ကြည့်ပြီးသွားတဲ့
အလွမ်းခန်း။
ပြန်ပိတ်လို့မရဘူး
ဖွင့်ပြီးသွားတဲ့
အမုန်းသေတ္တာ။
ပြန်တိတ်လို့မရဘူး
ကျပြီးသွားတဲ့
မျက်ရည်စက်။
ပြန်မှိတ်လို့မရဘူး
သေဆုံးသွားပြီဖြစ်တဲ့
အချစ်။ ။



လရောင်မိုးပြည့်



www.burmeseclassic.com

www.burmeseclassic.com



# ကိုကို (ငယ်ချစ်)

# ရိုးမကို သက်သေတည်၍

ယနေ့ သတင်းစာ၊ ဂျာနယ်၊ အင်တာနက် မီဒီယာများတွင် ထိပ်တန်းရောက်နေသောသတင်းများ၊ အချက်နာအတော်များများ၌ နေရာယူလာသော သတင်းများတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုသတင်းများ အတော်များများပါလာသည်။

ဘယ်တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် မူးယစ်ဆေးဝါး ဘယ်လောက်များများ၊ စိတ်ကြွရူးသွပ်ဆေးပြား ဘယ်လောက်များများကို မည်သည့်အဖွဲ့က ဖမ်းဆီးရမိကြောင်းများ ပါလာတတ်သည်။

ကျွန်တော် ဖမ်းဆီးသတင်းများဖတ်ကြည့်မိတိုင်း ဝမ်းသာအားရဖြစ်မိသကဲ့သို့ အားကျစိတ်လည်းအမှန်ဖြစ်မိပါ၏။ စာရှုသူ မိတ်ဆွေအနေဖြင့် ကျွန်တော့်အား အရွှတ္တဆိုးရှိသူ၊ ညာဉ်ဆိုးရှိသူဟု ထင်ကောင်းထင်ပါလိမ့်မည်။

သူတစ်ပါးဖမ်းဆီးခံရပြီး ဒုက္ခရောက်ခြင်း၊ မျက်ရည်ကျခြင်းများကို ဝမ်းသာအားရဖြစ်နေသူ၊ အားကျစိတ်ရှိနေသူဟု ဆိုလေမည်လား။ ကျွန်တော် အဆိုးမြင်ဝါဒီသမားတစ်ဦးတော့မဟုတ်ပါ

ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မျိုးချစ်စိတ်ရှိရမည်၊ စွမ်းရည်ရှိရမည်၊ ခေတ်မီရမည် ဖြစ်ပါသည်။ ထို့အတူ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်များ၏ သင်္ကေတအမှတ်အသား၊ လက်ကိုင်ဆောင်ပုဒ်ရှိပါသည်။ **သစ္စာ၊ သမာဓိ၊ သတ္တိ**သည် ကျွန်တော်တို့၏ Trade Mark ဖြစ်ပါ၏။ သစ္စာရှိရပါမည်။

သမာဓိတရားလက်ကိုင်ထား၍ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းရပါမည်။ သတ္တိ၊ ဗျတ္တိနှင့် ပြည့်စုံရပါမည်။

ကျွန်တော် သတိပြုမိသော အချက်တစ်ချက်ရှိပါ၏။

ဝိဝါဒ မကွဲပြား၊ လွဲမှားသော အယူအဆနှင့်

www.burmeseclassic.com



သံ တူကြောင်းကွဲများတော့ရှိပါသည်။ အရပ်သုံး ဝေါဟာရနှင့် ပြောရပါလျှင် ရဲဆိုသည်မှာ သစ္စာရှိရမည်၊ သမာသမတ်ကျရမည်၊ သမာဓိရှိရမည်။ ဘက်မလိုက်ရ၊ မျှတရမည်။ ထိုသို့ဆိုပါ၏။

ကျွန်တော် တွေးဆကြည့်မိသည်။

သစ္စာရှိရမည်။ ဘာကိုသစ္စာရှိရမည်နည်း။

နိုင်ငံတော်ကိုလား၊ အစိုးရကိုလား၊ မိမိအလုပ်အကိုင်ကိုလား။

တိုင်းပြည်နှင့်လူမျိုးအပေါ်ကိုလား၊ အမှန်တရားကိုလား။

တိကျသေချာသော ဝေါဟာရတို့နှင့် ထိထိမိမိ ရှင်းပြရန်ကား ခက်လှပါ၏။

တိုင်းပြည်နှင့်လူမျိုးအပေါ်ကို သစ္စာရှိရမည်မှာ အကြွင်းမဲ့ဖြစ်၏။

နိုင်ငံတော်အပေါ် သစ္စာရှိရန်သည် မိမိ၏ ကျေးဇူးတရားသိတတ်မှု၊ မိမိစိတ်နှလုံးခံယူတတ်မှု၊ ကိုယ်ကျင့်သိက္ခာ စောင့်ထိန်းမှုတို့အပေါ် များစွာမူတည်ပါ၏။

အချို့အချို့သည် နိုင်ငံတော်နှင့်အစိုးရ မကွဲမပြားရှိတတ်၏။ အချို့အချို့နေရာများတွင် ခွဲခြားမရ။ တစ်ဆက်တစ်စပ်တည်း မှန်ကန်နေ၏။ ပြည်သူကို ကိုယ်စားပြုသော အစိုးရသည် နိုင်ငံတော်ဖြစ်၏။ ပြည်သူကို ကိုယ်စားမပြုသော အစိုးရသည် နိုင်ငံတော်မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်သည် ပြည်သူနှင့် တစ်ထပ်တည်းကျနေသောကြောင့်ဖြစ်၏။

အင်္ဂလိပ်ကိုလိုနီနယ်ချဲ့လက်ထက်က ပုလိပ်တပ်ဖွဲ့၊ ပုလိပ်အဖွဲ့အစည်းသည် နယ်ချဲ့အစိုးရ၏ သစ္စာရှိအဖွဲ့အစည်းဖြစ်၏။ နယ်ချဲ့အစိုးရ၏ သစ္စာခံပြီး နိုင်းစေသည့် လုပ်ငန်းကိစ္စများမှန်သမျှ ဦးလည်မသုန်၊ ကျေကျေပွန်ပွန်၊ ရွပ်ရွပ်ချွံချွံလုပ်ခဲ့၏။

သို့သော် နယ်ချဲ့အစိုးရသည် မြန်မာပြည်သူလူထုကို ကိုယ်စားမပြုသဖြင့် နိုင်ငံတော်မဖြစ်ခဲ့ပေ။

နိုင်ငံတော်၊ သို့တည်းမဟုတ် ပြည်သူလူထုကိုယ်စားမပြုသော ကိုလိုနီနယ်ချဲ့၏ သစ္စာရှိလူယုံဖြစ်ရုံ၊ တာဝန်ကျေပွန်ရုံမျှနှင့် ပုလိပ်အဖွဲ့အစည်းသည် အမျိုးသားသစ္စာဖောက်၊ ကိုလိုနီလက်ကိုင်တုတ်သာဖြစ်ခဲ့၏။

နိုင်ငံတော်နှင့်အစိုးရကို ခွဲခြားမသိခဲ့သော ကိုလိုနီခေတ်ပုလိပ်တပ်ဖွဲ့သည် တာဝန်ကျေပွန်သော်ငြား၊ သစ္စာရှိသော်ငြား ပြည်သူချစ်သော ရဲတပ်ဖွဲ့ဝင်များဖြစ်မလာခဲ့ပေ။ သမိုင်းတစ်ခေတ်တွင် အကြွေးတစ်ကြွေးသာ တင်နေခဲ့ပါ၏။

ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် အရိပ်ဆိုးကြီး အုပ်မိုးနေပြီး အတိတ်တစ္ဆေခြောက်လှန့်ခြင်းကို ခံနေရပါ၏။ တစ်ဖန် ၁၉၈၈ ခုနှစ်တုန်းဆီက မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော ၈၈ အရေးအခင်းသည်လည်း ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်များအတွက် အကြွေးတစ်ကြွေး ထပ်တင်စေခဲ့ပြန်သည်။

“သူ့ဆန်စား ရဲမှ”ဟူသောစကားသည် ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင်များအတွက် အဆိပ်ပင်ရေလောင်း ပညာမဲ့လူမိုက်စကားများပင်ဖြစ်ပါသည်။ ဆရာ့စကား အကြွင်းမဲ့ယုံစားပြီး ကောင်းသည်၊ ဆိုးသည် ဘာတစ်ခုမှမစဉ်းစား၊ မပယ်ရှားခဲ့လေသော အဟိံသကသ သားသည် တပည့်လိမ္မာမဖြစ်ဘဲ အင်္ဂုလိမာလ ခိုးသား ဓားပြလုံးလုံးဖြစ်ခဲ့ရ၏။

ပါရမီရင့်သန်၍ အဆုံးသတ် ဇာတ်ပေါင်းသော် ရဟန္တာဖြစ်သွားခဲ့ခြင်းကား ရှိစေတော့။ ဤကား စကားချပ်ဖြစ်၏။

♛♛♛♛♛

ယနေ့ မျက်မှောက်ခေတ်ကာလသည် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် သမိုင်းကြောင်းများ ကျေသင့်သလောက်ကျေ၊ ပြေသင့်သလောက် ပြေလောက်ပါပြီ။ အကြွေးထပ်မတင်ဖို့ရန် အလွန် သတိထား လုပ်ဆောင်ရပေမည်။

မျက်စိလျက်လျှင်၊ နားရှင်ရှင်နှင့် မျက်စိကျယ်ကျယ်၊ နားကျယ်ကျယ် ထားရပါမည်။ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေရှိရပါမည်။ နိုင်ငံရေးအမြင်၊ စစ်ရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နှင့် နိုင်ငံတကာအမြင်တို့ ရှိရပါမည်။ ရှေးရိုးစွဲပြီး တရားသေဝါဒ လုပ်၍မရ။ လေ့နံ့ဓားထစ် လုပ်၍မဖြစ်တော့။ အမြင်များ၊ အလုပ်အကိုင်များ၊ အတွေးအခေါ်၊ အကြံအစည်များ၊ အပြုအမူ၊ အကျင့်အကြံများ ပြင်သင့်တာပြင်၊ ပြောင်းသင့်တာများ ပြောင်းရတော့မည်။

ထိုနေရာတွင် တစ်ခါတစ်ရံ ရှေ့စကားနှင့် နောက်စကားတို့ လားလားကြီးဆန့်ကျင်သွားတတ်ခြင်းမျိုးလည်း ရှိတတ်ပါ၏။ သို့သော် သံတူကြောင်းကွဲများဖြစ်ပြီး စေ့စေ့တွေးသော် ရေးရေးပေါ်၏။ ကျွန်တော်တို့ အလေးထားပြီး သေချာလေ့လာကြည့်ပါက တူညီသော တူညီခြင်းများကို တွေ့ရမည်ဖြစ်ပါသည်။

ဗုဒ္ဓဝါဒသည် ကာမသုခလ္လိက နုယောဂဟူသော အစွန်းနှင့် အတ္တကိလမထ နုယောဂဟူသော အစွန်း နှစ်ဖက်ကိုရှောင်ကြဉ်၍ မဇ္ဈိမပဋိပဒါ အလယ်အလတ် လမ်းစဉ်ကို ကျင့်ကြံသော ဝါဒဖြစ်သည်။

ပြောင်းလွယ်ပြင်လွယ်ရှိရမည်ဟူသော ဆိုသော စကားရပ်နှင့် မှောက်ချည်လှန်ချည် ပြုလုပ်လွယ်သော သက်ဖဝါးကဲ့သို့ မကျင့်နှင့်။ ခြေဖဝါးကဲ့သို့ တစ်သမတ်တည်း ကျင့်ရမည်ဟူသော စကားတို့သည် စုစည်းကပ်ပြခြင်းဖြင့် တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော်ငြား သက်ဆိုင်ရာ အပိုင်းကဏ္ဍအလိုက်တွင် အံဝင်ခွင်ကျ ဖြစ်နေသော သစ္စာတရား၊ ကပ္ပဋိတိတရားများ ဖြစ်နေပါ၏။

အခုတစ်မျိုး၊ တော်ကြာတစ်မျိုး အမိန့်နှစ်မျိုး မဟုတ်ပါ။

ရဲတပ်ဖွဲ့ဝင်များသည် သစ္စာရှိရမည်၊ သမာသမတ်ရှိရမည်၊ ဘက်မလိုက်ရ။ ထိုစကားတို့သည် တရားပြိုင်နှစ်ဦးအတွက် မှန်ပါ၏။ တရားလိုနှင့် တရားတို့ နှစ်ဦးကြားတွင် ဆန္ဒာ၊ ဒေါသ၊ ဘယာ၊ မောဟတည်းဟူသော အဂတိတရား(၄)ပါးကင်းလျက် သမာသမတ် ကျကျ တွေးခေါ်ကြံဆ လုပ်ကိုင် ဆောင်ရွက်ရပါမည်။

သို့သော် လော်လီဖောက်ပြားသော မမှန်တရားနှင့် မှန်ကန်သော သစ္စာတရားတို့ကြားတွင်တော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကြားနေဝါဒ ရပ်တည်နေ၍မရပါ။ ကိုယ်နှင့်မဆိုင်၊ ငါ့အလုပ်မဟုတ်၊ သူ့အလုပ်ဟု ပြောနေရုံနှင့်၊ ရပ်နေ၍မရပါ။ ဘက်လိုက်ရပါမည်။ အမှန်တရားဘက်က မားမားမတ်မတ် ရပ်တည်ပေးရပါမည်။

သို့မှသာ သစ္စာတရားမည်ပေ၏။

ကျွန်တော်တို့၏ လုပ်ဆောင်ချက်များသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းအတွက် လွှန်သင့်လျှင် လွှန်သွားပါလိမ့်မည်။ ထိုသူ နစ်နာကောင်း နစ်နာသွားပါလိမ့်မည်။

သို့သော် အများပြည်သူ၏ အကျိုး၊ တိုင်းပြည်နှင့်လူမျိုးအတွက် နှိုင်းယှဉ်ကြည့်ပါက ထိုသူ၏ နစ်နာမှုသည် မပြောပလောက်တော့ပေ။ အမြဲမှန်ကန်သော တရား၊ ဓမ္မစစ်နှင့် ချိန်ထိုးတိုင်းတာကြည့်ပါက ထိုသူသည် တစ်ကမ္ဘာလုံး၏ ဘုံရန်သူဖြစ်၏။

ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တစ်ဦးတစ်ယောက်ကောင်းအတွက်၊ လူမျိုးစုတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် ဖွဲ့စည်းထားသော တပ်ဖွဲ့ မဟုတ်ပါ။ တိုင်းပြည်နှင့်လူမျိုးကို ကိုယ်စားပြုသော၊ ပြည်သူလူထုကို ကိုယ်စားပြုသော တပ်ဖွဲ့ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတော်မှ လိုလားသောရဲ၊ တပ်ဖွဲ့မှ လိုလားသောရဲ၊ ပြည်သူလူထုမှ လိုလားသောရဲများ ဖြစ်ပါသည်။

ကျွန်တော်ဆိုလိုသည့် တစ်ဦးတစ်ယောက်သောသူဆိုသည်မှာ မူးယစ်ဆေးဝါးနှင့် ထိုမူးယစ်ဆေးဝါးကို ထုတ်လုပ်ဖြန့်ဖြူး သယ်ယူပို့ဆောင်သောသူ၊ ဝယ်ယူစုဆောင်းသောသူ၊ ရောင်းဝယ်ဖောက်ကားသောသူများကို ဆိုလိုခြင်းဖြစ်ပါသည်။

ထိုသူများသည် အမျိုးဖျက်သောသူ၊ မိမိတစ်မျိုးသားလုံးကို လူညွှန့်တုံးစေသောသူ၊ သေမင်းတမန်၏ ယွမ်းတပ်သားများဖြစ်ပြီး တစ်ကမ္ဘာလုံး၏ ဘုံရန်သူများဖြစ်ပါသည်။

နေရာအတော်များများ၊ လူအတော်များများထံမှ မူးယစ်ဆေးဝါးအန္တရာယ် အတော်ကြီးမား ကြောက်စရာကောင်းကြောင်း ပြောနေသံများ ကြားနေရသော်လည်း ထိုသူများမှာ မူးယစ်ဆေးဝါးအန္တရာယ်ကို တကယ်ကြောက်သည်ဟု မယူဆနိုင်သေးပါ။

တကယ်ကြောက်၍ တကယ်မုန်းလာပြီ၊ တကယ့်ရန်သူကြီးအဖြစ် မြင်လာကြပြီဆိုပါက ထိုသို့ပင် ပြောနေတော့မည်မဟုတ်။ မူးယစ်ဆေးဝါးပပျောက်ရေ
အတွက် အားသွန်ခွန်စိုက် အမှန်တကယ် ကြိုးပမ်
ဆောင်ရွက်ကြမည်ဖြစ်ပါသည်။

ကျွန်တော်တို့မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးဆ
ကျင်ရေးများ၊ တိုက်ဖျက်ရေးများ၊ ကင်းစင်ပပျော
ရေးများ ဆောင်ရွက်လာခဲ့ကြသည်မှာ ကုန်းဘော
ခေတ်မှစ၍ ယနေ့မျက်မှောက်ကာလအထိ ခေ
အဆက်ဆက်တိုင် ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်

အမြစ်ပြတ် မကင်းစင်နိုင်သေးပေ။ ရှေ့ဖုံးနော
ပေါ်၊ ဦးကနင်း၊ ပဲ့ကထောင်၊ ပဲ့ကနင်း၊ ဦးကထော
ဖြစ်နေသေးသည်။ နိုင်ငံတော်၏ ဦးဆောင်လမ်းညွှ
မှုဖြင့် တစ်မျိုးသားလုံး၊ ပြည်သူလူထုတစ်ရပ်လုံ
အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်နေချိန် စီး
ရေး ဝိသမလောဘသားများက သစ္စာဖောက်
ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ကြ၊ အားပေးအားမြှော
ပြုကြ၊ ကိုယ်တိုင်သယ်ယူပို့ဆောင်ကြ၊ ရောင်း
ဖောက်ကားကြနှင့် ဥပဒေကိုဆန့်ကျင်၊ တစ်မျိုးသ
လုံးကို ဆန့်ကျင်ပြီး ကိုယ်ကျိုးအတွက် အတ္တကြီး
နေကြ၏။ ဘယ်သူသေသေ ငတေမာပြီးရော
ရက်ကြ၏။

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအ
အသက်၊ သွေး၊ ချွေး စတေးခဲ့ကြသော ညီအ
မောင်နှမများ၊ တိုင်းပြည်၏ သူရဲကောင်းများမျ
ကို မထောက်ထားကြတော့။ မူးယစ်ဆေးဝါး၏
ကောင်ဖြစ်ခဲ့ကြရသော အပြစ်မဲ့ပြည်သူများ၊
တော်တို့၏ သွေးချင်းညီနောင်များ၏ ဘဝများကို
မသနားကြတော့ပြီလော။

ထိုသူတို့အတွက် ကျခဲ့ရသော မိဘများ၏
ရည်၊ အစ်ကို၊ အစ်မ၊ မောင်၊ ညီမလေးများ၏
ရည်များကို တစ်ပေါင်းတည်းစီးဆင်းစေနိုင်ခဲ့မ
ပါလျှင် ရှမ်းပြည်နယ်အတွင်းမှ သံလွင်မြစ်တစ်

**အမြစ်ပြတ်မကင်းစင်နိုင်သေးပေ။ ရှေ့ဖုံးနောက်ပေါ်၊ ဦးကနင်း၊ ပဲ့ကထောင်၊ ပဲ့ကနင်း၊ ဦးကထောင် ဖြစ်နေသေးသည်။ နိုင်ငံတော်၏ဦးဆောင်လမ်းညွှန်မှုဖြင့် တစ်မျိုးသားလုံး၊ ပြည်သူလူထုတစ်ရပ်လုံးမှ အားကြိုးမာန်တက်…**

www.burmeseclassic.com

www.burmeseclassic.com



င်မက ရှိချေတော့မည်။ ခန္ဓာကြွေ မြေခ၍ သေကြေခဲ့ကြရသော သွေးချင်းတို့၏ အရိုးပေါင်းများစွာတို့ကသည်း မောရှမ်းမြေတစ်ခွင် လက်ညှိုးထိုးမလွဲသည်ကိုသည်း ကျွန်တော်တို့အားလုံး အသိပင်ဖြစ်ပါ၏။

မူးယစ်ဆေးဝါး၏ သမိုင်းနောက်ခံကို ပညာရှင်များ၊ သမိုင်းဆရာများ၊ သုတေသီများက ရေးသားတင်ပြခဲ့သည်မှာ ဖန်တစ်ရာတေ အပ်ကြောင်းထပ်မျှဖြစ်ပါ၏။ မြန်မာနိုင်ငံအတွက် ကိုလိုနီနယ်ချဲ့တို့၏ အမွေဆိုးပင်ဖြစ်ပါ၏။

သမိုင်းဆိုသည်ကား နိုင်သူတို့က ရေးကြစတမ်းဖြစ်၏။ တစ်ကမ္ဘာလုံးက သေမင်းတမန် မိစ္ဆာနတ်ဆိုးဟု ဆိုကြသော်လည်း ကိုယ်ကျိုးရှာသမားတို့က ငရဲမန်းကို ရွှေပန်းအဖြစ် အမြတ်တနိုး ပန်ဆင်လိုကြ၏။ ကျွန်တော်တို့ မြန်မာပြည်သူများ သမိုင်းအစဉ်အဆက်မူးယစ်ဆေးဝါးကို တိုက်ဖျက်ခဲ့ကြ၏။

ကုန်းဘောင်ပဒေသရာဇ်ခေတ်မှ အင်္ဂလိပ်ကိုလိုနီခေတ်အထိ မြန်မာပြည်သူတို့ မိမိတို့တတ်နိုင်သည့်အတိုင်းအတာအထိ ဆန့်ကျင်တိုက်ဖျက်ခဲ့ကြ၏။ လွတ်လပ်ရေးရပြီးသော်လည်း တရုတ်ဖြူများ၊ ရောင်စုံသောင်းကျန်းသူများကြောင့် တစ်ဖက်က တိုင်းပြည်ကိုကာကွယ်ရ၊ တစ်ဖက်က မူးယစ်ဆေးဝါးဆန့်ကျင်ရေးများ ဆောင်ရွက်ကြရနှင့် အလွန်ဒုက္ခများကြရသော ကာလဖြစ်၏။

တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် မူးယစ်ဆေးဝါးထိန်းချုပ်ခြင်းနှင့် ပတ်သက်သည့်စာချုပ်ကို ကုလသမဂ္ဂ၌ လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၇၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေကိုလည်းကောင်း၊ ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။

**ကုန်းဘောင်ပဒေသရာဇ်ခေတ်မှ**
**အင်္ဂလိပ်ကိုလိုနီခေတ်အထိ**
**မြန်မာပြည်သူတို့ မိမိတို့တတ်နိုင်သည့်**
**အတိုင်းအတာအထိ ဆန့်ကျင်တိုက်ဖျက်ခဲ့ကြ၏။**
**လွတ်လပ်ရေးရပြီးသော်လည်း**
**တရုတ်ဖြူများ**
**ရောင်စုံသောင်းကျန်းသူများကြောင့် ......**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် တပ်မတော်မှ စစ်ဆင်ရေးများဖြင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများအား ချေမှုန်းခဲ့ရာ မဲလုံး၊ နှင်းပန်း၊ ပေါက်ပန်း၊ တောင်ထိပ်ပန်းနှင့် ဟောမန်ဦးစစ်ဆင်ရေးများအပြင် ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်အတွင်း မိုးဟိန်းစစ်ဆင်ရေး အဆင့်(၁)မှ (၁၂)ထိလည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး အဆင့်(၁)မှ (၄)အထိလည်းကောင်း၊ တောင်ထိပ်ပန်းစစ်ဆင်ရေးဖြင့်လည်းကောင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းအား စစ်ဆင်ရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည်။

♛♛♛♛♛

လက်ရှိ နိုင်ငံတော်၏ ဒီမိုကရေစီကူးပြောင်းကာလတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးသည်လည်း အသွင်သစ်ကူးပြောင်းသွား၏။ ပြည်သူလူထုတစ်ရပ်လုံးမှ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းစဉ်များဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်း



www.burmeseclassic.com

www.burmeseclassic.com



ရေး၊ နယ်မြေလူထု ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရေး၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေး လုပ်ငန်းတစ်မျိုးတည်း ကြိုးပမ်းဆောင်ရွက်နေရုံဖြင့် ပြီးပြည့်စုံစွာအောင်မြင်မှုရရှိနိုင်မည်မဟုတ်ပေ။ ဘိန်းစိုက်ပျိုးထုတ်လုပ်သော ဒေသများ၏ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ပေးမှသာလျှင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်းပပျောက်သွားမည်ဖြစ်ပါသည်။

ကမ္ဘာတွင် မူးယစ် ဆေးဝါး အများဆုံးထွက်ရှိသောနိုင်ငံသည် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် ဒုတိယအများဆုံးနိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်းအနေဖြင့်လည်း ဘိန်းစိုက်ပျိုးရာဒေသများဖြစ်သည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်တို့အနက် ရှမ်းပြည်နယ်သည်ဘိန်း အများဆုံးထွက်ရှိရာ ဒေသဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုများနှင့်ပတ်သက်၍ ဘိန်းစိုက်တောင်သူများ၏ အခြေအနေကိုလေ့လာလျှင် ဝမ်းစာမဖူလုံ



မှု ၆၀%၊ ဘိန်းစိုက်ပျိုးပါ က ဝင်ငွေပိုမိုရရှိမှု ၃၅%၊ ဘိန်းအစားထိုးသီးနှံများ ဈေးကွက်မရရှိမှု ၅% တို့ကြောင့် ဘိန်းစိုက်ပျိုးမှုများအား လွယ်ကူစွာစွန့်လွှတ်နိုင်မှုမရှိခြင်းဖြစ်ပါသည်။ တကယ်ဆိုလျှင် ဘိန်းစိုက်တောင်သူများ၏ ဘဝသည် လည်း မစားသာလှ။ ပင်ပန်းသလောက်၊ အရင်းအနှီး များသလောက် အကျိုးခံစားခွင့် နည်းလှပါသည်။ တွက်ရေးနှင့် စက်သူဌေးဖြစ်သော်လည်း တွက်ကြည့်တော့စက်မရှိတော့ပါ။ ဘိန်းစိုက်ဧက တစ်ဧက (ရသိမ်သို့မဟုတ် ရတိုင်)လျှင် ထယ်သုံးကြိမ် ထိုးရသည်။ ကုန်ကျစရိတ် တစ်သိန်းကျော်၊ ဓာတ်မြေသြဇာ ... အိတ်ခန့်၊ နှစ်သိန်းကျော်၊ သဘာဝမြေသြဇာအဖြစ် ကြက်ချေး အိတ် ၂၀၊ ခြောက်သောင်းကျော်၊ စိုက်... လေးသိန်းကျော်၊ ပေါင်းမြက် ... ၂ ခါလိုက်၊ ရှစ်သိန်း ကျော် ... တစ်ခါတစ်ရံ၃ ခါလိုက် ... သည်လည်းရှိ၏။ ဘာလေ... ဘာ စက်တင်ဘာ၊ အောက် ... တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ... ရောက်၍ ခြစ်တော့ မည်... လျှင် ငါးသိန်းကျော် ... အားလုံးပေါင်းလျှင် တစ်... သိန်း(၂၀)ကျော်မျှ ရင်း... သော်လည်း တကယ်တမ်း ... ဘိန်းစိမ်းထွက်ပါက ကော... လျှင် လေးပိဿာခန့် ... သာမန် သုံးပိဿာခန့် ... ထွက်ပြီး မကောင်းလျှ... သွားရော။ ဘိန်းစိမ်း ... လိုလျှင် ဒေသ...ကြေ... (ရှမ်းပြည်နယ်တောင်...



www.burmeseclassic.com

www.burmeseclassic.com



တွင်)လေးငါးဆယ်သိန်းဟုဆိုသော်လည်း ဆီဆိုင်၊ ပင်လော်င်း၊ ဖယ်ခုံတစ်ခွင်တွင် တစ်ကီလိုလျှင် လေးငါးသိန်းခန့်သာရှိသည်။ မိုးဘိန်းဆိုလျှင် ထိုလောက်ပင်ရေးမရ။ ထိုသို့သော အခြေအနေမျိုးနှင့် ဘိန်းစိုက်တောင်သူတို့ သူဌေးမဖြစ်နိုင်။ ထိုင်စင်ပါသော ကားကောင်းကောင်းဝယ်မစီးနိုင်။ သို့သော် ဘိန်းမစိုက်သော ငွေရှင်ကြေးရှင်တို့ကသာ ဝယ်ယူဆောင်းခြင်း၊ ရောင်းဝယ်ဆက်ကားခြင်းဖြင့် ကြီးပွားချမ်းသာကုန်ကြ၏။



ထို့ကြောင့် မူးယစ်ဆေး ဝါးထုတ်လုပ်မှု၊ သုံးစွဲမှု ပပျောက်ရေးတို့အတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လမ်း/ တံတားတည်ဆောက်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်း၊ ပညာပေးရေးလုပ်ငန်း၊ ပြန်လည်ထူထောင် ရေးလုပ်ငန်းနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်း၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးဆိုသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ကင်းစပပျောက်ရေးအတွက် ဘိန်းခင်းများ ဖျက်ဆီးနေရုံ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးနေရုံ၊ တားဆီးနေရုံ၊ ပညာပေးဟောပြောနေရုံဖြင့် လုံးဝ အောင်မြင်နိုင်မည်မဟုတ်ကြောင်း ကျွန်တော်တို့ လေ့လာသိရှိနိုင်မည်ဖြစ်ပါသည်။

မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရမှ (၁၅)နှစ်စီမံကိန်း ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၁၉၉၉-၂၀၀၀) မှ (၂၀၁၃-၂၀၁၄)တွင် စီမံကိန်းကာလပြီးဆုံးပြီဖြစ်သော်လည်း ဒေသအကျိုးကို ရှေးရှု၍ ဘိန်းစိုက်ပျိုးမှုလျှော့ချပြီး အစားထိုးသီးနှံများအပြည့်အဝစိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်းကာလကို နောက်ထပ် (၅)နှစ်တိုးမြှင့်ကာ ၂၀၁၈-၂၀၁၉အထိသတ်မှတ်ခဲ့ပါသည်။

တစ်ဖက်မှလည်း တပ်မတော်၊ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ ပြည်သူလူထုနှင့် အပစ်အခတ်ရပ်စဲထားသောအဖွဲ့များ၊ ဌာနေပြည်သူ့စစ်များ ပူးပေါင်း၍ ဘိန်းခင်းဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်၌ ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၂၉၄၂၅ ဒသမ ၃၅ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၂၉၅၃၈ ဒသမ ၀၄ ဧကတို့ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

ကျွန်တော်သည် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိရာ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်နယ်မြေရဲစခန်းအနေဖြင့်လည်း ၂၀၁၂-၂၀၁၃ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ခင်းဧက စုစုပေါင်း ၅၅၈၃ ဒသမ ၉၅ ဧက၊ ၂၀၁၃-၂၀၁၄ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းစိုက်ခင်းဧက စုစုပေါင်း



www.burmeseclassic.com

၆၆၃၇ ကေတို့ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနေဖြင့် ယခင်နှစ်တစ်နှစ်လုံး မူးယစ်ဆေးဝါးအမှုပေါင်း (၁၅)မှုသာ ဖမ်းဆီးနိုင်ခဲ့ပြီး ယခုနှစ်တွင် ပထမ (၄)လပတ်ကျော်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း (၂၈)မှု ဖမ်းဆီးနိုင်ခဲ့သဖြင့် များစွာတိုးမြှင့်ဖမ်းဆီးနိုင်ခဲ့ပါသည်။

မူးယစ်ဆေးဝါးအမှု များများဖမ်းဆီးနိုင်ခြင်းကို ကျွန်တော်ဂုဏ်ယူကြွားဝါနေခြင်းမဟုတ်ပါ။ ထိုမူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိလိုက်ခြင်းအားဖြင့် အယောက်ပေါင်းများစွာသော ကျွန်တော်တို့၏ သွေးချင်းညီနောင်များ၏ ဘဝ၊ အသက်၊ စည်းစိမ်ဥစ္စာပိုင်ဆိုင်မှု၊ လူသားတစ်ယောက်၏ စွမ်းအားအရင်းအမြစ်များစွာကို ကျွန်တော်တို့ ကာကွယ်လိုက်နိုင်ခြင်းအပေါ် ကျေနပ်နှစ်သိမ့်မိခြင်းဖြစ်ပါ၏။

> မူးယစ်ဆေးဝါးအမှု
> များများဖမ်းဆီးနိုင်ခြင်းကို
> ကျွန်တော်ဂုဏ်ယူကြွားဝါနေခြင်း
> မဟုတ်ပါ။
> ထိုမူးယစ် ဆေးဝါးများအား
> ဖမ်းဆီးရမိလိုက်ခြင်းအားဖြင့်
> အယောက်ပေါင်းများစွာသော ကျွန်တော်တို့၏
> သွေး ချင်းညီနောင်များ၏
> ဘဝ၊ အသက်၊ စည်းစိမ်ဥစ္စာပိုင် ဆိုင်မှု၊
> လူသားတစ်ယောက်၏.....

မူးယစ်ဆေးဝါးကြောင့် ဘဝပျက် ကြွေလွင့်ခဲ့ရသော လူသားပေါင်းများစွာတို့၏ ဒုက္ခမျက်ရည်၊ ထိုသူတို့အတွက် ပူဆွေးခဲ့ရသော ကျန်ရစ်သူတို့၏ သောကမျက်ရည်တို့သည် ပေါင်းစုံစီးဆင်းပါလျှင် မည်မျှများပြားခဲ့မည်ကို ဘန်းယဉ်၊ ဟိုပုံး၊ နမ့်စန်၊ မောက်မယ်တို့အား ပိုင်းခြားစီးဆင်းနေသည့် ပွန်ချောင်းရေ အလျဉ်တို့က သက်သေခံပါလိမ့်မည်။

ထို့အတူ ခန္ဓာကြွေ မြေခခဲ့ရသည့် ဇီဝရုပ်ကြွင်းပေါင်းများစွာတို့၏ ဖြစ်တည်မှုကိုလည်း လွယ်မောတောင်ကြောကြီးက သူ၏ဒြပ်ထု ထုထည်ကြီးကိုပြ၍ ခိုင်မာသော သက်သေသက္ကာယတို့ ပြသနေပါလိမ့်မည်။

လူတစ်ဦးတစ်ယောက်၊ လူမျိုးစုတစ်စု၊ အဖွဲ့တစ်ဖွဲ့ ကောင်းစားဖို့အတွက် ပြည်သူပေါင်းများစွာတို့၏ ဘဝနှင့် အလဲအလှယ်ပြုလုပ်ရမည်ဆိုလျှင် မထိုက်တန်ပါ။ သို့ပါ၍ နိုင်ငံတော်အတွက်၊ တပ်ဖွဲ့အတွက်၊ ပြည်သူလူထုအတွက် ကျွန်တော်တို့၏ တစ်ပိုင်တစ်နိုင် စွမ်းအားဖြင့် ကျရာအခန်းကဏ္ဍမှ အကျိုးပြုခွင့်ရလျှ[illegible] လူဖြစ်ရကျိုးနပ်ပေပြီ။

ကျွန်တော်သည် အဆိုးမြင်ဝါဒမရှိပ[illegible] မူးယစ်ဆေး ဝါးဖမ်းဆီးရမိ၍ ထိုသူဒုက္ခရောက်လျှ[illegible] ပူဆွေးသောက ဖြစ်နေသည်ကိုကြည့်ပြီး ဝမ်းသာပီ[illegible] မဖြစ်မိသော်လည်း ထိုသူ၏လက်တွင်းမှ မရ[illegible] စေတမန်များအား အချိန်မီ ထိန်းချုပ်လိုက်နိုင်ခြ[illegible] ဖျက်ဆီးလိုက်နိုင်ခြင်းတို့အပေါ် ကြည်နူးနှစ်သ[illegible] မိသည်ကား အမှန်ဖြစ်၏။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ မူးယစ်ဆေးဝါးဟု အလွယ်ခေါ်ထိုက်သော်လည်း အဓိပ္ပာယ်အပြည့်အစုံမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဖြစ်ပါသည်။ မူးယစ်ဆေးဝါးများမှာ ဘိန်းပင်၊ ကိုကင်းပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုး၊ ယင်းအပင်တစ်မျိုးမှ ထွက်ရှိသော(သို့မဟုတ်) ထုတ်လုပ်သော အရာဝတ္ထုများ၊ ဆေးဝါးများဖြစ်ပါသည်။

မူးယစ်ဆေးဝါးအမျိုးအစား (၁၂၆)မျိုးရှိပြီး မူးယစ်ဆေးဝါး၏ အဓိပ္ပာယ်မှာ ဆေးဝါးတစ်ခုခုကို သုံးစွဲလိုက်ပါက သုံးစွဲသူ၏ (၁) အာရုံကြောနှင့် ဦးနှောက်ကို ထိခိုက်စေပြီး မူးယစ်ထုံထိုင်းစေသည်။ (၂) ခန္ဓာကိုယ်ကို တစ်နည်းနည်းဖြင့် ဘေးအန္တရာယ်ဖြစ်စေသည်။ (၃) သုံးစွဲသူသည် ထိုဆေးဝါးအပေါ် စိတ်ရောကိုယ်ပါ စွဲလမ်းလာပြီး မသုံးစွဲဘဲ မနေနိုင်အောင်



ဖန် တီးတတ်သောကြောင့် မူးယစ်ဆေးဝါးဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ခန္ဓာကိုယ်ကြီးသည် ထုံထိုင်းပြီး နှေးကွေးလာသည်။ ခန္ဓာကိုယ် ထုံထိုင်းလာသည့်အခါ စိုးရိမ်ပူပန်မှုသောကများပျောက်ပြီး ပျော်ရွှင်သလို ခံစားလာရခြင်းကိုပင် လူတို့က စွဲလမ်းကာ ဆက်လက်သုံးစွဲရာမှ ဆေးစွဲသွားခြင်းဖြစ်သည်။ ဆေးသုံးစွဲမှု များလာသည့်အခါ အသက်ရှူမှု၊ နှလုံးခုန်မှု နှေးလာပြီး အသက်သေဆုံးနိုင်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသူတို့သည် စိတ်ဂနာမငြိမ်နှင့် ဆေးသုံးလိုစိတ် ပြင်းထန်နေပြီး စိုးရိမ်စိတ်များခြင်း၊ စိတ်တို၊ စိတ်ဓာတ်ကျခြင်း၊ ရန်ပြုလိုစိတ်ဖြစ်ပေါ်ခြင်းတို့ကို တွေ့ရပါသည်။ ခန္ဓာကိုယ်ရင်းထလာပါက မကြာခဏ သန်းဝေပြီး နှာရည်များယိုလာသည်။ ကြက်သီးများထကာ ချွေးသီးချွေးပေါက်များ ထွက်လာပါသည်။ ကိုယ်လက်များကိုက်ခဲပြီး ဗိုက်အောင့်ခြင်း၊ ပျို့အန်ဝမ်းလျှောခြင်းတို့ ဖြစ်တတ်ပါသည်။ ရဲစခန်းအချုပ်များတွင် မူးယစ်ဆေးဝါးသုံးစွဲသူများ ချုပ်ထားပါက အလွန်သတိထားရပါသည်။ ပျို့အန် ဝမ်းလျှောလွန်ပြီး သေဘတ်ပါသည်။ ရေဓနွေးကြမ်းခါးခါး တိုက်ပြီး ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ရလေသည်။ ဆေးသမားဘဝ လူဖြစ်ရှုံးလှသည်ကို ကျွန်တော်တို့ ရင်နာစွာ တွေ့မြင်ခံစားရပါ၏။


စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုသည်ကား စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက် (Ice)၊ အာရုံပြောင်းဆေး (L.S.D)၊ မြူးမျော့ခေါင်းခါဆေး(ခ)အက်တဆီ (Ecstasy) ဆေးပြားများကဲ့သို့သော ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ကာ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည်ဟု ကြေ



www.burmeseclassic.com

www.burmeseclassic.com





ညာထားသည့် ဆေးဝါးများကို ဆိုလိုသည်။

စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ် ကြော်ငြာထားသည့် ဆေးဝါးအမျိုးပေါင်း (၄၁)မျိုးဖြစ်ပါသည်။ စိတ်ပြောင်းဆေးဝါးတစ်မျိုးမျိုးကို သုံးစွဲလိုက်ပါက စိတ်ရောကိုယ်ပါ ထိခိုက်စွဲလမ်းစေပါသည်။ သုံးစွဲသူ၏ သိခြင်း၊ မှတ်ခြင်း၊ ခံစားရမှုနှင့် အပြုအမူတို့အား ပြောင်းလဲစေခြင်းဖြစ်၏။


မူးယစ်ဆေးဝါးဖြစ်စေ၊ စိတ်ပြောင်းဆေးဝါးဖြစ်စေ မည်သည့်အရာမျှ ကောင်းကျိုးမပေးပေ။ အဆုံးစွန်သော ဆိုးကျိုးများကိုသာ ပေးတတ်သဖြင့်လည်း ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၃ အရ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် ၁/၉၅ အရ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် နည်းဥပဒေကိုလည်းကောင်း ထုတ်ပြန်ပြီး ပြစ်မှုပြစ်ဒဏ်များအနေဖြင့် ထောင်ဒဏ် အနည်းဆုံး (၃)နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ်ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

ရှမ်းပြည်နယ်အတွင်း တောင်ပိုင်း၊ မြောက်ပိုင်
နှင့် အရှေ့ပိုင်းတို့ရှိရာ မြောက်ပိုင်းဒေသတွင် ဘိန်းဖြ
အမှုများ အများဆုံးဖမ်းမိပြီး အရှေ့ပိုင်းတွင် စိတ်ကြ
ရူးသွပ်ဆေးပြားများ၊ ထိန်းချုပ်ဓာတုဆေးဝါးများ၊ အ
ဒရင်း (Ephedrine)၊ ဆူဒိုအက်ဖီဒရင်း (Pseudo Ephe
drine) စသည့် ကုန်ကြမ်းများ အများဆုံးဖမ်းဆီးရ
ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဘိန်းစိမ်းမျ
သာ ဖမ်းဆီးရမိမှုရှိခဲ့သော်လည်း ယခုအခါ ထို
မဟုတ်တော့ပြီ။

စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်န
သာမက မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်/တိုင်းဒေ
ကြီး အတော်များများတို့တွင် ပျံ့နှံ့ရောက်ရှိနေပြီး
တန်းစားမရွေး၊ အလွှာမရွေး လူမျိုး/ဘာသာမ
ဒုက္ခအကြီးအကျယ်ပေး၊ အန္တရာယ်အကြီးမားဆုံး
လျက်ရှိသဖြင့် အဆိုပါဆေးဝါးများအား မြန်မာ့မြေ
မှသာမက ကမ္ဘာ့မြေပေါ်အထိ လုံးဝချုပ်ငြိမ်း ပျော
ကွယ်သွားစေရေး လူသားအားလုံးမှ လက်တွဲညီ
စွာ တိုက်ဖျက်သွားကြပါစို့ဟု ဆန္ဒပြု တိုက်တွန်းအ
ပါကြောင်း။ ။

ကိုကို ငြိမ်

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## ဆုံးဖြတ်မှုအမှန်

လင်းမြတ် (မြန်မာစာ)

မာကျူရီမီးတိုင်က ဖြာလွင့်လာသည့် အလင်းဖျော့ဖျော့ကိုအားကိုးကာ လျှောက်လှမ်းလာသော မောင်မောင်၏ခြေလှမ်းများမှာ ခပ်မှန်မှန်လေး လှုပ်ရှားလျက်ရှိသည်။

သွားနေကျလမ်းမို့ မောင်မောင်၏ခြေလှမ်းများမှာ သွက်လက်နေရသည်။ အိမ်ကိုရောက်ဖို့ သိပ်မလိုတော့။ ရှေ့တစ်ကွေ့ဆိုရောက်ပြီဖြစ်သည်။ မောင်မောင်က ဂျာနယ်တိုက်တစ်ခုမှာ ဒီဇိုင်းပညာရှင်လူငယ်တစ်ဦးဖြစ်သဖြင့် ဂျာနယ်ဖောင်ပိတ်ရက်များ၌ အိမ်ပြန်ချိန်နောက်ကျလေ့ရှိသည်။

ဒီနေ့လည်း ဂျာနယ်ဖောင်ပိတ်ရက်ဖြစ်နေသောကြောင့် ည ၉ နာရီကျော်မှ အလုပ်မှဆင်းရသည်။ အိမ်နားရောက်ခါနီးတော့ ၁၀ နာရီပင်ခွဲလုပြီ။ စေ့ရုံစေ့ထားသော ခြံဝင်းတံခါးကို တွန်းဖွင့်လိုက်ပြီး ခြံဝင်းထဲ ခြေချလိုက်သည်။

ရေနံချေးဝနေသော သစ်သားအိမ်ပုပုလေးက မောင်မောင့်ကို အသင့်ပင်စောင့်ကြိုနေသည်။ အိမ်ထဲဝင်ခါနီး တဟူးဟူး သုတ်ဖြူးလာသော လေရူးက ဝင်ရောက်ကျီစယ် ပုတ်ခတ်သွားသည်။

မောင်မောင် အိမ်ပြန်နောက်ကျသည်မို့ ဇနီးဖြစ်သူလည်း အိပ်



ပျော်နေရှာပြီထင်သည်။ တစ်အိမ်လုံးက တိတ်ဆိတ်စွာရှိနေသည်။ အိမ်ရှေ့တံခါးမကြီးရှိ တံခါးရွက်တစ်ခြမ်းကို တွန်းဖွင့်ကာ အိမ်ထဲသို့ လှမ်းဝင်လိုက်သည်။

အိမ်ထဲရှိ ဧည့်ခန်းက ဖျော့တော့မှုန်မှိုင်းသော အလင်းတ... သာရှိနေသည်။ ဘုရားစင်ပေါ်မှ ထွန်းညှိကပ်လှူ ပူဇော်ထားသော ဖယောင်းတိုင်မှ အလင်းသဲ့သဲ့က ဧည့်ခန်းထဲကို ဖြာကျလွှမ်းမိုးလျက်ရှိသည်။

ဇနီးဖြစ်သူ နိုးမည်စိုးသဖြ... ခြေလှမ်းကို ဖွဖွလေးနင်းကာ မီးခလုတ်ရှိရာကို မှန်းသွားလိုက်... မီးခလုတ်နားမရောက်ခင် မော... မောင်၏နားဝဆီကို ရှိုက်သံတ... ပျံ့လွင့်ဝင်ရောက်လာသည်။

ရီဝေတုန်မှုန်စွာ ရှိုက်လို... သော ရှိုက်သံသဲ့သဲ့။ တုန်ယင်လ... မောစွာ လှုပ်ခတ်ထွက်ပေါ်... သည့် အသက်ရှူသံသဲ့သဲ့။ ဒီအ...



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံက မောင်မောင့်စိတ်ကိုလှုပ်ရှားသွားစေသည်။

ဦးနှောက်၌ အတွေးတချို့ ပြားများဝင်ရောက်သွားစေသည်။

မောင်မောင့် စိတ်ထဲမှာ အသက်ရှူသံ နှစ်သံဖြစ်နေသည်ဟု ထင်မိနေသည်။ ဒါကြောင့် အားစိုက်ကာ အသံကိုနားထောင်မိလျက်သားဖြစ်သွားရသည်။

မှန်သည်။ အသက်ရှူသံက နှစ်သံ၊ ...သံကလည်း နှစ်သံ။

မောင်မောင့်နှလုံးသား တစ်ခုလုံး တုန်လှုပ်သွားသည်။ အိမ်ခန်းထဲကိုလှမ်းဝင်ဖို့ပြင်လိုက်စဉ် မောင်မောင့်ခြေလှမ်းတစ်စုံမှာ အသံ... သဲ့တစ်ခုကြောင့် ရပ်တန့်သွားရသည်။

"အချိန်မရှိတော့ဘူး မောင်မောင် ပြန်လာတော့မယ်"

ဒီအသံက ဇနီးဖြစ်သူ၏အသံ။ မောင်မောင်တစ်ယောက် ခေါင်းနားပန်းကြီးသွားသည်။ အိပ်ခန်းထဲမှာ ဇနီးဖြစ်သူနှင့် အခြားသူစိမ်းတစ်ယောက်ရှိနေသည်။

ဘာတွေဖြစ်ကုန်ပြီမသိ။ အိမ်ပြန်နောက်ကျသောရက်တွေကြောင့် ဇနီးဖြစ်သူ ဘာတွေလုပ်နေမှန်းကို မောင်မောင့်အနေနှင့် သတိလုံးဝမထားမိခဲ့။

ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်ပင်။

ဇနီးဖြစ်သူ တခြားတစ်ဦးနှင့် ဖောက်ပြန်နေသည်ကို မောင်မောင် သိလိုက်ရသည်။ ဇနီးဖြစ်သူ



ဖောက်ပြန်နေတာကို ပိုပြီး ခိုင်မာသွားအောင် ဖြည့်စွက်ပေးလိုက်သော ယောကျ်ားသံတစ်သံက အိပ်ခန်းထဲမှ ထွက်လာသည်။

"လုံ့....မောင်မောင်ကတော့ ကိုယ်တို့နှစ်ယောက်အကြောင်းကို လုံးဝသိမှာမဟုတ်ဘူး"

နောက်ထပ် ထွက်ပေါ်လာပြန်သည်က ဇနီးသည်၏အသံဖြစ်၏။

"မသိတော့လည်း ကောင်းတာပေါ့ ကိုအောင်သူရရယ်"

"ခုသိပြီကွ"လို့ အော်ဟစ်လိုက်ချင်သည့်စိတ်ကို မနည်းချုပ်ထိန်းလိုက်ရသည်။ မောင်မောင်မှာ ဒေါသကြောင့် အသားတွေ တဆတ်ဆတ်တုန်နေရသည်။

မောင်မောင့် စိတ်ထဲမှာ အညှာလွယ်သောမိန်းမကို ယူမိလေခြင်းဟု ညည်းညူမိ သွားရသည်။

သစ္စာတရားဆိုတာ ဘာလဲလို့ မေးရမလိုဖြစ်နေသည်။ ခါသကြွန်မှာပွင့်သည့် ပိတောက်တောင် တစ်ခါတစ်ရံ သစ္စာမဲ့စွာ ရှောင်ပြေးတတ်သည်ပဲလေ။

ဇနီးဖြစ်သူ ဘာကြောင့်များ ခုလို သစ္စာမဲ့သည့်လုပ်ရပ်မျိုးကို ကျူးလွန်ရသည်မသိ။

♛♛♛♛♛

အလုပ်တွေ မအားမလပ်ပြန်မှုက ဇနီးနှင့်အနေဝေးကာ သူမ



www.burmeseclassic.com

www.burmeseclassic.com

သစ္စာဖောက်လို့ရအောင် လမ်းကြောင်းဖွင့်ပေးသလို ဖြစ်သွားရခြင်းပင်။ လူသည် တစ်ခါတစ်ရံ စိတ်ကူးယဉ်သည့်အတိုင်း လုပ်တတ်၊ ကိုင်တတ်၏။

ဖနီးဖြစ်သူမှာ သူ၏ပိုင်နက်ခြံမှ အောင်သူရခြံသို့ ခုန်ကျော်နေပေပြီ။ မောင်မောင် ဘာဆက်လုပ်ရမည်မသိ။ တွေဝေစွာသာ ခြေစုံရပ်နေမိသည့်အဖြစ်။

အိမ်ခန်းထဲမှ ထပ်မံထွက်ပေါ်လာတဲ့အသံတွေကလည်း မောင်မောင့်ကို စိတ်လှုပ်ရှားသွားစေ၏။

"ကိုအောင်သူရ၊ လဲ့တို့အတူနေချင်ပြီကွာ"

ချွဲချွဲနွဲ့နွဲ့ထွက်လာသည့် ဖနီး၏စကားသံက ရွံ့မုန်းစရာကောင်းလှသည်။ ဟိုတစ်ယောက်၏စကားသံကလည်း မောင်မောင့်ကို ခေါင်းနားပန်းကြီးသွားစေသည်။


"အတူနေတာ ဘာမှမခက်ဘူး လဲ့၊ ဟိုကောင်မောင်မောင်ရှိနေတာက ခက်နေတာ"

"ဒါဆို လဲ့တို့ ဘာလုပ်ကြမလဲ"

"အဲဒါကို ကိုယ်လည်းစဉ်းစားနေတာ"

"မောင်မောင်နဲ့ကွာရှင်းလိုက်ရင်ရော"

"ဟိုကောင်ကွာမပေးရင်ဘယ်





လိုလုပ်မလဲ"

"အင်း.....ဟုတ်တယ်နော်"

မောင်မောင်က အသာနား စွင့်ထားလိုက်သည်။ ရှေ့ဆက် သူတို့ ဘာတိုင်ပင်ကြမည်ဆိုတာကို သိရဖို့လိုသည်။ ဖနီးဖြစ်သူ၏ ထပ်မံ ထွက်ပေါ်လာသောအသံကတော့ မောင်မောင့်နှလုံးသား မီးမြိုက်လိုက်သလို ပူလောင်သွားစေ၏။

"ကျွန်မ တစ်ခုစဉ်းစားမိ ကို အောင်သူရ၊ သူ့ကိုလဲ့တို့



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်ရင်ရော"

"ရှင်းပစ်ဖို့ကလွယ်တယ်၊ ဒါပေမဲ့ တစ်ခုခက်နေတယ် လေ့၊ သူ့ကိုရှင်းပစ်လိုက်တာကို ရဲကသိသွားရင် ကိုယ်တို့ တစ်တွေ အဖမ်းခံရမှာပေါ့"

"အင်း.....အဲဒါသည်းဟုတ်တယ်"

"ဘာမှမပူပါနဲ့လေ့၊ နည်း လမ်းကောင်းကတော့ ထွက်လာမှာပါ"

"ကျွန်မ အကြံရပြီ"

"ပြောစမ်းပါဦး ကဲ့ ဘယ်လို အကြံများလဲ"

"ဒီလိုလေ၊ မောင်မောင်က အရက်ဆို မူးအောင် သောက်တာ၊ အလုပ်အပြန်နောက်ကျတဲ့ ညတစ်ညမှာ သူ့ကို အရက်မူးအောင် တိုက်မယ်၊ အရက်မူးပြီး အိပ်ပျော်သွားတော့မှ ဓားသံလမ်းပေါ် ကန့်လန့်ဖြတ်ထားလိုက်မယ်၊ ဒါဆို အရက်မူးပြီး ရထားဖြတ်ကြိတ်သွား တယ်လို့ပဲတခြားသူတွေထင်မှာ"

တော်တော်ပင်အကြံပက်စက်သည်။ မောင်မောင်မှာ ဇနီးဖြစ်သူ၏အကြံပက်စက်မှုကို ထိတ်လန့်သွားရသည်။ ဇနီးဖြစ်သူက သူနှင့် တစ်နှစ်ကျော် ပေါင်းသင်းခဲ့သည့် သံယောဇဉ်ကိုပင်မထောက်။



ချစ်သူအသစ်ထားပြီးတော့ သူ့ကိုပင်သတ်ဖို့ ကြံတင်ကြံစည်နေသေးသည်။ ရန်သူနှင့်တူသော မိန်းမဆိုသည်မှာ သူမကိုပင် ပြောသည်ထင်သည်။

မောင်မောင်က ဘာမှမစဉ်းစားတော့ဘဲ ညှော်ခန်းခေါင်းရင်း၌ ရှိသောဓားကို ဆွဲယူလိုက်သည်။ ပြီး နောက် တစ်အိမ်လုံးမီးကို ဖွင့်ကာ အိမ်ခန်းထဲကို ဝင်သွားလိုက်သည်။

သူ့မျက်ဝန်းထဲကို အမြင်မတော်ဖွယ် မြင်ကွင်းတစ်ခုနှင့် သူ့ကို ထိတ်လန့်စွာ မော့ကြည့်လိုက်သော ဇနီးဖြစ်သူနှင့် အောင်သူရတို့၏ မျက်ဝန်းအကြည့်တွေ ဝင်ရောက်လာသည်။

သူတို့နှစ်ဦးကိုကြည့်ရင်းမောင်မောင်တစ်ယောက် ဒေါသ မထိန်းနိုင်တော့။ ဓားကို ဝင့်ကာ ပိုင်းခုတ်ဖို့ပြင်လိုက်သည်။ ဒါပေမဲ့ နှစ်ဦးလုံးကို ဓားနှင့်မခုတ်မိခဲ့ပေ။ မောင်မောင်က တင်းကျပ်စွာ ကိုင်ထားသောဓားကို လွှတ်ချလိုက်သည်။ ပြီးနောက် ဇနီးဖြစ်သူနှင့် အောင်သူရကို လှမ်းကြည့်ကာ ခေါင်းကိုတစ်ချက် ခါယမ်းလိုက်သည်။

တံတွေးတစ်ချက်မျိုချရင်း စကားတစ်ခွန်းကို အားယူပြောလိုက်သည်။

"လဲ့.....မင်း ငါ့ကို သစ္စာဖောက်ရက်တယ်၊ ငါ့ကိုလည်း

www.burmeseclassic.com



သတ်ဖို့ကြံရွယ်တယ်''

မောင်မောင့်အပြောကြောင့် ဖနီးဖြစ်သူမှာ အထိတ်တလန့်ပြန်ပြောရှာသည်။

''ခွင့်လွှတ်ပါ မောင်မောင်''


''ခွင့်လွှတ်ရမယ်၊ ဟုတ်လား လဲ့''

''ဟုတ်.....ဟုတ်ပါတယ်''

''မကြောက်ပါနဲ့၊ မင်းကိုဘာ မှမလုပ်ပါဘူး၊ အောင်သူရရော မင်းရော ပျော်ရအောင် ငါလုပ်ပေးမယ်၊ လဲ့ မနက်ဖြန်ကျရင် မင်းနဲ့ ငါကွာရှင်းစာချုပ် လက်မှတ်ထိုးလိုက်ရအောင်''

''တကယ်လား မောင်မောင်''

''ဟုတ်တယ် လဲ့''





ထို့နောက် သူတို့နှစ်ဦးကို ကျောခိုင်းကာ အိမ်အပြင်သို့ မောင်မောင်ထွက်လာမိသည်။ ခုတော့ မောင်မောင့်စိတ်ထဲမှာ ဖောက်ပြန်သော ဖနီးကိုလည်းမသတ်ချင်၊ ကိုယ့်မိန်းမကို စာရိတ္တ ဖျက်ဆီးခဲ့သော အောင်သူရကိုလည်း သတ်ချင်စိတ်မရှိတော့။

♛♛♛♛♛

သူ့အနေဖြင့် ဖနီးကိုလည်း ဆက်မပေါင်းချင်တော့။ ရန်သူနှင့် တူသောမိန်းမအား လမ်းခွဲလိုက်တာ ပို၍ကောင်းမည်ပင်။ သူတို့ကို သတ်မိလျှင်ထောင် ကျနေပေဦးမည်။

ခုလို ကွာရှင်း ပေးလိုက်တာကမ ကိုယ့်သဘောထား ကြီးမှုကို ပေါ်လွင် စေဦးမည်။ ဒီပွဲမှာ ဖနီးကို အလွယ်တကူ ကွာရှင်း ပေးလိုက်သဖြင့် ရှုံးခဲ့သလား၊ ဒါမ မဟုတ် ရန်သူနှင့် တူပြီး မြေခွေးလို ကောက်ကျစ်သော မိန်းမနှင့် အချော စားတတ်သော ယောက်ျားတစ်ယောက်ကို သတ် ချင်မိသော စိတ်တွေကိုထိန်းကာ လျစ်လျူရှုမိလိုက်သောစိတ်က အနိုင်ရခဲ့သားတော့ မပြောတတ်

ဘာပဲပြောပြော မောင်မော ကတော့ သူယခုလို ဆုံးဖြတ် လိုက်သည့် ဆုံးဖြတ်ချက်တစ် အား လုံးဝမမှားဟူ၍ပဲ ယူဆကာ တစ်ခြမ်းပဲ့လလေးအလင်း ရော ဖြင့် မှုန်ပျပျမြို့ပြလမ်းထက် လ လျှောက် ထွက်လာမိတော့သည် တစ်နေရာမှဖွင့်လိုက်သော 'ဗ အိမ်သင် ၏ ''မြို့ပြညများ'' သီချင်းကတော့ သူ့နှလုံးသား ဝင်ရောက်တွယ်ငြိ နိုဝင်လာ တော့သည်။

လင်းမြတ် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# တုနှိုင်းမဲ့မေတ္တာရှင်

အခန်းဆက်ဝတ္ထုရှည်

(ယခင်လမှအဆက်)

ထက်ထက်ဦးဝေ



"အမေ သမီးဗိုက်ခဏခဏ အောင့်နေတယ်၊ ထမင်းလည်း စားချင်ဘူး၊ ထမင်းစားတိုင်း ပြန်အန်တယ်"

အကြော်များကို ဆယ်ယူနေရင်းက ဒေါ်ကျော့မေက ခင်ဝေကို လှည့်ကြည့်မိ၏။ အခုတလောတွင် ဗိုက်ကလေးကိုဖိနှိပ်ရင်း အကြော်ရောင်းနေတတ်သည့် သမီးငယ်အား သတိပြုမိခဲ့ရသည်။ ဝေဒနာခံစားနေရမှုကို ထိန်းချုပ်ကာ ဘာမှမဖြစ်သလို ဟန်ဆောင်ထားပုံရ၏။

"ဟုတ်လား၊ ဒါဆိုရင် အိမ်မှာပြန်နားလေ၊ အမေနဲ့ကလေးတွေပဲ ဆက်ရောင်းလိုက်မယ် ခင်ဝေ"

"ဟုတ်တယ် အစ်မ၊ အဘွားကို ဖြူမတို့ ကူလိုက်ပါ့မယ်၊ ဖိုးထူးက အစ်မကို အိမ်ရောက်အောင် လိုက်ပို့ပေးလိုက်ဟယ်"

"စိတ်ချပါဟာ"



ဖိုးထူးက ခင်ဝေ၏လက်ကို ဆွဲကိုင်ရင်း ခေါ်သွားသည်။ ခင်ဝေမှာ လမ်းလျှောက်ရင်းက အားပြတ်သလိုလိုနှင့် ခေါင်းထဲတွင် မူးနောက်ရီဝေနေခဲ့၏။ အိမ်ထိရောက်အောင် မနည်းအားပြုလျှောက်လှမ်းနေရသည်။ ဖိုးထူးသာပါမလာလျှင် လဲကျမည်လား မသိပေ။

"ညကျရင် ဆေးခန်းသွားလိုက်ပါလား အစ်မရဲ့၊ ဒါမှမြန်မြန်ပျောက်မှာပေါ့ဗျ"

"ဆေးခန်းသွားရင် ပိုက်ဆံကုန်မှာပေါ့ ဖိုးထူးရယ်၊ အိမ်မှာ ခဏလှဲနေလိုက်ရင် သက်သာသွားမှာပါ"

"ဒါဆိုလည်း လမ်းထိပ်က ဆေးဆိုင်မှာ ဗိုက်အောင့်ပျောက်တဲ့ဆေး သွားဝယ်လိုက်မယ်၊ အစ်မ ခဏစောင့်နော်"

"အဘွားဆီကပိုက်ဆံတောင်းသွားနော် ဖိုးထူး"

"ဟုတ်ကဲ့ပါဗျာ"

ဖိုးထူးအပြေးအလွှားထွက်သွားပုံလေးကို ခင်ဝေက အိမ်ပေါ်မှ လှမ်းကြည့်နေခဲ့၏။ သူတို့လေးများရှိနေကြ၍သာ တော်တော့၏။ သူတို့ကိုပင် ကျေးဇူးတင်ရပေဦးမည်။ တစ်အောင့်အကြာတွင် ဖိုးထူးပြန်ရောက်လာသည်။ လက်ထဲမှစက္ကူဖြင့် ထုပ်လာသည့် ဆေး

www.burmeseclassic.com

ပြားလေးအား တိုက်ရာသည်။ သက်သာသလိုဖြစ်၍ ထိုဆေးပြားမျိုး ထပ်ဝယ်ခိုင်းကာ ဆောင်ထားလိုက်ရ၏။

နေ့လယ်တွင် ဒေါ်ကျော့မေ ပြန်လာပြီး သမီးကိုပြုစုသည်။ ပင်ပန်းမှုဒဏ်ကြောင့် ချုံးချုံးကျနေသော ခင်ဝေကိုကြည့်ရင်း မိခင်ဖြစ်သူမှာ အသနားပိုခဲ့ရပြန်၏။ မျက်တွင်းဟောက်ပက်နှင့် ပိန်ကပ်နေသည့် ခင်ဝေအား သမီးကြီး



ယဉ်မေကိုခေါ်ကာ ပြလိုက်ချင်ပါဘိဟု တွေးနေခဲ့သေး၏။

"သမီးကြီးသာသိရင် သူ့ညီမကို ဆေးကုပေးမှာပဲ"

သမီးကြီးယဉ်မေ စီးပွားရေးပြေလည်နေသည်ဟု သိရ၍ အားကိုးစိတ်ဖြစ်ပေါ်မိသည်။ သို့ပေမယ့် ခင်ဝေက ကြိုတင်ပြောပြထားသည့်စကားကရှိနေ၍ စဉ်းစားရခက်နေ၏။

"အမေ အစ်မယဉ်မေကို အပူမရှာပါနဲ့တော့နော်၊ သူ့ဘာသာ စိတ်ချမ်းချမ်းသာသာနဲ့ နေပါစေတော့၊ ခင်ဝေ့အတွက်နဲ့ အစ်မကို ဒုက္ခမပေးချင်ဘူး"

"သမီးရဲ့ဝေဒနာက တစ်နေ့တခြား ပိုဆိုးလာနေပြီကွယ်၊ ဒေါက်တာမလေးပြောတော့ အစာအိမ်နာဖြစ်တာတဲ့၊ ဆေးခန်းကို မှန်မှန်သွားမှဖြစ်မှာကွဲ့"

ခင်ဝေက သူမ စုထားသည့်ငွေများကို ဒေါ်ကျော့မေအားပေးအပ်လိုက်သည်။

"ဒီငွေတွေနဲ့ ကုမယ် အမေ၊ အစ်မယဉ်မေကိုတော့ ဒုက္ခသွားမပေးပါနဲ့နော်၊ သမီးကို ကတိပေးပါ အမေရယ်"

ခင်ဝေ စိတ်ချမ်းသာစေရန် ကတိပေးလိုက်ရသည်။ ဒေါ်ကျော့မေအနေဖြင့် သမီးငယ်ခံစားနေရသော ရောဂါပျောက်ကင်းရေးအတွက် အပျိုကြီးနှင့် တိုင်ပင်မိ၏။

"ယဉ်မေလာရင် သူ့ညီမကိစ္စကို ပြောပြပေးပါ အပျိုကြီးရယ်၊ ခင်ဝေက ယဉ်မေ့ကို ဒုက္ခမပေးချင်ဘူးတဲ့၊ ဘာပဲဖြစ်ဖြစ် သူ့အစ်မမျက်နှာကိုတွေ့ရင် ရောဂါတစ်ဝက်ပျောက်သွားမှာပါ၊ သူ့လိပ်စာအပျိုကြီးကို ပေးမထားခဲ့ဘူးလားဟင်"

"မပေးဘူး ဒေါ်လေး၊ သူပဲဆက်သွယ်မယ်တဲ့လေ၊ အခုထိ သူမရောက်လာတာ ခြောက်လပြည့်တော့မယ်၊ ဒီကောင်မလေး ဘာဖြစ်နေပါလိမ့်"

အဆက်အသွယ်မရဖြစ်နေကြသည်။ ခင်ဝေ၏ဝေဒနာမှာ တစ်နေ့တခြား ပို၍ဆိုးလာ၏။ ဆေးခန်းနှင့်ပင် မလုံလောက်တော့ပေ။ ဆေးကုသစရိတ်ကြောင့် ငွေများကုန်သွားသည့်အပြင် အရင်းအနှီးပါ ပြုတ်သွားတော့သည်။ ထိုကိစ္စအား ခင်ဝေကို အသိမပေးကြပေ။ အကြော်ဆိုင်လေးလည်း ထွက်တစ်ရက်၊ မထွက်တစ်ရက် ဖြစ်လာရ၏။

ခင်ဝေ၏ အစာအိမ်ရောဂါဝေဒနာမှာ မသက်သာသည့်အဆုံး ဆေးရုံတင်လိုက်ရတော့သည်။ ဒေါ်ကျော့မေအဖို့ စီးပွားရေးထက် သမီးအရေးကို ဦးစားပေးနေရသဖြင့် အကြော်ဆိုင်လေးကို လုံးဝမဖွင့်နိုင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

"ဘွားဘွား အစ်မခင်ဝေ
သက်သာရဲ့လားဟင်"

"ဆေးရုံကို လိုက်ကြည့်ပါရ
ဲ ဘွားဘွားရယ်၊ အစ်မက သား
တို့ကို သတိရနေမှာပါ"

ဖိုးထူးနှင့်သံချောင်းတို့က ခင်ဝေအတွက် သတင်းမေးရန်ရောက်လာကြသလို အေးမိနှင့် ဖြူမတို့လည်း စိုးရိမ်တကြီး ရောက်လာကြ၏။

"အစ်မရဲ့ရောဂါ မသက်သာဘူးဆို ဘွားဘွား၊ မနေ့က ဆေးရုံကိုသွားကြည့်တဲ့ ဒေါ်ငယ်က ရပ်ကွက်ထဲမှာ ပြောနေသံကြားတယ်"

"ဟုတ်သလား ဘွားဘွား၊ အစ်မခင်ဝေအတွက် ညစောင့်လိုရင် အေးမိ စောင့်ပေးပါ့မယ်နော်"

ကလေးများ၏ မေတ္တာစေတနာ စကားများက ဒေါ်ကျော့အတွက် ငိုချင်လျက်လက်တို့ဖြစ်စေခဲ့ရ၏။ ပတ်ဝန်းကျင်မှ သတင်းမေးသာသူများထဲတွင် အားပေးစကားများ ပြောဆိုနှစ်သိမ့်ပြီး ကူညီတတ်ကြသူများရှိသလို အတင်းဖျောင်းပြောသူများနှင့် ဝေဖန်မှုအမျိုးမျိုးပေးကြသူများလည်း ပါဝင်ကြလေရာ လူနာသာကြားလျှင် စိတ်ထိခိုက်ကာ ချက်ချင်းအသက်သေဆုံးသွားနိုင်၏။

"သက်သာပါတယ် ကလေးတို့ရယ်၊ မင်းတို့အစ်မကလည်း မင်းတို့ကို မေးပါတယ်၊ သူနေထိုင်ကောင်းရင် အကြော်ဆိုင်ပြန်ထွက်မယ်တဲ့"

ကလေးငယ်များကို ပွေ့ဖက်ကာ ဒေါ်ကျော့မေက မုသားစကားပြောလိုက်ရ၏။ ထိုစကားကို မျက်ရည်များဖြင့် အားတင်းကာ ပြောနေရသော်လည်း ခင်ဝေ၏ နေဝင်ချိန်မှာ မဝေးတော့ကြောင်း ကြိုတင်သိရှိနေခဲ့သည်။

"အစ်မကို ပြောပြပေးပါ ဘွားဘွားရယ်၊ အကြော်ကြော်တဲ့ ဒယ်အိုးတွေ၊ ယောက်မတွေနဲ့ ဇွန်း၊ ပန်းကန်တွေအားလုံးကို သားတို့ တိုက်ချွတ်ဆေးကြောထားပါတယ်လို့၊ အစ်မပြန်လာရင် အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားတဲ့အကြောင်း ဝမ်းသာအောင် ပြောပေးပါနော်"

"အေးပါကွယ်၊ အဘွားပြောပေးပါ့မယ်"

မျက်ရည်များကိုထိန်းမရ၍ ဒေါ်ကျော့မေ၏မျက်နှာမှာ စိုရွှဲနေ၏။ ကလေးများ၏ သန့်ရှင်းစွာ ဆေးကြောတိုက်ချွတ်ထားကြသည့် အကြော်ဆိုင်သုံးပစ္စည်းလေးများကို ကြည့်ကာ ဝမ်းနည်းနေခဲ့မိ၏။ ထိုလုပ်ရပ်လေးများကိုသာ ခင်ဝေမြင်တွေ့ရလျှင် ရောဂါဝေဒနာ သက်သာမည်မှာ အမှန်ပင်။

"ဟင်.....ဘွားဘွားက ဘာဖြစ်လို့ ငိုနေရတာလဲဗျာ"


ကလေးငယ်များကို
ပွေ့ဖက်ကာ
ဒေါ်ကျော့မေက
မုသားစကားပြောလိုက်ရ၏။
ထိုစကားကို
မျက်ရည်များဖြင့်အားတင်းကာ
ပြောနေရသော်လည်း.....

ဖိုးထူး၏ စိုးရိမ်ပူပန်စွာပြောဆိုလိုက်မှုကြောင့် ကျန်ကလေးများက ဒေါ်ကျော့မေကို ကြည့်ခဲ့ကြသည်။ သည်တော့ မျက်ရည်များကို ကမန်းကတန်း သုတ်လိုက်မိ၏။

"မင်းတို့အစ်မသာသီရင် ဝမ်းသာသွားမှာပါကွယ်၊ ဘွားဘွားက ဝမ်းသာလို့ မျက်ရည်ကျမိတာပါ"

"အခုတောင် အဘွားက အကြော်မကြော်နိုင်လို့ ဆိုင်မထွက်

www.burmeseclassic.com



ရတာပါ၊ ဖြစ်နိုင်ရင် ဖြူမတို့က အသွားကိုယ်စား အကြော်ဆိုင် ထွက်ပေးလိုက်ချင်တယ်”

“မလုပ်ပါနဲ့ ဖြူမရယ်၊ သမီးတို့က ငယ်သေးတယ်မဟုတ်လား၊ ရပ်ကွက်က ခွင့်ပြုမှာမဟုတ်ဘူး၊ မီးနဲ့ထင်းနဲ့ကွယ်”

ဖြူမက အကြော်ဆိုင်မထွက်ရသည့်ရက်များကို လက်ချိုးရေတွက်နေ၏။ ဘာလိုလို့နှင့် ရက်သတ္တ နှစ်ပတ်ပင်ရှိနေပေပြီ။ ထိုကာလတွင် ဒေါ်ကျော့မေမှာ ဆေးရုံအနီးရှိ ထမင်းဆိုင်ကိုသာအဖော်ပြုနေရသည်။ ဆေးရုံ၏ အနံ့အသက်များ၊ အနိဋ္ဌာရုံများနှင့် ကြေကွဲမှုများကို မြင်တွေ့ရ၍ သင်္ခါရတရားကို မကြောက်တော့ပေ။ လူတိုင်းမှာ နောက်ဆုံးသွားရမည့်လမ်းကို မဖြစ်မနေ ရင်ဆိုင်ရမည့်သူများဖြစ်ကြောင်း ပို၍ တရားအမြင်ရှိလာခဲ့၏။ အို၊ နာ၊ သေဆိုသည့်လမ်းကို မည်သူမျှ ရှောင်လွှဲ၍မရကြောင်း သိရ၏။ ငွေကြေးမတတ်နိုင်၍ သမီးအတွက် ဒေါ်ကျော့မေကိုယ်တိုင် ညစောင့်ခဲ့ရသည်။

“အမေ.....အမေ၊ အစ်မကို တွေ့ချင်လိုက်တာ”

ခုတင်ထက်၌ မှိန်းနေသော ခင်ဝေမှာ သတိရတိုင်း အစ်မဖြစ်သူကို တွေ့လိုကြောင်း ပြောနေတတ်သည်။ ဒေါ်ကျော့မေမှာ မည်သို့လုပ်ရမှန်း မသိတော့ပေ။

“ယဉ်မေကိုသွားခေါ်ဖို့ အပျိုကြီးမစန်းမြ လိုက်စုံစမ်းနေတယ် သမီးရယ်၊ ရောက်လာတော့မှာပါ”

ဤသို့ပင် နှစ်သိမ့်စကားဆိုခဲ့ရ၏။ သမီးကြီးပေးသည့် ငွေနှစ်သောင်းကို ရခဲ့စဉ်က ဝမ်းသာနေရှာသော ညီမ၏ခံစားမှုကို အစ်မဖြစ်သူကို မြင်စေချင်သည်။ ထိုအချိန်က ခင်ဝေပြောပြခဲ့သော စကားကို ကြားစေချင်လှသည်။

“သမီးအတွက် အစ်မရဲ့ငွေနှစ်သောင်းဟာ အသက်ဆက်ပေးလိုက်သလိုပါပဲ အမေရယ်၊ ဒီငွေကြောင့် ပြုတ်လုလုအကြော်ဆိုင်လေးကို ပြန်ထွက်ဖို့ အရင်းအနှီးရခဲ့တယ်၊ ရေငတ်တုန်း ရေတွင်းထဲကျသလိုမျိုးပေါ့နော်၊ ခင်ဝေရဲ့အစ်မ လင်မယား ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဒို့ထက်ပိုပြီး ချမ်းသာကြပါစေ၊ သားသမီးလေးတွေ မျာ
များမွေးပေးနိုင်ပါစေတော်”

“အိုကွယ်.....သားသမီးမျာ
များမွေးတော့ ယဉ်မေ ဒုက္ခရောက်
မှာပေါ့အေ၊ ကလေးတိုးလိုးတွဲလဲ
ညည်းအစ်မက နိုင်ပါ့မလား၊ ယ
မေပျင်းတဲ့အကြောင်းလည်း သ
သားနဲ့”

ဒေါ်ကျော့မေ၏စကားကို ခ
ဝေက လက်မခံပေ။ အက
အကြောင်းနှင့် ရှင်းပြခဲ့ပြန်၏။

“ကလေးတွေများလို့ အစ်
ယဉ်မေ မထိန်းနိုင်ရင် ခင်ဝေထိ
ပေးမှာပေါ့ အမေရယ်၊ ခင်ဝေ
တူတွေ၊ တူမတွေနဲ့ သိုက်သိုက်ဝ
ဝန်း နေချင်တယ်၊ အစ်မက
ချောတော့ မွေးလာမယ့်က
တွေက ချောမှာပဲ၊ အမေ့မြေး
တွေကို အမေလည်း မထိန်း
ဘူးလား”

“မထိန်းချင်ပါဘူး၊ အသ



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှ အေးအေးပဲနေပါရစေ''

ပြောသာပြောရသည်။ ဒေါ်ကျော့မေမှာ အိမ်နီးချင်းအိမ်မှ ဒေါ်ဘုမကို အားကျနေခဲ့သူဖြစ်၏။ သားနှင့်သမီးများက မွေးလာသည့် မြေးများမှာ တစ်ကျိပ်ကျော်နေသည်။ တစ်ခါတလေ သားသမီးများနှင့် မြေးများ အလည်လာကြလျှင် ပျော်စရာကောင်းနေ၏။ အလှူလုပ်နေသလို အိုးခွက်ပန်းကန်သံများနှင့် စည်ကားနေကြသည်။

''အမယ်.....အမယ် မထိန်းချင်ပါဘူးဆိုတဲ့အမေက ပြုံးလာပြီ၊ ပြုံးလာပြီ၊ အမေ့စိတ်ထဲမှာ ဘယ်လိုခံစားနေရတယ်ဆိုတာ သမီးသိပါတယ်နော်၊ ဟော.....ဟော ရယ်လာပြီ''

ဒေါ်ကျော့မေ၏ ချိုင့်ဝင်နေသော ပါးပြင်လေးမှာ ပြုံးရယ်ခြင်းကြောင့် ပို၍သိသာထင်ရှားလာခဲ့သည်။ မိခင်ကိုဖက်ပြီး ပါးပြင်ကြမ်းကြမ်းကြီးကို နမ်းခဲ့သည့်သမီးကို ဒေါ်ကျော့မေက ရှက်ရှက်နှင့်တွန်းလိုက်ရပြန်၏။

''ဖယ်ပါအေ၊ ကြက်သီးထလိုက်တာနော်''

''အမေ့ကို အဖေက အဲဒီလို နမ်းသလားဟင်''

''ကောင်မလေးနော်၊ အခုမှ အပျိုဖြစ်ရုံရှိသေး၊ စိတ်ကစားနေပြီလား၊ ယဉ်မေကို အားကျမနေနဲ့နော်၊ အိမ်ထောင်ရေးဆိုတာ ကံကောင်းမှ စိတ်ချမ်းသာရတာ၊ ကံဆိုးရင် ဒုက္ခကိုခါးစည်းခံပြီး အရမ်းစိတ်ဆင်းရဲရတာ၊ ဘယ်သူ့ကိုမှ မကြည့်နဲ့၊ အမေ့ကိုပဲကြည့်၊ ဘယ်လောက် ဒုက္ခရောက်ခဲ့ရသလဲ၊



ယောက်ျားတစ်ယောက်ဟာ အိမ်ထောင်မကျခင်မှာ ဆိုးသွမ်းပေမယ့် အိမ်ထောင်ကျပြီးရင် ကောင်းသွားတာရှိသလို ကောင်းတဲ့ယောက်ျားက ဆိုးသွားတာလည်းရှိတတ်ကြတယ်၊ လူတိုင်းဟာ သူ့ကုသိုလ်နဲ့သူပါပဲကွယ်၊ တစ်သမတ်တည်း သတ်မှတ်လို့ မရနိုင်ပါဘူး''

မိခင်၏ အိမ်ထောင်ရေးဇာတ်ကြောင်းကြီးကို ကြားရပြီးနောက် ခင်ဝေမှာ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်မိသည်။

''ခင်ဝေ ဘယ်တော့မှ အိမ်ထောင်မပြုဘူး အမေ၊ အမေနဲ့ပဲ အတူတူနေမယ်၊ ဆင်းရဲအတူ ချမ်းသာအတူပေါ့နော်၊ အမေ့ဘဝမှာ ဘယ်လက်ရုံးသမီးတစ်ယောက် ထွက်သွားပေမယ့် ညာလက်ရုံးသမီးတစ်ယောက် ကျန်နေပါသေးတယ်၊ အမေ့ကို သက်ဆုံးတိုင် ပြုစုမယ်၊ လုပ်ကျွေးမယ်နော်''

ဒေါ်ကျော့မေမှာ ခင်ဝေ၏ စကားလေးများကို ပြန်လည်ကြားယောင်နေမိသည်။ ခုတင်ပေါ်တွင် မှိန်းနေသည့် သမီးငယ်မှာ အစ်မဖြစ်သူအား စောင့်မျှော်နေပုံရ၏။ ဖြစ်နိုင်လျှင် ဒေါ်ကျော့မေကိုယ်တိုင် တစ်မြို့ဝင်၊ တစ်မြို့ထွက်ဖြင့် သမီးငယ်တွေ့လိုသည့် သမီးကြီးကို လိုက်ရှာလိုက်ချင်သည်။

''မိဘကို သိတတ်တဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com

လေး အသက်ဘေးက လွတ်ကင်း နိုင်ပါစေ၊ ခံစားနေရတဲ့ ဝေဒနာ တွေ ချက်ချင်းမနေး အမြန်ပျောက် ကင်းပါစေ''

ပိန်လှီသေးသွယ်သော လက် ကလေးများကို ဆုပ်ကိုင်ကာ နှစ် သိမ့်နေသော်လည်း ခင်ဝေကမသိ ရှာပေ။ မိခင်ဖြစ်သူက သမီးကို ကြည့်ရင်း မျက်ရည်ဖြိုင်ဖြိုင်ကျ ကာ အသံမထွက်ဘဲ ကျိတ်ငိုနေမိ ၏။

''အဒေါ်.....ငိုမနေနဲ့နော်၊ ကောင်မလေးသိသွားရင် စိတ် မကောင်းဖြစ်နေပါဦးမယ်၊ သတ္တဝါ တစ်ခု ကံတစ်ခုဆိုသလို သူ့ကံပဲ ပေါ့ရှင်၊ အဒေါ့်အနေနဲ့ တရားအသိ နဲ့ဖြေပါ၊ ကံကောင်းရင် ကောင်မ လေး သက်သာလာပြီး နေပြန် ကောင်းလာမှာပေါ့ အဒေါ်ရယ်''

ဘေးခုတင်မှ လူနာစောင့် အမျိုးသမီးက ဒေါ်ကျော့မေအား သတိပေးရင်း တရားချရှာသည်။ အထူးခန်းဖြစ်သည့်အတွက် အချိန် မရွေး အရေးပေါ် အသက်လုနေ ကြရသူချည်းပါ။ သည်တော့ ခင် ဝေ၏ခေါင်းရင်းမှ ချိတ်ဆွဲထားသည့် စိပ်ပုတီးလေးကိုကိုင်ကာ ဘုရားစာ များကို ရွတ်ဖတ်၍ ပုတီးစိပ်နေမိ ၏။ သမီးကြားသိစေရန် နားအနီး သို့ တိုးကပ်၍ တရားစာများကို ရွတ်ဆိုပေးနေခဲ့သည်။ လုပ်သင့် သည့် အလုပ်တစ်ခုကို မိခင်တစ် ယောက်အနေဖြင့် လုပ်ဆောင်ပေး ခဲ့၏။ ဘဝကူးကောင်းစေလိုသည့် ဆန္ဒရယ်ပင်။

♛♛♛♛♛

အပျိုကြီးထံသို့ ယဉ်မေ ဒုတိယအကြိမ် ရောက်ရှိခဲ့ချိန်သည် ပဲခူးသို့ပြောင်းရန် တစ်ရက်အလို တွင်ဖြစ်သည်။

''ခုမှပဲ ပေါ်လာတော့တယ် ယဉ်မေရယ်၊ ညည်းညီမ ခင်ဝေ လေး အစာအိမ်ရောဂါနဲ့ ဆေးရုံတင် ထားရတယ်အေ့၊ ဆင်းရဲပင်ပန်းမှု ဒဏ်တွေပေါ့လေ''

''ဟုတ်လား၊ သွားကြည့်ချင် ပေမယ့် ယဉ်မေက မနက်ဖြန် ပဲခူး ကို ပြောင်းရတော့မှာ၊ အစ်မစန်းမြ ရဲ့ အခုတောင် အလုပ်တွေရှုပ်တဲ့ ကြားထဲက အစ်မကို ပြောပြချင်လို့ ထွက်လာတာပါ''

ညီမဖြစ်သူမှာငယ်စဉ်ကတည်း က ဗိုက်ခဏခဏ အောင့်တတ်သူ ဖြစ်ကြောင်း ယဉ်မေသိသည်။ ပြီး တော့ မကြာခင် ပျောက်သွားတတ် သဖြင့် အရေးကြီးသည့်ရောဂါဟု မထင်ဘဲ ပေါ့ပေါ့တန်တန်သဘော ထား၍ ငွေများကို အပျိုကြီးမှတစ် ဆင့် ပေးခိုင်းရန် စဉ်းစားလိုက်လေ သည်။ ငွေထုတ်ယူရန် အိတ်၏ဇစ် ကိုအဖွင့် အပျိုကြီးထံမှ စကားသံ ကို ကြားရ၏။

''ဟောတော်.....ညည်းက အဲဒီလို ဘာကြောင့်ပြောလိုက်ရ တာလဲ''

''ခုချိန်ရောက်မှ ရှင်းပြပြန် ရင်လည်း ယဉ်မေ့ကို အစ်ကိုက အပြစ်တင်တော့မှာပဲ၊ ဒါကြောင့် အမေနဲ့ခင်ဝေတို့ အခြေအနေ မကောင်းရင် ဒီလိပ်စာနဲ့ ယဉ်မေ့ ဆီကို အကြောင်းကြားလိုက်ပါ နော်၊ ယဉ်မေ သွားတော့မယ် အစ်မရယ်''

စကားပြောချိန်သိပ်မရ၍ ယဉ် မေက လိပ်စာကိုသာ ပေးထားခဲ့ လေသည်။ သူမ၏လုပ်ရပ်ကို ဘာ မျှနားမလည်ဘဲ ကျန်ရစ်ခဲ့သည့် အပျိုကြီးအား တက္ကစီပေါ်မှ နှုတ် ဆက်လိုက်၏။ ယဉ်မေအဖို့ ဆု ရူး စားရူး ဖြစ်နေချေသည်။ ညီမ ဖြစ်သူကို တွေ့ချင်သော်လည်း မိခင်အပေါ် စိတ်ဆိုးမပြေသေး၍ ခြေဦးမလှည့်ချင်သေးပေ။

အပျိုကြီးမှာ ယဉ်မေ၏စကား ကြောင့် မည်သို့ဆက်လုပ်ရတော့ မည်မသိတော့ပေ။ အပျိုကြီးအနေ ဖြင့် ယဉ်မေကို လှမ်းကြည့်ရင်း ရင်ထဲမှ အပြစ်တင်လိုက်မိ၏။

''ဒီကောင်မလေး မိုက်ပြီးရင်း မိုက်နေပါလားနော်၊ အိုယ့်ဘ



www.burmeseclassic.com

www.burmeseclassic.com



အမှန်ကို ပြောပြတော့ရော ဘယ်သူက ကဲ့ရဲ့မှာတဲ့လဲ၊ ရှက်စရာလိုသေးလား၊ အကြော်သည်မုဆိုးမကြီးကြောင့် လူတန်းစားခွဲခြားရင် မိဘထက် ဘယ်သူက အရေးကြီးသလဲ၊ ကိုယ့်မိဘက ဘာပဲဖြစ်နေဖြစ်နေ မိဘဆိုတာ အစားထိုးမရမှန်း မသိပါလားနော်"

ပေးသွားသည့်လိပ်စာလေးကို ကိုင်ကာ ဒေါ်ကျော့မေရောက်လာက မည်သို့ပြောပြရပါမည်နည်းဟု တွေးစားနေခဲ့သည်။ ကြားမှအဖြေရခက်နေသူမှာ အပျိုကြီးပဲဖြစ်နေသည်။

"ယဉ်မေရေ ကျုပ်ကိုဒုက္ခပေးသွားပြန်ပါလားနော်"

အပျိုကြီးက ညည်းတွားရင်း ရင်ထဲမှ တိုးတိတ်စွာပြောမိ၏။

"ဒေါ်လေးကို ဘယ့်နှယ်ပြောမလဲ၊ အင်း.....ခင်ဝေလေးတော့ သနားစရာဖြစ်နေပြီ၊ ဒီပုံအတိုင်းဆိုရင် အစ်မမျက်နှာလေး မြင်ချင်တဲ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်တော့ပါလားနော်"

စိတ်မကောင်းဖြစ်ခဲ့ရ၏။ ထင်သည့်အတိုင်းပင်_ ညနေစောင်း၌ ဒေါ်ကျော့မေ ပေါက်ချလာတော့သည်။

"ဒေါ်လေး ခင်ဝေသက်သာသွားဟင်"

"သူ့ရဲ့ကုသိုလ်ပေါ့ မစန်းမြရယ်၊ ခင်ဝေ့ကိုကြည့်ရတာ ယဉ်မေကိုစောင့်နေပုံရတယ်ကွယ်၊ အစာမဝင်တော့ပါဘူး"

ဒေါ်ကျော့မေက ခင်ဝေ့အကြောင်းကို ပြောပြရင်းမှ မျက်ရည်များကို သုတ်လိုက်၏။ အပျိုကြီးက စက်ချုပ်နေသည်ကို ခဏရပ်ပြီး ဒေါ်ကျော့မေနှင့် စကားထိုင်ပြောရသည်။

"အခုတောင် သူ့အစ်မလာနေပြီတဲ့၊ အပျိုကြီးဆီသွားခိုင်းလို့ မိသူကိုထားခဲ့ပြီး လာမေးတာပါ"

အပျိုကြီး၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားတော့သည်။ ယဉ်မေရောက်လာသည်ကို ခင်ဝေသိနေပါလားဟု တွေးမိ၏။ ဧကန္တ ခင်ဝေ၏စိတ်ဝိညာဉ်က ယဉ်မေရှိရာကို ရှာဖွေနေသည်လားမသိ။ လိပ်စာပေးလိုက်လျှင် ယဉ်မေရှိရာသို့ လိုက်သွားပြီး သမီးစိတ်နှင့် လိုက်ခေါ်ပေမည်။ အပျိုကြီးမှာ စိတ်အတွေးနှင့် ကြိတ်တွေးကြည့်လိုက်၏။

"အင်း..ယဉ်မေက မိဘမရှိကြောင်း ထွန်းအောင်ကျော်ကိုပြောထားတော့ တကယ်လို့များ မိဘရှိနေတာကို သိသွားရင် ယဉ်မေတို့ အိမ်ထောင်ရေးပြိုကွဲကြရမှာပဲ၊ ဒီတော့ လိပ်စာကို မပေးဘဲထားရင် စိတ်မကောင်းဖြစ်ရရုံပဲရှိမယ်၊ ခင်ဝေရဲ့အသက်ကို ကယ်တင်နိုင်မှာမှမဟုတ်တာဘဲလေ" ယဉ်မေ့ဘဝနဲ့ယဉ်မေ ရှိပါစေတော့"

ဤသို့ဆုံးဖြတ်ချက်ချကာ လိပ်စာကတ်လေးကို စက်ခုံထဲသို့ ထိုးထည့်လိုက်မိ၏။

"ဒီကိုမလာပါဘူး ဒေါ်လေးရယ်၊ ခင်ဝေက စိတ်စွဲလို့ဖြစ်မှာပါ၊ ယဉ်မေကလည်း မိုက်လိုက်တာနော်၊ ဒီအမေနဲ့ ဒီညီမကို မေ့ထားနိုင်ရက်တယ်"

ဒေါ်ကျော့မေမှာ ပခုံးပေါ်မှ တဘက်ညစ်ညစ်လေးနှင့် မျက်ရည်များကို သုတ်နေရှာသည်။

"ဒေါ်လေးက သူ့အထောက်အပံ့ကို လိုချင်လို့မဟုတ်ပါဘူး မစန်းမြရယ်၊ သေခါနီး ခင်ဝေလေးရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်လို့ပါကွယ်၊ ခင်ဝေဟာ ယဉ်မေ့ကို သိပ်တွေ့ချင်နေရှာတယ်၊ ဒီအစွဲတစ်ခုကြောင့် ဘဝကူးမခက်စေချင်ဘူး၊ စိတ်ချမ်းချမ်းသာသာနဲ့ သွားသင့်တဲ့လမ်းကို ရောက်သွားစေချင်တယ်"

ယဉ်မေအတွက် ရောလိမ်ပေးမိသည့် အပျိုကြီးမှာ စိတ်မကောင်းဖြစ်မိရတော့သည်။ ထိုခံစားမှုမျိုးကို ကြိုသိခဲ့လျှင် ယဉ်မေကို မဖြစ်မနေ တားဆီးပြီး ခင်ဝေထံသို့ ခေါ်သွားပေးမည်ပင်။ အပျိုကြီးအတွေးက ထောက်ပံ့ငွေရရေးကိုသာ ခေါင်းထဲတွင် တွေးထားခဲ့မိ၍ အလွဲလွဲအချော်ချော် ဖြစ်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

''ဒေါ်လေးပြန်တော့မယ် မစန်းမြ၊ ခင်ဝေ့ကိုထားခဲ့ရတာ စိတ်မချဘူးကွယ်၊ အင်း.....ခင်ဝေကို ဘယ်လိုပြောပြရပါ့''

ဒေါ်ကျော့မေ၏ တလှုပ်လှုပ်လျှောက်သွားသည့်ပုံစံကို မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေမိသည့် အပျိုကြီးမှာ ပင့်သက်မောကိုချမိ၏။

''ကျွန်မအနေနဲ့ လိမ်ညာပြောမိတဲ့အတွက် ခွင့်လွှတ်ကြပါ ဒေါ်လေးနဲ့ ခင်ဝေရယ်၊ ယဉ်မေ့ကို မတားဆီးနိုင်တဲ့အတွက် ကျွန်မမှာ အပြစ်ရှိပါတယ်၊ ကျွန်မသာ ယဉ်မေကို အတင်းခေါ်မိရင် ခင်ဝေရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှာပါပဲလေ''

အပျိုကြီးမှာ သူ့ကိုယ်သူ ယူကျုံးမရ ဖြစ်နေခဲ့မိ၏။

♛♛♛♛♛

အထူးခန်းအဝတွင် လူများအုံနေသည့်အတွက် ဒေါ်ကျော့မေမှာ ခေါင်းနားပန်းကြီးသွားရသည်။

''ခဏဖယ်ပါဦး''

အပေါက်ဝရှိ အုံခဲကြည့်နေသည့် လူများကို တိုးဝှေ့ဖယ်ခိုင်းကာ သမီးရှိရာသို့ ကမန်းကတန်း လှမ်းကြည့်မိ၏။

''အမယ်လေး...တော်ပါသေး

မကြာမီတွင်
သေဆုံးသူအား
သယ်ဆောင်ရန်
တွန်းလှည်းရောက်လာ၏။
အလောင်းကို
သယ်မ,သွားစဉ်
သက်ဆိုင်သူတွေရဲ့
ပူဆွေး သောကတွေက
မမြင်ရက်စရာပါလား။
အင်း.....ငါလည်း
တစ်နေ့မှာ.......

ရဲ့''

ခင်ဝေ၏ခုတင်နံဘေးတွင်ထိုင်နေသည့် မိသူက ဒေါ်ကျော့မေကို မြင်သည်နှင့် အပြေးလေးထလာကာ ပြောပြ၏။

''ခုတင် ၂ က ဘကြီးလေ အခုလေးတင် ဆုံးသွားပြီ ကြီးကြီး အသက်ထွက်ခါနီးမှာ တော်တော် ခံစားသွားရရှာတယ်''

''သဗ္ဗဒါတစ်ခု၊ ကံတစ်ခုပေါ့ မိသူရယ်၊ သမီးပြန်ချင်ပြန်တော့ လေ၊ ဒေါ်လေးရောက်လာပြီ ကွယ်''

''ဟုတ်ကဲ့ ကြီးကြီး၊ မိသူပြ မယ်နော်''

မကြာမီတွင် သေဆုံးသူအ သယ်ဆောင်ရန်တွန်းလှည်းရော လာ၏။ အလောင်းကို သယ်မ,သွ စဉ် သက်ဆိုင်သူတွေရဲ့ ပူဆွေ သောကတွေက မမြင်ရက်စရာ လား။ အင်း.....ငါလည်း တစ် မှာ သူတို့လိုပဲ ခံစားရမှာပါလား ဒေါ်ကျော့မေက တရားသဘော ကြိုတင်၍ နှလုံးသွင်းထားမိသ သေခြင်းတရားကို ရင်ဆိုင် အတွက် ဒေါ်ကျော့မေ ကြောက်ဒိတ်မရှိတော့ပေ။

''ငါလည်း တစ်နေ့မှာ ဒီ ကို လိုက်ရမှာပါပဲလေ''

ဆေးရုံကိုရောက်မှ သံ တရားများကို နှလုံးသွင်းတတ်လ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့၏။ သမီးအားကြည့်ရင်း ခံစားနေရသော ဝေဒနာမှ အမြန်ဆုံးလွတ်မြောက်စေရန် မိခင်တစ်ယောက်၏မေတ္တာဖြင့် ဆုတောင်းနေမိသည်။

"အမေ အစ်မယဉ်မေ ပါလာဘူးလားဟင်"

ခင်ဝေက မျက်လုံးလေးလှန်ကာ အစ်မဖြစ်သူကို ရှာဖွေနေဟန်ရှိသည်။ သံယောဇဉ်ကြီးသော ခင်ဝေအား ဒေါ်ကျော့မေက တီးတိုးကားဖြင့် နှစ်သိမ့်စကားပြောလိုက်ခဲ့၏။

"ယဉ်မေက ရန်ကုန်မှာမနေတော့ဘူး သမီး၊ ဟိုးအဝေးကြီးကို ရောက်သွားပြီ၊ ဒါကြောင့်မလာနိုင်တာပါ၊ သူ့ကိုမျှော်မနေနဲ့တော့နော်၊ ကိုယ့်ကျန်းမာရေးကိုသာ ဂရုစိုက်ပါကွယ်"

မျှော်လင့်ချက်မထားသင့်သည့် စကားမျိုးဖြင့် အပြီးသတ်ပြောလိုက်၏။ ခင်ဝေမှာ ပြန်လည်ငြိမ်သက်သွားပြီး မျက်လုံးလေးကို မှေးစင်းထားခဲ့သည်။ သို့သော် ပူနွေးသော မျက်ရည်စီးကြောင်းက မျက်လုံးအစွန်းမှ ယိုစီးကျလာသည်ကို လှမ်းမြင်နေရ၏။



"ငိုမနေနဲ့လေကွယ်၊ အပျိုကြီးကိုယ်တိုင် လိပ်စာမသိတော့ ယဉ်မေဆက်သွယ်မှ သူလည်းသိရမှာလေ၊ သမီးအစ်မက သူဌေးမကြီးဖြစ်နေပြီကွဲ့၊ ရွှေတွေဝတ်ထားတာမှ ညွတ်နေတာပဲတဲ့၊ အမေနဲ့ ညီမလေးကို သတိရနေပါတယ်တဲ့"

သမီးလေးစိတ်ချမ်းသာစေရန် ပြောနေမိသော်လည်း ပြောပြသူကိုယ်တိုင် အသံတွေတုန်ယင်လျက် ဝမ်းနည်းနေခဲ့၏။

"ယဉ်မေတို့က အဆင်ပြေကြတယ်ကွယ်၊ အမေဖြင့် သူ့အကြောင်းကို ကြားကြားချင်း ဝမ်းသာလိုက်တာ မပြောပါနဲ့တော့၊ အမယ် မကြာခင်မှာ မြေးချီရဦးမှာ သမီးရဲ့၊ ယဉ်မေမွေးလာတဲ့ကလေးကို သမီးက ထိန်းဦးမှာဆို၊ အားတင်းထားစမ်းပါကွယ်"

"အမေ"

"ဘာလဲ သမီးလေး၊ ပြောလေ၊ အမေ့သမီးက ဘာပြောချင်လို့လဲဟင်"

ခင်ဝေ၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ မေးလိုက်၏။ ခင်ဝေမှာ ဒေါ်ကျော့မေရှိရာသို့ လှမ်းကြည့်နေသော်လည်း သူမ၏ မျက်လုံးသူငယ်အိမ်မှာ မရွေ့လျားတော့ကြောင်း မိခင်ဖြစ်သူက သတိထားမိခဲ့၏။

"အစ်မကို သမီးပြောမှားဆိုမှားရှိခဲ့ရင် ခွင့်.....ခွင့်လွှတ်ပါလို့ ပြောပေးပါနော်"

"အေးပါကွယ်၊ အမေပြောပေးပါ့မယ်၊ စိတ်မကောင်းစရာတွေ


www.burmeseclassic.com

www.burmeseclassic.com



မတွေးနဲ့နော်၊ အားရှိအောင် အိပ်လိုက်ပါကွယ်''

ခင်ဝေမှာ ပြန်လည်ငြိမ်သက်သွားရှာသည်။ ခင်ဝေအနေဖြင့် သူမထံသို့ အစ်မဖြစ်သူ ရောက်မလာခြင်းမှာ စိတ်ဆိုးနေလို့ပဲဟု ထင်မှတ်ထားပုံရသည်။

''အမေ အစ်မက သမီးအပေါ် စိတ်ဆိုးမနေပါဘူးနော်''

''ဘာကြောင့်စိတ်ဆိုးရမှာလဲကွယ်၊ သမီးလေးကျန်းမာလာမှ ယဉ်မေ့ဆီကို အမေနဲ့သမီး အတူသွားကြမယ်နော်၊ ဆေးရုံက မြန်မြန်ဆင်းရအောင် ကျန်းမာရေးကို ဂရုစိုက်ပါ သမီးရယ်''

ခင်ဝေက မှိန်းနေရာမှ မိခင်ထံ ယဲ့ယဲ့လေးပြုံးကြည့်နေ၏။

''အမေ.....''

ဒုတိယအကြိမ် 'အမေ'ဟု ခေါ်သံလေးမှာ ခံစားမှုကြောင့် ရင်တုန်လှိုက်ဖိုနေမှန်း သိသာလှ၏။ ဒေါ်ကျော့မေက သမီး၏နဖူးလေးပေါ်ရှိ ဆံစလေးများကို ပွတ်သပ်ပြီး ပြန်လည်ပြုံးကြည့်နေ၏။

''ပြောလေ သမီး''

''သမီးမရှိတော့ရင် အမေ ဘယ်သူနဲ့နေမှာလဲဟင်''

ထိုမေးခွန်းကြောင့် ဒေါ်ကျော့မေမှာ ဝမ်းနည်းစိတ်ဖြစ်ပေါ်ခဲ့ရတော့သည်။ ခင်ဝေသည် မိခင်အား စိတ်ချပုံမပေါ်ပေ။ အချိန်တိုင်း သူမ၏ခေါင်းထဲ၌ ထိုအတွေးများကဝင်ရောက်နေဟန်ရှိ၏။

''သမီးနဲ့ပဲ နေမှာပေါ့ကွယ်၊ အမေ့သမီးလေး ဘာတွေတွေးနေတာလဲ၊ သေချင်းသေ အမေက အသက်ကြီးတော့ အမေပဲ အရင်သေသွားရမှာပါ သမီးရယ်''

ခင်ဝေက ခေါင်းလေးကိုဖြည်းလေးစွာ ခါယမ်းပြသည်။ ပြီးနောက် မျက်လုံးအိမ်မှ မျက်ရည်စများလည်း တစ်ပေါက်ချင်းကျလာကြပြန်သည်။ ထိုမျက်ရည်များကြောင့် ဒေါ်ကျော့မေပါ ငိုချင်စိတ်ဖြစ်လာမိသော်လည်း မငိုဘဲ တင်းခံခဲ့ရ၏။

''သမီးက အမေနဲ့ အစ်မတို့ကို အရင်ဆုံးခွဲသွားရမယ့်သူပါ အမေရယ်၊ သမီးမရှိတော့ရင် အမေ အစ်မနဲ့သွားနေပါနော်၊ အမေ့ကို အစ်မက စိတ်ချမ်းသာအောင်ထားမှာပါ''

''သမီးလေးရယ်.....အမေ့အတွက် ဘာမှမပူပါနဲ့ကွယ်၊ အားရှိအောင် အိပ်လိုက်တော့နော်၊ တော်ကြာ ဆရာဝန်ကြီးတွေ လာကြည့်ကြလိမ့်မယ်''

ခင်ဝေမှာ မိခင်၏လက်တစ်ဖက်ကို ကိုင်ဆွဲကာ မျက်လုံးလေး ပြန်မှိတ်သွားတော့သည်။ သမီးဖြစ်သူ ငြိမ်သက်သွားမှပင် ဒေါ်ကျော့မေမှာ အူလှိုက်သည်းလှိုက် ကျိတ်





www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရတော့၏။

တကယ်တော့ ခင်ဝေက ယဉ် မှုကို စောင့်နေသည်ဟု ထင်ခဲ့မိခြင်းမှာ ဒေါ်ကျော့မေ၏ အတွေးမှားသာဖြစ်ခဲ့သည်။ ယခုမှ မိခင်ကို စိတ်မချနိုင်လွန်း၍ အသက်ငွေ့ငွေ့ ဖြစ်နေသည်ဟု သိခွင့်ရခဲ့တော့၏။

“အမေ့ကို စိတ်ချလက်ချ ထားခဲ့ပါတော့ သမီးရယ်၊ အမေ့သမီးလေး ခံစားနေရတဲ့ ဝေဒနာကို ပြောင်းယူလို့ရရင် အမေပဲ ပြောင်းယူလိုက်ချင်ပါတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့ဘဝကို စွန့်ခွာသွားမှာကို အမေ မကြည့်ရက်ဘူး။ သေမင်းက အမေ့လို အသက်ကြီးတဲ့သူကို ဘာကြောင့်အရင်မခေါ်တာပါလိမ့်”

ခင်ဝေ၏မျက်နှာလေးကိုကြည့်ကာ ရင်ထဲမှစကားများကို ပြောနေမိတော့သည်။ ဆေးရုံတွင် အရွယ်မရွေး သုံးပါးသွားကြသည့် မြင်ကွင်းများကြောင့် သေမင်းသည် မည်သည့်အသက်အရွယ်ကိုမဆို ခေါ်ဆောင်သွားနိုင်ကြောင်း တရားသဘောဖြင့် ရှုမြင်ခဲ့နိုင်၏။ သည်တော့ ဒေါ်ကျော့မေ မတုန်လှုပ်တော့ပေ။

သို့သော်လည်း၊ မိသားစုထဲတွင် နောက်ဆုံးမှလာပြီး ရှေ့ဆုံးမှ ပြန်ထွက်သွားမည့် သမီးငယ်၏ အဖြစ်ဆိုးအား မကြည့်ရက်၊ မမြင်ရက်ပေ။ ပုထုဇဉ်သဘော သံယောဇဉ်အမြင်သာဖြစ်သည်။

နောက်တစ်နေ့နံနက်တွင် ဒေါ်ကျော့မေမှာ ဆေးရုံဝင်းအပြင်ဘက်ရှိ လက်ဖက်ရည်ဆိုင်မှ ရေနွေးဝယ်ပြီးအပြန်၌ အံ့အားသင့်မှုနှင့် ရင်ဆိုင်ရပြန်သည်။

“အလို.....ဪသမီးခုတင်မှာ လူတွေဝိုင်းနေပါလား”

ရင်ထဲမှာထိတ်သန့်ဖြစ်သွားတော့သည်။
ရက်ရှည်လများ ဆေးရုံပေါ်တွင်
သတိရတစ်ချက်၊ မရ တစ်ချက်ဖြင့်
ဝေဒနာခံစား နေရသော သမီးလေးအား
ထိုဝဋ်ကြွေးမှ .....

အလျင်အမြန်သွားကြည့်ရာ ဘေးခုတင်မှ လူနာစောင့်များနှင့် ဆရာဝန်၊ သူနာပြုများကို တွေ့ရသည်။

“ကျွန်မသမီးလေး ဘာဖြစ်လို့လဲရှင်”

“အဒေါ်ထွက်သွားပြီး ခဏအကြာမှာ အမောဖောက်လာလို့ ကျွန်မတို့လည်း ဆရာဝန်ကို ပြေးခေါ်လိုက်ရတယ်လေ”

ခုတင်နံဘေးတွင် စမ်းသပ်ကိရိယာများဖြင့် အလုပ်များနေကြသော ဆရာဝန်နှင့် သူနာပြုများထံ စိုးရိမ်စိတ်များဖြင့် ကြည့်နေမိ၏။

“ဆရာဝန်တွေက အသက်လုနေကြတယ် အဒေါ်၊ အခြေအနေ စိုးရိမ်ရတယ်”

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားတော့သည်။ ရက်ရှည်လများ ဆေးရုံပေါ်တွင် သတိရတစ်ချက်၊ မရ တစ်ချက်ဖြင့် ဝေဒနာခံစားနေရသော သမီးလေးအား ထိုဝဋ်ကြွေးမှ လွတ်မြောက်စေချင်လှ၏။

“ဟော.....ဟော သတိရလာပြီ၊ မျက်လုံးဖွင့်ကြည့်နေပြီ အဒေါ်”

ဒေါ်ကျော့မေအကြည့်တွင် သမီးသည် တစ်စုံတစ်ရာကို ရှာဖွေနေပုံမျိုးဖြင့် မျက်ဆန်လည်နေသည်ဟု ထင်မိသည်။ မကြာမီ အချိန်အတွင်းတွင် မျက်ခွံလှုပ်



www.burmeseclassic.com

www.burmeseclassic.com

ရှားမှုမှာ ရပ်တန့်သွားတော့သည်။ အသက်ရှူသံပြင်းလာသလို ရင်အုံမှာ နိမ့်ချည်မြင့်ချည်ဖြင့် မောဟိုက်နေသလို မြင်နေရသည်။ တဖြည်းဖြည်းနှင့် အသက်ရှူနေရင်း နောက်ဆုံးထွက်သက်မှာ ရင်မှ လည်ပင်းရှိ သွေးကြောများထံ ရောက်လာခဲ့၏။ ထိုမှ မေးဖျားလေးမှာ တလှုပ်လှုပ်ဖြစ်လာရင်း ပါးစပ်နှင့်အားယူ၍ အသက်ရှူနေရဟန်ရှိ၏။

"သမီးရေ အမေ့ကို စိတ်ချလက်ချ ထားခဲ့ပါတော့နော်"

တသိမ့်သိမ့်ငိုရှိုက်ရင်း တီးတိုးပြောလိုက်ချိန်ကျမှ သမီးဖြစ်သူမှာ ငြိမ်ကျသွားတော့သည်။

"လူနာ အသက်မရှိတော့ပါဘူးဗျာ၊ ဆရာမ.....ပစ္စည်းတွေ သိမ်းလိုက်တော့"

"အမေ့ကိုထားခဲ့ပြီလားကွယ်၊ အီး.....ဟီး.....ဟီး"

လူနာစောင့်အမျိုးသမီးတစ်ဦးက ခင်ဝေ၏ကိုယ်ပေါ်မှ မုဒ့်စောင်လေးကို မျက်နှာအထိ ဆွဲအုပ်လိုက်၏။

"သမီးလေးရဲ့မျက်နှာကို ကြည့်ပြီး အားရပါးရ ငိုပါရစေကွယ်၊ အဒေါ့်ကို နောက်ဆုံးကြည့်ခွင့်ပေးကြပါ"

ကြည့်နေသူများက ဒေါ်ကျော့မေအား သနားစာနာစိတ်ဖြင့် ဝိုင်း၍နှုတ်သိမ့်ပေးကြသည်။



"တရားနဲ့သာ ဖြေပါတော့ အဒေါ်ရယ်၊ သူ့ဘဝဝဋ်ကြွေးတွေ ကုန်ဆုံးသွားပြီလို့သာ မှတ်လိုက်ပါ"

"ဟော.....ရေခဲတိုက်ကိုပို့ဖို့ တွန်းလှည်းလာနေပြီ"

လူသေရုပ်အလောင်းကိုသယ်ယူရန် သက်ဆိုင်ရာ ဆေးရုံဝန်ထမ်းများ ရောက်လာကြ၏။ တွန်းလှည်းမှာ ဒေါ်ကျော့မေ၏အနားတွင် ရပ်တန့်လိုက်သည်။

"နေကြပါဦးရှင်၊ ကျွန်မရဲ့ သမီးလေးကို ဖက်ထားပါရစေဦး၊ သမီးလေး.....အမေ့သမီးအလိမ္မာလေး၊ နောင်ဘဝတွေမှာ မိသားစုကို အရင်ခွဲမသွားရပါစေနဲ့၊ ပြည့်စုံတဲ့ဘဝမျိုးကို ရောက်ပါစေကွယ်"

ဒေါ်ကျော့မေက သမီး၏မျက်နှာလေးအနံ့ကို နမ်းပြီးနောက် သမီး၏အနီးမှထရပ်ကာ ငြိမ်သက်စွာ ရပ်နေရှာသည်။ သမီးအား သယ်ဆောင်သွားသည့် တွန်းလှည်းနောက်သို့ နှေးကွေးလေးလံသော ခြေလှမ်းများဖြင့် လိုက်ပါနေမိစဉ် မျက်ရည်များကို မချုပ်ထိန်းနိုင်ခဲ့သလို မိခင်တစ်ဦး၏ရင်ထဲမှ ခံစားမှုဝေဒနာနှင့် သောကပရိဒေဝမီးတို့ကိုလည်း မငြိမ်းသတ်နိုင်ခဲ့ပေ။

တရွေ့ရွေ့လှုပ်၍ ရွေ့လျားနေသော တွန်းလှည်းပေါ်ရှိ သမီးကတော့ မိခင်၏ သောကဗျာပါဒအား သိရှာမည်မဟုတ်ပေ။ ဒေါ်ကျော့မေ၏ မျက်ဝန်းထဲတွင် အကြော်ဗန်းလေးရွက်ပြီး လက်ထဲတွင် တုတ်ချောင်းလေးကိုင်ကာ အကြော်ထွက်ရောင်းနေပုံလေးအား ပြန်လည်မြင်ယောင်နေခဲ့သည်။

"ငါမငိုဘူး၊ ဒီအချိန်မှာ သမီးရဲ့ဝိညာဉ်လေးက ငါ့အနားမှာ ရှိနေမှာပဲ၊ ငါငိုနေတာတွေ့ရင် သမီးလေး စိတ်ကောင်းမှာမဟုတ်ဘူး၊ ဟုတ်တယ်၊ ငါမငိုဘူး"

စိတ်ကိုတင်းကာ ခံစားမှု



www.burmeseclassic.com

www.burmeseclassic.com



ဖြေဖျောက်ပစ်လိုက်တော့သည်။

"ဩော်...ပျံ့သူမသိ ကျန်သူသာသိတဲ့ အဖြစ်မျိုးပါလား"

ထိုသို့ပင် ဓမ္မသဘောဖြင့် သံဝေဂရမိလေတော့သည်။

♛♛♛♛♛

"အစ်မယဉ်မေ၊ အစ်မ"

ခေါ်သံလိုလို ကြားလိုက်မိ၏။ နေ့ခင်းကြောင်တောင် အိပ်စက်နေရာမှ ယဉ်မေမှာ ငေါက်ခနဲထလိုက်မိသည်။ အနားတွင် မည်သူမျှမရှိ။ ထို့ကြောင့် အိပ်ခန်းထဲမှထွက်ကာ ဧည့်ခန်းသို့ ထွက်ကြည့်လိုက်၏။ ငြိမ်သက်နေဆဲပင်။ သည်တော့ မီးဖိုချောင်သို့ သွားကြည့်ပြန်သည်။ ထိုသည့်ထူးခြားမှုမျိုးမှမရှိပေ။

သူမကို အစ်မယဉ်မေဟုခေါ်သူမှာ ခင်ဝေတစ်ယောက်တည်းသာရှိ၏။ ထို့ကြောင့် ရင်ထဲမှထိတ်ခနဲဖြစ်သွားခဲ့ရသည်။

"ခင်ဝေ တစ်ခုခုဖြစ်နေရော့သလား၊ ပဲခူးနဲ့ရန်ကုန်ခရီးက မဝေးသယ်။ ငါ့မှာက မပေါ့မပါးကြီးနဲ့၊ အစ်ကိုက လွှတ်မှာမဟုတ်ပါဘူးသော"

ယဉ်မေမှာ ပွင့်လင်းမှုမရှိခဲ့သည့်အတွက်ကြောင့် လင်သား၏ ဖြူငြိမ့်မှု တားဆီးမှုကို စိုးရိမ်မိသည် ။ အချိန်တိုင်းပင်။ သည်တော့ သူမ၏စိတ်ကူးများကို အကောင်အထည် မဖော်နိုင်ရှာခဲ့ပေ။

"ဒေါ်ဒေါ် တံခါးဖွင့်ပါဦးနော်၊ မေမေက သမီးတို့ညီအစ်မကို မုန့်ပို့နိုင်းလိုက်လို့ပါ"

ဆက်တိုက်ခုံပေါ် ထိုင်မည်အပြုတွင် လမ်းထဲမှ ကလေးမလေးနှစ်ဦးက အသံပေးပြီး တံခါးလာခေါက်၏။ တံခါးဖွင့်ပေးလိုက်သည့်အခါတွင် ကြာဆံဟင်းခါးချိုင့်လေးကို ကိုင်ကာ ယဉ်မေထံ မော့ကြည့်နေကြသည်။

"ဩော်.....ကလေးတို့ အိမ်ထဲဝင်ကြလေကွယ်"

"မဝင်တော့ပါဘူး ဒေါ်ဒေါ်၊ ဒီနေ့ ညီမလေးမွေးနေ့မို့ ကြာဆံချက် လာပို့တာပါရှင်"

ညီအစ်မနှစ်ယောက်အနက် အကြီးမလေးက ယဉ်မေ့ကို ရည်ရည်မွန်မွန်နှင့် ပြောပြရှာသည်။ မွေးနေ့ရှင် အငယ်မလေးကလည်း မျက်လုံးလှလှလေးနှင့် မော့ကြည့်နေ၏။

"ကျေးဇူးပါပဲ ကလေးတို့ရယ်၊ ခဏလေးနော်၊ ဒေါ်ဒေါ် ချိုင့်လှယ်ပေးဦးမယ်"

"ဟုတ်ကဲ့ရှင်"

အိမ်ထဲသို့မဝင်ဘဲ ရပ်စောင့်နေကြသည့်အတွက် ယဉ်မေမှာ ချိုင့်ကို မြန်မြန်ဆန်ဆန်လှယ်ယူပြီး ထွက်လာရတော့သည်။

"ခွင့်ပြုပါဦး ဒေါ်ဒေါ်"

"အေးကွယ်၊ လိမ္မာရေးခြားရှိတဲ့ ကလေးတွေပါလား။ မိဘက မွေးရကျိုးနပ်ပါဘိ"

ယဉ်မေမှာ သူမ၏ စူထွက်နေသော ဗိုက်ကလေးကို လက်နှင့်ဖြည်းဖြည်းချင်းပွတ်၍ ငုံ့ကြည့်ရင်း ပြောလိုက်၏။

"သားမှန်းသမီးမှန်း မသိသေးတဲ့ မေမေ့ရင်သွေးလေးလည်း ဒီကလေးတွေလို လိမ္မာရမယ်နော်၊

ခေါ်သံလိုလို ကြားလိုက်မိ၏။ နေ့ခင်းကြောင်တောင် အိပ်စက်နေရာမှ ယဉ်မေမှာ ငေါက်ခနဲထလိုက် မိသည်။ အနားတွင် မည်သူမျှမရှိ။ ထို့ကြောင့် အိပ်ခန်းထဲမှထွက်ကာ ဧည့်ခန်းသို့....

www.burmeseclassic.com

အမျိုးမြင့်မြတ်ပြီး သန့်စင်တဲ့ သားသမီးရတနာလေးဖြစ်ပါစေ၊ ကျန်းကျန်းမာမာနဲ့ ရှောရှောရှူရှူ မွေးဖွားလာပါစေကွယ်၊ မေမေ့မေတ္တာနဲ့ လုံခြုံနွေးထွေးမှုကို အပြည့်အဝ ပေးပါ့မယ်ကွယ်”

မမြင်ရသေးသည့် ရင်သွေးလေးကတော့ ယဉ်မေ၏မေတ္တာစိတ်ကို သိမြင်နိုင်လိမ့်မည်မထင်သေးပေ။ သူမကသာ အဖြစ်သည်းလွန်းနေပြီလားဟု ယဉ်မေက သူမကိုယ်ကိုသူမ ပြန်လည်ဆန်းစစ်မိသည်။

“ဩော်...ငါတောင် ဗိုက်ထဲက ရင်သွေးအပေါ် မေတ္တာတရားကြီးမားနေရင် ငါ့မိဘတွေလည်း ဒီလိုပဲခံစားပြီး မွေးဖွားခဲ့ရမှာပါလား။ အမေ...အမေ၊ အမေ့သမီးဗိုက်ကို ခွင့်လွှတ်ပါတော့ရှင်၊ အခုကျမှ အမေ့ရဲ့သမီးဗိုက်က ကိုယ်ချင်းစာတတ်လာရပါပြီ”

ကိုးလလွယ်၊ ဆယ်လဖွားသည်အထိ အပင်ပန်းခံ မွေးဖွားခဲ့ရသည့် မိခင်ကြီး ဒေါ်ကျော့မေအပေါ် ကိုယ်တိုင် သားဦးကိုယ်ဝန်လွယ်ထားရမှ စာနာစိတ်ဖြစ်ခဲ့ရ၏။ ထို့အတူ မိခင်ကြီးအပေါ်တွင် မှားယွင်းစွာထားရှိခဲ့မိသော အာဃာတတရားများအတွက်လည်း အကြိမ်ကြိမ် တောင်းပန်နေမိသည်။

ပြီးနောက် ခင်ဝေကိုပါ သတိရနေမိ၏။ ငယ်စဉ်ကလေးဘဝတုန်းက စောစောက ညီအစ်မနှစ်ယောက်ကဲ့သို့ပင် ချစ်ချစ်ခင်ခင်ရှိခဲ့ကြသည်။ သို့ပေမယ့် ခင်ဝေ၏ ညှာတာထောက်ထားမှုက ပိုခဲ့သည်ကို ဝန်ခံမိ၏။ ယဉ်မေမှာ အတိတ်က ညီမဖြစ်သူအပေါ် ညှာတာရကောင်းမှန်း မသိခဲ့ပေ။ ညှာတာရမည့်အသိလည်း မရှိခဲ့သည်က အမှန်ပါ။

“ခင်ဝေရယ် ငါ့ကိုခွင့်လွှတ်နိုင်ပါစေဟယ်၊ နင် ကျန်းမာပါစေ၊ အမေ့ကို လုပ်ကျွေးပြုစုရင်း ငါ့လိုပဲ လင်ကောင်းသားကောင်းရပါစေ၊ ခင်ဝေက ငါ့ထက် မိဘကို သိတတ်တဲ့သားသမီးဆိုတော့ နင့်ဘဝလေး စိတ်ချမ်းသာမှာ အမှန်ပါပဲ”

ချက်ချင်းပင် အပျိုကြီးထံသို့ လိပ်မူ၍ မိခင်နှင့် ခင်ဝေတို့ အကြောင်းကို စုံစမ်းရန် စာတစ်စောင်ရေးလိုက်တော့သည်။ ထိုစာကို ဖတ်ပြီးပါက အပျိုကြီးမစန်းမြလည်း ကျေနပ်သွားလိမ့်မည်ဟု ယုံကြည်နေခဲ့သည်။

“အစ်မ မစန်းမြ”

ယဉ်မေ စာရေးလိုက်ပါတယ်၊ ယဉ်မေလည်း အပျိုကြီးနဲ့ မဆုံဖြစ်တာ ကြာပြီနော်၊ ကိုယ်ဝန်က ငါးလရှိနေပါပြီ၊ ဒါကြောင့် ကိုယ်တိုင်မလာဖြစ်တာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါရစေရှင်၊

အမေနဲ့ခင်ဝေတို့အခြေအနေကို သိချင်တယ် အစ်မရယ်၊ ယဉ်မေလေ ကိုယ်ဝန်လွယ်ထားရတော့မှ အမေ့မေတ္တာကို နားလည်လာခဲ့[...] တယ်၊ ပြီးတော့ အမေ့အပေါ်မှာ ထားခဲ့တဲ့ မကော[...] နာမိတ်တွေပါ ပျောက်သွားရပါတယ်၊ ကိုယ့်အနေ[...] ကိုလည်း သိမြင်လာခဲ့ရတယ် အစ်မရယ်၊ ဒီတော[...] အမေ့ဆီကို ကိုယ်တိုင်လာပြီး တောင်းပန်ချင်စိတ်[...] တွေ ဖြစ်ပေါ်ခဲ့ရပါတယ်၊ ခင်ဝေလေးကိုလည်း[...] သတိရနေမိပြန်တယ်လေ၊

ခင်ဝေဟာ ယဉ်မေတို့မိသားစုဘဝထဲမှာ[...] အနစ်နာခံဆုံးနဲ့ အပင်ပန်းဆုံးမိန်းကလေးပါ[...] ယဉ်မေဟာ အကြီးဖြစ်ပြီး ခင်ဝေလောက်တောင်[...] မိသားစုအပေါ် မသိတတ်ခဲ့မိဘူးလေ၊ ကိုယ့်တာ[...] ကောင်းစားနေတာကို ကျေနပ်ပီတိဖြစ်နေတယ်[...] မိဘနဲ့ ညီမအပေါ်မှာ တာဝန်မကျေသလို ဖေ[...] တတ်တဲ့ အမိုက်မတစ်ယောက် ဖြစ်ခဲ့ရပါတယ်[...] အစ်မရယ်၊

အခုတော့ ယဉ်မေမှာ သတိတွေရှိလာ[...] ပြီ၊ အစ်ကိုက အပြုံးပါမြင်မြင်၊ အရှုံးပေးခံရပါ[...] ယဉ်မေရဲ့ဘဝမှန်ကို ဖွင့်ပြောပြီး အစ်ကိုတော့[...] တဲ့အထိ တောင်းပန်မယ်၊ ယဉ်မေရဲ့အမှား[...] ဝန်ခံလိုက်ပါတော့မယ်ရှင်၊

ပြီးရင် အမေနဲ့ ခင်ဝေတို့ဆီ အရောက်[...] ပြန်လာပါမယ်နော်၊ အစ်ကိုရဲ့ မြင့်မြတ်တဲ့စိတ်[...] ကြောင့် ယဉ်မေကို ခွင့်လွှတ်မယ်လို့ ယုံကြည်[...] တယ် အစ်မ၊ ဒီအတွက် ယဉ်မေကို စိတ်မပူ[...] နော်၊ ဒါကြောင့်မို့ အစ်ကိုနဲ့အတူတူ အမေ[...] ကို ယဉ်မေတို့လင်မယား တစ်နေ့နေ့မှာ အ[...] ဆုံရောက်လာခဲ့ပါမယ်လို့ အစ်မကို ကတိပေး[...] တယ်ရှင်၊

အပျိုကြီး ကျန်းမာ၊ ချမ်းသာပါ[...]

“ယဉ်မေ[...]

ယဉ်မေက ရင်ထဲမှ ခံစာ[...]

www.burmeseclassic.com





ချက်အတိုင်း ဖွင့်ချရေးသားလိုက်သည့် စာလုံးလေးများကို ကျေနပ်စွာဖတ်ပြီးနောက် စာအိတ်ရှည်လေးထဲသို့ ထည့်သွင်းကာ ပိတ်လိုက်၏။

“ဒီစာကိုဖတ်ပြီးရင် အပျိုကြီးသည်း ယဉ်မေ့ကို နားလည်ခွင့်လွှတ်သွားမှာပါနော်၊ ယဉ်မေလေ အမေ့ဆီကို အခုပဲ ပြေးလာချင်ပါပြီ အမေနဲ့ခင်ဝေတို့ အခြေအနေတွေ ကောင်းကြပါစေ၊ ယဉ်မေ့ဘက်ကလည်း အမေနဲ့ ခင်ဝေတို့ဘဝကို အစွမ်းကုန် လှပမြင့်မားအောင် လုပ်ပေးမှာပါ၊ အမေ့သမက်က စိတ်ကောင်းရှိသူတစ်ယောက်ပါ အမေရယ်”

ယဉ်မေမှာ စိတ်လက်ပေါ့ပါးစွာဖြင့် အပျိုကြီးထံမှ ပြန်လည်ရောက်ရှိလာမည့် ပြန်စာအား မျှော်လင့်စောင့်စားနေမိတော့သည်။

♛♛♛♛

အပျိုကြီးထံမှပြန်စာမှာ တစ်လကြာသည့်အထိ ရောက်မလာခဲ့ပေ။ ယဉ်မေသာ မျှော်ရင်းမောခဲ့ရ၏။

“အင်း....အပျိုကြီးတော့ သူ့ရွာပဲ ပြန်သွားပြီလား၊ ဒါကြောင့်မို့ ပြန်စာမရောက်သေးတာပဲဖြစ်ရမယ်၊ သြော်.....ဟုတ်တယ်၊ အပျိုကြီးက ဒီအချိန်ဆိုရင် ရွာပြန်နေကျပဲလေ၊ ငါမေ့နေပါလား၊ ဒါဆိုရင် ငါ့စာကို ရွာကပြန်လာမှ သူဖတ်ရမှာပဲလေ”

ပင့်သက်မောကိုချကာ တစ်နေ့တွင် ပြန်စာရောက်လာနိုးဖြင့် စာပို့သမား၏အလာကိုသာ စောင့်မျှော်နေမိတော့သည်။

“အစ်ကို့ကိုပြောပြပြီး အမေတို့ဆီ ကိုယ်တိုင်သွားရရင် ကောင်းမလား၊ အပျိုကြီးစာကိုသာ စောင့်နေရင် အချိန်လောက်ကြာဦးမလဲ မသိဘူး”

ထွန်းအောင်ကျော် ပြန်ရောက်လာချိန်တွင်လည်း အကြောင်းစုံကို ဖွင့်ပြောပြရန် စဉ်းစားထားသမျှ စကားလုံးများက လည်ချောင်းဝတွင် တစ်ဆို့နေပြန်သည်။ အချိန်တိုင်းတွင် ဖွင့်ပြောရန် ကြိုးစားကြည့်ပေမယ့် မဝံ့မရဲစိတ်ကြောင့် အချည်းနှီးဖြစ်ခဲ့ရ၏။

“မအိပ်သေးဘူးလား ညီမ၊ ဘာတွေစဉ်းစားနေတာလဲ၊ အစ်ကို မသိရဘူးလားဟင်”

လင်သား၏ ဘယ်လက်ရုံးပေါ်တွင် ခေါင်းအုံးအိပ်နေရာက မျက်နှာကို မော့ကြည့်လိုက်သည်။ ပြော



www.burmeseclassic.com

www.burmeseclassic.com

မည့်စကားများမှာ အစရှာမရခဲ့ပြန်ပေ။ ပြောမိလျှင်လည်း နားလည်ခွင့်လွှတ်ပါ့မလားဟုတွေးမိပြီး ကြောက်ရွံ့နေမိပြန်၏။ ယဉ်မေ၏ဘဝတွင် 'သားကိုသခင်၊ လင်ကိုဘုရား'ဟု ဆိုရိုးရှိသည့်အတိုင်း လင်သား၏မုန်းတီးမှုကို ခံရပါလျှင် ဘဝသေဆုံးသွားလိမ့်မည်ဟု ထင်မှတ်နေသူဖြစ်၏။ သည်တော့ မပြောတော့ဘဲ ရေငုံနှုတ်ပိတ်နေခဲ့ရသည်မှာ ယနေ့ထက်တိုင်ဖြစ်ခဲ့ရသည်။

"ပြောလေ ညီမ"

"အစ်ကို့ကိုချစ်တယ်၊ အစ်ကို့ကို သိပ်ချစ်တယ်"

ထွန်းအောင်ကျော်၏ ရင်ခွင်ထဲတွင် မျက်နှာအပ်ပြီး တတွတ်တွတ် ပြောလိုက်ပုံကြောင့် လင်ယောကျ်ားဖြစ်သူ၏ ကြင်နာမှုကို ခံစားလိုက်ရ၏။ ထွန်းအောင်ကျော်က ယဉ်မေ့ကို စေ့စေ့ကြည့်ရင်း ညင်သာကြင်နာသည့်အသံဖြင့်မေးခဲ့၏။

"အစ်ကိုလည်း ညီမကိုသိပ်ချစ်တာပေါ့ကွာ၊ ညီမကို ပိုပြီးကျေးဇူးတင်မိတာက အစ်ကို့အတွက် ကလေးမွေးပေးနိုင်မှာမို့လို့ပါပဲ၊ အစ်ကို့ဘဝဟာ အခုမှပဲ မိသားစုနဲ့ပြည့်စုံအေးချမ်းတဲ့ ဘဝလေးတစ်ခုကို ပိုင်ဆိုင်ရတော့တယ်၊ အစ်ကို့ရဲ့ မမြင်ရသေးတဲ့ ရင်သွေးဟာ ဘုရားမှာ သစ္စာပြုတိုင်တည်ထားတဲ့အတိုင်း အမျိုးမြင့်မြတ်ပြီး သာသနာပြုပေးနိုင်တဲ့ သားယောကျ်ားလေး ဖြစ်မှာအမှန်ပါပဲကွာ"

ယဉ်မေက ခေါင်းလေးမော့ပြီး ပီတိအဟုန်ဖြင့် ကြည့်မိ၏။ ထွန်းအောင်ကျော်သည် ယဉ်မေထက် ပိုပြီး ယုံကြည်မှုပိုနေမည်လားမသိပေ။ သူ့သစ္စာကို ယုံကြည်စွာဖြင့် ပြောပြနေသည်။

"ဘုရားရှိခိုးတိုင်း ညီမအတွက် သစ္စာပြုဆုတောင်းပေးနေတာ ကြားတယ်မဟုတ်လား၊ အဲဒီဆုတောင်းအတိုင်းဖြစ်လိမ့်မယ်၊ ပြီးတော့ ညီမရဲ့မျက်နှာကယောကျ်ားလေးပုံပေါက်နေတယ်လေ၊ ဧကန်မုချ သားဦးပဲဖြစ်မှာ"

"ယဉ်မေလေ သားဦးလေးပဲဖြစ်စေချင်တယ် အစ်ကိုရယ်၊ ဘာကြောင့်လဲဆိုတော့ သားဦးမွေးနိုင်တဲ့အမျိုးသမီးတွေက မြင့်မြတ်တယ်တဲ့၊ ပြီးတော့လည်း သာသနာပြုနိုင်လို့ ရှင်ဒါယကာ၊ ရဟန်းဒါယကာတွေ ဖြစ်နိုင်မှာမဟုတ်လား"

ထွန်းအောင်ကျော်ထံမှ ပင့်သက်မှုဉ်းမှုဉ်းလေးကြောင့် နွေးထွေးသည့် အငွေ့အသက်ကို ရရှိလိုက်၏။ သည်တော့ ခင်ပွန်းသည်၏ လည်တိုင်လေးအား သူမ၏ မျက်နှာနှင့် ဖိကပ်ထားမိသည်။

"ဒါပေမဲ့ကွာ သားသမီးဆို တာ ဘုရားပေးတဲ့ ရတနာပဲမဟုတ် လား။ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြ ဖြစ် ထိုက်သင့်တဲ့ ရတနာတစ်ခုကို ပိုင်ဆိုင်ရမှာပဲလေ၊ ဘာလေးပဲမွေ မွေး ကိုယ်သွေးသားမို့ ချစ်ရမှာ ပေါ့ကွယ်"

ယဉ်မေက ခင်ပွန်းသည်ကို ကျေးဇူးတင်သောအကြည့်တစ်ချက် ဖြင့် မော့ကြည့်ကာ မျက်လုံးလေ ကို မှေးစင်းထားလိုက်သည်။ ကြောင့် မွေးလာမည့် သားသမီးနှ ပတ်သက်ပြီး ယဉ်မေတို့လင်မယာ တွင် မည်သည့်ပြဿနာမျှ ရှိလိ မည်မဟုတ်တော့ပေ။

မျက်စိမှိတ်နေရင်းက အကြေ သည့်ဘဝတွင် ကြားခဲ့ရသည့် မေ ချစ်၏ အိမ်ထောင်ရေးအဆင်မပြ သော အကြောင်းလေးကို ပြန်လည် တွေးကြည့်နေခဲ့မိ၏။

"သားသမီးမွေးတာ ကုသိုလ် ကံနဲ့လည်း သက်ဆိုင်တယ် မ မေရေ၊ ခင်ခင်ချစ်ကို ကြည့်ပါလာ မိန်းကလေးတွေချည်း သုံးယော ဆက်တိုက်မွေးလို့ မြင့်ကြည် နောက်မိန်းမယူသွားတယ်လေ"

"ဟင်.....ဘာဆိုင်လို အကြီးရဲ့ မိန်းကလေးမွေးပေ မအေနဲ့တောင် အဖော်ရသေး ကြီးလာရင်လည်း သားကြော

www.burmeseclassic.com



ဘ ပိုသိတတ်ကြတယ်တဲ့၊ မိဘ
အိမ်ကို ဟင်းတစ်ခွက်တော့ ပို့နိုင်
ကြတယ်တဲ့''

''ညည်းကို ဘယ်သူကပြော
တာလဲ ယဉ်မေ''

ဒေါ်ဘုမက ယဉ်မေထံမကျေ
နပ်သောအကြည့်ဖြင့်ကြည့်ရင်းမေး
၏။ ယဉ်မေကိုယ်တိုင်လည်း ကြား
နားဝစကားကြောင့်သာ ပြောမိခဲ့
ခြင်းဖြစ်သည်။ အသေအချာတော့
မသိမိပေ။ သည်တော့ ငြိမ်သက်
သွားရ၏။

''ဒေါ်လုံးတင်သမီးတွေကိုပဲ
ကြည့်အေ၊ အဆင်ပြေတဲ့သမီးက
လည်း မိဘအိမ်ပေါ်တက်စားတယ်၊
အဆင်မပြေတဲ့ သမီးကိုလည်း မိဘ
က ကျွေးထားရတယ်၊ ဘယ်မှာ
အရတယ်ရှိလို့လဲအေ၊ အင်း...ဝဋ်
ကြွေးတွေပေါ့လေ၊ သားသမီး
အတွက် ပေးဆပ်နေရတဲ့ ဝဋ်ကြွေး
ဆိုတာ အစုန်ရှိပြီး အဆန်မရှိတဲ့
အားမျိုးပါပဲ၊ လောကဓမ္မတာအရ
ပြောရရင် 'မိဘနှစ်ယောက်က
သားသမီး ဆယ်ယောက်ကို ကျွေး
ကြပေမယ့် သားသမီးများစွာက
နှစ်ယောက်ကိုတောင် ဝအောင်
မကျွေးနိုင်ကြဘူး'တဲ့အေ''

ထိုအဖြစ်မျိုးကိုလည်း ယဉ်မေ
တွေ့မြင်ခဲ့ရဖူးသည်။ အဓမကြီး
အားသာဆိုသူမှာ နေစဉ် မနက်
တိုင်း အကြော်ဆိုင်လေးသို့ လာ

ဝယ်တတ်၏။ သားသမီးများရှိနေ
ကြသော်လည်း မိဘတစ်ယောက်
အတွက် မည်သူမျှ တာဝန်မယူချင်
ကြပေ။ သည်တော့ အကြော်လေး
ဖြင့်သာ ဝမ်းရေးပြဿနာကို ဖြေ
ရှင်းနေခဲ့ရသည်။ သားသမီး၏
အထောက်အပံ့မရသည့်အတွက် ရှိ
တာလေးနှင့် စားသောက်နေရ၏။
နောက်တော့ လူတစ်ဖက်သားအား
သနားတတ်သည့် မိခင်ဒေါ်ကျော့
မေက ကုသိုလ်သဘောမျိုးနှင့်လှူ
ရန် ယဉ်မေတို့ညီအစ်မအား မှာ
ကြားထားခဲ့သည်။

''မိဘဘက်က ဘယ်လောက်
ဝမ်းရေစပ်ခဲ့ရသလဲ၊ ဒီလိုသားသမီး
မျိုးက ကောင်းစားလည်း ခဏပဲ
အေ၊ ကျုပ်တို့လည်း ခင်ခင်ချစ်
အကြောင်းပြောနေရင်းနဲ့ ဘေးချော်
ထွက်သွားပြန်ပြီ၊ မြင့်ကြည်သဘော
ကတော့ သမီးမွေးရတာ နစ်နာ
တယ်ပေါ့လေ၊ သူလိုချင်တာ သား
ပဲတဲ့၊ လောကကြီးမှာ ဒီလို
ယောက်ျားမျိုးတွေလည်း ရှိကြပါ
သေးလား၊ အတိတ်ကံပါလာလို့ ဒီ
ဘဝမှာ မိသားစုရယ်လို့ ဖြစ်ကြရ
တာပါအေ၊ ကိုယ်မွေးချင်တိုင်းမွေး
မတဲ့လား၊ မွေးရက်သာ ပြောင်းလဲ
လို့ရမယ်၊ ယောက်ျား၊ မိန်းမဆိုတာ
ကိုယ်ဖြစ်စေချင်တိုင်း ပြောင်းလဲ
လုပ်ယူလို့ မရနိုင်ဘူးပေါ့''

ထိုစကားကို ယဉ်မေကိုယ်တိုင်

ယုံကြည်၏။ ရွေးချယ်ခွင့်မရှိသည့်
မွေးဖွားခြင်းအတွက် အငြင်းပွား
စရာ အကြောင်းမရှိပေ။

အတိတ်ကာလဆီမှ တွေးကြုံ
သိမြင် ကြားသိခဲ့ရသော ထို
အကြောင်းများကို ပြန်လည်တွေးမိ
ပြီးနောက် ယဉ်မေမှာ အိပ်ပျော်
သွားတော့သည်။ သူမနံဘေးတွင်
ရှိနေသည့် ထွန်းအောင်ကျော်က
တော့ အိပ်မောကျနေပေပြီ။ သူမ
သာ အတွေးများစွာဖြင့် တော်တော်
နှင့်အိပ်မပျော်ဘဲရှိခဲ့ရာမှ အတွေး
မောများကြောင့် အိပ်ခဲ့နိုင်ခြင်းဖြစ်
သည်။

ယဉ်မေ

ခင်ဝေဆုံးတာ လေးလကျော်ပါပြီ၊

ဇန်မြ

နှစ်လပြည့်ခါနီးတွင် အပျိုကြီး
ထံမှ သံကြိုးစာတစ်စောင်ကိုလက်
ခံရရှိခဲ့၏။ ကေသွ နောက်ကျနေ
သောစာအတွက် ကြေးနန်းဖြင့်
အမြန်အသိပေးလိုက်ခြင်းပဲဖြစ်ပေ
မည်။

''အမယ်လေး.....လေး၊ ဘာ
တွေဖြစ်ကုန်ပြီလဲနော်၊ ခင်ဝေဆုံး
တာကို အပျိုကြီးအနေနဲ့ ငါ့ကို
အကြောင်းကြားသင့်တယ်၊ သူ့ဆီ
မှာ ငါ့လိပ်စာရှိနေသားပဲဟာ''



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းမှာ အပျိုကြီး၏ စေတနာကို ယဉ်မေ သိခွင့်မရခဲ့ပေ။ ခင်ဝေဆုံးပါးသွားခြင်းကို အကြောင်းမကြားခဲ့သည့် အပျိုကြီးကိုသာ ယဉ်မေက အပြစ်တင်နေမိသည်။

"ခင်ဝေဆုံးသွားခဲ့ပြီ၊ ဘုရား.. ဘုရား"

အဖြစ်အပျက်သည် မြန်ဆန်လွန်းပါဘိ။ ယဉ်မေအဖို့ မည်သို့မျှ မထင်ထားခဲ့သော ဖြစ်ရပ်ဖြစ်၏။ ခင်ဝေဆုံးပါးသွားခြင်းကြောင့် ညီမဖြစ်သူ၏မျက်နှာလေးကိုပင် မတွေ့လိုက်ရတော့ပေ။ လွန်ခဲ့သောအချိန်ကသာ သွားတွေ့ဖြစ်ခဲ့လျှင် ခင်ဝေ၏အသက်ကို မီနိုင်ပါသေး၏။ မျက်လုံးထဲတွင် သနားစရာကောင်းသော ညီမလေး၏မျက်နှာလေးကိုသာ ပြန်လည်မြင်ယောင်နေမိသည်။

"ငါ့ကိုခွင့်လွှတ်ပါ ခင်ဝေရယ်"

ယဉ်မေမှာ မိုက်ခနဲဖြစ်သွားခဲ့၏။ အနီးရှိစားပွဲကိုကိုင်ရင်း လဲကျမသွားစေရန် ထိန်းလိုက်ရပေမယ့် ညီမ၏အဖြစ်ဆိုးကြောင့် ယူကျုံးမရ ဝမ်းနည်းကြေကွဲမှုကို တော်တော်နှင့်ဖြေသိမ့်မရခဲ့ပြန်ပေ။ ထို့ကြောင့်လည်း ခင်ဝေနှင့်ပတ်သက်၍ အိပ်မက်ဆိုးများကို မကြာခဏ မက်နေမိသည်လားမသိ။ အိပ်မက်ထဲတွင် ခင်ဝေသည် သူမထံရောက်လာပြီး ငိုနေတတ်သေးသည်။ သူမ စိတ်စွဲခြင်းတော့ မဖြစ်နိုင်ပါ။ စိတ်ချင်းဆက်နိမိတ်ဖြစ်နိုင်၏။ ယခုမှ ထိုအိပ်မက်၏ အကြောင်းအရင်းကို သိလာခဲ့ရတော့၏။

"ရင်နာလိုက်တာ ညီမလေးရယ်၊ ငါသာ နင့်ကို အချိန်မီဆေးကုပေးနိုင်ရင် အသက်ရှင်ခွင့်ရချင်ရမှာပါဟာ"

ယဉ်မေမှာ ယခုမှ ယူကျုံးမရဖြစ်ရင်း နောင်တရနေခဲ့မိ၏။ မျက်နှာပေါ်တွင် တရွေ့ရွေ့စီးကျနေသော မျက်ရည်များက ဖြေသိမ့်ခွင့်မရနိုင်တော့ကြောင်း ပြသနေ၏။ သူမကြောင့် အသက်မသေသင့်ဘဲ သေသွားရရှာသည့် ညီမလေး ခင်ဝေ၏ အဖြစ်ဆိုးကြီးကြောင့် ရင်နာနေမိ၏။ သည်တော့ ယဉ်မေမှာ သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် ခံစားလိုက်မိရတော့၏။

"အခု ခင်ဝေသေသွားပြီ၊ ခင်ဝေမရှိတော့ရင် အမေက ဘယ်သူနဲ့နေမလဲ၊ ဘယ်သူ့ကို အားကိုးနေရမလဲ၊ အမေ ဘယ်လိုစားသောက်နေရသလဲ"

မေးခွန်းပေါင်းများစွာဖြင့် မိခင်ကြီး၏ဒုက္ခကို တွေးကြည့်မိ၏။ အသက်အရွယ်ရလာသော မိခင်သည် အကြော်ကိုလည်းကိုယ်တိုင်ကြော်နိုင်မည်မဟုတ်တော့ပေ။ သို့သော် တစ်ဝမ်းတစ်ခါးအတွက် မကြော်နိုင်လည်း လုပ်နေရမည်လားမသိ၊

မျှော်ခံစားမှုအသိကြော မျက်ရည်များက ဝေါခနဲ ထွက်ကျလာကြ၏

"အမေ ဒုက္ခရောက်နေပြီလား၊ ယဉ်မေ့ဆီကို လိုက်လာတော့လား အမေရယ်၊ ဒီလော ဒုက္ခရောက်နေတာ အပျိုကြီး လိုက်ပို့နိုင်းရောပေါ့၊ ယဉ်မေ စိတ်မကောင်း ဖြစ်လိုက်ရတာ အမေရယ်"

ထိုအကြောင်းများကို တ ယောက်တည်း ကြိတ်မှိတ်ခံစား သည့် ယဉ်မေအဖို့ မည်သူ့ကို ရင်မဖွင့်ပြန်ပေ။ သည့်ထက် သည်က သူမထံတွင် မပေါ့မ ကြီးနှင့်ဖြစ်နေ၍ မိခင်ကို အ တိုင်း သတိရမိသည်က အကြ ကြိမ်ပင်ဖြစ်သည်။ ယခုမှပင် မိ တစ်ဦး၏ မေတ္တာကို ပိုမိုနားလ ခွင့် ရရှိခဲ့တော့သည်။

ညအိပ်ရာဝင်တိုင်းလည်း အ မရခဲ့ပြန်ပေ။ မိခင်လောင်းဖြစ် သည့် ယဉ်မေမှာ မိခင်စိတ် ဝင်လာခဲ့သဖြင့် မိခင်ကြီးဒေါ် မေကို ညတိုင်းသတိရနေမိ၏။ ပွန်းဖြစ်သူကို ရှင်းပြရန်လည်း နေ၍ ယဉ်မေမှာ ကြိတ်မှိတ်နိုင် ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"အမေ့နို့ဖိုးကို ယဉ်မေ ဘယ်လိုဆပ်ရတော့မလဲ အမေရယ်၊ သားသမီးကောင်းစားရင် ပီတိဖြစ်နေရတယ်လို့ ပြောခဲ့တဲ့ အမေ့စကားတွေကို ယဉ်မေ သတိရပါတယ် အမေ၊ ယဉ်မေဟာ မိခင်ကောင်းမဖြစ်မီက အမေ့မေတ္တာ၊ အမေ့စေတနာတွေကိုမသိဘဲ တစ်ကိုယ်ကောင်းဆန်ခဲ့မိတယ်နော်"

တစ်ချိန်က မိခင်ကို ပြန်ပြောမိသည့်စကားများနှင့် မကျေမနပ်ဖြစ်တိုင်း နှုတ်ခမ်းစူခြင်း၊ခြေဆောင့်ခြင်းလုပ်ခဲ့မိသည့်အတွက် နောင်တများပြန်သည်။ ယဉ်မေက လိုချင်သည်ကိုမရလျှင် စိတ်ကောက်တတ်၏။ ထိုစိတ်ဓာတ်ကြောင့်လည်း မိခင်ဖြစ်သူက သူမ၏အတွင်းရွှေသည်းလေးများကို အဆုံးခံကာ သမီး၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့ရှာသည်။

"အမေ့အပေါ်မှာ ယဉ်မေက ခွင့်လွှတ်နိုင်စရာ ဆိုးခဲ့မိပါတယ်၊ ဒါကိုတောင် သည်းခံပြီး သမီးအဆင်ပြေအောင် ဖန်တီးပေးခဲ့တယ်"

ယဉ်မေ၏မိခင်သည် ဆင်းရဲသော်လည်း မာနရှိခဲ့သူဖြစ်၏။ မည်သူ့ထံတွင်မှ အောက်ကျခံကာ ချေးငှားခဲ့ခြင်း မရှိခဲ့ပေ။ တက်ကျိုးလျှင်ဆက်ထိုးလှော်တတ်သည့် စိတ်ဓာတ်မျိုးရှိခဲ့၏။

"တကယ်တော့ ခင်ဝေက အမေနဲ့တူခဲ့တာပါ အမေရယ်၊ စိတ်ဓာတ်၊ မာနကအစ အမေနဲ့ တစ်ထပ်တည်းပါပဲလေ၊ ယဉ်မေကတော့ ဘာကြောင့်များအမေ့ခြေရာကို မနင်းနိုင်ခဲ့မိပါလိမ့်၊ အမြင့်ကိုရောက်ချင်တဲ့စိတ်ချင်း တူကြပေမယ့် အမေနဲ့ ခင်ဝေတို့က အပင်ပန်းခံပြီး အားကြိုးမာန်တက် ကြိုးစားချင်စိတ်ရှိကြတယ်၊ ကိုယ့်အားကိုယ်ကိုးစိတ် ရှိကြသူတွေပါပဲ၊ အင်း.....ယဉ်မေကတော့ အမြင့်ကိုမျှော်မှန်းတဲ့နေရာမှာ လှေကားထစ်တွေ၊ ခုံတွေကို အားကိုးပြီး တက်ချင်တဲ့စိတ် ရှိခဲ့တယ်၊ ဒါကြောင့်လည်း မိသားစုအပေါ် အနစ်နာခံပြီး စီးပွားရှာချင်စိတ်မရှိခဲ့မိဘူး၊ သမီးရဲ့ကျေးဇူးရှင်က အမေနဲ့ ခင်ဝေပါပဲရှင်"

သူမကို ထိုက်သင့်သည့် အတန်းပညာရရှိရန် မိခင်နှင့်ညီမတို့က စွမ်းဆောင်မြှောင်မြှောက်ပေးကြသည်။ သူမဘက်ကသာ မိသားစုကောင်းစားရေးစိတ်ဓာတ်ဖြင့် ပညာကိုကြိုးစားသင်ယူခဲ့လျှင် မိခင်နှင့်ညီမကို ပြန်လည်ကျေးဇူးဆပ်နိုင်မည်ပင်။ ထိုအသိမျိုး ယဉ်မေ့ထံတွင် မရှိခဲ့ပေ။ လှချင်သည်၊ တုနှိုင်းကြွားဝါချင်ခဲ့သည်။ ခင်ဝေ့လို ရိုးရိုးသားသားနှင့် ကြိုးစားလိုစိတ် မရှိခဲ့။ ဘဝမှန်ကို ကြောက်ရွံ့ခဲ့သူဖြစ်သည်။

"ယဉ်မေဟာ မိသားစုအပေါ် လုံးဝတာဝန်မကျေခဲ့တဲ့ သမီးမိုက်ပါပဲ အမေရယ်၊ ယဉ်မေ့ကို ခွင့်မလွှတ်ပါနဲ့နော်"

မိခင်ကြီး၏ ကျော့မော၏အပြုံးမျက်နှာကို ပြန်လည်မြင်ယောင်နေမိသည်။ မိခင်သည် မည်မျှပင် စိတ်ရောလူပါ ပင်ပန်းနေပါစေ၊ သမီးများ၏ရှေ့တွင် အပြုံးမပျက်ခဲ့ပေ။ တာဝရပြုံးအလှပိုင်ရှင်ဟုပင် တင်စားချင်ပါ၏။

"သားသမီးအပေါ်ထားတဲ့ အမေ့မေတ္တာဟာ မိခင်ချင်းတူပေမယ့် သမီးအနေနဲ့ အမေ့ကိုလိုက်လို့မမှီနိုင်ပါဘူး အမေရယ်၊ သမီးရဲ့ဗိုက်ထဲက ကလေးဟာ သမီးအတွက် အမေ့ဝဋ်ကြွေးတွေကိုပြန်ဆပ်စေဖို့ ဖန်တီးလာတာလားဟင်၊ ဒါပေမဲ့ သားသမီးကိုချစ်တဲ့ အမေ့မေတ္တာအတိုင်း အမေ့မြေးလေးအပေါ် သမီးပေးဆပ်သွားမှာပါ အမေ၊ ဒီဝဋ်ကြွေးဟာ အမေ့ဝဋ်ကြွေးတွေဆိုရင်လည်း သမီးဘက်က အမေ့ရဲ့မေတ္တာအမွေကို ခံယူပြီး အပြုံးမပျက် ပြန်ဆပ်သွားမှာပါ အမေရယ်"

ဗိုက်ထဲက လှုပ်နေသည့်ရင်သွေးမှာ မည်သည့်အချိန်မှာ ယင်ကြ



www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်လိုက်ကြောင်း မသိနိုင်သော်လည်း မိခင်ဖြစ်သူယဉ်မေ၏စကားများအား ထောက်ခံနေခြင်းရယ်လားတော့ မသိနိုင်ပေ။

"အမေ့ရဲ့မြေးလေးဟာ အစ်ကိုနဲ့တူရင် လိမ္မာပြီး သမီးနဲ့တူရင် မိုက်မဲမှာ အမှန်ပါပဲ အမေ၊ အမေ့ကို သမီးတွေ့ချင်လိုက်တာ၊ ယဉ်မေ ဘယ်လိုလုပ်ရပါ့မလဲအမေရယ်"

မိခင်ကို မြင်တွေ့ချင်သည့်စိတ်ကြောင့် ခံစားနေရသည့်ဝေဒနာမှာ တစ်စတစ်စ ကြီးထွားလာရတော့သည်။ ငိုရလွန်း၍မျက်ဝန်းထဲတွင် မျက်ရည်များက ခန်းခြောက်ကုန်ကြပြီလားမသိပေ။ မျက်နှာအမူအရာမှာ မရွှင်မပျဖြစ်နေခဲ့တော့၏။ မျက်နှာပြင်တစ်ခုလုံး ရောင်အမ်းနေခဲ့သည်။

"အမေ.....အမေ"

တစ်ရေးနိုးချိန်တွင် မိခင်ကို တမ်းတခေါ်နေခဲ့သည့် ယဉ်မေကြောင့် ခင်ပွန်းသည်မှာ လန့်နိုးသွားရတော့သည်။ ထို့ကြောင့် ဇနီး၏ကိုယ်လုံးလေးကို လှုပ်ယမ်းခေါ်ယူ သတိပေးလိုက်၏။

"ညီမ...ဘာဖြစ်တာလဲဟင်၊ ညီမ ယဉ်မေ"

ယဉ်မေမှာ ဇောချွေးများပြန်နေ၏။ အထိတ်တလန့်ဖြင့်နိုးလာရင်း ခင်ပွန်းဖြစ်သူကိုကြည့်ခဲ့မိ၏။

"အစ်ကို.....အမေလေ.....အမေ"

ရှေ့ဆက်ပြောရမည့်စကားအတွက် ပြောမထွက်နိုင်အောင်ဖြစ်နေခဲ့ရပြန်၏။ မိခင်အကြောင်းကို တွေးမိတိုင်း ဇောချွေးများကပြန်လာတတ်၏။ အပြစ်ရှိသူတစ်ဦးဖြစ်၍ ယဉ်မေမှာ ကြောက်ရွံ့ ချောက်ချားနေရသည်။ လောကကြီးတွင် မိဘကို စော်ကားသော သားသမီးသည် မည်သို့မျှ စိတ်ချမ်းသာနိုင်ခြင်းမရှိဟုဆိုသည့် ဆုံးမစကားကို ကြားခဲ့ရဖူး၏။ သည်တော့ သူမ၏စိတ်တွင် ပျော့ရွှင်မှုများ ဆိတ်သုဉ်းခဲ့ရတော့သည်။

"အမေ ဘာဖြစ်လို့လဲ၊ ညီမရဲ့အမေက ဆုံးသွားပြီဆို"

"အီး.....အီး...ဟီး၊ အမေလေ...အမေ သက်ရှိထင်ရှားရှိနေပါသေးတယ် အစ်ကိုရယ်၊ အီး.....အီး"

"ဘယ်လို ညီမရဲ့အမေက မရှိတော့ဘူးဆို"

ထွန်းအောင်ကျော်မှာ အံ့အားသင့်ပြီး ကြက်သေသေသွားခဲ့၏။ ယဉ်မေထံမှ ခေါင်းခါပြသည့်အတွက် ထွန်းအောင်ကျော်က တအံ့တသြဖြင့် ထပ်မေးပြန်သည်

"အစ်ကို့ကို ရှင်းပြစမ်းပါဦးကွာ၊ အခုထိရှိနေသေးတယ်ဆိုရင် ဘယ်မှာနေသလဲ၊ ဘယ်ရောက်နေသလဲ"

"ယဉ်မေလေ ယဉ်မေ အစ်ကို့ကို လိမ်ညာခဲ့မိပါတယ်ရှင် တကယ်တော့ အမေဟာ ရန်ကုန်မြို့မှာ ရှိနေဆဲပါပဲ အစ်ကိုရယ်၊ ကိစ္စတွေက အပျိုကြီးလည်း သိပါတယ်၊ အစ်ကိုနဲ့လက်ထပ် အချိန်က ယဉ်မေက အကြော်သည်ရဲ့သမီးဖြစ်နေတာကို ရှက်လို့ အစ်ကို့ကို ပြောမထွက်ဘူးလေ၊ ပြီးတော့ အမေနဲ့ညီမလေးတို့က လမ်းထိပ်အကြော်တဲလေးမှာ လုပ်ကိုင်စားသောက်နေရတာလည်း အစ်ကို့ကို မမြင်စေချင်ဘူး၊ ယဉ်မေကိုယ်တိုင်လည်းအကြော်သည်ဘ ကို ရှက်ခဲ့မိတယ် အစ်ကို"

ယဉ်မေမှာ စိတ်တထင့်ထင့်နှင့် ထွန်းအောင်ကျော်၏ ပြောင်းလဲသွားမည့်မျက်နှာကို စိုးရိမ်တကြီးကြည့်နေခဲ့သည်။ ပထမတွင် ဒေါသဖြစ်သွားသောမျက်နှာကို ရသော်လည်း သက်ပြင်းတစ်ချ ယဉ်မေ့ထံ ပြန်ကြည့်နေခဲ့သော် စောစောကဒေါသမျက်နှာမှာ ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဩော်..အကြော်သည်ဘဝက ဘာရှက်စရာရှိလို့လဲကွယ်၊ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေတာပဲကွာ၊ အစ်ကိုသာသိရင် ညီမကို နှစ်သိမ့်ပေး ပါတယ်"

ယဉ်မေမှာ ဝမ်းသာသွားရပေပြီ။ ခင်ပွန်းသည်ထံမှ ကြားရသော စကားကြောင့် ထီဆုကြီးပေါက်သလို အဆုံးစွန်ဆုံး ပျော်ရွှင်ဝမ်းမြောက်မှုကို ရရှိလိုက်၏။

"ညီမက ဒါကိုတွေးပြီး အစ်ကို့ကို ဖွင့်မပြောခဲ့တာဘဲကိုး၊ အခု ဒါကို သတိရနေပြီမဟုတ်လား၊ အမေ့ဆီကို ကန်တော့ရင်းသွားကြယ်နော်"

"နေဦး အစ်ကို၊ ယဉ်မေ ဝန်ခံစရာတစ်ခုလည်း ရှိနေသေးတယ်၊ အမေဟာ ယဉ်မေတို့ညီအစ်မနှစ်ယောက်အနက် ခင်ဝေ့ကို အချစ်ဆုံးလို့ အထင်မှားပြီး အမေ့အပေါ်မှာ မိုက်မဲခဲ့မိပါတယ်၊ ခင်ဝေဟာ မိသားစုထဲမှာ အနစ်နာခံစိတ်နဲ့ မရှက်မကြောက် လုပ်ကိုင်ခဲ့ရှာတယ် အစ်ကို၊ ဒါတွေကို ယဉ်မေ သိခဲ့ပေမယ့် စိတ်နာပြီး အမေတို့ကို အဆက်အသွယ်ဖြတ်ထားခဲ့မိပါတယ်"

ယဉ်မေ၏ပြောပြချက်ကို ထွန်းအောင်ကျော်ကစိတ်ဝင်တစား နားထောင်နေခဲ့၏။ ဇနီးဖြစ်သူ၏ ခေါင်းလေးကို တယုတယပွတ်ကာ သူ့စိတ်ထားကို ပြရှာသည်။

"ကဲ.....အခု ညီမဘက်က အမြင်မှန်ရနေပြီပဲကွာ၊ အမေနဲ့ ညီမကို တောင်းပန်ဖို့ အစ်ကိုတို့ လိုက်သွားကြရအောင်၊ ရန်ကုန်ရောက်ရင် လိုအပ်တာ လုပ်ပေးလိုက်လေ၊ ညီမသဘောပဲကွာ"

"မဟုတ်သေးဘူး အစ်ကို၊ အခု ခင်ဝေဆုံးသွားပြီ"

"ဟင်.....ညီမကို ဘယ်သူပြောလို့လဲ"

အဖြေမပေးနိုင်ဘဲ မျက်ရည်များက အဆက်မပြတ် ကျလာပြန်သည်။ ဤသည်ကို ထွန်းအောင်ကျော်က စိတ်ရှည်စွာ စောင့်ကြည့်နားထောင်နေခဲ့၏။

"အပျိုကြီးအကြောင်းကြားတာပါ အစ်ကိုရယ်"

"ဒါနဲ့ အပျိုကြီးက အဝေးကြီးကို ပြောင်းသွားပြီဆို"

"အဲဒါလည်း ယဉ်မေ လိမ်ညာပြောခဲ့တာပါ အစ်ကို၊ အမေ့သတင်းကို အပျိုကြီးဆီက စုံစမ်းခဲ့ရတယ်၊ အစကတော့ အမေ့ကို စိတ်နာသွားတာထက် ယဉ်မေတို့ရဲ့အကြော်သည်ဘဝကို အစ်ကိုသိမှာစိုးလို့ပါရှင်"

တမှိုင်မှိုင်တွေတွေနှင့်ဖြစ်နေသော ဇနီးသည်ကြောင့် ထွန်းအောင်ကျော်မှာ မေးချင်သော်လည်း မမေးဖြစ်ခဲ့ပေ။ ယခု ယဉ်မေကိုယ်တိုင်ရှင်းပြခဲ့တော့မှ အဖြစ်မှန်အားလုံးကို သိရှိသွားခဲ့သည်။ အစက ဇနီးကို စိတ်ဆိုးဒေါသဖြစ်ခဲ့မိပေမယ့် သူ့အပေါ်ချစ်သည့်စိတ်ဖြင့် လိမ်ညာခဲ့ခြင်းအား စိတ်မဆိုးရက်တော့ပေ။ သို့ပေမယ့် တစ်သက်လုံး မှတ်သားသွားရစေမည့် စကားမျိုးတော့ ပြောပြလိုက်မိ၏။

"မင်းဟာ ခေတ်သစ်ညွှန့်မေပဲ ယဉ်မေရယ်၊ ဦးဖိုးကျားရေးခဲ့တဲ့ မင်းကတော်ဝတ္ထုထဲက ဇာတ်ကောင်မိန်းကလေးအတိုင်းပါပဲလား၊ မင်းကတော်ဝတ္ထုကို မင်းဖတ်ဖူးတယ်နော်"

"ဟုတ်ကဲ့၊ အမျိုးသားပညာဝန် ဦးဖိုးကျားရေးတဲ့ ပညာပေးဝတ္ထုလေးပါပဲ"

"အေး.....အဲဒီထဲက ညွှန့်မေကလည်း မင်းနဲ့အဖြစ်ချင်းတူတဲ့ မိန်းကလေးတစ်ယောက်ပါပဲကွာ"

ယဉ်မေသည် ထိုဝတ္ထုကိုဖတ်ခဲ့ဖူး၏။ ယခုလို တိုက်ဆိုင်လာလိမ့်မည်ဟု မထင်မိခဲ့ပေ။ လောကတွင် မိမိလိုခေတ်သစ်ညွှန့်မေများ မည်မျှရှိနေကြဦးမည်မသိပေ။ အခုမှ ရှက်နောင်တရမိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

"ယဉ်မေ့ကိုခွင့်လွှတ်ပါ အစ်ကိုရယ်၊ ယဉ်မေ မှားခဲ့ပါတယ်"

လက်အုပ်ချီကာ တောင်းပန်နေသည့်ဇနီးကြောင့် ထွန်းအောင်ကျော်မှာ သက်ပြင်းချ လိုက်မိ၏။ ပြီးနောက် ယဉ်မေ၏ပခုံးလေးအား ကြင်နာစွာ ဖွဖွကိုင်၍ အားပေးစကားကို ပြောမိသည်။

"ကိုယ့်အမှားကို သိရင် ပြုပြင်ရမှာပေါ့ကွယ်၊ လူဆိုတာ အမှား ကိုမြင်ရင် အမှန်ကို ပြင်တတ်ရမယ်၊ မှားနေမှန်းသိပါလျက်နဲ့ ဖွတ်တိုးနေတာတို့၊ အမှားထဲက အမှန်ကို မရှာတာတို့ဆိုတာတွေဟာ အပြစ်တွေပဲ ယဉ်မေ"

"ဟုတ်ကဲ့ အစ်ကို၊ ယဉ်မေ နားလည်ပါပြီ"

ခင်ပွန်းသည်၏ ဆုံးမစကားကို ကျေကျေနပ်နပ်နှင့် ခံယူနေသူ ယဉ်မေ၏မျက်ဝန်းပေါ်မှ မျက်ရည်စများကို ထွန်းအောင်ကျော်က ယုယစွာ သုတ်ပေးနေခဲ့သည်။ ခင်ပွန်းသည်ကို ကျေနပ်စွာ ကြည့်နေရင်းမှ သူမ၏ဆန္ဒကို ပြောပြတောင်းဆိုလိုက်သည်။

"ယဉ်မေတို့ အမေ့ဆီကိုသွားရအောင်နော် အစ်ကို"



"စိတ်ချ၊ အစ်ကိုကိုယ်တိုင်လိုက်ပို့ပေးပြီး မိန်းမရဲ့အမှားကို အမေ့ရှေ့မှာ တောင်းပန်ခိုင်းရမယ်၊ နောင်ကို ညီမမှာ ဘယ်လိုပြဿနာ မျိုးပဲရှိရှိ အစ်ကို့ကို တိုင်ပင်ပါ၊ အသိ ပေးပြောပြပါကွာ၊ လင်ရယ်၊ မယားရယ် ဖြစ်လာရင် ဘာမဆို တိုင်ပင် ဆွေးနွေးရမှာပေါ့၊ အစ်ကို့မိန်းမဟာ အမေ့အပေါ် အထင်လွဲနေ တဲ့ အပြစ်ကလွဲရင် ဇနီးကောင်း ပီသတဲ့သူပါကွာ၊ အစ်ကို သိပ်သိတာပါပေါ့"

ဇနီးအပေါ် နားလည်ခွင့်လွှတ် စိတ်ရှိသော ခင်ပွန်းသည်ကြောင့် ယဉ်မေမှာ အိမ်ထောင်ရေးကံ ကောင်းခဲ့သူဟု ဆိုရပေမည်။

"အမေသာ သိရင် သိပ်ကို ဝမ်းသာနေမှာ အစ်ကိုရယ်"

ယဉ်မေလည်း ယခုမှပင် မိခင်ရှိရာသို့ ပြေးသွား လိုက်ချင်စိတ်ပေါ် လာခဲ့တော့၏။ အမေနှင့်တွေ့သည့်အခါ သူမ၏အမှားများအတွက် မိခင်ကြီးအား ကျေနပ်သည်အထိ တောင်းပန်ရမည်ဟု စိတ်မှာအား ထားလိုက်မိသည်။

ရွှေလဆက်ဇော်
လေး
ထက်ထက်ဦး




www.burmeseclassic.com

www.burmeseclassic.com

## ကိုမိုး (ရွှေမြည်သာ)

# အာခံပိတ်သင့် ပုံပြင်



www.burmeseclassic.com

www.burmeseclassic.com






## အဆိပ်သင့်ပုံပြင်

ကိုမိုး (ရွှေပြည်သာ)

"ကျွဲ....."

"ကျိန်း....."

တံခါးတွန်းဖွင့်သည့်အသံနှင့် ပြန်ပိတ်သည့်အသံကို ကြားလိုက်ရ၍ ဒေါ်ခင်အေးသက် အသံလာရာသို့ လှမ်းမေးလိုက်သည်။

"ဘယ်သူလဲ၊ မောင်ပြန်လာတာလား"

"ဟုတ်တယ် သက်၊ ဂိုဒေါင်မှာ ခုနကမှ အလုပ်ပြီးသွားတယ် ဒါကြောင့် အိမ်ခဏပြန်လာခဲ့တာ"

ဒေါ်ခင်အေးသက် အနီးဆုံး မီးခလုတ်ကိုဖွင့်၍ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်သည်။

"ဟာ.....အချိန်က ၁၀ နာရီတောင် ကျော်နေပြီ၊ မောင် ထမင်းစားမယ်ဆိုလည်း ကြောင်အိမ်ထဲက နေ ဖွင့်စားလိုက်တော့ကွာ၊ သက် အိပ်တော့မယ်"

"မရဘူး သက်၊ ကိုယ့်ယောက်ျားကို အိမ်ရှင်မက ထမင်း ခူးကျွေးတာ ထုံးစံပဲလေ"

"အို.....နေ့လယ်ဘက်က အချိန်ပိုလည်း သွားသင်ပေးထားရတယ်၊ ပင်ပန်းနေပြီ မောင်ရဲ့၊ မောင်က ကိုယ့်အလုပ်ကိုပဲ ဂရုစိုက်နေတာလေ၊ အိမ်ပြန်ဖို့ကို သတိမရတတ်ဘူးမဟုတ်လား၊



အခုတောင် ဆိုင်ကယ်သံမကြား[illegible] ဘူး၊ တံခါးတွန်းဖွင့်တဲ့အသံကြား[illegible] သက်နိုးသွားတာ၊ ကဲ....ပြော၊ [illegible] ည အိမ်မှာအိပ်မှာလား"

"ဒီနေ့ ဂိုဒေါင်မှာ သဘော[illegible] တင်ရှိတယ် သက်၊ အခု ထမ[illegible] စားပြီး မောင်ပြန်ထွက်ရမယ်၊ [illegible] ကြောင့် ဆိုင်ကယ်ကိုတောင် လ[illegible] ထိပ်မှာ သော့ပိတ်ရပ်ထားခဲ့တာ"

"ကဲ.....ဒါဆိုလည်း လာ[illegible] လာ၊ ကျွန်မ ထမင်းခူးပေးမှ စာ[illegible] တတ်တဲ့ အိမ်ထောင်ဦးစီး သခ[illegible] ကိုယ်တော်ချောရယ်၊ ဒီက မိသ[illegible] ကပဲ ခူးကျွေးပါ့မယ်၊ ဟုတ်ပြ[illegible] လား"

"ဒါမှ မောင့်ရဲ့သက်ပဲ[illegible] ကွာ"

ကိုကျော်ဆွေအလုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီတစ်ခု၏ အဝန်းအဝိုင်း ဂိုဒေါင်တစ်ခုလုံး၏ မန်နေဂျာဖြစ်သည်။ လက်ရှိ တာဝန်အရှိဆုံးသူဖြစ်နေခဲ့၍ ဂိုဒေါင်တွင် ညအိပ်ရသည်က များခဲ့သည်။ သူ့ဇနီးသည် ဒေါ်ခင်အေးသက်က အထက်တန်းပြဆရာမတစ်ယောက်ဖြစ်သည်။ မန်နေဂျာကြီးဖြစ်နေ၍ ဆိုင်ကယ်ကို အလုစီးပြခဲ့ကာ ဝတ်ပုံစားပုံတို့ကလည်း လူငယ်တို့ အတုခိုးအားကျဖွယ်ရာ ဒီဇိုင်းဆန်းဆန်းဖြစ်နေခဲ့၍ ပတ်ဝန်းကျင်မှ လက်အောက်ငယ်သား ဝန်ထမ်းအချို့က အတုယူ ငေးမောရသူဖြစ်သည်။

ဂိုဒေါင်လုပ်ငန်း တွဲစပ်လုပ်ကိုင်ရသော ကုမ္ပဏီတစ်ခုက ယခု သူတို့ကုမ္ပဏီနှင့် အပ်ကုန်ပစ္စည်း ထည့်သွင်းထားခဲ့ရင်း ပိုင်ရှင်၏သား သောင်းထွန်းနှင့် ကိုကျော်ဆွေ တရင်းတနှီး ဆက်ဆံနေခဲ့ရသည်။ ထူးခြားစွာ အပြောကောင်းသည့် ဆက်ဆံရေးရှိသူ ကိုကျော်ဆွေကို သောင်းထွန်းက အထင်ကြီးလေးစား၍ လုပ်ငန်းပစ္စည်း ဝင်ထွက်ကို စောင့်ကြည့်ရင်း ပိုမိုခင်မင်မှုအဆင့် ရောက်ရှိခဲ့ရသည်။

ကိုကျော်ဆွေ့စက်ရုံဝင်းထဲ သီးခြားအထည်ချုပ်စက်ရုံတစ်ခုလည်း ယခုရက်ပိုင်းတွင်မှ လုပ်ငန်းစတင်လာခဲ့သည်။ ထိုစက်ရုံတွင် အလုပ်ဆင်းသည့် မိန်းကလေးများထဲ အချို့ ချောချောလှလှလေးများလည်း ပါရှိခဲ့သည်။ သည်လိုနှင့် တစ်လနှစ်လခန့် မြင်တွေ့ဖန်များလာခဲ့သော် သောင်းထွန်းက ထိုစက်ရုံမှ မိန်းကလေးတစ်ယောက်ကို မိတ်ဆက်ပေးရန် ကိုကျော်ဆွေကို အပူကပ်တော့သည်။ ကိုကျော်ဆွေကလည်း အထည်ချုပ်စက်ရုံ မန်နေဂျာနှင့် ညှိနှိုင်း၍ ထိုမိန်းကလေးနှင့် နီးစပ်ရန် စီစဉ်ပေးခဲ့ပါသည်။

အထည်ချုပ်စက်ရုံ အလုပ်သမမိန်းကလေး ခင်ထားက မန်နေဂျာ ကိုကျော်ဆွေကို ခင်မင်လေးစားသူပင်ဖြစ်၍ သောင်းထွန်း၏မိတ်ဆက်မှုကို ကျေကျေနပ်နပ်ပင် ခွင့်ပြုခဲ့ပါသည်။ သည်လိုနှင့် သောင်းထွန်းနှင့် ခင်ထားတို့အဆင်ပြေခဲ့ရသည်။ ထိုအလုပ်သမ မိန်းကလေး ခွင့်ပြု၍ပျက်ကွက်ရန်လည်း ကိုကျော်ဆွေက အကူအညီပေးခဲ့ကာ ချိန်းဆိုတွေ့ဆုံမှုများ ရရှိစေခဲ့ပါသည်။ သောင်းထွန်း၏မိဘများ မသိရှိအောင်လည်း သူကပင် ဖုံးကွယ်ပေးထားရပြန်သည်။ အကယ်၍ ဖုန်းနှင့်ဆက်သွယ်မေးမြန်းခဲ့စဉ် ဂိုဒေါင်၌ သောင်းထွန်းမတွေ့ရလျှင် သင့်တော်သလို အဖြေပေး၍ အကာအကွယ်ပေးနေခဲ့ရသည်။

မြားနတ်မောင် ကိုကျော်ဆွေက ရံဖန်ရံခါ သူ့ဆိုင်ကယ်နှင့်ပင် သောင်းထွန်းကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးခြင်းများရှိသကဲ့သို့ ခင်





www.burmeseclassic.com

www.burmeseclassic.com

ထားနှင့် ချိန်းဆိုရမည့်နေရာရောက်အောင်လည်း ပို့ဆောင်ပေးရတတ်သည်။

သည်လိုနှင့် ခင်ထားနှင့် သောင်းထွန်းတို့ သမီးရည်းစားသက်တမ်း (၃)လခန့်ရှိခဲ့ပေပြီ။

တစ်နေ့ ညဘက် ပစ္စည်းတင်ရန် အကြောင်းပြချက်ဖြင့် သောင်းထွန်း ဂိုဒေါင်မှာ ညအိပ်စောင့်ခဲ့ရသည်။ ပဲသင်္ဘောတင်ရန် ကားအစီးရေ၊ အိတ်ပေါင်းအရေအတွက်စာရင်းယူပြီးမှ အိမ်ပြန်ခွင့်ရမည်ဖြစ်သည်။ ဖုန်းလက်ခံ၍ လာရောက်တင်သမျှသော အိတ်အရေအတွက်ကို တာလီစာရေးနှင့်သူ အတူစာရင်းမှတ်ရမည်ဖြစ်သည်။

ကိုကျော်ဆွေတို့ဂိုဒေါင်တွင် တယ်လီဖုန်းက နံပါတ်တစ်ခုတည်းကို နှစ်နေရာခွဲ တပ်ဆင်ထားသည်။ အလုမ်းဝေးသော ဂိုဒေါင်တစ်ခုစီ၌ ပိုင်ရှင်သူဌေးမှလည်းကောင်း၊ အခြား ကုန်ပစ္စည်းအပ်ထားသူမှလည်းကောင်း ဆက်သွယ်လာပါက အဆင်ပြေသည့်ရုံးခန်းမှ ဖြေရှင်းစကားပြောဆိုရန်ဖြစ်ပါသည်။ သို့ဖြစ်ရာ တယ်လီဖုန်းသံကြားခဲ့လျှင် နှစ်ဖက်စလုံးက ကိုင်ပြီးနားထောင်ရသည်။ ကိုယ့်ကိစ္စမဟုတ်ခဲ့လျှင် ပြန်ချထားရုံမျှသာဖြစ်ပါသည်။

သည်နေ့ညဘက် အလုပ်အနည်းငယ်ပါးသွားချိန်တွင် တယ်လီဖုန်းသံမြည်လာသည်။ ကိုကျော်ဆွေက ဖုန်းကိုကောက်ကိုင်လိုက်သည်။

"တယ်လို.....ဦးကျော်ကြီးလား။ သမီး ခင်ထားပါ၊ ကိုသောင်းထွန်းနဲ့ ပြောချင်လို့"

"ပြော်...အေး ရတယ်၊ ဟော့ကောင်သောင်းထွန်း။ မင်းဖုန်းလာနေတယ်"

သင်္ဘောတင်ကိစ္စနှင့်ရောက်နေရသူ သောင်းထွန်း ပြုံးပြုံးဖြင့် ဖုန်းကိုင်လိုက်သည်။

"____"

"____"

"ဟေ့ကောင်...ဖုန်းအကြာကြီး ပြောမနေနဲ့ဦး။ ငါ့သူဌေးက ဆက်နေရင် ခက်နေဦးမယ်"

ကိုကျော်ဆွေက သေးမှထိုသို့ ပြောလိုက်ရာ သောင်းထွန်းက စကားပြောခွက်ကို လက်နှင့်ပိတ်ရင်း.....

"ကိုကျော်ကြီးသူဌေးကို ကျ

တော်ဆက်နေတာလို့ ပြောပေး

ဗျာ၊ ခဏ.....ခဏပဲ၊ ဟဲ.....

ထိုသို့ပြောဆိုပြီးသည်

စကားပြောခွက်ကို ပြန်ဖွင့်၍.....

"အေး.....ခင်ထားရေ ဆ

ပြောလေ"

"____"

"____"

သောင်းထွန်း ဖုန်းဆက်

နေခဲ့၍ ကိုကျော်ဆွေ ဘာမှမ

နိုင်ဘဲ ထိုတယ်လီဖုန်းအနီးမှ

ခဲ့လိုက်သည်။ ညဘက်အိပ်ချ

လည်း မရှိသေးသည့်အ


သောင်းထွန်းတို့သမီးရည်း

စကားပြောဆိုနေသံကို နား

ချင်စိတ်ဖြစ်ရပါသည်။ ထို

လည်း ဆိုင်ကယ်ကိုပ

နှိုးလိုက်ပြီး နောက်သဝပ်တယ်





www.burmeseclassic.com

www.burmeseclassic.com

...ခင်လုံးရှိရာနေရာသို့ စီးသွားလိုက်သည်။ နောက်ထပ်တယ်လီဖုန်းရှိ ...ခုံရှေ့မှာ ဆိုင်ကယ်ကို စက် ...သတ်ရပ်လိုက်ပြီး တယ်လီဖုန်းကို ...အသာအယာမ,၍ နားထောင်ကြည့်လိုက်သည်။

"ခင်ထား ကိုယ်တော့ ...နိုင်တော့ဘူး သိလား၊ ဟိုတစ်နေ့က အရမ်းပျော်ရတယ်၊ တစ်နေကုန် လျှောက်လည်ခဲ့တော့ ခင်ထားအိမ်က သိသွားသေးလား"

"ဘယ်လိုလုပ်သိမှာလဲ ကိုကို ...ရဲ့ ခင်ထားက အလုပ်ဆင်းနေကျ...ကာပဲလေ"

"ခင်ထားရယ် စကားပြောခွင့် ...ကုန်း ကို ကြားချင်တယ်၊ ချစ် ...တယ်လို့ ပြောပါဦးလား"

"အံမာ သူတော်တော် လူ ...ည်ကျတယ်နော်၊ ဒီချစ်တယ်ဆို ...တဲ့ စကားကြီးကို ခဏခဏ ...ပြော ချင်ဘူး၊ ချစ်တာက ...းစပ်ကပဲချစ် နေလို့မရဘူး၊ ...ကတ်တွေ့လုပ်နိုင်မှ"

"ကိုကိုကတော့ နီးချင်လှပြီ ခင်ထားရယ်၊ ကိုယ်က တစ်ခါမှ ...ည်းစားမထားခဲ့ဖူးဘူး၊ ခင်ထားနဲ့မှ အရည်ပျော်နေရပြီ"

"ပိုပြန်ပြီနော်၊ သူက ခင်ထားကို ချစ်တယ်ဆိုပေမယ့် အဖေအမေကိုတောင် အသိမပေးရဲဘဲနဲ့"



"ချစ်တာပေါ့၊ ချစ်လွန်းလို့ တကယ်ပဲမခွဲချင်တော့ဘူး၊ ခင်ထား ကိုယ့်နောက်ကို လိုက်မယ်ဆိုရင် ခိုးပြေးကြမယ်လေ"

"တကယ်ရော ခိုးရဲလို့လား"

"ဟာ.....ခိုးပြေးတာကလွယ်ပါတယ်၊ ကိုကိုမစွမ်းရင်တောင် ကိုယ်တို့အစ်ကိုကြီး ကိုကျော်ကြီး စီစဉ်ပေးလိမ့်မယ်၊ သူကတကယ်သဘောကောင်းတာ ခင်ထားရဲ့၊ တကယ်အားကိုးရတယ်၊ ခင်ထားဘက်က ခိုးတော့လို့ဆိုရင် ကိုကို စီစဉ်လိုက်မယ်လေ"

"ခင်ထားလည်း ကိုကို့ကိုချစ်လို့၊ မခွဲနိုင်လို့ အခုဖုန်းဆက်ရတာပဲပေါ့၊ တကယ်ခိုးပြေးမယ်ဆိုရင် ချစ်သတ္တိ အပြည့်ရှိတယ် ကိုကို၊ တကယ်ပြောတာပါ"

ထိုအသံများကို ကိုကျော်ခွေဆက်နားမထောင်သင့်တော့ဟု နားလည်မိ၍ တယ်လီဖုန်းကို ဖုန်းခွက်ပေါ်သို့ အသာအယာ တင်ထားလိုက်မိတော့သည်။ လူငယ်စရိုက်ချစ်မေတ္တာပေါက်ကွဲမှုသံစဉ်တွင် သူ့အခန်းကဏ္ဍကလည်း ပါရှိလာခဲ့၍ သက်ပြင်းမောတစ်ခုကို သူချလိုက်မိပါသည်။

"ကိုကျော်ကြီး ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ဆိုတဲ့စကားရှိတယ်မဟုတ်လား"

"ဟော့ကောင် သောင်းထွန်း၊ မင်း ဘာပြောချင်ပြန်ရတာလဲ"

"ဟိုဗျာ ကျွန်တော် ခင်ထားကိုခိုးပြေးချင်နေပြီ၊ အဲဒါ ကိုကျော်ကြီး ကူညီပေးဦး"

"ငါက ဘာလုပ်ပေးရဦးမှာလဲကွ၊ မင်းတို့ ချစ်သူအဆင့်ရောက်အောင်လည်း ငါဆောင်ရွက်ပေးပြီးနေပြီ၊ ကျန်တာကတော့ မင်းဘာသာမင်းပဲ လုပ်တော့ပေါ့"

"မဟုတ်ဘူးဗျ၊ ကျွန်တော့်

www.burmeseclassic.com



မ်သေချာ သဘောတူမှာမဟုတ်ဘူး ကျွန်တော် ခိုးပြေးသွားပြီး တော့မှပဲ အဆင်ပြေအောင် ပြောကြည့်မယ်ဗျာ၊ ကိုကျော်ကြီး ခိုးပြေးလို့ရအောင်ပဲ စီစဉ်ပေး၊ ငွေကုန်ချင်သလောက် ကုန်ပါစေ၊ ကျွန်တော် ကြိုထုတ်ပေးမယ်"

"ဒါဆို မင်းခိုးပြေးသွားရမယ့် နေရာ ရှိနေပြီလား"

"ဟင့်အင်း၊ အဲဒါလည်း ကိုကျော်ကြီးပဲလုပ်ပေးလေ"

"ခိုးပြေးမယ့် ကားကိုရော စီစဉ်ပြီးပြီလား"

"ကားစီစဉ်ရင် လူပိုသိကုန် မယ်ဗျ၊ ကျွန်တော်စဉ်းစားထားတာ တစ်ခုရှိတယ်၊ ခင်ထားကို ကိုကျော်ကြီး သွားခေါ်လာခဲ့ပေး၊ ပြီးမှ ကျွန်တော်က လိုင်းသာယာ (၁)ထိပ်က စောင့်ပေးမယ်၊ အဲဒီမှာ ကျွန်တော် တို့ကုမ္ပဏီက ဝန်ထမ်းတစ်ယောက်ကို အယောင်ပြခေါ်ထားရမှာ၊ ကို ကျော်ကြီးဆိုင်ကယ်နောက် လိုက်သွားတယ်ဆိုရင် သူ ကယုံ တယ်လေ၊ ဒီတော့ ကိုကျော်ကြီး အပိုအပြင်ဖြစ်တဲ့ ခြံတစ်ခုခု၊ ဒါမှမဟုတ် အိမ်တစ်လုံးကို စီစဉ်ခဲ့လိုက်ဗျာ၊ အဲဒီမှာ ကျွန်တော်တို့ တစ်ညနှစ်ည တည်းနေကြမယ်"

"ငါက ခိုးပြေးရတာလည်း မဟုတ်ဘဲနဲ့ ငါ့အလုပ်တွေချည်းပဲ များမနေဘူးလားကွ၊ မင်းဟာက တော်တော်လေးကို လွန်မနေဘူးလား"

"ဒါကြောင့်ပြောတာပေါ့ဗျာ၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ပါလို့"



♛♛♛♛♛

ကိုကျော်ဆွေအတွက်ပထမ အစီအစဉ်က ဂိုဒေါင်တွင် လုံခြုံရေးလုပ်သူ လူပျိုကြီး ဖိုးဌေးအိမ်ရှိရာ ရပ်ကွက်သို့ အခေါက်ခေါက် အခါခါ သွားခဲ့ရခြင်းပင်။ ထိုရပ်ကွက်ထဲမှ ရပ်ကွက်လူကြီးအချို့ကိုလည်း လက်ဖက်ရည်တိုက်ခြင်းဖြင့် ရင်းနှီးသိကျွမ်းနေသူဖြစ်အောင်စည်းရုံး ရေးဆင်းခဲ့ပြီး ရပ်ကွက်သားတစ်ဦး ဖြစ်လာအောင် နေပြခဲ့သည်။

ထိုလူပျိုကြီး ဖိုးဌေး၏ အိမ်နီးချင်း အသိမိတ်ဆွေများကို ခေါက်ဆွဲကြော်၊ ကြာဆံကြော် ပေါက်စီ၊ လက်ဖက်ရည်တို့ဝယ်ပေးပြီး အရေးကိစ္စ ပေါ်ပေါက်လာခဲ့လျှင်သူ့ ဘက်မှ စေရန် သိမ်းသွင်းထား ခဲ့ခြင်းလည်းဖြစ်ပေ သည်။ လူပျိုကြီး အနေဖြင့် ညစော တ ၁ ၀ နာရီ ကျ လျှင် အိမ်ပိတ်ထားခဲ့လေ ရှိသည်။ ထို အချက် ကိုသိသော ကိုကျော် ဆွေက သောင်းထွန်း နှင့် ခင်ထားတို့ ခိုးရာလိုက်ပြေး ခဲ့လျှင် အဆင်ပြေစေရန် စီစဉ်ပေး ထားခြင်းဖြစ်ပေသည်။

သည်လိုနှင့် အားလုံးကို ပြင် ဆင်တိုင်ပင်မှုပြုထားခဲ့ပြီး စီမံကိန်း ကို စတင်အကောင်အထည်ဖော် လိုက်သည်။

ခင်ထားနှင့်သောင်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

နေ့ရပ်တစ်နေရာစီမှ နှစ်ခေါက်ခေါ်
မှ သယ်ဆောင်ပေးခဲ့ကာ လူပျို
ကြီးအိမ်သို့ ပို့ဆောင်ရန်ဖြစ်သည်။
သူ့နေအိမ်နှင့်ပိုနီးသော ခင်ထားကို
အစီအစဉ်အတိုင်း ဆိုင်ကယ်
ပေါ်ခေါ်တင်လာခဲ့သည်။ ပြီးနောက်
လှိုင်သာယာရှိ လူပျိုကြီးအိမ်သို့
ရောက်ပို့ဆောင်ပေးလိုက်သည်။
အချိန်က ည ၉ နာရီ ကျော်ခဲ့ပြီ
ဖြစ်ရာ ဘေးအိမ်မှ လူတချို့ကို
မှ အသိပေးခဲ့ပြီးမှ ခင်ထားကို
ထား ခဲ့ခြင်းဖြစ်ပါသည်။

ဆိုင်ကယ်နှင့်တစ်ခေါက်ပြန်
ထွက်ခဲ့ပြီး လှိုင်သာယာ (၁)ထိပ်
ဆိမ်းဆုံကို သူရောက်ရှိသည်။ ၉း
၃၀ နာရီစောင့်မည်ဟု မှာကြားခဲ့
သော်လည်း ၉း၄၅ အထိ လူရိပ်
လူယောင်ကိုပင် မတွေ့ရ။ သူထပ်
စောင့်နိုင်တော့ဘဲ လမ်းဘေး

တယ်လီဖုန်းဆက်ရသည့် အိမ်တစ်
လုံးမှ သောင်းထွန်းမိဘများအိမ်သို့
အခရေပေါ် ဖုန်းဆက်သွယ်လိုက်ရ
သည်။

"ဟယ်လို.....သောင်းထွန်းနဲ့
ပြောချင်လို့ပါ"

"ဟေ့.....မင်း မောင်ကျော်
ခွေလားဟေ့"

တစ်ဖက်က သူ့ဒွေးအသံ
ထွက်ပေါ်လာသည်။

"ဟုတ်တယ် အစ်ကို၊ ကျွန်
တော် -----ကျွမ်းဘီကာ ကျော်ခွေ
ပါ"

"မင်းညီ အိမ်မှာမရှိဘူးကွ၊
ဒီ နေ့ညနေပဲ သူ့အမေက
မန္တလေးကို လိုက်ပို့မယ့်လူနဲ့ ထည့်
ပေးလိုက်ပြီ၊ ဒီကောင် ဘာတွေရှုပ်
ထားသလဲ မသိဘူးကွာ၊ ရည်းစား
တွေ ဘာတွေထားတယ်လို့ ပြော
တယ်၊ သူ့သားကို စိတ်မချလို့ဆို
ပြီး အိမ်ရောက်နေတဲ့ ငါ့ညီဝမ်းကွဲ
တစ်ယောက်နဲ့အတူ သွားခိုင်းလိုက်
တာ၊ မင်း တခြားဘာပြောစရာရှိ
လို့လဲ"

"ဩော်.....ဟုတ်.....ဟုတ်
ကဲ့၊ အလုပ်ကိစ္စပါ အစ်ကို"


"အေးကွာ၊ အခု အိမ်မှာမရှိ
ဘူး၊ နောက်တော့မှ မင်းညီနဲ့တွေ့
မှ ပြောလိုက်ပေ့ါ၊ ရတယ်မဟုတ်
လား"

"ဟုတ်ကဲ့ပါ၊ အစ်ကို၊ ဒါပဲ
နော်"

ဖြေကြားသံအဆုံး စိတ်ပျက်
လက်ပျက်နှင့်ပင် တယ်လီဖုန်းကို
ဖုန်းခွက်ပေါ် ပြန်ချထားလိုက်ရ
သည်။

"ညီမရေ.....ဖုန်းဖိုးဘယ်
လောက်လဲ"

သူလှမ်းမေးလိုက်ပြီး ကျသင့်
ငွေကိုထုတ်ရှင်းပြီး ပြန်ထွက်ခဲ့လိုက်
သည်။ ဘာမှမထူးတော့ပြီမို့ ဆိုင်
ကယ်ပေါ်ပြန်တက်ထိုင်လိုက်ပြီး ခင်
ထားရှိရာ တဲအိမ်သို့ ဦးတည်လိုက်
သည်။ ဆိုင်ကယ်စီးခဲ့ရင်း ခေါင်း
ရှုပ်ခံ၍ စဉ်းစားခဲ့မိရာမှ ခင်ထား
ရှိရာ တဲအိမ်ဆီသို့ ဦးစွာမသွား
တော့ဘဲ ဆယ်အိမ်မှူး ကိုဝင်း
ကြည်အိမ်သို့ အရင်ဝင်ခဲ့လိုက်ဖြစ်
သည်။ ထိုဆယ်အိမ်မှူးနှင့် ခန့်
စပ်ဆုံး လက်ဖက်ရည်ဆိုင်တစ်ဆိုင်





www.burmeseclassic.com

www.burmeseclassic.com



မှာ အကျိုးအကြောင်း ရှင်းလင်း ပြောပြလိုက်သည်။ သည်လိုနှင့် အချိန်က ၁၁ နာရီနီးနီး ရောက်ခဲ့ ရပေပြီ။

ဆိုင်ကယ်နှင့်ပင် ခင်ထားကို ထားပစ်ခဲ့ရသောတဲသို့ သူပြန် ရောက်ခဲ့သည်။ ခင်ထားက သောင်းထွန်းကိုမတွေ့ရ၍ မျက်နှာ ပျက်သွားရသည်။

"ဦးကျော်ကြီး ကိုကိုပါမလာ ဘူးလား"

"အေးဟာ၊ သူနဲ့ချိန်းထားတဲ့ နေရာမှာ မတွေ့ရဘူး။ သူ့အိမ်ကို ဖုန်းဆက်ကြည့်တော့လည်း မရှိ ဘူးတဲ့"

"ဟယ်.....ဒါဆို သမီးဘယ် လိုလုပ်ရမှာလဲ၊ အဝတ်အစားထုပ် တွေလည်း ယူလာခဲ့ပြီးပြီလေ၊ ဦး ကျော်သူငယ်ချင်း သမီးကို သစ္စာ ဖောက်ပြီလားမသိဘူး"

"မ.....မဖြစ်နိုင်ပါဘူးဟာ၊ ငါ ကောင်းသလို စီစဉ်ပေးပါ့မယ်"

ကိုကျော်ဆွေ၏ အကြံညာဏ် တို့က ထပ်မံထုတ်နုတ်ယူရန်မကျန် ရှိတော့ဟုပင် ဆိုရပေမည်။ အကြံ အိုက်နေရသော်လည်း ဟန်ကိုယ့် ဖို့ဆိုသလို အိမ်နီးချင်း ကိုယဉ်ထွေး ကို အဖော်လုပ် လက်ဖက်ရည် ကြမ်းသောက်ရင်း တိုင်ပင်နေစဉ်..

"အိမ်ရှင်တို့.....ဧည့်စာရင်း စစ်ချင်လို့ပါခင်ဗျာ"



တစ်အိမ်တက်ဆင်း ဧည့်စာ ရင်းလိုက်ကောက်နေသောအဖွဲ့က ပြဿနာနှင့် တည့်တည့်ဝင် တိုးလေသည်။ လူပျိုကြီးအိမ်၌ တွေ့ရသော ဧည့်စာရင်းမရှိသည့် တစ်စိမ်းကို ကျော်ဆွေနှင့် ခင်ထား တို့ကို ရဲစခန်းအချုပ်ဆီ ခေါ် ဆောင်စစ်ဆေးရန် ရပ်ကွက်က လွှဲပြောင်းပေးလိုက်ရပါတော့ သည်။

လှိုင်သာယာရဲစခန်းတွင် ခင် ထားကို ရဲအုပ်တစ်ယောက်က သီး ခြားစစ်မေးမှုပြုခဲ့သည်။ ကိုကျော် ဆွေကိုလည်း အခြားတာဝန်ရှိသူ တာဝန်မှူးတစ်ယောက်က မေး မြန်းခဲ့ပါသည်။

ခင်ထားက ဆိုင်ကယ်နှင့်လူ ကြီး သူ့အား အလိုမတူပါဘဲ ခေါ် ဆောင်လာခဲ့၍ လိုက်ပါခဲ့ရသည်ဟု ဝန်ခံထွက်ဆိုခဲ့သည်။ ထိုအချက်နှင့် ပင် ကိုကျော်ဆွေအား ဖမ်းဆီးချုပ် နှောင်ထားရန် အကြောင်းတိုက် ဆိုင်ခဲ့ရပြီဖြစ်ပါသည်။

"ကဲဗျာ.....ထားပါတော့ တစ်ခုတော့ အကူအညီပေးပါ ကျွန်တော့်ကို ဖုန်းခဏလောက် တော့ ပြောခွင့်ပေးပါဗျာ"

ရဲစခန်းတာဝန်ရှိသူက ရုံးသုံး တယ်လီဖုန်းကို သူ့အနီးသို့ ရွှေ့ ပေးလိုက်သည်။

ကိုကျော်ဆွေ ဦးစွာသူ့ကို ကို လှမ်းဖုန်းဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေ့.....အခုပြောနေတာ ဝင်းထိန်လား"

"ဟာ.....ဟုတ်တယ် ကိုကျော်ကြီး၊ ပြော....."

"ဖေ့ကောင် ဝင်းထိန်၊ ငါ အခု လှိုင်သာယာအချုပ်ထဲရောက်နေရတယ်ကွာ၊ မင်းသောင်းထွန်းကိုစွလည်း သိပါတယ်၊ ဒီလိုလုပ်၊ မင်း မမသက်ဆီ ဖုန်းဆက်ပေး၊ အခု ရဲစခန်းအချုပ်မှာ ငါအဖမ်းခံထားရတယ်လို့ပြော၊ သောင်းထွန်းနဲ့ သူ့ကောင်မလေးအကြောင်းလည်း မင်းမမသက် နားလည်အောင် ရှင်းပြပေးနော်၊ ရမလား"

"ဟုတ်...ဟုတ်ကဲ့ ကိုကျော်ကြီး၊ ကျွန်တော် အမြန်ဆုံး အန်တီသက်နဲ့ဆက်သွယ်လိုက်ပါ့မယ်"

တယ်လီဖုန်းပြန်ချပြီးသည်နှင့် ကိုကျော်ဆွေက တာဝန်ကျရဲတပ်ဖွဲ့ဝင်ကို ခေါင်းညိတ်ပြလိုက်သည်။

"ကဲ.....ဆရာတို့ တာဝန်ရှိတဲ့အတိုင်း ဆောင်ရွက်ကြပါတော့"

သည်လိုနှင့် အချုပ်ခန်းထဲက မသက်သာဖွယ်ရာ မြင်ကွင်းတို့ကို ကိုကျော်ဆွေ ရင်ဆိုင်ခဲ့ရင်း တစ်နာရီကျော်ကျော် ကြာသွားခဲ့သည်။ ဖနီးသည် ဆရာမ ဒေါ်ခင်အေးသက် ရဲစခန်းရုံးခန်းထဲ ဝင်ရောက်သွားသည်ကို သူ သံတိုင်ကြားထဲက ရိပ်ခနဲ မြင်လိုက်ရသည်။ နာရီ



ဇနီးသည်ဆရာမ၏
ပိုင်နိုင်ကျွမ်းကျင်လှစွာ
ဖြေရှင်းခဲ့မှုကြောင့်
ကိုကျော်ဆွေတစ်ယောက်
ယောင်နန်းမစံခဲ့ရဘဲ
နှစ်နာရီခန့်သာ
အချုပ်ထဲနေခဲ့ရသည်။
စိတ်ထဲက
ဇနီးသည်ဆရာမကို........

ဝက်ခန့် ကြာမြင့်မည်ဟု ထင်ရသည်။ မကြာခင်မှာပင် အချုပ်ခန်းတံခါး လာရောက်ဖွင့်သူက.....

"ဦးကျော်ဆွေ၊ အထဲကထွက်လို့ရပါပြီ"

သူ အချုပ်ခန်းတံခါးဝယ်မှ ခေါင်းငုံ့ရင်း ထွက်ခဲ့လိုက်သည်။

"အစ်ကို၊ အစ်ကို့ဇနီး ရုံးခန်းထဲမှာစောင့်နေတယ်၊ သွားလိုက်ပါဦး"

ရုံးခန်းထဲထိုင်နေသော ဇနီးသည် ဒေါ်ခင်အေးသက်ကို ကိုကျော်ဆွေ မသက်သာလှစွာသော မျက်နှာငယ်ငယ်နှင့် ကြည့်လိုက်ပါသည်။

"ကဲ.....ဦးလူတော်ကြီးရေ ရှင် ကဲကောင်းတယ်မှတ်၊ ဒင်ထား

www.burmeseclassic.com



က ကျွန်မတပည့်ဖြစ်နေလို့ပဲ၊ ဒီကလေးက ပြီးခဲ့တဲ့ သုံးနှစ်လောက်က လှိုင်သာယာ အထက(၁)က ထွက်တဲ့ကျောင်းသူပါ၊ အခု ကျွန်မသူနဲ့ အချေအတင် ညှိထားပြီးပြီ၊ စိတ်ညစ်လို့ သူငယ်ချင်းတစ်ယောက်အိမ်မှာ သွားအိပ်မလို့လုပ်နေရင်း ဆရာမနဲ့တွေ့လို့ ပြန်လာပို့တာပါဆိုပြီး သူ့အိမ်လိုက်ပို့လိုက်မယ်လေ၊ သူ့အတွက် နှစ်နာကြေးလည်း ကျွန်မ ပေးပါ့မယ်လို့ သီးသန့်ပြောထားလိုက်တယ်၊ ရှင်နော် ကျွန်မ ဆရာမဖြစ်နေလို့ သက်သာတယ်မှတ်၊ ဟွန်း.....''

ဖနီးသည် ဆရာမ၏ ပိုင်နိုင်ကျွမ်းကျင်လှစွာ ဖြေရှင်းခဲ့မှုကြောင့် ကိုကျော်ဆွေတစ်ယောက် ထောင်နန်းမစံခဲ့ရဘဲ နှစ်နာရီခန့်သာ အချုပ်ထဲနေခဲ့ရပေသည်။ စိတ်ထဲက ဖနီးသည်ဆရာမကို ဝမ်ရွှေ့ ဝမ်ရွှေ့ ဝမ်ဝမ်ရွှေ့ လုပ်လိုက်မိတော့သည်။

♛♛♛♛♛

အချိန်က ည (၉)နာရီကျော်လွန်ခဲ့ပြီဖြစ်သည်။

ဆိုင်ကယ်အသံလည်းကြားရသည်။ စက်ရပ်ပြီး အိမ်ထဲဝင်ရောက်လာသည်ကိုလည်း ဒေါ်ခင်



အေးသက် သိရှိပါသည်။ ဂိုဒေါင်မန်နေဂျာကြီး ကိုကျော်ဆွေက ညှော်သည်နှင့် စကားပြောနေသော ဖနီးသည်ကို မည်သို့မျှမပြောဘဲ မီးဖိုချောင်ခန်းထဲ ကုပ်ကုပ်လေး ဝင်ရောက်သွားလိုက်သည်။

''ဟော့.....မသက်၊ ကိုကျော်ဆွေ ထမင်းပြန်စားတာထင်တယ်၊ သွားခူးခပ်ပေးလိုက်ဦးလေ''

''ဟုတ်တယ် မကြူ၊ သူ့အကြောင်း သူသိတယ်၊ သူ့ဘာသာ ခူးခပ်စားလိမ့်မယ်၊ သူ့မှာက မိဘပေးတဲ့အသက် မရှိတော့ဘူး၊ ဒီကသက် ကယ်တင်ပေးထားတဲ့ အသက်ပဲရှိတော့တာလေ၊ အခု ညှော်သည်ကို လက်ဖက်ရည်ဖျော်ပေးစမ်းပါလို့ဆိုရင်တောင် သူဖျော်လာပေးမှာ၊ မင်းတို့နဲ့လောင်းမလား''

''အံမယ်.....ငါ့သူငယ်ချင်းက... တယ်ပိုင်တာပဲ၊ နောက်ဆို နင့်ဆီ... မှာ သင်တန်းတက်ရမယ်ထင်... တယ်''

ထိုစကားသံများကို ကိုကျော်... ဆွေ ကြားနေရသော်လည်း... ကြောင်အိမ်ထဲရှိနေသော ထမင်း... နှင့်ဟင်းကို သူ့ဘာသာသူ ထုတ်... ယူခူးခပ် စားနေလိုက်သည်။ မီး... ချောင်၏ ပန်းကန်ဆေးဇလုံထဲရှိ... သော စားသောက်ပြီးစီးသမျှ ပန်း... ကန်များလည်း ဆေးကြောရမည်... ဟု အထူးတာဝန်ပေးထားခဲ့ပြန်... ဆရာမအမိန့်ကို မလွန်ဆန်နိုင်... သော ဂိုဒေါင်မန်နေဂျာကြီး၏ဘ... က ကျိန်စာမိနေသည်လား ထင်... စရာရှိနေသည်။

ကိုမိုး (ရွှေပြည်...)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# မှုန်း



မောင်သာမန် (ဇီးကုန်း)

မှုန်းသည် အဝေးသင်နောက်ဆုံးနှစ်စာမေးပွဲပြီး၍ ပဲခူးမှ ပြန်လည်ရောက်ရှိလာ၏။ ပင်ပန်းနွမ်းနယ်၍နေသောမှုန်းကို မမမူက သူမအလိုသည်များကို သက္ကလဈေးသို့သွား၍ ဝယ်ယူချက်ပြုတ်နေခဲ့၏။ စာမေးပွဲဖြေနိုင်သည်ဟူသော မှုန်း၏စကားကြောင့် မမမူ ပီတိဖြစ်ဆုံး ရှိနေခဲ့၏။

မိဘများမရှိကြတော့သည့် သူတို့ညီအစ်မသည် ချစ်ခင်စွာ နေထိုင်ကြပြီး ညီမငယ်မှုန်းအတွက် မမမူက အိမ်ဆိုင်ဖွင့်လှစ်ရောင်းချ၍ ကျောင်းထားပေးခဲ့၏။ လိမ္မာရေးခြားရှိ၍ တတ်သိနားလည်သော ညီမလေး မှုန်း ယခုကဲ့သို့ ဘွဲ့ကြိုစာမေးပွဲ ဖြေဆိုနိုင်သည်ဆို၍ မမမူမှာ ပျော်မဆုံးဖြစ်ခဲ့ရ၏။

မမမူ၏အိမ်ဆိုင်လေးသည် ရောင်းကောင်းလှ၏။ မမမူတို့ နေထိုင်သောရွာသည် အိမ်ကြီးရခိုင်ပေါ်များ၍ သက္ကလနှင့်လည်း သိပ်မဝေးလှ။ ခရမ်း၊ သုံးခွနှင့် ပဲခူး ဆက်သွယ်သော လမ်းမနံဘေး မလှမ်းမကမ်း၌ရှိ၏။ ဆိုင်မှရသော ငွေကြေး၊ ပဲ၊ စပါးရင်းနှီး၍ရသော ငွေကြေးတို့ဖြင့် ညီမငယ် မှုန်းကို ကျောင်းထားခဲ့ခြင်းဖြစ်၏။ မကြာမီ ဘွဲ့ရရှိတော့မည့် မှုန်းအတွက် မမမူ ဂုဏ်ယူမဆုံးဖြစ်နေ၏။

မမမူ၏ ကုန်စုံဆိုင်လေးသည် ရောင်းကုန်လျော့နည်းနေမှုကြောင့် နီးစပ်ရာ သက္ကလသို့ ကုန်သွားဝယ်ရမည်ဖြစ်၏။ ယခင်အခါများက မှုန်းတစ်ယောက် ပဲခူးတွင် သင်တန်းတက်နေခိုက် ပဲခူးသို့ တက်၍ ကုန်ချိန်ဖြစ်ခဲ့၏။ အများအားဖြင့် မမမူ ကုန်ချိန်သည်က သနပ်ပင်တွင်ဖြစ်၏။ ယခုတော့ ညီမငယ်မှုန်းအား အနီးကပ်ပြုစု၊ ဆွေးနွေးတိုင်ပင်လိုသဖြင့် သက္ကလ၌ ကုန်ချိန်ဖြစ်ခဲ့၏။



ကိုယ်လက်မအီမသာရှိလှသော မှုန်းမှာ အိပ်ရာထက်ဝယ် လူးကာလှိမ့်ကာဖြင့်ရှိနေခိုက် အခန်းထဲသို့ မမမူဝင်လာ၏။

“ညီမလေး မှုန်း.....နေမြင့်လာပြီကွယ်၊ ထတော့လေ၊ ညီမလေးကြိုက်တဲ့ ကကတစ်ဆီပြန် ချက်ထားတယ်၊ ကြောင်အိမ်ထဲမှာ ဆီထမင်းရှိတယ်၊ မမမူ သက္ကလဈေးကို ပြေးလိုက်ဦးမယ်၊ မနက်စာစားရင်း ဆိုင်ကိုကြည့်ထားလိုက်နော်”



www.burmeseclassic.com

www.burmeseclassic.com





မျက်ကွင်းညိုရွှ နဖူးဆံစလေးများ ခြောက်သယောင်ရှိနေသော မွန်းအား မမမူက ငေးကြည့်လိုက်ပြီး စိုးရိမ်သောအသံဖြင့်.....

"ညီမလေး.....နေကောင်းရဲ့ လားဟင်"

''ကောင်းပါတယ် မမရယ်၊ စာမေးပွဲဖြေရတာ နည်းနည်းပင် ပန်းသွားလို့ပါ''

မမမူက သက်ပြင်းပူကိုမှုတ်ထုတ်ရင်းပြောသည်။

"ကဲ...မမမူ ဈေးသွားတော့မယ်၊ ညီမလေး ဘာမှာစရာရှိသေးလဲ''

''ဘာမှမရှိပါဘူး မမမူ''

မမမူတစ်ယောက် ဈေးသို့ထွက်ခွာသွားသည့်အခါ မွန်းလည်း အိပ်ရာမှ မထချင်ထချင် ထလိုက်ရ၏။ ကိုယ်လက်သန့်စင်ပြီးသည်နှင့် အိမ်ကပြင်မှ ရုတ်တရက်ထလိုက်ရာ မွန်းတစ်ယောက် မူးခနဲမိုက်ခနဲ ဖြစ်သွားရသေး၏။ ယင်းနောက် မည်မည်ရရ စားသောက်လိုခြင်းမရှိသေးသဖြင့် အိမ်နှင့်တွဲလျက် ဆိုင်ရှိကုလားထိုင်တွင်ထိုင်နေလိုက်၏။

မိမိ ကျောင်းပညာသင်ကြားနိုင်ရေးအတွက် တစ်ဦးတည်းသော အစ်မဖြစ်သူ ပျာယာခတ်မျှ အလုပ် လုပ်နေရ၏။ မိမိသည် စာကြိုးစား သည်မှန်သော်လည်း ဘယ်အတွက် စာကြိုးစားသည်ကို မွန်းတစ် ယောက် မိမိကိုယ်မိမိ မဝေခွဲနိုင်။ မမမူသည်ကား သူမ၏ ရည်ရွယ် ချက်အတိုင်း ညီမဖြစ်သူ ပညာ ရေးဖြောင့်ဖြူးစေရန် ရှာဖွေကြိုး ပမ်းခဲ့သည်။ ယနေ့ မိမိပြုမူမိသော ဖြစ်ရပ်များသည် ကျေးဇူးရှင် မမမူအားကျေးဇူး ဆပ်ရာမရောက်သဖြင့် မွန်းတစ် ယောက် စိတ်ဆင်းရဲခြင်း များစွာဖြင့် လိပ်ပြာမလုံဖြစ်ရ၏။ နောင်တလည်း ရနေမိ၏။ မမမူ၏ ကျေးဇူးသည် မွန်းအတွက် ဆပ်၍ မကုန်နိုင်။ ပို၍ဆိုးသည်က ဘယ် သူမပြု မိမိမှုကိစ္စ။ ထိုကိစ္စသာ မမမူ သိခဲ့ပါက တက်၍သေမည်

လား မပြောတတ်။

ပြောမည့်သာပြော[...] ရသည်။ မွန်းခန္ဓာကိုယ[...] တွင် ကပ်ငြိနေသည့်[...] ကိစ္စသည် လူတွင်ပါ[...] နွားကျား ကိုက်ခံရ[...] ဖြစ်ရပ်။ မောင့်ကိုပဲ[...] ချပြီး အပြစ်ပြော၍မ[...] မွန်းကိုယ်တိုင်လည်းပါ[...] သည်ကိုး။

ယောက်ျားဖြ[...] မောင်၏ တစ်ဖွတ်[...] နိုင်မှုကြောင့်ဟု ပြောနိုင်သေ[...] လည်း ကိုယ်က ခွင့်မလွှတ်ခဲ့ပါ[...] မည်သို့မျှမဖြစ်။ မွန်းကိုယ်တ[...] ခွင့်လွှတ်ခြင်းကြောင့် မ[...] လင့်သော ပြဿနာသည် ဝေး[...] နီးလာခဲ့ခြင်းဖြစ်၏။ ယခုတော့ မွ[...] တစ်ယောက်တိတ်တခိုး မျက်ရ[...] ကျရသည်မှာ တစ်ကြိမ် တ[...] မကတော့။ နေ့စဉ်ရက်ဆ[...] ဆိုသလို ဖြစ်နေရ၏။

တစ်ခုတော့ ဖြေသိမ့်စရာ[...] ၏။ သည်ရက်အတွင်း မွန်း[...] ယောက် ကသီလင်တ စိတ်[...] မရောက်ရလေအောင် မောင်[...] ယောက် မိဘများကို ခေါ်[...] ကြောင်းလမ်းမည်ဟုဆို၏။ [...] ပေးထားသော မျှော်လင့်[...] တသီတတန်းဖြင့် နှစ်သိမ့်နေ[...] ဖြစ်၏။ မည်သို့ဆိုစေ ပဲ[...]



www.burmeseclassic.com

www.burmeseclassic.com



န်လာသည်မှာ ရက်ပိုင်းပင်ရှိ သေးသော်လည်း ဖြစ်ပေါ်လာ သည့် ပြဿနာအပေါ် မွန်းရင်ဆိုင် ရသည်ကို ထိတ် လန့်နေ၏၊ တုန် လှုပ်နေ၏၊ ကြောက်ရွံ့နေ၏။

မောင်နှင့်မွန်း တွေ့ဆုံခဲ့ရ သည့် နှောင်းဖြစ်ဟောင်းလေးများ ကို တွေးတောရင်း ကြည်နူးရ သကဲ့သို့ မွန်းတို့ချစ်သူနှစ်ဦး၏ အသိစိတ်ပြယ်လွင့်မှုပြဿနာသည် အမှန်တကယ် ဆိုက်ရောက်လာ သည့်အခါတွင် ရင်ခုန်မှုများ ပျက် ပြယ်၍ ထိတ်လန့်မှုများ ကြုံတွေ့ ရ၏။ မောင်နှင့်မွန်းတို့၏ဖြစ်ရပ်ကို ပြန်ပြောင်းစဉ်းစားရင်း မွန်းတစ် ယောက် ရသမျိုးစုံ ခံစားနေရပေ ၏။ လွမ်းဆွတ်နေရ၏၊ သတိရ တမ်းတနေရ၏။

BURMESE CLASSIC .com

♛♛♛♛♛

မဖြစ်မနေ မောင်နှင့်တွေ့ဆုံ ဆိုင်ပင်ရမည့်အခြေမို့ မွန်း မောင့် ကို ဖုန်းဖြင့်ချိန်းလိုက်ရ၏။ သည့် နောက် မောင်နှင့် ဆုံနေကျ ကျောင်းရှေ့ယူကလစ်ပင်တန်း အောက်ရှိ ခုံတန်းလျားလေး ပေါ်တွင် မောင်အလာကို မွန်း စောင့်နေမိ၏။ သည်အချိန်၊ သည်ကာလသည် မောင်ရောမွန်း ပါ နောက်ဆုံးနှစ်စာ မေးပွဲအတွက် အရေးအကြီးဆုံး အချိန်ဖြစ်ပါ၏။ သို့သော်သည့်ထက်ပို၍ အရေး ကြီးသည်က မွန်း၏အရှက်နှင့် ဂုဏ်သိက္ခာအတွက် ဖြစ်နေ၏။ မောင်သာ တာဝန်ယူမှုမရှိပါက မွန်းတစ်ယောက်ရေတိမ်တွင် နှာခေါင်းဖော်၍ သေရန်သာရှိ တော့သည်။ ထိုကိစ္စသည် မွန်း တစ်ယောက်တည်း တာဝန်ယူ ၍မရသော အခြေအနေတွင်ရှိနေ ၏။ မွန်းသည် တစ်ဦးတည်း တာဝန်ယူခဲ့သော်ရကားရမည်ဖြစ် ၏။ သို့စေကာမူ ပတ်ဝန်းကျင်၏ တံတွေးခွက်တွင် ပက်လက်မျော ရမည့်ကိန်းဆိုက်မည်သာ။ မွန်း၌ ဖြစ်နေသော ပြဿနာသည်ကား မောင်သာလျှင် အဓိကအခန်း ကဏ္ဍတွင် ပါဝင်နေခြင်းကြောင့် မောင်အလာကိုစောင့်မျှော်နေ ခြင်းဖြစ်၏။

မွန်းနှင့်မောင် ချစ်ရည်တူ သည့် ကာလသည် အဝေးသင် ပထမနှစ်၏ နှစ်လယ်မှ စတင် ခဲ့ကြခြင်းဖြစ်၏။ မောင်သည် မွန်းကိုချစ်သကဲ့သို့ မွန်းသည် လည်းမောင့်ကို အသည်းအသက် နှင့်အတူချစ်ပါ၏။ စာသင်ချိန် ကာလအတွင်း မွန်းတစ်ယောက် မောင်နှင့်အတူ ရွှေမော်ဓော ဘုရား ကြီးတွင် သစ္စာတိုင်တည်ခဲ့ကြ၏။ ရွှေသာလျောင်း၊ မဟာစေတီ

တာဝန်ယူမှုမရှိပါက
မွန်းတစ်ယောက်ရေတိမ်တွင်
နှာခေါင်းဖော်၍
သေရန်သာရှိ တော့သည်။
ထိုကိစ္စသည်မွန်း တစ်ယောက်တည်း
တာဝန်ယူ၍မရသော
အခြေအနေတွင်ရှိနေ ၏။
မွန်းသည် တစ်ဦးတည်း
တာဝန်ယူခဲ့သော်
ရကားရမည်ဖြစ် ၏။
သို့စေကာမူ



www.burmeseclassic.com

www.burmeseclassic.com

တို့တွင်လည်း ခြေရာထပ်သကဲ့သို့ ကမ္ဘောဇသောဒီနန်း တော်ရာသို့ လည်း ရောက်ခဲ့ရ၏။ ထိုသို့ မိုးမမြင်၊ လေမမြင် နှစ်ကိုယ် ကြင်နာခြင်း၏ နောက်ပိုင်း ကာလတွင် တူနှစ်ကိုယ် တည်းခို ခန်းတွင် နားခိုကြလျက် ထိခဲ့၊ ငြိခဲ့ခြင်းဖြင့် ပြဿနာတစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ် ၏။

သို့ဖြင့် ဖြစ်ပေါ်လာသည့် ပြဿနာအား နှစ်ကိုယ်တူဖြေရှင်း မှသာ အကောင်းဆုံးအဖြေထွက် မည်ဖြစ်၏။ ထို့ကြောင့် ခုံတန်း လျားလေးပေါ်တွင်ထိုင်ရင်း မှုန်းတစ် ယောက် မောင့်ကို စောင့်မျှော်နေ ခြင်းဖြစ်၏။

"မောင်ကလည်း ကြာလိုက် တာနော်"

လေပြည်နုလေးများ ဖျန်းပက် နေလင့်ကစား မှုန်း၏နှလုံးသားထဲ တွင် စိုးရိမ်မှုဒီဂရီများ မြင့်တက်နေ ရ၏။ မည်သို့သော အခက်အခဲ များ ရှိနေပါစေ မောင်တစ်ယောက် မှုန်းရှိရာသို့ ရောက်အောင်လာ ရမည် ဖြစ်သည်။

သိပ်မကြာလိုက်။ မောင်သည် သူ၏ CANBO-125 ဆိုင်ကယ်လေး ဖြင့် မှုန်းထိုင်နေသော ခုံတန်းလျား နံဘေးသို့ ဆိုက်ရောက်လာ၏။

"စောင့်လိုက်ရတာ မောင် ရယ်၊ မောင်လာမှလာပါ့မလားလို့



မှုန်း စိတ်ပူလိုက်ရတာ"

မောင်က ပြုံးရွှင်လျက်.....

"လာရမှာပေါ့ မှုန်းရယ်၊ မှုန်း ခေါ်ရင် ဘယ်တုန်းက မောင်မလာ တာရှိလို့လဲကွာ၊ ကဲ...ပြော၊ မှုန်း မှာ ဘာအခက်အခဲရှိလို့လဲ"

မှုန်းသည် သက်ပြင်းမောကို ချလိုက်ပြီး မောင့်အား စူးစိုက်ကာ ကြည့်လိုက်၏။

"မောင့်ကို မှုန်းတွေ့ချင်တဲ့ အကြောင်းက မှုန်းတစ်ဦးတည်းရဲ့ အခက်အခဲတင်မဟုတ်ဘူး မောင်၊ မှုန်းအခက်အခဲက မောင့်အခက် အခဲလို့ ပြောလို့ရတယ် မောင် မှုန်း.....မှုန်းမှာလေ မောင်နဲ့ပတ် သက်တဲ့ ကိုယ်ဝန်ရှိနေပြီ"

မောင်၏အပြုံးများ ပျောက် ကွယ်သွား၏။ မှုန်း၏မျက်နှာကို ကြည့်လိုက်၊ မှုန်း၏ဗိုက်ကလေး အား ငုံ့ကြည့်လိုက်ဖြင့် အံ့အားသင့် နေ၏။ မှုန်းသည် ခေါင်းကိုငုံ့လျက် ပင့်သက်ရှိုက်နေ၏။ မောင်သည် အတန်ကြာငြိမ်သက်နေပြီးနောက် ပြန်လည်ပြုံးရွှင်လာ၏။

"ကိုယ်ဝန်ရှိတော့လည်း ဘာ ဖြစ်သလဲကွာ၊ ဒီကိစ္စကို မှုန်း စိုး ရိမ်နေတာလား၊ ဘာမှမစိုးရိမ်ပါနဲ့ အားလုံးအဆင်ပြေသွားမှာပါ၊ အ ဖြေမယ့် ဗိုင်နယ်စာမေးပွဲကြီးပြီးတာ နဲ့ မောင့်မိဘတွေ ခေါ်လာပြီး စပ်ကြောင်းလမ်း လက်ထပ်မယ် ဟုတ်လား"

မောင်၏ပြောစကားကြော မှုန်း တဒင် စိတ်သက်သာ သွားပါ၏။ မောင်သည် ပဲခူးမြို့သ တစ်ဦးဖြစ်ပြီး အငြိမ်းစား တရားသူကြီး ဦးဘကောင်းနှင့် ပွဲစား ဒေါ်နှင်းသက်တို့၏ အ လွှမ်းမွေးဖွားသော သားတ ဖြစ်၏။ မောင်၏မိဘများသ မောင့်ကို လွန်စွာချစ်ကြ၏။ က ဒါဆိုပါလျှင် သူ၏မိဘများ မောင့်အကြိုက် ဒါပဲဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ည်းဆိုသော် မောင့်မိဘများက
ာင့်ကို အလိုလိုက်ကြခြင်းဖြစ်၏။
ို့ကြောင့်ပင် မွှန်းတစ်ယောက်
ာင့်ကိုယုံကြည်ခဲ့ပါ၏။

“ဒါပေမဲ့ မောင်ရယ် မွှန်းမှာ
ာ မိဘတွေမရှိပေမယ့် အုပ်ထိန်း
ူ အစ်မ ရှိသေးတော့ အချိန်
ိုင်ခင် အစ်မသိသွားရင် မွှန်း
ခက်တွေ့လိမ့်မယ် မောင်၊ အဲဒါ
ိုတော့ မွှန်းကြောက်တယ်၊ မွှန်း
ို အခုအချိန်ထိ ပညာသင်ပေး
နေတာ မွှန်းရဲ့အစ်မ မမမူပါ
ောင်၊ သူ့ရဲ့အပြုစုမခံရအောင်
ောင် မွှန်းတို့ရွာကို အချိန်မီ
ာပါ မောင်၊ မွှန်းဆက်
ဆက်စောင့်နေပါ့မယ်
နော်”

မည်သို့ဆိုစေ စာမေးပွဲ
ပြီး၍ မွှန်းရွာသို့ပြန်ရောက်
ပြီဖြစ်၏။ မောင်နှင့်
မောင့်မိဘများအလာကို
ောင့်မျှော်ရင်းမှ မမမူ မသိ၊
ိုပ်မိစေရန် သိုသိုသိပ်သိပ်
နေပြရဦး မည်ဖြစ်သည်။
ို့သော်.....

♛♛♛♛♛

ယခုတလော စာမေးပွဲ
ပြီး၍ အိမ်သို့ပြန်ရောက်နေ
သော မွှန်းသည် ယခင်ကနှင့်မတူ
တစ်မူထူးခြားနေသည်ဟု မမမူ
ထင်သည်။ ယခင်ကဆိုလျှင်
မမမူကို မွှန်းတစ်ယောက် နောက်
ပြောင်ကျီစယ်နေ ကျဖြစ်သော်
လည်း ယခုမူမိန်းကလေးတို့ဣန္ဒြေ
ရှေပေးမရပုံစံမျိုးဖြစ်နေ၏။ သက်
ဝင်လှုပ်ရှားမှုကင်းမဲ့လျက်ရှိ၏။
တစ်ခါတစ်ရံ ဘွဲ့ရခါနီး အမျိုး
သမီးတစ်ယောက်၏ အိုက်တင်
များလားဟု မမမူ မတွေး တတ်
တွေးတတ်တွေးခဲ့၏။ ထိုသို့ ဣန္ဒြေ
ရတော့လည်း တစ်မျိုး ကောင်း



သည်ဟု မမမူတစ်ယောက်
အတွေးနိဂုံးသတ်ရ၏။

သို့တစေ မွှန်း၏ရင်မှတောက်
လောင်နေသော သောကမီး
တောက်များကိုတော့ မမမူ မြင်နိုင်
စွမ်းမရှိခဲ့ပါချေ။ မွှန်းသည် အချိန်
ကြာလာသည်နှင့်အမျှ စိုးရိမ်မှုဒီဂရီ
မြင့်တက်လျက်ရှိ၏။ သည်ရက်
အတောအတွင်း မောင်အရောက်
လာမှဖြစ်မည်။ မောင်ရောက်မလာ
ပါက အချိန်ကြာလာသည်နှင့်အမျှ
ဘူးပေါ်သလို ပေါ်ပေရော့မည်။
မွှန်းထံ မောင်မရောက်လာသေး
သမျှ မွှန်းတစ်ယောက် သောက
ဝေဒနာများဖြင့် မစားနိုင်
မသောက်နိုင် ဖြစ်နေရ၏။

သည်ရက်အတောအတွင်း
မွှန်းဘဝတစ်ခုလုံး အဖတ်
ဆယ်မရအောင် သောကမုန်
တိုင်းတို့သည် ပြင်းထန်စွာ
တိုက်ခိုက်လာတော့၏။ တစ်
ဖက်အိမ်တွင် ဟန်းဖုန်းရှိ၏။
ထို ဟန်းဖုန်းနံပါတ်ကို မွှန်း
နှင့်တစ်တန်း တည်းအတူ
တက်သော ခင်မြတ်နွယ်ကို
ပေးထား၏။ မွှန်း၏သူငယ်ချင်း
ခင်မြတ်နွယ်သည် သနပ်ပင် မြို့
မှဖြစ်၏။ တစ်ဖက်အိမ်မှ မိစိုး
တစ်ယောက် မွှန်းတို့အိမ်သို့
လှမ်း၍ ဖုန်းလာနေကြောင်း အော်
၍ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"မွန်းရေ.....မင်းသူငယ်ချင်း ဆီက ဖုန်းလာတယ်၊ သနပ်ပင်က ခင်မြတ်နွယ်တဲ့"

မွန်းတစ်ယောက် မဆက်စဖူး ဆက်သည့် ခင်မြတ်နွယ်ဟူသော နာမည်ကြောင့် အမောတကောဖြင့် မိစိုးတို့အိမ်ဘက်သို့ ကူးလာခဲ့၏။ ထို့နောက်.....

"ဟယ်လို.....ခင်မြတ်နွယ် လား။ ငါပါကွာ၊ မွန်းပါ၊ ဘာဖြစ်



လို့ ဖုန်းဆက်တာလဲဟင်၊ မဆက် စဖူး"

"ကိုယ့်အနေနဲ့ မဆက်မဖြစ် ဆက်ရမယ့်ကိစ္စရှိလို့ပါ၊ ကိုယ်နဲ့ မပတ်သက်ပေမယ့် မွန်းနဲ့ပတ်သက်နေတော့ ကိုယ်ကြားရသမျှ သိရသမျှ မင်းကိုအကြောင်းကြား တာပါ"

"ဘာဖြစ်လို့လဲဟယ်၊ မထိတ်သာ မလန့်သာ"

"မင်းရဲ့သော်ကောင်းလေ၊ မင်းဆီကို လာမလို့လားမသိဘူး။ ဆိုင်ကယ်နဲ့ပဲခူးအထွက် သနပ်ပင် မရောက်ခင် လမ်းတစ်ဝက်မှာ ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး အရေးပေါ် ရန်ကုန်ခေါ်သွားရတယ်ဆိုတာ သိရလို့ မင်းဆီလှမ်းဆက်တာ၊ စိတ်တော့ခိုင်ခိုင်ထားပါ မွန်းရယ်၊ သော်ကောင်းဒဏ်ရာ တော်တော်ပြင်းတယ်တဲ့"

"ဟင်.....မောင် ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်လို့ ဟုတ်လား ခင်မြတ်နွယ်၊ သူငယ်ချင်း မင်း...မင်း နောက်နေတာလားကွာ"

"မွန်းရယ် အကြောင်းမဲ့သက် သက် ဒီကိစ္စမျိုးကို နောက်ရမလား ကွာ"

မွန်းတစ်ယောက် ရင်ဩရှိနေသော ကိစ္စကြောင့် သောကပွားများနေစဉ်၊ တစ်ပူပေါ် နှစ်ပူဆင့်ရသည့်ကိစ္စ ဖြစ်လာ၏။ မွန်းချစ်ရသောမောင်၊ မွန်းအလိုအရှိဆုံး မောင် မော်တော်ဆိုင်ကယ် အက် ဆီးဒင့်ကြောင့် မောင် မည်သို့အခြေ အနေ ရှိနေသနည်း။ မွန်း၏ရင်ထဲ တွင် ဆို့တက်လာ၏။ အသက်ရှူ ပင် မမှန်ချင်တော့။ မွန်းတစ် ယောက် မောင့်အတွက် ငိုချင် သည်၊ ပြီးတော့ မွန်းအတွက်လည်း မွန်းငိုချင်သည်။ သို့သော်လည်း မွန်း မည်သို့ငိုရမည်ပင် မသိလေတော့

"လာကြပါဦး...မမမူရေ... မွန်း မူးလဲလို့"

မမမူသည် အပြေးတစ်ပိုင်း ဖြင့် မိစိုးတို့အိမ်ဘက်သို့ ကူးလာ ၏။ မွန်းသည် မြေကြီးပေါ်တွင် ခွေလေးလဲလျက် မေ့မြောနေ မမမူသည် မိစိုး၏အကူအညီဖြ မွန်းအား အိမ်ဘက်သို့ တွဲခေါ်လာ ခဲ့၏။ အိမ်ရောက်သည်နှင့် သြ ရွက်ကိုချေ၍ ရှူစေခြင်း၊ နင်း ပေးခြင်းတို့ဖြင့် ပြန်လည်သတိ လာ၏။

သတိရလျှင်ရချင်း နံဘေးတွ ရှိသော မမမူအား မွန်းက တင် ကျပ်စွာဖက်ထားလိုက်ပြီး.....

"မွန်းကိုသတ်လိုက်ပါတော့ မမမူရယ်၊ မွန်းလေ.....မွန်းမှာ... အီး.....ဟီး.....ဟီး"

"ပြောစမ်း မွန်း၊ မမမူ ထိတ်လိုက်တာ၊ မွန်း ဘာဖြစ် လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



အမောတကောမေးလာသည့် မမမူအား မှုန်းတစ်ယောက် ရှိုက်ကြီးငိုကြွေးလျက်.....

“မှုန်းလေ မမမူ မသိအောင် ချစ်သူရည်းစားထားမိပါတယ်၊ အဲဒီ မှုန်းရဲ့ချစ်သူ ဆိုင်ကယ်အက်ဆီဒင့်ဖြစ်ပြီး သေသလား၊ ရှင်သလား မသိရသေးပါဘူး၊ ဟင့်... ဟင့်၊ မမမူ နားနဲ့မနာ ဖဝါးနဲ့နာပါ မမရယ်၊ မှုန်းရဲ့ချစ်သူနဲ့ မှုန်း မှားခဲ့ကြပြီး ခု.....မှုန်းမှာ.....မှုန်းမှာ.....”

မှုန်းသည် စကားကို ဆက်လက်ပြောဆိုနိုင်ခြင်းမရှိတော့ဘဲ ငိုရှိုက်၍သာ နေလေတော့၏။

မမမူသည် မှုန်းကိုကြည့်၍ ခေါင်းရှုပ်ကြိုးပြတ်သကဲ့သို့ဖြစ်နေ၏။

“မိုက်လိုက်တဲ့ ညီမ၊ နင့်လက်မိုက်တဲ့သူတောင် နင့်လောက် မမိုက်ဘူး၊ ညီမလေးတစ်ယောက်တည်းရှိလို့ အစ်မဖြစ်တဲ့ ငါကတော့ ကြိုးစားရှာဖွေပြီး ကျောင်းထားပေးလိုက်ရတာ၊ မှုန်းရယ် ငါ့ကိုတော် တော်ရက်စက်တဲ့ ကလေးမပါလား၊ နင့်ကို ငါ စာတွေသင်ပေးတာ၊ အဲဒီစာတွေက နင့်ဘဝကို မပြုပြင်ပေးဘူးလား မိမှုန်းရယ်၊ ဟင့်... ဟင့်.....ဟီး.....”

မမမူတစ်ယောက် ပြောလည်း ပြော၊ ငိုလည်းငိုဖြင့် အိမ်နီးနားချင်းများ ဝိုင်းအုံလာကြ၏။

“ငါ့ရဲ့မျက်နှာကိုမှမထောက်၊ နင့်ဘဝမှာ ဘယ်တော့မှ ပြုပြင်လို့မရတဲ့ အမှားတစ်ခုကို နင်ကိုယ်တိုင် ကျူးလွန်ခဲ့တာပဲ၊ ဟီရိဩတ္တပ္ပတရားဆိုတာ နင့်မှာမရှိတော့လို့ လားဟယ်၊ ငါသေချင်တယ် မိမှုန်းရယ်”

ညီအစ်မနှစ်ယောက် ပြောပြောဆိုဆို ငိုနေကြသည်ကို အစအဆုံး မသိကြလေသော အိမ်နီးချင်း ဆွေမျိုးများက ဖျန်ဖြေနှစ်သိမ့်ခြင်းများကြောင့် တိတ်ဆိတ်သွားပါ၏၊ ငြိမ်သက်သွားပါ၏။ သို့စေကာမူ သူတို့နှစ်ဦး၏ ရင်ထဲ၌ကား စိတ်ဆင်းရဲခြင်းဒုက္ခများ ခံစားနေရသည်ကား ပျောက်ပျက်၍မသွားခဲ့ပေ။ မမမူသည် မှုန်း၏ကိုယ်ဝန်အတွက် အပူကြီးပီပီ စဉ်းစားမရ၊ တွေးတောမရ။ ညီမဖြစ်သူ၏ ဖြစ်ရပ်ကြောင့် အရှက်ကြီးရှက်နေမိသည်။ မိမိ၏ပြောစကား နားမထောင်သဖြင့် စိတ်နာနေသကဲ့သို့ တစ်ဖက်တွင်လည်း တစ်ဦးတည်းသောညီမလေးဟူသည့် သံယောဇဉ်ကြောင့် ကရုဏာတရားများပွားများနေရပေတော့သည်။

♛♛♛♛♛

သူတို့နှစ်ဦး၏
ရင်ထဲ၌ကား
စိတ်ဆင်းရဲခြင်းဒုက္ခများ
ခံစားနေရသည်ကား
ပျောက်ပျက်၍မသွားခဲ့ပေ။
မမမူသည်
မှုန်း၏ကိုယ်ဝန်အတွက်
အပူကြီးပီပီ ......

မည်သို့ဖြစ်စေ သေသလား၊ ရှင်သလား မသိရသေးသော မောင်၏အခြေအနေအား မှုန်း မြင်လိုတွေ့လိုပါ၏။ အသက်ရှင်လျက်ရှိသော် မှုန်း၏ခက်ခဲသောဘဝအား ဖြေရှင်းရန် အခွင့်ပေးမည်ဖြစ်၏။ အကယ်၍ အသက်မရှင်ခဲ့သော် မှုန်း၏ဘဝအကျိုးပေးမကောင်းမှုအား ပြောင်းလဲမည်ဟု မှုန်း စဉ်းစားဆုံးဖြတ်ခဲ့သည်။ ထို့ဖြင့် မမမူကိုလည်းကောင်း၊ သူငယ်ချင်းများကိုလည်းကောင်း၊ အသိမပေးဘဲ မှုန်းတစ်ဦးတည်း ပဲခူးသို့သွားရန် စဉ်းစားမိ၏။

တစ်နေ့တွင် အိမ်၌ မမမူမရှိ



www.burmeseclassic.com

www.burmeseclassic.com

ခိုက် မှုန်းတစ်ဦးတည်း ကားလမ်းပေါ်တက်၍ ပဲခူး–သုံးခွကားနှင့် ပဲခူးသို့ ထွက်ခဲ့လေ၏။ မှုန်းသည် စိတ်ဆိုးစိတ်ညစ်တို့ဖြင့် ရင်ဆိုင်နေရခြင်းကြောင့် မစားနိုင်မသောက်နိုင် ဖြစ်ခဲ့ရ၏။ ထို့ကြောင့်ပင် မှုန်းသည် ယခင်ကကဲ့သို့မဟုတ်။ ချောင်ကျသွားရ၏။

ပဲခူး–သုံးခွကားသည် ဘုရားဈေးတွင် ဂိတ်ဆုံးသည်ကြောင့် မှုန်းတစ်ယောက် ကားပေါ်မှဆင်းခဲ့၏။ မှုန်းသည် မောင်နေသောတိုက်ကို သိသဖြင့် အလွယ်တကူရောက်ရှိခဲ့၏။ မောင်တို့နေထိုင်သည့်တိုက်သည် ခံ့ထည်လှပသည့်နည်းတူ ကျယ်ဝန်းသော ခြံကျယ်ထဲတွင် ထီးထီးမားမားရှိနေ၏။ ခြံဝင်းတံခါးအား တွန်းဖွင့်၍ တိုက်ဆီသို့ မှုန်းလျှောက်လာခဲ့ပါ၏။ တိုက်တံခါးဝနားရောက်၍ တိုက်ထဲသို့ လှမ်းကြည့်လိုက်ရာ မောင်၏မိသားစုများ ညှိုးလျော်သောမျက်နှာများဖြင့် ထိုင်၍မှိုင်နေကြ၏။ တံခါးဝနားတွင်ရပ် လျက်နေသော မှုန်းအား လှမ်းကြည့်၍ မိသားစုထဲမှ လူရွယ်တစ် ဦးထွက်လာပြီး.....

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"


မှုန်းက ညှိုးငယ်သောမျက်နှာဖြင့် ခေါင်းငုံ့လျက်.....

"ကျွန်မ ကိုသော်ကောင်းကို တွေ့ချင်လို့ပါ၊ ကျွန်မနာမည် မှုန်းပါ"

ထိုစဉ် မောင်၏မိခင် ဒေါ်နှ... သက်သည် ရုတ်တရက်ဆိုသ... ထိုင်နေရာမှထလျက် ဒေါသသံဖြ... ပြောခဲ့သည်။

"ဘယ်သူ.....မှုန်းဟုတ်လာ... ငါ့သားပြောပြောနေတဲ့ မှုန်းပေ... မှုန်းဆိုတဲ့နာမည် ကြားလည်... မကြားချင်ဘူး။ မြင်လည်းမမြင်ချ... ဘူး။ ညည်းကြောင့် ငါ့သားအသ... မသေပေမယ့် ဘဝသေခဲ့ရပြီ... ဟောဒီမှာ ငါ့သား၊ ငါတို့ကိုမမှ... မိတော့သလို ဘယ်သူ့ကိုမှလည်... မသိတော့တဲ့ သော်ကောင်းဆိုတဲ့... သား။ သားရေ.....မင်းကိုရက်... တဲ့ ကောင်မလေ၊ သားမှတ်မိ... လား"

ပြောပြောဆိုဆို မောင်၏မိ... သည် မှုန်း၏လက်မောင်းအား... တင်းတင်းဆုပ်ကိုင်၍ မောင်မှ... ခုတင်သို့ ခေါ်လာခဲ့၏။ မော... အသိဟူသမျှသည် ပျက်စီးယို... ခဲ့လေပြီ။ မောင့်မျက်လုံးများသ... ပွင့်လျက် သူငယ်အိမ် ရွေ့... ခြင်းမရှိတော့။ အာရုံကြောများ... တောက်လျက် လူသေပမာ... တော့၏။ မောင်သည် လော... တွင်ရှိနေသော်လည်း အသိ၊ ... များ လက်လွတ်ဆုံးရှုံးခဲ့ရပြီ... နာစရာ မောင်၏အဖြစ်ကိုကြ...





www.burmeseclassic.com

www.burmeseclassic.com





မျက်လုံးအိမ်များသည် မျက်ရည်များဖြင့် ရွဲနစ်၍နေပေ၏။ မောင်၏ဆွေမျိုးသားချင်းများကား အားအား စားမတတ်၊ ဝါးမတတ် ဖျက်တော့မည့်ပမာ ကြည့်နေကြ၏။

မောင်သည် အသိ၊ သတိ အာရုံကြောများ ပြတ်တောက်သွားလေပြီလား။ မွန်းသည် မောင်၏ ဘေးတွင် ရောက်နေသော်လည်း မောင်သည် ဘာဆိုဘာမှမသိ တော့။

မှန်ပါသည်။ မောင်သည် ရှင် ပျက်သေခဲ့လေပြီတည်း။ ဘယ်သူ မျှ မိမိမှုဆိုသည့်အတိုင်း မွန်း၏ ဝေဒနာသည် မွန်း၌သာ တာဝန် ရှိဆုံး ဖြစ်နေပေတော့၏။ မောင်ကား လွတ်ကင်းခဲ့လေပြီ။

"မောင်ရယ် မွန်းဘဝပျက် ခဲ့ပါပြီ မောင်ရယ်၊ ကံဆိုးမ များလေရာ မိုးလိုက်ပြီးရွာဆိုတဲ့ စကားက မွန်းကိုရည်ရွယ်ခဲ့တာ ထား မသိတော့ပါဘူး မောင်ရယ်၊ မွန်းဘဝ ကယ်မယ့်သူ ဝေးခဲ့ပါပြီ ရှင်"

မောင့်နံဘေးတွင် မွန်းတစ် ယောက် ငိုမြည်တမ်းတနေခြင်းကို မောင်၏ဖခင် ဦးဘကောင်းက....

"ဟေ့.....ကလေးမ၊ တော် တော့၊ မင်းရဲ့ ငိုပြီးပြောတဲ့စကား တွေက ငါ့သားအတွက်ရော၊ ငါတို့ အတွက်ပါ အမင်္ဂလာပဲ၊ ငါတို့သား ဒီလိုကြမ္မာဆိုးဝင်ရတာလည်း မင်း ပယောဂမကင်းဘူး၊ တခြားကိစ္စ တွေမှာ ငါတို့သားကို အလိုလိုက် ပေမယ့် ထင်ရာမြင်ရာ မိန်းမတွေ ကို ကောက်ယူဖို့ ကြိုးစားတာကို တော့ ငါတို့ ဘယ်လိုမှ လက်မခံ နိုင်ဘူး၊ မင်းမှာ ဘာဆေးတွေရှိနေ လဲဆိုတာ မသိပေမယ့် ငါတို့သား ငါတို့စကား နားမထောင်ဘူး၊ ငါ တို့ကိုပုန်ကန်ပြီး မင်းဆီဖွတ်တရွတ် ထွက်သွားတာ၊ ဆိုးလိုက်တဲ့ ငါ့သား ရဲ့ကံ၊ ဘာမဟုတ်တဲ့မိန်းမနဲ့ ဘဝ ချင်း ဘာလို့လဲရတာလဲကွာ"

မွန်းသည် သူမအား ဖိနှိပ် ပြောဆိုနေသော မောင်၏မိဘများ နှင့် ဆွေမျိုးသင်္ဂဟများအား ခပ် တင်းတင်းကြည့်လိုက်ပြီး.....

"ကျွန်မအပေါ်မှာ ဖိနှိပ်ပြော ဆိုတာ အားမရသေးရင် ကျွန်မကို သတ်ပစ်နိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်မ ပြောချင်တာက မောင်နဲ့ ကျွန်မဟာ ငယ်ရွယ်သူတွေပါ၊ နှလုံးသားချင်း ရင်းနှီးကြပြီး သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ၊

www.burmeseclassic.com



မောင်အခုလို အဖြစ်ဆိုး ကြုံရတာလည်း မောင်ဆိုးလို့ မဟုတ်ပါဘူး၊ ကျွန်မခန္ဓာကိုယ်ထဲမှာ ရှင်တို့ရဲ့မျိုးဆက်၊ မောင့်ရဲ့ရင်သွေးလေး ကိန်းအောင်းနေလို့သာ မောင့်ရဲ့ လူသားချင်းစာနာတတ်၊ ချစ်တတ်တဲ့စိတ်ကြောင့် ကျွန်မဆီ ထွက်လာခဲ့တာ၊ မောင့်ကိုချစ်တဲ့ ကျွန်မကလည်း မောင့်လိုပဲ အဆုံးသတ်ဘဝမျိုးဖြစ်အောင် ဖန်တီးရမှာပါ၊ ဒါမှမောင့်ကို ကျွန်မချစ်တယ် ဆိုတာ ကမ္ဘာ့ကြည့်းတင်နိုင်တော့ မှာပေါ့၊ မောင့်ရဲ့ အဆုံးအစမရှိတဲ့ ဘဝကို ကျွန်မသိခဲ့ရသလို ကျွန်မနဲ့ မောင့်ရင်သွေးလေးရဲ့ ဘဝနစ်ခုဟာလည်း မောင့်ဘဝလိုပဲ အမှောင်ဖုံးလွှမ်းတဲ့ ဘဝမျိုးဖြစ်အောင် ကြိုးစားမှာပါရှင်''

မောင်၏မိဘနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းအားလုံး ပါးစပ်အဟောင်းသားဖြင့် အံ့အားသင့်နေခိုက် တိုက်ထဲမှ မွန်းတစ်ယောက် အပြေးတစ်ပိုင်း ထွက်လာခဲ့တော့၏။ ငိုရှိုက်လျက် ပြေးထွက်လာသော မွန်းသည် မောင့်ကိုသာ တမ်းတလျက် မည်သည့်အရာမျှ မမြင်နိုင်တော့ပါချေ။ မွန်း၏အဖြစ်သနစ်ကို သိသွားကြသော မွန်း၏ မိဘများသည် မွန်းအား ပြန်လည်ခေါ်ရန် နောက်မှလိုက်လာကြ၏။ သို့စေကာမူ.....

"မောင်း....."

"အမယ်လေး....."

"ကျွီ....."

၁၀ တန်ကားကြီးမှာ လမ်းဘေးသို့ တိမ်းစောင်းနေသကဲ့သို့ ပေတစ်ရာလမ်းမကြီးပေါ်တွင် သွေးများ မြင်မကောင်းအောင် အိုင်ထွန်း နေတော့၏။ လူအများ ဝိုင်းအုံ၍ကြည့်နေကြပါ၏။ မကြာ ရဲတပ်ဖွဲ့ဝင်များ ရောက်လာ လူနာတင်ကားလည်း ရောက်လာ ၏။ မွန်းသည်မောင့်အား မည်မျှ ချစ်ကြောင်း သက်သေပြခဲ့



ကားသမားမှ ယာဉ်ကိုမဆ မခြင် မောင်းနှင် လူသေမှုတို့ဖြ အမှုဖွင့်ခြင်းခံခဲ့ရ မည်သို့ဆို မောင်ရောမွန်း စိတ်ကူးနှင့်တ ဆောက်ခဲ့သေ အရာအားလ ပြိုပျက်သွားခဲ့ပြီ ၏။ မောင်သ ဘဝသေသကဲ့ မွန်းသည်လ ဘဝဆုံးခဲ့ပြီဖြစ်၏။ သူတို့နှစ်ဦ ဇာတ်ကြောင်းသည် တက္ကသို ကျောင်းသူ၊ ကျောင်းသားများ ပြောစမှတ်ပြုစရာ၊ သင် စာယူစရာ ချစ်ဇာတ်လမ်း ပြ တစ်ခုပင် ဖြစ်ပေတော့သည်။

မောင်သာမန် (မြ




www.burmeseclassic.com

www.burmeseclassic.com

ခင်ဦး (ပုတီးကုန်း)

# အမ္ဗပါလိလို မိန်းကလေး





www.burmeseclassic.com

www.burmeseclassic.com





ခင်ဦး (ပုတီးကုန်း)

'ယွန်း' ဆိုသော မိန်းကလေးတစ်ဦး။

အသားအရေမှာ ဝင်းဝါစိုပြည်ကာ ပါးကလေးနှစ်ဖက်က ပန်းနုရောင်အသွေး၊ အရပ်မှာ မနိမ့်မမြင့်၊ ကျက်သရေအပေါင်းနှင့် ဆင့်ကဲကာ လှလွန်းသောအရွယ်။ မြေပြစ်တင့်တယ်ခြင်းဂုဏ်နှင့် ပြည့်စုံလှ၍ မွေးသောပန်းကလေးတစ်ပွင့်ဖြစ်သည်။ ပျားပိတုန်းတို့အလယ်၌ လှသွေးကြွယ်၍ အလှမာန်မဝင့်ရဲ၊ နိမ့်ကျလှသော သူမဘာဝအခြေအနေကြောင့်လည်း ယွန်းမှာ အမြဲသတိထားနေရသည်။ သူမ၏အသိက သူမ၏အနာဂတ်အရေးမှာ အမြဲမသေချာ၊ မရေရာဆိုသည့်အချက်ပင်ဖြစ်သည်။

'ကိုမြင့်လှိုင်' ဆိုသော လူတစ်ဦး။

ထိုသူမှာ အသက် ၂၆ နှစ်သာရှိသေးသော်လည်း တည်ကြည်သောအမူအရာ၊ ကိုယ်ကျင့်တရားကောင်းမှုတို့ကြောင့် အရွယ်နှင့်မလိုက်အောင် ရင့်ကျက်လွန်းလှသည်။ အသက် ၂၆ နှစ်သာရှိသေး



သော်လည်း လူပျိုကြီးဘွဲ့ကို ခံ
နေရှာသည်။ B.E ဘွဲ့ယူပြီး
ကုန်၍ သင်တန်းများတက်
အင် ဂျင်နီယာကောင်းတစ်ဦး
လာရန် စာတွေ၊ လက်
ဆည်းပူးနေသူ ဖြစ်သည်။

'ယွန်း' နှင့် 'ကိုမြင့်လှိုင်' တို့
ကံစပ်မောင်နှမများဖြစ်ကြသည်
အတူနေ၊ အတူစား၊ အတူသွား
ထိုင်ကြရခြင်းဖြင့် တစ်ဦးအပေါ်
ဦး သံယောဇဉ်ကြီးလှသည်။

ယွန်းမှာ ၆ နှစ်သမီးအ
ရောက်မှ မိဘများက သူတို့
ဆွေများဖြစ်သူ ကိုမြင့်လှိုင်မိဘ
ထံသို့ အလည်ပို့ထားခြင်းဖြစ်
သို့ ရာတွင် တော၌ သောင်း
သူများက သတ်ဖြတ်ခြင်းကြေ
ယွန်း၏မိဘနှစ်ပါး ဆုံးပါး
ရသည်။ ယွန်းမှာ ကိုမြင့်လှိုင်
အိမ်မှ စောင့်ရှောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဘားခြင်းဖြင့် အိမ်သားတစ်ဦး အဖွယ် ဖြစ်လာခဲ့၏။

❦❦❦❦❦

မြောင်းမြမြို့ပေါ်ရှိ စက်သူဌေး ဦးစံကြိုင်နှင့် ဒေါ်ခင်လှိုင်တို့မှာ ကျယ်ဝန်းသော မြေရေိယာကြီး အတွင်း ဆန်စက်များ၊ ဂိုဒေါင်များ ဖြင့် ကြွယ်ဝချမ်းသာသူများဖြစ် သည်။ အိမ်ဝင်းအတွင်း တိုက်လှ လေးတစ်လုံး၊ ခြံဝင်းပတ်လည် ခရေပင်များစီ၍စိုက်ထားရာ စိမ်း အေးမြနေပေသည်။ သူတို့စက် ဝင်းဘေးရှိ ဆင်းရဲသားရပ်ကွက် လေးမှ လုပ်သားတော်တော်များ များသည် သူတို့စက်ထဲ၌ လာ

ရောက်လုပ်ကိုင်ကြသည်။

ယွန်းရောက်ပြီး သုံးနှစ်အကြာ တွင် ဦးစံကြိုင်တို့မိသားစုမှာ ဒုက္ခ အကြီးအကျယ်ရောက်ရသည်။ ကံ ဆိုးမသွားရာ မိုးလိုက်လို့ရွာဟုပင် ဆိုရပေမည်။ ယွန်းမှာ ပျော်ရွှင်စွာ နေထိုင်နေရာမှ ဦးစံကြိုင်တို့စက် ဝင်းကြီးတစ်ခုလုံးကို မီးလောင်လေ တော့သည်။ အိမ်၊ ဂိုဒေါင်၊ စက် အားလုံး ပြာကျပြီး ဦးစံကြိုင်နှင့် ဒေါ်ခင်လှိုင်တို့နှစ်ဦးမှာ မီးထဲသို့ပါ သွားရှာသည်။ မောင်မြင့်လှိုင်နှင့် ယွန်းတို့မှာ ကျောင်းသွားနေခိုက် ဖြစ်၍ လွတ်သွားကြသည်။ အသက် မသေဘဲ ကျန်ခဲ့ကြသော်လည်း မိဘမဲ့၊ ဥစ္စာမဲ့များဖြစ်ပြီး အဝတ် တစ်ထည်၊ ကိုယ်တစ်ခုသာ ကျန်



ခဲ့ရှာသည်။ ပစ္စည်းမဲ့၊ မိဘမဲ့ ကံ စပ်မောင်နှမနှစ်ဦးမှာ လောက အလယ် ယောင်လည်လည်နှင့် ကျန်ရစ်ခဲ့ရှာသည်။

မကြာမီ ဦးစံကြိုင်၏ညီဖြစ်သူ ဦးစံလှိုင်မှာ ရန်ကုန်မှရောက်ရှိလာ ပြီး သူ၏တူလေးကို ခေါ်သွားရန် ပြင်သည်။ ယွန်းမှာ အားကိုးရာမဲ့ ဘဝလေးနှင့် ကျန်ရစ်ခဲ့ရှာတော့ မည်။

"တို့မိသားစုကလည်း ရှုန်း ကန်နေရတာ၊ ကလေးကလည်း လေးယောက်ရှိတော့ ယွန်းလေးကို သနားပေမယ့် မမွေးနိုင်ဘူးကွာ၊ မြင့်လှိုင်က တူဆိုတော့ မပစ်ရက် ဘူး၊ ဆင်းရဲလည်း မျှဝေခံစားရမှာ ပါ"

"ယွန်းလေးကို ဘယ်လိုလုပ် မလဲ ဦးလေးရယ်"

ဂါဝန်ဟောင်းလေးနှင့် တိုင် ဘေး၌ ငိုနေသော ကိုးနှစ်အရွယ် ယွန်းလေးမှာ မောင်မြင့်လှိုင်အား အားကိုးတကြီးမျက်ဝန်းလေးဖြင့် ကြည့်ကာ ငိုနေရှာသည်။

"အစ်ကိုလေးကို မခွဲနိုင်ဘူး၊ ယွန်းကိုမထားခဲ့ပါနဲ့ အစ်ကိုလေး ရယ်"

မောင်မြင့်နိုင်မှာ ယွန်းအား ပြေးဖက်၍ ငိုလေတော့သည်။

"မလိုက်ပါရစေနဲ့ ဦးလေး ရယ်၊ ကျွန်တော်တို့မောင်နှမ ဒီဝင်း



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ တဲလေးထိုးပြီးနေပါရစေ၊ ညီမလေးကို ကျွန်တော်ရှာကျွေးပါ့မယ်”

“အို.....မဟုတ်တာ တူလေးရယ်”

ထိုစဉ် စက်ဝင်းဘေးရပ်ကွက်ထဲမှ ဒေါ်လေးမြဆိုသူမှာ သူတို့ကို ရပ်ကြည့်ရင်း စိတ်မကောင်းဖြစ်နေသည်။ ဒေါ်လေးမြမှာ ရိုးသား၍ စိတ်ရင်းကောင်းသူဖြစ်သည်။ သူမ၏လင်ယောကျ်ား ဦးစန်းမှာ မောင်မြင့်လှိုင်တို့စက်မှ လူရင်းစက်လုပ်သားဖြစ်သည်။ မိမိကျေးဇူးရှင်၏ ကလေးကို စောင့်ရှောက်လိုကြောင်း ပြောလာသည်။

“ယွန်းကို ကျွန်မဆီထားခဲ့ပါ၊ သားသမီးမရှိလို့ အဆင်ပြေပါတယ်၊ မောင်မြင့်လှိုင်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ရင် ညီမလေးကို ပြန်ခေါ်ပါ”

“အဲ.....ဒေါ်လေးမြပြောတာ သဘောတူတယ်”

မောင်မြင့်နိုင်မှာ ဒေါ်လေးမြအား ယွန်းကိုဂရုတစိုက် စောင့်ရှောက်ရန်မှာကြားပြီး ထွက်ခွာသွားခဲ့တော့သည်။ မခွဲချင်သော သံယောဇဉ် မောင်နှမနှစ်ဦးကို ကံတရားက ခွဲခဲ့လေပြီ။

♛♛♛♛♛

စက်ဝင်းဘေးရပ်ကွက်ထဲမှ
ဒေါ်လေးမြဆိုသူမှာ
သူတို့ကို ရပ်ကြည့်ရင်း
စိတ်မကောင်းဖြစ်နေသည်။
ဒေါ်လေးမြမှာရိုးသား၍စိတ်ရင်းကောင်းသူဖြစ်သည်။
သူမ၏လင်ယောကျ်ားဦးစန်းမှာ.......

စက်ဝင်းကြီးကား မီးခိုးရောင်လွှမ်းကာ အနိဌာရုံမြင်ကွင်းဖြစ်နေသည်။ ယွန်းမှာ ထိုမြင်ကွင်းကို ကြည့်ရင်း မျက်ရည်တွေဝေ့ကာ နေရှာသည်။ စက်ဝင်းဘေးမှ ခရေပင်တို့ကား၊ ပန်းတို့ကြွေနေသည်။ ယခင်က ကျောင်းသွားချိန် ခရေပန်းများကောက်ကာ နှစ်ဦးသားသီ၍ ကျောင်းသို့ယူသွားသည်။

ကျောင်းမှ ဘုရားခန်းထဲသို့ အရင်ဝင်ကန်ပြီး အတန်းပိုင်ဆရာမများကို ကိုယ်စီပေးလေ့ရှိသည်။ မီးဟပ်ထား၍ တစ်ခြမ်းခြောက်နေသော ခရေပင်ကြီးကိုကြည့်၍ သူမတို့၏ ကံကြမ္မာဆိုးကို အပြစ်တင်နေရှာသည်။

တစ်ချိန်က စက်သူဌေးအိမ်၌ ပျော်ရွှင်ချမ်းမြေ့စွာ နေခဲ့ရသော်လည်း ယခုအခါ ယွန်းမှာ ဆင်းရဲသားရပ်ကွက်ရှိ အိမ်လေးသေ လေး၌ ဆင်းဆင်းရဲရဲ နေရရှ သည်။ ကျောင်းမှထွက်၍ ထမင် ချက်၊ အဝတ်လျှော်ရင်း အိ အလုပ်ကို လုပ်ပေးရှာသည် ဦးစန်းမှာ စက်မီးလောင်၍ အလု ပြုတ်ခဲ့သည်။ ကြုံရာကျပန် အလုပ် လုပ်နေရသည်။

ဒေါ်လေးမြမှာ ရပ်ကွ တကာ ဈေးလည်ရောင်းရင်း သားစုသုံးဦးစာကို ခက်ခဲစွာ ရှာ နေရသည်။ ယွန်းမှာ နံနက်တို ခရေပင်အောက်၌ ခရေပန်းမျ ကောက်၍သီကာရောင်းသည်။ မ နိုးကိုစုသည်။ ရသမျှငွေလေးမျာ စုဘူးလေးထဲ၌ထည့်စုသည်။ အ ကိုလေးလာလျှင် သုံးရန်ဖြစ်သ

ယွန်းမှာ ခရေပန်းလေးမျ ကောက်ရင်း အစ်ကိုလေးကိုလွ



www.burmeseclassic.com

www.burmeseclassic.com



…ာ တမ်းတနေရှာသည်။ တစ်ချိန် …ာ ပန်းကို အလှအယက်ကောက် …ပုံလေးများကို ပြေးမြင်ယောင်မိ သည်။

"အစ်ကိုလေးရယ်......"

ရာသီစက်ဝန်းတို့လည်း နွေ …း ဆောင်း ပြောင်းလဲခဲ့ပြီဖြစ်၏။ …ကြီးထွားလာသော ခရေပင်ကြီးများ …အောက်မှ မိန်းမပျိုလေးယွန်းသည် …င် အရာရာပြောင်းလဲခဲ့ပြီဖြစ်၏။ …အလှတရားတို့ဖြင့် ဖူးပွင့်လာသော ယွန်းကလေးသည် လေယူရာယိမ်းနွဲ့ကာ မွှေးပျံ့နေသော ပန်းလေးတစ်ပွင့် ဖြစ်နေချေပြီ။

"ယွန်းလေး"

"ရှင်.....ဒေါ်လေးမြ"

"သမီး အိမ်မှာပဲနေနော်၊ အပျိုအရွယ်လေးဖြစ်လာပြီ၊ သမီးက မိန်းကလေးကွ္ဂ ြေန္ဂ ပြည့်စုံပါတယ်၊ ဒါပေမဲ့ သမီးကလှတော့ စိတ်မချဘူး၊ သတိဝီရိယနဲ့နေနော်"

"ဟုတ်ကဲ့၊ စိတ်ချပါ ဒေါ်လေးရဲ့"

ဒေါ်လေးမြမှာ ယွန်းအရွယ်ရောက်လာကတည်းက စိတ်မချနိုင်ပေ။ ယခုလည်း ဈေးရောင်းထွက်ကာနီး အမြဲမှာနေကျအတိုင်းမှာပြီးမှ ထွက်လေ့ရှိသည်။

ယွန်းကား မျက်လုံးလေးကလယ်ကလယ်နှင့် ခေါင်းညိတ်ရှာသည်။ ဝင်းစိုနေသော မျက်နှာနုနုလေးပေါ်၌ ပြုံးရောင်သန်းနေသော မျက်ဝန်းလေးများကား သောက်ရူးကြယ်ညီနောင်အလားတောက်ပလွန်းလှသည်။ ဒေါ်လေးမြမှာ ယွန်းအားကြည့်ရင်း သက်ပြင်းရှည်ကြီးချမိသည်။

ယွန်းမှာ တစ်ယောက်တည်းနောက်ဖေးဆောင်လေး၌ ဆန်စိမ်နေစဉ် ခရေပင်ကြီးများကို ငေးဝဲကြည့်မိသည်။ စိမ်းစိုအုံ့မှိုင်းနေသော ခရေပင်ကြီးပေါ်၌ ဥဩငှက်လေးမှာ ဥဩ.....ဥဩဟု တစာစာဟစ်ကြွေးနေသည်။

"ဥဩငှက်လေးရယ် ငါလည်း မင်းလိုပဲ ဖော်မဲ့တစ်ကောင်တည်း ဘဝပါကွယ်"

ယွန်းမှာ မျက်ရည်လေးများရစ်ဝိုင်းလာပြီး အစ်ကိုလေးကို တမ်းတမိပြန်သည်။

"အစ်ကိုလေးရယ် တစ်ခေါက်မှပြန်မလာတာ ကြာခဲ့ပါပြီကော၊ ညီမလေးကို မေ့သွားပြီလားရှင်၊ ညီမအရင်းမဟုတ်တော့ မေ့ရက်နိုင်တာပေါ့ အစ်ကိုလေးရယ်၊ ညီမလေးက နေ့တိုင်းမျှော်နေတာပါ"

တစ်နေ့ပြီးတစ်နေ့ အစ်ကိုလေးကိုတမ်းတရင်း အချိန်ကုန်ခဲ့ရသည်။ ကိုမြင့်လှိုင်ကား ဆယ်တန်းအောင်သွားပြီဟုသာ ကြားရသည်။ ယွန်းမှာ ပျော်ရွှင်ခဲ့ရသည်။ မကြာမီ စာလေးတစ်စောင် ရောက်လာသည်။ ကိုမြင့်လှိုင် ပြန်လာမည့်အကြောင်းဖြစ်၍ ယွန်းမှာ ညပင်မအိပ်ဘဲ မျှော်နေရှာသည်။ ဝမ်းသာလွန်း၍ ထမင်းပင်မစားနိုင်။ အပျော်ကြီးပျော်နေရှာသည်။ သို့သော် မျက်နှာပြင်၌ မျက်ရည်များ တွေတွေစီးကျလျက်။ ပျော်လွန်း၍ကျသော မျက်ရည်များသာ ဖြစ်ပေမည်။

"ဝမ်းသာလိုက်တာ၊ အစ်ကိုလေးနဲ့ တွေ့ရတော့မယ်"

တစ်နေ့ပြီးတစ်နေ့အစ်ကို
လေးကိုတမ်းတရင်း
အချိန်ကုန်ခဲ့ရသည်။
ကိုမြင့်လှိုင်ကား
ဆယ်တန်း အောင်သွားပြီဟုသာ
ကြားရသည်။
ယွန်းမှာပျော်ရွှင်ခဲ့ရသည်။
မကြာမီ
စာလေးတစ်စောင်.....



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ကိုမြင့်လှိုင် ပြန်လာသည်။ သူတို့၏စက်ဝင်းကြီးကို ရပ်ကြည့်ကာ မျက်ရည်များစို့လာသည်။ အဝေးမှ လှမ်းမြင်ရသော ယွန်းမှာ အပြေးတစ်ပိုင်း ပြေးလာသည်။ ရင်အုပ်ကားကား၊ ကြွက်သားဖုထစ်၊ ပျိုမျစ်နုနယ်သော ယောကျ်ားတစ်ယောက်၏အလှကို ပိုင်ဆိုင်သူ အစ်ကိုလေးအား ဝမ်းသာအယ်လဲ ပြေး၍ကြိုလိုက်သည်။ ကိုမြင့်လှိုင်မှာ ရင့်ကျက်တည်ငြိမ်လှသောအပြုံးဖြင့် ယွန်းအားကြိုလိုက်သည်။

ကိုမြင့်လှိုင်မှာ ပြစ်မျိုးမဲ့မထင်လှချင်တိုင်းလှနေသော ဖူးပွင့်စပန်းအလှကို မြင်လိုက်ရ၍ မယုံနိုင်အောင် ငေးမောနေမိသည်။

"အစ်ကိုလေး....."

"ယွန်း.....ယွန်းလေး"

ယွန်းမှာ ပြေး၍ဖက်မည်လုပ်ပြီးမှ အနားရောက်သော် အစ်ကိုလေးရှေ့၌ ခြေစုံရပ်မိလျက်သားဖြစ်သွားသည်။ ကိုမြင့်လှိုင်မှာ ယွန်း၏အမူအရာလေးကို နားလည်လိုက်သည်။ ထို့နောက် ယွန်း၏လက်ကလေးကိုဆွဲကာ ခရေပင်ကြီး အောက်သို့ ပြေးလာခဲ့တော့သည်။

"လွမ်းလိုက်ရတာ အစ်ကိုလေးရယ်"

"အစ်ကိုလေးလည်း လွမ်းရပါတယ်၊ လွမ်းမတိုင်း စာကိုချည်းဖိကျက်တာ၊ ဆယ်တန်းကို ဂုဏ်ထူး နှစ်ဘာသာနဲ့ အောင်ခဲ့တယ်လေ"

"ဟယ်.....အစ်ကိုလေးက တော်လိုက်တာ"

"သူများအိမ်မှာ အစစအရာရာ သတိနဲ့နေရတော့ လာချင်လည်း မပြောရဲဘူးလေ၊ ညီမလေးရဲ့ သတင်းကိုတော့ အမြဲမေးနေပါတယ်၊ ညီမလေးက အရမ်းလှလာတော့ အစ်ကိုလေး စိတ်မချဘူးကွယ်"

"ညီမလေးလိမ္မာတာ အစ်ကိုလေး သိပါတယ်၊ ဒေါ်လေးမြကလည်း မိဘလိုပဲ စောင့်ရှောက်ပါတယ်၊ တစ်ခါတစ်ခါ ဦးလေးစန်းကြီး အရက်သောက်လာရင်တော့ ကြောက်တယ်လေ"

"အင်း.....အစ်ကို ရင်လေးမိတယ်၊ အစ်ကိုလေး အလုပ်ရရင် ချက်ချင်းလာခေါ်မယ်၊ ညီမသာ သတိဝီရိယနဲ့နေနှင့်"

"ညီမလေးနဲ့ အစ်ကိုလေးတို့ အတူနေရအောင် အမြဲဆုတောင်းနေပါတယ်၊ ညီမ ကြိုတ်မှိတ်သည်းခံပြီး နေပါ့မယ်"

"သနားလိုက်တာ ညီမလေးရယ်"

ယွန်း၏မျက်နှာလှလှလေးပေါ်တွင် မျက်ရည်စီးကြောင်းလေးများ



ကျဆင်းလာမှုကို ကိုမြင့်လှိုင်က
တယုတယသုတ်ပေးရင်း ခရေပ
လေးများကောက်ကာ ယွန်းလက
ထဲသို့ ထည့်ပေးခဲ့သည်။

"ယွန်းဘဝမှာ ဒီပန်းခရေ
လေးတွေနဲ့ပဲ အဖော်ပြုနေရတာ
အစ်ကိုလေးရယ်"

"အေးပါ၊ ခရေလေးတွေဟာ
ညီမရဲ့ အခြွေအရံလေးတွေဖြစ်
ကျေးဇူးတင်ပါတယ် ခရေလေး
ရယ်၊ ဒါပေမဲ့ ကြွေမွှေးရတဲ့ ခ
ဘဝမျိုးကိုတော့ ယွန်းကိုမဖြစ်
ချင်ဘူး။ ပင်ယံနန်းမြင့်ထက်
ထာဝရ လှနေစေချင်တာ အစ်



www.burmeseclassic.com

www.burmeseclassic.com

စေတနာပါ''

ထိုသို့ပြောပြီး မျက်နှာလုလု အား စေ့စေ့ကြည့်ရင်း ကိုမြင့် မှာ သက်ပြင်းတစ်ချက် ချ်း၍ လိုက်မိသည်။ ယင်းနောက် အိမ် ဆီသို့ လာခဲ့ကြတော့သည်။

♛♛♛♛

''နယုန်မိုးသေး မြက် မွေး''ဟူ သည့် အတိုင်း မိုးရေစက် ကြောင့် မြေပြင် င် ကမ္ဘာလာ မြ ရောင် ဆင်လေ ၊ မီးခိုးရောင်ကြီး ကာ စက်ဝန်း ကြီး တစ်ခုလုံး စိမ်း ဖန့်ရောင်ပြေးနေ သည်။

မြက်နုလေးများ နံ ဆ ၁ ဆ င် မှု ကြောင့် ဝန်းကျင် တစ်ခု စိမ်းစိုလှပ နေသည်။

ယင်းမြစိမ်းနုကမ္ဘာလာပေါ်၌ ခြေဖွဖွလေးတစ်စုံ ပြေးလျှောက်နေ ကို ပုရိသကျားတစ်ကောင်က ရမ္မက် ပြင်းပြစွာ၊ စူးရှမှုး သော မျက်ဝန်းကြီးဖြင့် ကြည့် နေသည်။

''လှလိုက်တဲ့မိန်းကလေးရယ်''

ထိုသူ၏အကြည့်စိမ်းကို မိန်းကလေးမှာ မရိပ်မိရှာချေ။

''ယွန်းရေ.....ယွန်း''

''ရှင်.....ဒေါ်လေးမြ''

''သမီးရေ အိမ်မှာနေခဲ့၊ ဒေါ်လေးလေ ဒီနေ့ ကြွေးလည်တောင်းရဦးမှာမို့ မိုးချုပ်ချင်ချုပ်မယ်၊ နင့်ဦးကြီးကို ထမင်းကျွေးနှင့်၊ ငါ ပြန်လာမှစားမယ်၊ သတိဝီရိယနဲ့နေ



နော်''

''ဟုတ်ကဲ့ ဒေါ်လေးမြ''

ယွန်းမှာ ခြံတံခါးလေး စေ့ထားလိုက်သည်။ မိုးချုပ်စပြုလာ၍ အပြင်ဘက်သို့ ငေးမျှော်ရင်း ဒေါ်လေးအလာကို မျှော်မိသည်။

ထိုစဉ် အရက်နံ့တထောင်းထောင်းနှင့် ဦးစန်း ပြန်လာသည်။

''ဟော.....ဦးကြီးစန်း ပြန်လာပြီ၊ ထမင်းစားတော့မလား ဦးကြီး''

''ဟေ.....အေး၊ ဝေ့''

ခြေလှမ်းမမှန်မကန်ဖြင့် ထမင်း စားပွဲတွင် ဝင်ထိုင်လိုက်သည်။ ယွန်းမှာ လုပ်နေကျအတိုင်း ထမင်းပန်းကန်ထဲသို့ ထမင်းခူးထည့်ကာ ဦးကြီးစန်းရှေ့သို့ ချပေးသည်။

လက် ပြန်အရှပ် လက်ကလေးကို လက် ကြမ်းကြီးက ဆုပ်ကိုင်လိုက်သည်။

တစ်ဖက်သား တစ်ချက်အငိုက်ကို ချောင်းနေသူ ဦးကြီးစန်းမှာ အရှိန်းပန်းလေး တစ်ပွင့်ကို ခြွေချရန် စိတ်ကူးပြီးဖြစ်သည်။

တဏှာရမ္မက်၏ စေ့ဆော်မှုကြောင့် အများတစ်ခုကျူးလွန်ရန် ဆန္ဒပြင်းပြနေသည်။ ယုန်သူငယ်လေးမှာ ကျားခံတွင်းဝ၌ ကြောက်လန့်တုန်လှုပ်နေရှာသည်။

''ဦးကြီးရယ် သနားပါ၊ လွှတ်ပါရှင်''

www.burmeseclassic.com

မည်မျှအသနားခံသော်လည်း ဘီလူး၏အစွယ်ဖွေးဖွေးကား ကြောက်စရာကောင်းလှသည်။ သားကောင်ကိုသာ အမိအရ စားလေတော့သည်။

ပန်းအရိုင်းလေး ကြွေသွားပြီဖြစ်သည်။ ထိုအချိန် မိုးနှင့်အတူ မျက်ရည်များ၊ လေနှင့်အတူ ခရေပန်းများ မြေသို့ကြွေကျလေတော့သည်။

♛♛♛♛♛

ဒေါ်လေးမြပြန်အလာ အနီဗွာ ရုံမြင်ကွင်းက ဒေါ်လေးမြရင်ကို အပူမီးတောက်လောင်စေသည်။

"ဟင်.....ယွန်း.....ယွန်း"

"ဟင့်.....ဟင့်.....ဟင့်"

"ဘယ်လိုဖြစ်ရတာလဲ ယွန်းရယ်"

"ဦးကြီးလေ ဦးကြီးက..... ယွန်း.....ယွန်းကို....."

ဆံပင်ဖားလျား၊ လုံချည်လျော့ရဲ၊ အင်္ကျီကြယ်သီးပြုတ်နှင့် ထိုင်ငိုနေသော မိဘမဲ့ကောင်မလေး အဖြစ်ကို ဒေါ်လေးမြကြည့်ရင်း ကြက်သီးမွေးညင်းထသွားသည်။ ဒေါသအညွန့် ခေါင်တက်ကာ အံကိုကြိတ်လိုက်သည်။

"ဟင်...ခွေးကြီး၊ သင်းယုတ်မာတာ နှစ်ခါရှိပြီ၊ ငါ့တူမလေးဘဝကိုလည်း သင်းပဲ ချေဖျက်ခဲ့တာ၊ လင်မိုက်လို့နှုတ်ပိတ်ပြီးနေခဲ့တာ၊ တူမလေးလည်း သေခဲ့ရတယ်၊ သင်းအခုလည်း စော်ကားပြန်ပြီ၊ သင်းကို သတ်ပစ်မှအေးမယ်"

ဒေါ်လေးမြမှာ ဒေါသထွက်မှုကြောင့် တဆတ်ဆတ်တုန်ကာ ထရံကြားတွင်ထိုးထားသော ဓားမကို ဆွဲနုတ်လိုက်သည်။

"ဒေါ်လေး မလုပ်ပါနဲ့၊ ဒေါ်လေး"



ဒေါ်လေးမြမှာ အိပ်ခန်းထဲဝ သွားပြီး တရှူးရှူးအိပ်နေသော ဦး ကြီးစိန်းလည်မျိုအား ခုတ်ချလိုက် လေတော့သည်။

ဤသို့အခင်းဖြစ်ပြီးနောက် စက်ဝင်းကြီးမှာ အရာရာ တိ ဆိတ်ခဲ့ပေသည်။ သော့ပိတ်ထား သော အိမ်လေးအတွင်း အိမ်ရှင် နေသည်။ ယွန်းလည်း ကိုယ်ယော ပျောက်သွားသည်။ မည်သည့် သတင်းမှ မကြားရတော့ချေ။ ခ တို့ကား ကြွေမြဲကြွေနေကြသည်

♛♛♛♛♛

ရန်ကုန်ဆင်ခြေဖုံးရပ်ကွက် လေးတစ်ခုအတွင်း 'မွန်း'ဆိုသော ညဉ့်ငှက်မလေးကို ပုရိသယောက် အတော်များများက စွဲလမ်း သည်။ ကာရာအိုကေအဆိုကော ရုံသာမက အလှတရားတို့ဖြ ကြွယ်ဝသော မိန်းမလှလေးမှာ မွ ဟူသော အမည်တစ်လုံးနှင့် ထ ရှားသူလေးဖြစ်သည်။ ညဉ့်ဦး မီးရောင်စုံအတွင်း သီချင်းလှလှ ဆိုပြီး ညဉ့်ယံ၌ ရောင်စုံ၊ မျိ သော ကားများအတွင်း ဖျော် ရန် လိုက်ပါမြဲဖြစ်သည်။

ညဉ့်ငှက်မလေး မွန်းမှာ ဘ ပေးအခြေအနေအရ လုပ်ငန်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မနှစ်မြို့ချေ။ သူမ၏ အသွေးအသားကို အရင်းပြုပြီး ဘိမ်းယောကျ်ားတို့ရင်ခွင်တွင် ဖျားဆွယ် ပြုစုပေးနေရသည့် အလုပ်ကို စက်ဆုပ်ရွံရှာ မုန်းတီး သည်။

တကယ်တော့ မွန်းမှာ ဘဝ တစ်ဖြစ်လဲ ယွန်းပင်ဖြစ်သည်။ ရည်ရာမဲ့ဘဝနှင့် လေလွင့်ရာက လူမှောင်ခိုလုပ်သော အမျိုးသမီး ကြီးတစ်ဦးနှင့်တွေ့ကာ စား သောက်ဆိုင်တစ်ခု၌ တူမအရင်း ဟုပြောပြီး ရောင်းစားခံရသည်။ စာချုပ်ချုပ်ပြီး၊ ငွေယူပြီးနောက် ထွက်ပြေးသွားသော အမျိုး သမီးကြီးကို သူမ သတ်ချင်မိ သည်။ သူမဘဝဖူးပွင့်စ အလုပန်း ကို ဦးစန်းဆိုသောလူက အညွန့် ချိုးခဲ့သည်။ ဘဝတစ်ခုလုံး အမှောင်တိုက်ကျစေရန် လူမှောင် ခိုအမျိုးသမီးကြီးက ပို့ပေးခဲ့သည်။

ကြမ္မာဆိုးထဲမှ ကံဆိုးမလေး မွန်းမှာ မုန်တိုင်းထန်ပြီး မိုးကြိုး ပစ်ခံခဲ့ရရှာသည်။ မထူးဇာတ်ကို ခင်းခင်း အသက်ရှင်ရေးကို ကြိုး စားခဲ့ရရှာသည်။ သို့သော် ယွန်း ဘဝမှာ မျက်ရည်ပင်လယ်ထဲ၌သာ ကူးခတ်နေရဆဲဖြစ်သည်။ မပျော် သော်လည်း တော်ရာဘဝ၌ နေရ သည်။ မချစ်မနှစ်သက်သူများကို သူမ၏အသွေးအသားကို ပေးဆပ် ရင်း မသူတော်ဇာတ်ဝင်ခန်းကို က နေရသူ ညဥ့်ငှက်မလေးအတွက် မျက်ရည်သည်သာ အဖော်ဖြစ်ခဲ့ သည်။

ကိုမြင့်လှိုင်မှာ ယွန်းသတင်း ကို ထောက်လှမ်းခဲ့သော်လည်း အစ အနပင် မသိခဲ့ရ။ ထို့ကြောင့် B.E ဘွဲ့ရပြီး စက်ဝင်းကြီးတစ်ခုလုံးကို ရောင်းပစ်သည်။ ငွေအချို့ကို ယွန်း အတွက် ဘဏ်တွင်အပ်ထားသည်။ ရန်ကုန်၌ အင်ဂျင်နီယာနှင့်ပတ် သက်သော သင်တန်းစုံတက်၍ နိုင်ငံခြားသို့ ထွက်လာခဲ့သည်။

နိုင်ငံခြား၌ နှစ်နှစ်ခန့်အလုပ် လုပ်ပြီး မြန်မာနိုင်ငံရှိ ဆောက်လုပ် ရေးကုမ္ပဏီတစ်ခုက နိုင်ငံခြားနှင့် ဖက်စပ်လုပ်ရာ ကိုမြင့်လှိုင်မှာ ပရော ဂျက်အင်ဂျင်နီယာအဖြစ် ပြန်လာ သည်။ ၆ လမျှသာ တာဝန်ထမ်း ဆောင်ရမည်ဖြစ်၍ ဤအချိန် အတွင်း ယွန်းကိုရှာရန်လည်း ဆုံး ဖြတ်ထားသည်။ ရန်ကုန်မြို့၌ သူ ၏လက်ထောက်အင်ဂျင်နီယာလေး တစ်ဦးနှင့်နေသည်။

တစ်ညတွင် "---" KTV ဆိုင်တစ်ဆိုင်သို့ ရောက်လာခဲ့၏။

"ဘီယာချကွာ"

"အမယ်.....ကိုယ့်ဆရာက မြန်မာပြည်ပြန်တုန်း ဘီယာလေး ချမယ်ပေါ့"

"တစ်ခါတစ်ခါ လောကကြီး ကို ခဏလောက်မူးမေ့ပစ်လိုက်ချင် တယ်"

♛♛♛♛♛

"မေ့စေရမယ်၊ မူးစေရမယ်၊ ဒီဆိုင်က မွန်းဆိုတဲ့ ညဥ့်ငှက်မလေး အလှက ဆရာ့ကို မူးသွားစေရ မယ်၊ ဟီး.....ဟီး"

မကြာမီ စင်္ဂီတစင်ပေါ်မှ ရောင်စုံမီးများ လင်းလက်လာ သည်။ တေးဂီတသံစုံအတွင်း သီ ချင်းသံလေးဖြင့် စလိုက်သောအခါ ကိုမြင့်လှိုင်၏ရီဝေဝေမျက်လုံးများ ပြူးကျယ်လာသည်။

"ယွန်းလား"

"မွန်းပါ ဆရာရဲ့၊ မွန်း...မွန်း တဲ့"

ကိုမြင့်လှိုင်မှာ လှလွန်းသော အဆိုတော်မလေးမှာ ယွန်းနှင့်တူ လွန်းလှသဖြင့် ယွန်းဟု နှုတ်မှပွင့် ထွက်မိသည်။

"ဆရာ...ဆရာ၊ ငေးလှချည် လား၊ မွန်းက နာမည်ကြီးနော်၊



www.burmeseclassic.com

www.burmeseclassic.com



ဆရာခေါ်ချင်ရင် တပည့်ကြီးစား ပေးမယ်''

''တော်စမ်းကွာ''

ထိုစဉ် သီချင်းသံဆုံး၍ မွန်း ဆိုသော မိန်းကလေးဆီမှ စကား များကြောင့် ကိုမြင့်လှိုင်မှာ တုန်လှုပ် သွားသည်။

''မွန်းက ခရေကိုအရမ်း ကြိုက်လို့ ဒီသီချင်းလေးကိုဆိုမိတာ ခွင့်လွှတ်ပါ''

''ချွမ်း.....''

ကိုမြင့်လှိုင်ကိုင်ထားသော ဘီ ယာခွက်မှာ အောက်သို့ပြုတ်ကျ ကာ ကွဲသွားရာ 'ချွမ်း'ဟူသော အသံကြောင့် သောက်စားသူများ အပါအဝင် အားလုံးတိတ်ဆိတ်သွား သည်။

ကိုမြင့်လှိုင်မှာ ဆိုင်အပြင်သို့ ထွက်ခဲ့ပြီး သစ်ပင်အောက်မှခုံတန်း လေးပေါ်ထိုင်ရင်း အားရပါးရ ငိုချ လိုက်သည်။

''ဟင်...ဆရာ၊ ဆရာ မူးနေ ပြီ''

လက်ထောက်အင်ဂျင်နီယာ လေးမှာ သူ့ဆရာ မူး၍သာ ငိုနေ သည်ထင်၍ အားပေးနှစ်သိမ့်နေရှာ သည်။

''ဆရာ အိမ်ပြန်မယ်ဗျာ''

''ဟင့်အင်း၊ သူ့အပြန်ကို ငါ စောင့်နေတာ''

''ဘယ်သူလဲ ဆရာ''

''ယွန်း အဲ.....မွန်း''

''ဗျာ.....''

လက်ထောက်အင်ဂျင်နီယာ လေးမှာ ပြဿနာတက်ပြီဟု ထင် လိုက်သည်။ အလုနတ်သမီး၏ ပြု စားမှုကို သူ့ဆရာ ခံရပြီဟုထင် သည်။

ကိုမြင့်လှိုင်မှာကောင်းကင်ကြီး ကို အမိပ္ပာယ်မဲ့ မော့ကြည့်နေစဉ် ကားဟွန်းသံကြောင့် လှည့်ကြည့် မိသည်။

''ယွန်း.....ယွန်း၊ နေဦး၊ နေ ပါဦး ယွန်းရယ်''

လူတစ်ဦး ပြေးလိုက်လာ၍ ကားမောင်းသူမှာ ကားအရှိန်ကို လျှော့၍ ရပ်လိုက်သည်။

''ယွန်း.....ယွန်း''

ကားမှန်ဘေးမှ လက်ဝါးကြီး ဖြင့်ပုတ်ကာ ယွန်းကို တရစပ်ခေါ် ရင်း ပြေးလိုက်နေသူ ကိုမြင့်လှိုင်မှာ မျက်ရည်များဖြာလျက်ပင်။ အငမ်း မရခေါ်ရင်း လိုက်ပါလာသော ကို မြင့်လှိုင်ကို ကားပေါ်မှလူက ဆင်း

လာပြီး ပခုံးကို ခပ်ကြမ်းကြမ်း
လှည့်လိုက်သည်။ ကိုမြင့်လှိုင်က
ထိုသူကို ဂရုမစိုက်နိုင်။ ယွန်းဆီ
သာ မပြတ်ခေါ်နေရှာသည်။

ရှေ့ခန်းမှ ကားတံခါးပွင့်
ပြီး မိန်းမလှလေးဆင်းလာသည်

''ယွန်း...ယွန်း၊ အစ်ကို
လေ''

ယွန်းမှာ ကိုမြင့်လှိုင်ကို
ခနဲတွေ့လိုက်ရာ ရင်ကို ဒိန်း
တစ်ခုံတစ်ရာက ဝင်ဆောင့်လို
သကဲ့သို့ မူးလဲမတတ်ဖြစ်သွ
သည်။ ကတုန်ကယင်ဖြစ်နေသေ
အသံကိုထိန်းရင်း ပြောလိုက်သ

''ကျွန်မ ရှင့်ကိုမသိဘူး''

''ဟင်.....''

''ဟော့ကောင် မင်းကြားလ
နော်၊ ယွန်းမဟုတ်ဘူး မွန်း
မင်းက အကြောင်းလာမရှုပ်နဲ့
ညာ သူ့ကိုငါခွဲထားတာ၊ ပြဿ
လာမရှာနဲ့''

''ဘာ.....ဘာ၊ ကဲ.....''

ခွပ်ခနဲအသံနှင့်အတူ
အား ကိုမြင့်လှိုင်က



www.burmeseclassic.com

www.burmeseclassic.com

ပြင်းပြင်းထိုးချလိုက်သည်။ ယွန်းမှာ ထိုသူအားထူပြီး ကားကိုမောင်းထွက်ခဲ့တော့သည်။

"ယွန်း...ယွန်းရေ နေပါဦး၊ ယွန်း"

ကိုမြင့်လှိုင်မှာ ကားလေးနောက်သို့ ပြေးလိုက်ကာအော်ရင်း အရုပ်ကြိုးပြတ် လဲကျသွားရှာသည်။ ယွန်းမှာ နောက်ပြန်ကြည့်ရင်း ကားမှန်ထဲမှ ကိုမြင့်လှိုင်အဖြစ်ကို မြင်လိုက်ရ၍ ယူကျုံးမရဖြစ်ကာ ငိုချလိုက်သည်။

"တောက်....."

ကိုမြင့်လှိုင်မှာ တောက်ခေါက်ပြီး စီးကျလာသော မျက်ရည်များကို လက်ဖမိုးနှင့်သုတ်ကာ ကောင်းကင်ကြီးကိုမော့၍ကြည့်ကာ အော်ဟစ်လိုက်မိသည်။

"ဟာ....."

သူ့ဆရာ ကြောင်သွားပြီလားဟု လက်ထောက်အင်ဂျင်နီယာလေးမှာ ကြောက်နေမိသည်။ ချော့မော့မော့နှင့် အိမ်သို့ပြန်ခေါ်လာသည်။ အိမ်ရောက်သော် ဆရာဖြစ်သူက ကံစပ်မောင်နှမ၏ အဖြစ်ဆိုးကို ပြောပြရာ တပည့်ဖြစ်သူမှာ မျက်ရည်ကျရပြန်သည်။

ရင်ထုမနာ ဇာတ်လမ်းလေး တစ်ပုဒ်ကို နားထောင်ပြီး အိပ်ရေးပျက်ခဲ့ကြသည်။

♛♛♛♛♛

ယွန်းခမ္မာလည်း တမ်းတနေခဲ့ရသော အစ်ကိုလေးကိုတွေ့လိုက်သည်နှင့် ရင်ခွင်ထဲသို့ ပြေးဝင်ငိုချပစ်လိုက်ချင်သည်။ သို့သော် သူမ၏ မသန့်ရှင်းသော ညစ်ထေးနေသည့် လက်ရှိဘဝနှင့် ခန္ဓာကိုယ်ကို အစ်ကိုလေး မသိစေချင်၊ မမြင်စေချင်ပါ။ အစ်ကိုလေး ရင်နာသွားမည်ကိုစိုးရွံ့လှသည်။ ရင်ထဲ၌တွေ့နှင့်အမျှ မြင်ချင်၊ တွေ့ချင်နေသော အစ်ကိုလေးကို တကယ်မြင်တွေ့ရသည့်အခါ မခေါ်ရဲသောအဖြစ်ကို ရင်နာလွန်း၍ ကြိတ်ကြီးတောင် ငိုနေရရှာသည်။ ငိုရလွန်း၍ လွမ်းရ တမ်းတရလွန်း၍ နွမ်းနယ်မောတိုက်ကာ နေမကောင်းဖြစ်လေသည်။ ထို့ကြောင့် အလုပ်ထွက်ရန် လှမ်း၍အကြောင်းကြားသည်။ အစ်ကိုလေးနှင့် မတွေ့ရန် အဝေးသို့ပြေးရှောင်မည်။

အလုပ်ရှင်သူဌေးကား ယွန်းကို လက်လွှတ်မခံနိုင်။ စာချုပ်မပြည့်သေး၍ ထွက်ခွင့်မပေး။ ကိုမြင့်လှိုင်မှာလည်း ညတိုင်းလာရှာသည်။ ရက်များစွာ ကုန်လွန်ခဲ့သည်။ ယွန်းကိုမတွေ့ရ။ လိပ်စာလည်းမရ၊ ဖုန်းဆက်လည်းမရ ဖြစ်နေသည်။

သို့သော် ကိုမြင့်လှိုင်ကား ဖွဲမလျှော့ချေ။ ယွန်းဘဝကို ကယ်တင်မည့်သူမှာ သူတစ်ဦးတည်းသာ ဖြစ်သည်။ သူမဘဝကို ကယ်တင်၍ စိတ်ချမ်းသာသော ဘဝသစ်တစ်ခုကို ထူထောင်ပေးမည်ဟု ဆုံးဖြတ်ထားသည်။

"ဆရာ ကျွန်တော်တို့ အလုပ်ပြီးဖို့ ရ ရက်ပဲကျန်တော့တယ်၊ ခင်ဗျားညီမကို တွေ့မှဖြစ်မယ်"

"ဒီည စောင့်ဖမ်းမယ်ကွာ"

ထိုနေ့ညမှာ ယွန်း ဆိုင်ထဲသို့ နိုးကြောင်နိုးဝှက်ဝင်လာသည်။ ပုန်းနေသော ကိုမြင့်လှိုင်က ယွန်းအဝင်တွင် တံခါးဝဘေးမှဆီးကာ လက်ကိုဆွဲထားသည်။

"ဟင်....."

ယွန်းက အစ်ကိုလေးမှန်းသိ၍ တအားဆောင့်တွန်းကာ အပြင်ဘက်သို့ ပြန်၍ပြေးလေသည်။

"မပြေးနဲ့၊ ယွန်း....."

ဒုန်းခနဲအသံကြားရပြီးနောက် တစ်ဆက်တည်းပင်.....

"အား....."

ထိုစဉ် ကားတစ်စီးက ချိုး၍ ကွေ့အဝင်တွင် ဖွတ်အတင်းပြေးလာသော ယွန်းအား ဝင်တိုက်မိတော့သည်။

www.burmeseclassic.com

"ယွန်း....."

ကိုမြင့်လှိုင်မှာ သွေးအိုင်ထဲ ခွေ ခွေလေးလဲကျနေသော ယွန်းအား ပွေ့ချီလိုက်သည်။

"ယွန်း..ယွန်းလေးရယ်၊ ဖြစ်ရလေ ညီမလေးရယ်"

ရင်ခွင်ကြားမှာသွေးအလူးလူးဖြင့် ညည်းညူနေရှာသော ယွန်းကို မကြည့်ရက်နိုင်။

"ကယ်ကြပါဦးဗျာ၊ ကျုပ်ညီမလေးကို"

ကိုမြင့်လှိုင်မှာ ငိုကြီးချက်မဖြင့် အော်နေစဉ် လက်ထောက်အင်ဂျင်နီယာလေးမှာ အပြေးတစ်ပိုင်းဖြင့် ရောက်လာပြီး လူနာတင်ကားခေါ်ခဲ့သည်။

"ယွန်း...ယွန်း။ ညီမလေး"

"ဟင်.....အင်း.....အစ်ကိုလေး"

ဟု အသံသဲ့သဲ့လေးဖြင့် ပြန်ထူးရှာသည်။

"ညီမလေးကို အစ်ကိုလေး အမြဲရှာနေတာ၊ ဘာဖြစ်လို့ ပြေးရတာလဲ ညီမလေးရယ်"

"အစ်.....ကို.....လေး"

"ဟင်.....ပြော....ပြော ညီမလေး"

"လွမ်းတယ်၊ နေ့...တိုင်း... လွမ်း.....တယ်"

"အားတင်းထားနော် ညီမ၊ တို့အတူနေဖို့ လာခေါ်တာ၊ အစ်ကိုလေ ညီမကို ကောင်းကောင်းပြုစုနိုင်ပြီ၊ အားတင်းထားနော်"



"ညီမလေ..ရှက်..ကြွေ..ဘဝနဲ့ လွမ်းနေ.....တာ"

"ယုံတယ် ညီမလေး"

"အစ်ကို....."

"ဟင်.....ညီမ"

"ခရေတွေကြွေရောပေါ့"

"အင်း....."

ကိုမြင့်လှိုင်မှာ မျက်ရည်များ အိုင်ထွန်းလာ၍ ခေါင်းကိုမော့ပြီး ယွန်းအား ပြန်အကြည့် ယွန်းမှာ ပြုံးပြုံးလေးဖြင့် အသက်ပျောက်နေ ပြီဖြစ်သည်။

"ယွန်း..ညီမလေး၊ ယွန်း.. ညီမလေး၊ ညီမလေး ကျုပ်ကို ခွဲ သွားပြီဗျ"

ကိုမြင့်လှိုင်မှာ ယွန်း ကိုယ်လေးအား လွှ ၍ခေါ်ရင်း ချုံးပွဲချ တော့သည်။ ယွန်း မျက်နှာလေး ကိုကြ က ဘဝဆိုး၏ဒဏ် မည်မျှခံစားခဲ့ရပုံ၊ အမှုပါလိ မိန်းကလေးမျိုးအဖြစ် သူ အလုဖြင့် မဝင်ချင်သော ရင် တကာကို ခိုဝင်ခဲ့ရပုံ၊ ညှို မလေးအဖြစ်ဟန် လုပ်က ပြုံးခဲ့ရ၊ အသွေးအသားကို ဆပ်ခဲ့ရပုံတို့ကိုတွေးရင်း လွန် ရင်နာမိသည်။ သူမလို အမှုပါ မိန်းမလှလေးပေါင်းမည်မျှ ခံစား ရမည်၊ ဘဝတွေ ကြေပျက်နေ မည်ကိုတွေးရင်း မိန်းကလေးတို ထာဝရ လုပမွေးဖျံ့သော ပန်း များဖြစ်ပါစေဟု ဆုတောင်းနေမိပါ သည်။


ခင်ဦး၊ (ပု



www.burmeseclassic.com

www.burmeseclassic.com

# မောင်ထည်ဝါ(ကျော်ဘွယ်)
# အမှောင်ခိုး တိမ်တောင်





www.burmeseclassic.com

www.burmeseclassic.com



# အရောင်ဆိုးတိမ်တောင်

မောင်ထည့်ဝါ(မျော်ရွယ်)

ဦးထွန်းမြတ်အား စံပယ်မြိုင်ရပ်ကွက်တစ်ခုလုံး မသိသူမရှိ။ လူကြီး၊ လူငယ် အားလုံးသိကြ၏။ ဦးထွန်းမြတ်အိမ်၌ ကုန်မျိုးစုံဆိုင်ဖွင့်ထားသလို ကာရာအိုကေဆိုင်လည်းဖွင့်ထားသည်။ နံနက်ပိုင်းတွင် မုန့်ဟင်းခါးဆိုင်ထွက်သေး၏။ ဇနီးသည် ဒေါ်မြချစ်က နီလာဈေးထဲမှာ နေ့ပြန်တိုးပေး၏။ သို့အတွက်ကြောင့် ဦးမြတ်ထွန်းတို့မိသားစုကို လူတိုင်းနီးပါး သိကျွမ်းနေသည်မှာ အဆန်းတော့မဟုတ်။

ယနေ့ ရပ်ကွက်မူလတန်းကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနား ပြုလုပ်လျက်ရှိရာ ဦးထွန်းမြတ်တို့မိသားစုက ဆင်းရဲနွမ်းပါးသော ကျောင်းသားငယ်လေးများအတွက် ပညာသင်စရိတ်အဖြစ် ငွေကျပ်တစ်သိန်းတိတိကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ကြောင့် မိဘဆရာအသင်းနှင့် ရပ်ကွက်လူထုက ဦးထွန်းမြတ်တို့၏ မွန်မြတ်သော လူမှုရေးစိတ်ဓာတ်နှင့် ရက်ရောသော



စေတနာကို မုဒိတာပွား မ
အောင်ပင် ရှိနေတော့သည်။

ဦးထွန်းမြတ်တို့မိသားစု ကျ
တော်တို့လမ်းထဲသို့ ပြောင်းရွှေ
သည်မှာ တစ်နှစ်ကျော်မျှသာရှိ
၏။ ကျွန်တော်တို့အိမ်နှင့် သု
အိမ်ကား အိမ်ငါးလုံးခန့် ကွာ
ပါသည်။ တစ်လမ်းတည်းနေသူ
ဖြစ်၍ ကံကောင်းသည်ဟု
မည်လားမသိ။ ဦးထွန်းမြတ်သ
လမ်းထဲတွင် သာရေးနာရေး
များ ပေါ်ပေါက်လာသည့်အခါ
ရောက်လာတတ်ပြီး လိုအပ်သ
များကို လက်မနှေးဘဲ ထိုက်
အားလျော်စွာ အကူအညီမျာ
စမြဲဖြစ်သည်။

ဦးထွန်းမြတ်၏ မိသား
သည် လမ်းသူလမ်းသား၊ လ
လူငယ်မရွေးနှင့် သင့်မြတ်
ပြောဆိုဆက်ဆံတတ်၏။ ထို
မှုဆက်ဆံရေးကောင်းမွန်မှု

www.burmeseclassic.com



ထွန်းမြတ်တို့ဆိုင်တွင် ဈေးဝယ်သူများ၊ မုန့်ဟင်းခါးလာစားသူများ၊ ဆိုကေသီချင်းဆိုသူများနှင့် ကားနေတတ်သည်။

ကျွန်တော်နှင့် ဇနီးသည်တို့ ည်း တစ်ခါတစ်ရံ၌ ဦးထွန်းမြတ် မုန့်ဟင်းခါးဆိုင်သွား၍ မုန့်ဟင်း စားလေ့ရှိ၏။ ထို ခါမျိုးတွင် ဦးထွန်း မြတ်က "ဆရာတို့ လို့ အဆင်ပြေ သား၊ လိုတာရှိရင် ပြောပါနော်၊ အားနာ စရာမလိုပါဘူး" ဟု ပြုံးရွှင်ရွှင်နှင့် ညှိ ကောားဆိုရင်း ရေ နွေးကြမ်းခွက်ကို ကျွန်တော်တို့ရှေ့သို့ ချပေး တတ် သည်။

ဦးထွန်းမြတ် ား လူအရိပ် အကဲ ကို အကဲခတ် သုံးသပ်တတ် သူ ဖြစ်၏။ လူငယ်နှင့်တွေ့လျှင် လူ ငယ်သဘာဝနှင့် ကိုက်ညီအောင် ပြောဆို၏။ လူကြီးများနှင့်တွေ့လျှင် လည်း လူကြီးများ၏သဘာဝ၊ တရားဓမ္မဆိုင်ရာများကိုလည်း အလိုက်ညီစွာ ပြောဆိုတတ်သူဖြစ် ပါသည်။

♛♛♛♛♛

ရုံးပိတ်ရက် တနင်္ဂနွေနေ့.....

လမ်းထိပ်ရှိ ခိုင်မဉ္ဇူလက်ဖက် ရည်ဆိုင်၌ ဦးထွန်းမြတ်အိမ်နား တွင် နေထိုင်သော ကိုမြင့်သိန်းနှင့် ဆုံမိကြ၏။ စားပွဲတစ်ခုမှာ သူနှင့် ကျွန်တော် အတူထိုင်လျက် လက်



ဖက်ရည်သောက်ရင်း စကားပြော ဖြစ်ကြ၏။ ကျွန်တော်က.....

"လမ်းထဲမှာ ဦးထွန်းမြတ်တို့ ရှိတာ အတော်အဆင်ပြေတယ်ကွ၊ သာရေး၊ နာရေး၊ ရပ်ရေးရွာရေးရှိ ရင် မလွတ်တမ်း ကူညီပေးတယ်၊ စေတနာသဒ္ဓါတရားကတော့ ကောင်းမှကောင်း"

ကိုမြင့်သိန်းက လက်ဖက်ရည် တစ်ကျိုက် မော့သောက်လိုက်ပြီး..

"အင်း.....သူတို့စေတနာက လေးစားဖို့ကောင်းပါတယ်၊ လိုအပ် မှုတွေရှိလာရင် အကူအညီတော့ရ တယ်ဗျ၊ ဒါပေမဲ့ သူတို့ကြီးပွားတိုး တက်မှုက ကျွန်တော့်အဖို့ စဉ်းစား စရာဖြစ်နေတယ်၊ သူတို့ကြီး ပွားတာကို မနာ လိုလို့ ပြောတာ မဟုတ်ပါဘူး၊ မိတ်ဆွေတစ်ဦးက ပြောဖူးတယ်၊ သူ တို့ကြီးပွားတိုး တက်မှုက မစင် ကြယ်ဘူးတဲ့၊ သူ တို့ကြီးပွားနေတာ အဖြူတွေရောင်း လို့တဲ့၊ ကုန်မျိုးစုံ ဆိုင်က ပြရုပ် သဘောဖွင့်ထား တာတဲ့"

"ဖြစ်နိုင်ပါ့မလား၊ ဦးထွန်းမြတ် ဒီလိုအလုပ်မျိုး လုပ်မယ်မထင်ပါဘူး"

ကိုမြင့်သိန်းပြောစကားကြားရ၍ ကျွန်တော်အလွန်ပင် ထိတ်လန့်သွား၏။ စိတ်မကောင်းခြင်းများစွာ ဖြစ်ရ၏။ သူတို့ အဆိုပါပစ္စည်းများကို ဘယ်ပုံဘယ်နည်း ရယူပါလိမ့်။

"ကျွန်တော့်မိတ်ဆွေကပြော သေးတယ် ဆရာ၊ ဒီပစ္စည်းတွေကို

www.burmeseclassic.com



လူတိုင်းကြီးပွားချမ်းသာချင်ကြတာပဲ၊
ဒါပေမဲ့ သမ္မာအာဇီဝကျကျ တရားနည်းလမ်းမှန်ကန်စွာနဲ့ ကြီးပွားဖို့လိုတယ်၊
အဲဒါမှ ကြီးပွားချမ်းသာမှုဟာ ရေရှည်ခိုင်မြဲမှာဖြစ်တယ်၊
ဒီလိုမဟုတ်တဲ့ ဝိသမလောဘနဲ့ ကြီးပွားချမ်းသာမှုဟာ.....

ညပိုင်းမှာဖြစ်စေ၊ မိုးချုပ် နေဝင်ရီတရောအချိန်မှာဖြစ်စေ စက်ဘီး၊ ဒါမှမဟုတ် ဆိုက်ကားနဲ့ ပစ္စည်းတစ်ခုခု လာပို့ရင်း သယ်လာတယ်လို့ သိရတယ် ဆရာ"

"ဟော.....ဟုတ်လား၊ ညည ၁၀ နာရီကျော်ရင် ငါ့အိမ်ရှေ့က စက်ဘီးတစ်စီး ဖြတ်သွားလေ့ရှိတယ်၊ ဒါဆိုရင် ဦးထွန်းမြတ်အဖြူရောင်းတယ်ဆိုတာ ဟုတ်များဟုတ်နေသလား"

ကျွန်တော်က ဦးထွန်းမြတ်အား သာရေးနာရေး၊ လူမှုရေး ပရဟိတစိတ်ဓာတ်ရှိသူ၊ ရပ်ရေးရွာရေး အားပေးတတ်သူ၊ ပုဂ္ဂို ရေး ကူညီရိုင်းပင်းတတ်သူအဖြ အသိအမှတ်ပြုထားသည်။ ဥပ နှင့် မလျော်ကန်သည့်အလုပ် လုပ်မည့်သူမဟုတ်ဟု ယုံကြ ထားသည်၊ သို့သော် ကိုမြင့်သိ ၏ ပြောစကားအရ ကျွန်တေ မတွေးတတ်အောင် ဖြစ်သွားေ ၏။



ကိုမြင့်သိန်းက ဓာတ်ဘူးထဲ ရေနွေးကြမ်းအား အကြမ်းပန်ကာ လုံးထဲသို့ ထည့်လိုက်ပြီး.....

"ဟုတ်တယ် ဆရာ၊ ည နာရီကျော်လာရင် ကလင်..က ဆိုတဲ့ စက်ဘီးဘဲလ်အချက်ပေး ကြားကြားနေတယ်၊ အဲဒီအချိန် ကျွန်တော် မအိပ်သေးဘူ စာဖတ် နေတုန်းရှိသေးတယ ဒီညမှာ ကျွန်တော် အခြေအနေ စောင့်ကြည့် ဦးမယ်"

ကိုမြင့်သိန်းပြောပြချက် နှင့် ကျွန်တော်၏တွေ့ရှိချက်မျ ပေါင်းစပ်၍ ဆင်ခြင်သုံးသပ်ကြ



www.burmeseclassic.com

www.burmeseclassic.com

ည့်င် အဖြူရောင်းသည်ဆိုခြင်းမှာ ဖြစ်နိုင်ဖွယ်ရာရှိနေ၏။ တကယ် ာတ်၊ မဟုတ်ကိုမူ အချိန်ကအဆုံး အဖြတ်ပေးမည်ဖြစ်သည်။

"အေးကွာ၊ လူတိုင်းကြီးပွား ချမ်းသာချင်ကြတာပဲ၊ ဒါပေမဲ့ သမ္မာ အာဇီဝကျစွာ တရားနည်း ာမ်းမှန်ကန်စွာနဲ့ ကြီးပွားဖို့လို ာယ်၊ အဲဒါမှ ကြီးပွားချမ်းသာ မှုဟာ ရေရှည်နိုင်မြဲမှာဖြစ်တယ်၊ ီလိုမဟုတ်ဘဲ ဝိသမလောဘနဲ့ ကြီးပွားချမ်းသာမှုဟာ ရေရှည် ခံဘူး၊ တစ်နေ့ဒုက္ခတွေ့မှာ သေချာတယ်၊ ဘယ်လိုပဲဖြစ်စေ ီကိစ္စ မဟုတ်မမှန်ပါစေနဲ့လို့ ဆု တောင်းရမှာပဲလေ"

ထို့နောက် ကိုမြင့်သိန်းနှင့် ကျွန်တော်တို့ စကားဖြတ်၍ လက် ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့ကြ သည်။

♛♛♛♛♛

ဩဂုတ်လ၏ မိုးတစ်ည.....

၁၀ နာရီ ခွဲအချိန်။

မိုးကတဖွဲဖွဲရွာနေသည်။

တစ်ခါတစ်ခါ မိုးခြိမ်းသံများ နှင့်အတူ လျှပ်စီးလက်လိုက်သော ကြောင့် ဝန်းကျင်တစ်ခွင်လုံးကို ရှင်းလင်းစွာ မြင်လိုက်ရ၏။ ထိုစဉ် လူတစ်ယောက် စက်ဘီးစီး၍ လမ်းထဲသို့ ဝင်လာနေသည်။ ဦးထွန်းမြတ်အိမ်ရှေ့တွင် စက်ဘီး ကို ထိုးရပ်လိုက်၏။


"ဟေ့.....စက်ဘီးနဲ့လူ၊ လှုံးဝ မလှုပ်ပါနဲ့၊ လက်မြှောက် ထားလိုက်၊ တို့အားလုံးဝိုင်းထားပြီ ကွ"

ဒုရဲအုပ် မင်းအောင်က ပြတ် သားစွာ အမိန့်ပေးလိုက်၏။ စက် ဘီးနှင့်လူသည် မည်သို့မျှ လှုပ်ရှား ချိန် မရလိုက်ပါ။

"ကျွီ....."

"ဂျလောက်....."

စက်ဘီးနှင့်လူကို ရဲတပ်သား တစ်ယောက်က လျင်မြန်စွာ လက် ထိတ်ခတ်လိုက်၏။ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူကြီး များရှေ့မှောက်တွင် စက်ဘီးပေါ်မှ မုန့်ဖက်ထုပ်များကို ဖွင့်ဖောက်စစ် ဆေးကြည့်လိုက်ရာ မုန့်ဖက်ထုပ်၏





www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေတွင် ပလတ်စတစ်အိတ်နှင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရသည်။

နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒု ရဲအုပ် မင်းအောင်က စက်ဘီးနှင့် သယ်လာသူ မောင်ကြိုင်အား စစ်ဆေးမေးမြန်းရာ ၎င်း၏ထွက်ဆို ချက်အရ ဦးထွန်းမြတ်၏အိမ်ထဲသို့ ရပ်ကွက်လူကြီးများနှင့်အတူ ဝင်ရောက်၍ အိမ်ရှင် ဦးထွန်းမြတ်ထံ ခွင့်တောင်းပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ကြ၏။



အိမ်အောက်ထပ်ရှိ ဗီရိုအံဆွဲအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများကို ထပ်မံတွေ့ရှိရပြန်သည်။ ဦးထွန်းမြတ်၏မိသားစုများလည်း မျက်စိမျက်နှာပျက်ကြရပြီး စိတ်မကောင်းဖြစ်ကြလေ၏။ ရပ်ရေးရွာရေး၊ လူမှုရေးကိစ္စများတွင် ဦးထွန်းမြတ်က ရှေ့တန်းမှ ပါဝင်ကူညီလျက်ရှိရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း ယခုကဲ့သို့ဖြစ်ရခြင်းကို လွန်စွာပင် စိတ်မကောင်းဖြစ်နေ၏။

"ဦးထွန်းမြတ် အခုလိုဖြစ်ရတာ ကျွန်တော် အတော့်ကို စိတ်မကောင်းပါဘူး၊ ဘာမှအားမငယ်ပါနဲ့၊ ကျွန်တော်တို့ အတတ်နိုင်ဆုံး အကူအညီပေးသွားမှာပါ"

ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးက အားပေးစကားပြောဆိုရှာ၏။ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မင်းအောင်နှင့်အဖွဲ့က ရဲလုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ကြပြီးနောက် ဦးထွန်းမြတ်နှင့် မောင်ကြိုင်တို့အား ရဲစခန်းသို့ ခေါ်ဆောင်သွားကြလေ၏။

ဒုစရိုက်သမားများသည် အရောင်အမျိုးမျိုးဆိုး၍လည်း ကောင်း၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဟန်ဆောင်ဖုံးကွယ်၍လည်းကောင်း ဒုစရိုက်လုပ်ငန်းများကို လုပ်တတ်ကြ၏။ သို့သော်လည်း မည်သို့ပင် အရောင်အမျိုးမျိုးဆိုးပါစေ၊ ပုံအမျိုးမျိုးဖြင့် ဟန်ဆောင်ဖုံးကွယ်ပါစေ ဆင်သေကောင်ကို ဆိတ်ရေဖြင့် ဖုံးအုပ်သကဲ့သို့ လုံခြုံမည်မဟုတ်။ တိမ်တောင်က အရောင် ဆိုးသော်လည် ခိုင်မြဲမည်မဟုတ်ပါ။

ဒုစရိုက်မှုသည် ဖုံးကွယ်၍မရနိုင် တစ်နေ့မဟုတ် တ နေ့မှာတော့ ကေ မှချ ပေါ်ပေါက် ဖြစ်ပါသည် မကောင်းမှုဟူသ ဆိတ်ကွယ်ရာမ ဒုစရိုက်မှုဘေးကား မ သူမှ မလွတ်နိုင်ပါ။ တိုင်းလူတိုင်း ဒုစရိုက်ဖြစ်မှုမှ ကင်းဝေးလွတ်မြောက်နိုင်ပါ ကြောင်း ဆုတောင်းလျက်။

မောင်ထည်ဝါ (မော




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# သံယောဇဉ်ပုံတင်သံ

ရွှေအလွှန်

ကျွန်တော် အမေ့ကို သိပ်မုန်း
ယ်ဗျာ။ ဘာကြောင့်လဲဆိုရင်
မေဟာ ကျွန်တော်အရှက်ရစေ
အလုပ်မျိုးကို လုပ်နေလို့ပါပဲ။
အလုပ်လဲလို့တော့ ခင်ဗျားတို့
နဲ့ဗျာ။ ဒီလောက်ဆို ခင်ဗျား
လည်း သိမှာပါ။ ဒီတော့ ကျွန်
်မရှက်ရင် ဘယ်သူရှက်မလဲ။
ာလေ။ ကျွန်တော်ငယ်ငယ်က
မေ့ကို သိပ်ကြောက်ရတာပါ။
မေဟာ သူဖြစ်ချင်သလို ဖြစ်
ာရင် ကျွန်တော့်ကို ရိုက်ရုံတင်
ာဘူး၊ တစ်ခါတလေ ထမင်းပါ
ကျွေးဘဲထားခဲ့တယ်။ အဲဒီအချိန်
အမေ့ကို အကြိမ်ကြိမ်စိတ်ဆိုး
ကျွန်တော်ဟာ သားအရင်းမှ
တ်ပါရဲ့လားလို့ သံသယဝင်မိတဲ့
ထိပါ။ ဒါပေမဲ့ ကျွန်တော့်ရုပ်
ည်က အမေနဲ့တူတဲ့အတွက်
မေ့သားဆိုတာ မငြင်းနိုင်ပါဘူး
ဗျာ။

"သား အမေ ဒီနေ့နောက်ကျ
မယ်နော်၊ ညနေစာကို ထမင်းဆိုင်
မှာ ငါ့သားသွားစားတော့၊ အမေ
ထမင်းဖိုးထားခဲ့မယ်"

"ကျုရှင်လခရော"

"ဪ.....အေး....အေး၊
အမေမေ့နေလို့ပါကွယ်၊ ပေးထားခဲ့
ပါ့မယ်ကွယ်"

အမေက မိဘဝတ္တရားကျေတဲ့



မိခင်တစ်ယောက်ပါ။ ကျွန်တော်
ကတော့ သားတစ်ယောက်
တာဝန်မကျေခဲ့ဘူး။ အမေပေး
ထားခဲ့တဲ့ ငွေတွေကိုယူပြီး
ကျွန်တော်က ဂိမ်းဆိုင်ကို ထွက်
သွားလိုက်တယ်။ အဲဒါကို အမေ
က မသိရှာဘူး။ ပြီးတော့ ငွေ
ကုန်တာနဲ့ အိမ်ကိုပြန်လာပြီး ရှိတာ
တွေယူစားလိုက်တယ်။ ကော်ဖီနဲ့
ဘီစကွတ်မုန့်ပဲပေါ့။ ညအိပ်တော့
ဖိုက်ဆာလိုက်တာမှ မပြောပါနဲ့
တော့။ အူကိုလိမ်နေတာပဲ။ တစ်
ရေးနိုးချိန် ထကြည့်လိုက်တော့ ၁
နာရီထိုးနေပြီ။ အမေ ပြန်မလာ
သေးဘူး။

"တောက်.....ဘယ်အထိနေ
ဦးမှာလဲမသိဘူး၊ တရားလွန်နေပြီ၊
အိမ်မှာကျန်ခဲ့တဲ့ သူ့သားကို သတိ
မရပါရဲ့လား၊ ဒီပုံဆို မလွယ်တော့
ဘူး"

ကျွန်တော် သာ အမေ့ရဲ့
အဖေ၊ ဒါမှမဟုတ် အစ်ကို၊



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် မောင်တစ်ယောက် သာဖြစ်နေရင် အမေတော့ လွယ် မှာမဟုတ်ပါဘူး။ အခုတော့ အမေ့ ကို ပြုစုရုံကလွဲပြီး တားဆီးပိုင်ခွင့် မရှိခဲ့ဘူး။ အမေဟာ ပတ်ဝန်းကျင် သိမှာစိုးတဲ့အတွက် အမှောင်ကို အားပြုချိန်မှသာ ပြန်လာတတ် တယ်။ ပြီးတော့ အမေ့ကို တစ်စုံ တစ်ဦးက လိုက်ပို့ပုံပါပဲ။ အိမ် ခပ် လှမ်းလှမ်းမှာ ကားရပ်ပြီးမှ ခဏ အကြာမှာ ကားပြန်ထွက် သံမျိုး ကြားတတ်တယ်။

"မင်းအမေကို အမျိုးသား ကြီးတစ်ယောက်က ကားနဲ့လိုက် ပို့တာ တွေ့လိုက်တယ် ရဲရင့်ကျော်၊ မင်း နဲ့ဘာတော်သလဲဟင်"

"မသိဘူးကွာ၊ အမေ့ အကြောင်း ငါ့လာမပြောနဲ့"

"မင်းကို သတိပေးတာပါကွာ၊ တော်ကြာ ပထွေးရနေမှာစိုးလို့ပါ"

ကျွန်တော့်ကို စေတနာနဲ့ပြော လာတဲ့စကားဖြစ်ပေမယ့် အမေ့ လုပ်ရပ်က ကျွန်တော်အရှက်ရစေ တယ်မဟုတ်လား။ အဲဒီနေ့က အမေနဲ့ကျွန်တော်တို့ ကတောက် ကဆတ် ဖြစ်ခဲ့ကြပါတယ်။

"အမေ ဒီပုံစံအတိုင်းနေသွား ရင် ကျွန်တော် ဒီမှာမနေဘူးဗျာ"

ကျွန်တော်က စိတ်ဆိုးပြီးပြော လိုက်ပေမယ့် အမေက.....

"သားရယ် မင်း ဒီမှာမနေရင်



ဘယ်သွားနေမှာလဲကွယ်"

"အဖေ့ဆီသွားနေမယ်"

အဲဒီစကားကို အမေ[illegible] သဘောကျသွားပြီး ဟက်ဟ[illegible] ပက်ပက်ရယ်တော့တယ်။

"မင်းက မိထွေးနဲ့နေတေ[illegible] မယ်ပေါ့၊ ဒီမှာသား၊ မင်းအဖေ[illegible] တောင် မင်းကိုမခင်တွယ်လို့ထွ[illegible] သွားမှ မင်းက သူ့ဆီသွားနေ[illegible] မင်းကို သူတို့လက်ခံမှာမဟုတ်ဘ[illegible] ခွေးတစ်ကောင်လို မောင်းချမှာ[illegible] သိလား"

အမေ့ရဲ့အသံဟာ ဒေါသ[illegible] ယှက်သံ ပါသွားတော့တယ်။ [illegible] တော့ တစ်ခဏချင်းမှာ မျက်[illegible] တွေအထွေးလိုက်ကျလာပြီး.....

"တို့သားအမိကို ထား[illegible] တာ သူပါကွယ်၊ 'သူ့ကိုခွင့်လွှ[illegible] ပါ'ဆိုတဲ့ စကားငါးလုံးနဲ့ အမေ[illegible] ကနေ့အချိန်အထိ သူ့အထေ[illegible] အပုံကိုမယူဘဲ မင်းကိုကျွေးမွေ[illegible] တာလေ၊ မိန်းမတစ်ယောက်ရဲ့[illegible] ငွေနဲ့ တစ်ယောက်တည်း ရုန်း[illegible] ခဲ့ရတာပါကွယ်"

"ကျွန်တော့်တာဝန်တွေ[illegible] တယ်ဆိုရင် ကျွန်တော် က[illegible] မတာက်ဘူး အမေ"

"ဘယ်ဟုတ်မလဲ သား[illegible] သားသူငယ်ချင်းတွေအား[illegible] ကျူရှင်တက်နေကြတာမဟု[illegible] လား၊ အများတန်းတူတော့ အ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ထားရမှာပေါ့၊ သားဘက်ကသာ ဝန်ကျေအောင် ကြိုးစားပါ ယ်၊ မင်း ဆယ်တန်းအောင်သွား အမေ အသက်ရှူချောင်ပြီပေါ့၊ မေ ဘာကြောင့် ငွေရှာနေရ ဆိုတာ တစ်နေ့တော့ မင်း ဘောပေါက်လာမှာပါကွယ်၊ မေပြောချင်တာက ငါ့သား တွက်ဆိုရင် အမေ့အသက် ာင် စွန့်လွှတ်ရဲပါတယ် သား ယ်"

ကျွန်တော် ရင်ထဲမကောင်း သွားရတယ်။

"အမေ အိမ်ထောင်သစ်ထူ ချင် ကျွန်တော်ခွင့်ပြုတယ်ဗျာ၊ မေတို့စုံတွဲကို သူများပြောမှ သိ ာတော့ ကျွန်တော် မကြိုက် ား ကျွန်တော့်ကို တိုင်ပင်နိုင်ပါ ယ် အမေ"


"ဩော်.....အမေ့သားလေး လူ့လောကကြီးကို နုံနုံစပ်စပ် သိသေးတာပဲလေ၊ အခုအမေ နေတဲ့သူက အမေ့ချစ်သူမဟုတ် ား သား"

"ဗျာ.....ဒါဆို ဘယ်သူလဲ မေ"

"မသိချင်ပါနဲ့ သားရယ်"

"ကျွန်တော့်ကို ဖွင့်မပြောရင် ယ်သူ့ကို အမေက ဖွင့်ပြောမှာ ဲဗျာ"

အမေက မျက်ရည်တွေ




အဆက်မပြတ်ကျပြီး တရှိုက်ရှိုက် ငိုနေတော့တယ်။ ကျွန်တော်လည်း အမေ့ကို သနားလာတာနဲ့ ဆက် မမေးရတော့ဘူးပေါ့။ အဲဒီအချိန်က စပြီး ကျွန်တော်ဟာ အမေနဲ့အနေ စိမ်းသွားရတော့တယ်။ အမေ့ကို အဆိုးအကောင်း ဘာမှမေးချင် စိတ် မရှိတော့သလို ကျွန်တော် ကိုယ်တိုင်လည်း အမေပြောတဲ့ အတိုင်း လုပ်ချင်မှလုပ်တော့တယ်။ ကျူရှင်မတက်ဘဲ ကျူရှင်လခကို ဂိမ်းဆော့ပစ်တယ်။ သူငယ်ချင်းတွေနဲ့ ကျောင်းပြေး၊ ရုပ်ရှင်ကြည့်နဲ့ အပျော်ရှာမိတယ်။

♛♛♛♛♛

အဲဒီမှာပဲ ပညာရေးကနှောင့် နှေးသွားရတော့တယ်။ ဆယ်တန်း မအောင်တော့ ကျောင်းလည်း ဆက်တက်ချင်စိတ်မရှိတော့ဘူး ပေါ့။ အပြင်ဖြေဖို့ အမေက တိုက် တွန်းပါတယ်။

"တစ်နှစ်မအောင်၊ နောက် တစ်နှစ်အောင်ရမှာပေါ့ သားရယ်၊ ဆယ်တန်းလေးတော့အောင်အောင် ဖြေပါကွယ်"

"ဟုတ်ကဲ့ပါ အမေ"

အမေက မသိရှာဘူး။ ကျွန် တော့်ကို စိတ်မကောင်းဖြစ်မှာစိုး၍ အဲဒီနေ့က ပလာဇာတစ်ခုကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်။

"ကဲ.....သား စိတ်ကြိုက် ဝယ်ပေတော့"

"တကယ်နော် အမေ"

"တကယ်ပါကွယ်"

ကျွန်တော် ဝမ်းသာသွားတယ်။ ဒါနဲ့ပဲ ကျွန်တော်တို့သားအမိတွေ ဈေးဝယ်ထွက်ကြရင်း ပလာအပေါ်က စားသောက်ဆိုင်ကို ရောက်သွားကြတယ်။ အဲဒီမှာပဲ ပြဿနာက စတော့တာပါပဲဗျာ။

"ဂမုန်း...မင်း ဂမုန်းမဟုတ်လား"

"ဟင်....."

အမေဟာ ထိတ်လန့်သွားပုံပါပဲ။ ကျွန်တော့်လက်ကိုဆွဲပြီး အပြေးတစ်ပိုင်း ထွက်သွားတော့တယ်။ ဒါပေမဲ့ ဂမုန်းလို့ ခေါ်လာသူက နောက်ကပြေးလိုက်လာပြီး အမေ့လက်ကို အတင်းဆုပ်ကိုင်ဖမ်းဆွဲလိုက်တယ်။

"ဩော်.....မင်းက နောက်စမောလ်လေးနဲ့ ပျော်တော်ဆက်နေပြန်ပြီပေါ့နော်၊ လာ....မရဘူး၊ ငါနဲ့လိုက်ခဲ့ရမယ်"

"ဟင့်အင်း၊ ကျွန်မ ဂမုန်း မဟုတ်ဘူး"

"ဘာဂမုန်းမဟုတ်ရမှာလဲ၊ မင်းမျက်နှာကို --ရှိသွားရင်တောင် မှတ်မိတယ်ကွ၊ လူတွေနဲ့၊ ရှုတ်ရှုတ်ရှုတ် မလုပ်နဲ့နော်"

အမေက ကျွန်တော့်မျက်နှာကိုကြည့်ပြီး ကြံရာမရဖြစ်နေပုံပါပဲ။

"ဒီမှာ ခင်ဗျားကြီး လူစကားနားမလည်ဘူးလား"

"အသာနေစမ်းပါ ချာတိတ်ရာ၊ ဒီကောင်မက ညမွှေးပန်းလေးကွ၊ မင်းအရွယ်လေးနဲ့ တခြားကလပ်တွေမှာ သွားရှာစမ်းပါကွ[...] သန့်သန့်လေးတွေတောင် ရှ[...] မယ်"

"ခင်ဗျားကြီး မိုက်ရိုင်းလှချ[...] လား၊ ကဲ....."

ကျွန်တော်က အဲဒီလူကို [...] ထိုးပစ်လိုက်တယ်။ ဒါပေမဲ့ ကျ[...] တော့်ထက် ဗလကောင်းတော့ [...] ကိုမထိဘဲ လည်ထွက်သွားတော[...] တယ်။ ကျွန်တော့်ကုပ်ကိုဆွဲလို[...] တဲ့အချိန်မှာ အမေ့အသံစူးစူး[...] ကြားရတော့တယ်။

"ငါ့သားကို မထိနဲ့နော်၊ [...] ကို ရဲစခန်းတိုင်လိုက်ရမလား"

အမေက ဟန်းဖုန်းကိုထု[...] ပြီး ၁၉၉ ကို အကြောင်းကြားမ[...] အလုပ်မှာ အဲဒီလူဟာ မကျေမ[...] နဲ့ပြောပြီး ထွက်သွားတော့တယ်[...]

"နင် ငါ့အကြောင်းသိမ[...] ဂမုန်းပွင့်၊ နေနှင့်ဦးပေါ့"

အမေက ကျွန်တော့်ကိုထု[...] စူးစမ်းတဲ့မျက်လုံးတွေရှေ့က[...] အပြင်ကို ခေါ်ထုတ်သွားတယ်။ [...] လူကတော့ ရှာမတွေ့တော့ပါဘူ[...] တက္ကစီငှားပြီး အထုပ်အပိုးတွေ[...] အိမ်အပြန် ကားပေါ်မှာ အမေ့မျ[...] နှာ မရွှင်တော့ဘူး။ စိုးရိမ်တဲ့ဟန်[...] တွေက ထင်ဟပ်နေတယ်။ [...] ဝှက်ချက်တစ်ခုကို ပေါက်ကြား[...] စိုးတဲ့ မျက်ဝန်းတွေနဲ့ပေါ့။

ဒါကြောင့်လည်း အလို[...]

ကျွန်တော့်ပါးတစ်ဖက် ပူခနဲဖြစ်သွားတယ်။
လူတွေဟာ မှန်တာပြောရင် နာတတ်ကြပါလား။
အမေ့ကို ခနဲ့တဲ့တဲ့အပြုံးနဲ့
ကျွန်တော် ပြုံးလိုက်ပြန်တယ်။
အဲဒါကို အမေက မီးဝင်းဝင်းတောက်တဲ့မျက်လုံးတွေနဲ့
ကျွန်တော့်ကိုပြန်ကြည့်ပြီး...

www.burmeseclassic.com



အသိနဲ့ ကျွန်တော်က နှုတ်ဆိတ်ငြိမ်သက်စွာနဲ့ လိုက်ပါလာခဲ့တယ်။ အိမ်ရောက်တော့မှ.....

"အမေ ဟိုလူက အမေနဲ့ ဘာကယ်ပဲ ပတ်သက်ခဲ့သလား၊ သူပြောသလိုဟုတ်နေသလား အမေ"

"သားရယ် အမေ ဘယ်လိုပြောထွက်ရမလဲကွယ်၊ အမေ့ဘဝကို သားသိနေတယ်မဟုတ်လား"

ဒီစကားနဲ့တင် ကျွန်တော် မူးမိုက်လုမတတ် ခံစားသွားရတယ်။ အမေ့ကို ဒီလောက်ထိ ထင်မထားတဲ့ ကျွန်တော်၊ အခုတော့ အမေ့ဘဝက ရေစုန်မျောပြီပေါ့။ အမေ့မျက်နှာကို နှမြောစွာနဲ့ ကျွန်တော်ကြည့်နေမိတယ်။

"သား...မင်း အမေ့ကိုစိတ်ဆိုးနေတယ်မဟုတ်လားကွယ်"

"ဟုတ်တယ်ဗျာ၊ အမေ့မှာ အလုပ်အကိုင် ရှိပါလျက်နဲ့ ဘာကြောင့် ဒီအလုပ်ကို လုပ်ရတာလဲဟင်၊ အမေ ပတ်ဝန်းကျင်ကို ရှက်ဘူးလား၊ ကျွန်တော်တော့ သိပ်ရှက်တယ် အမေ၊ ကျွန်တော့်အမေမှ ဒီမကောင်းမှုကို လုပ်ရသလားဟင်"

"အေး.....အမေ အခုလိုလုပ်နေရတာ ဘယ်သူ့ကြောင့်လဲ၊ မင်းရှေ့ရေးအတွက် အမေလုပ်နေရတာကွဲ့၊ သိရဲ့လား၊ မင်းကို လူတန်းစေ့ နေနိုင်၊ စားနိုင်အောင် အမေရှာဖွေနေရတာဟဲ့"

အမေ့ဒေါသက ကျွန်တော့်စိတ်ကို အရိုင်းစိတ်ဖြစ်စေရတယ်။ အမေ့ကို စေ့စေ့ကြည့်ပြီး ကျွန်တော် မေးလိုက်မိတယ်။

"ဩော်...အမေကိုယ်တိုင်က ဒီအလုပ်နဲ့ ရှာဖွေနေတာ ဝါသနာကြောင့်လား၊ ဗီဇကြောင့်လား အမေ"

"ဟင်...မင်း...မင်း၊ ကဲ..."

ကျွန်တော့်ပါးတစ်ဖက် ပူခနဲဖြစ်သွားတယ်။ လူတွေဟာ မှန်တာပြောရင် နာတတ်ကြပါလား။ အမေ့ကို ခနဲ့တဲ့တဲ့အပြုံးနဲ့ ကျွန်တော်ပြုံးလိုက်ပြန်တယ်။ အဲဒါကို အမေက မီးဝင်းဝင်းတောက်တဲ့မျက်လုံးတွေနဲ့ ကျွန်တော့်ကိုပြန်ကြည့်ပြီး...

"မင်း ငါ့ကို အဲဒီလိုအကြည့်မျိုးနဲ့ မကြည့်နဲ့ ရဲရင့်၊ ငါ ဒီဘဝမျိုးရောက်ခဲ့ရတာ မင်းကြောင့် သိလား။ မင်းကို လူလိုသူလို နေနိုင်အောင်၊ ဝတ်နိုင်အောင်၊ စားနိုင်အောင် ငါ့ဘဝကို စတေးလိုက်ရတာ၊ မင်းအဖေလည်းအတ္တသမား၊ မင်းလည်း တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမားပဲ၊ ငါရင်နာတယ် ရဲရင့်၊ မင်းကို မွေးရကျိုးမနပ်ဘူးကွာ"

"တော်ပါတော့ အမေ၊ ကျွန်တော်က အမေ့ထက် အဆတစ်ရာပိုရင်နာရတာပါ၊ သူများတွေလို မိစုံဖစုံနဲ့ နေလာခဲ့ရလို့လားဟင်၊ အတူတူနေခွင့်ရတဲ့ အမေ့မျက်နှာကိုတောင် တစ်နေကုန် အတူမြင်တွေ့ခွင့်ရခဲ့လို့လား၊ ငွေပေးနေရုံနဲ့ မိဘဝတ္တရား ကျေတယ်မထင်နဲ့ အမေ၊ ကျွန်တော့်ခံစားချက်ကို အမေနားလည်ရဲ့လားဗျာ



www.burmeseclassic.com

www.burmeseclassic.com



အမေဟာ မှိုင်တွေသွားပြီး ကျွန်တော့်ကို ဘာမှမပြောဘဲ သူ့အိပ်ခန်းထဲ ဝင်သွားတော့တယ်။ အမေ့အကြောင်းကို ကျွန်တော် ပြည့်ပြည့်စုံစုံ မသိပေမယ့် ခုချိန်မှာ အဖေသာရှိနေရင် အမေ အခုလိုဘဝမျိုး ရောက်မယ်မထင်ဘူး။ ဒါကြောင့်မို့ ကျွန်တော့်ခေါင်းထဲကို အကြံတစ်ခုဝင်လာတယ်။ ဒီအကြံအစည်အတိုင်း ကျွန်တော်က လုပ်ဆောင်ဖို့ အမေ့ကိုမပြောတော့ဘဲ ကျွန်တော် အပြင်ထွက်သွားလိုက်တယ်။

"မင်း ဘာလာလုပ်တာလဲ သား"

အဖေရှိတဲ့နေရာကို ကျွန်တော်က စုံစမ်းထားပြီးသားဖြစ်လို့ တန်းတန်းမတ်မတ် ရောက်သွားတော့တယ်။ အဖေက ကျွန်တော့်ကိုမြင်တာနဲ့ ထိတ်လန့်တဲ့မျက်လုံးတွေနဲ့ မေးတော့တာပါပဲ။ သူ့သွေးသားဆိုတဲ့ အသိနဲ့ သနားလိမ့်မယ်လို့ ထင်မိတာ အမှားပဲဗျာ။

"အဖေနဲ့ ဆွေးနွေးစရာရှိလို့ပါ"

အဖေက သူ့အိမ်ထဲကိုအခြေအနေ အကဲခတ်ပြီးမှ.....

"မိန်းမရေ.....ငါ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို သွားဦးမယ်ကွာ"

"ဒီမှာ မအားပါဘူးဆိုမှ၊ ဟိုလူခေါ်လို့မဟုတ်လား၊ မြန်မြန်ပြန်လာဦးနော်"

"အေးပါကွာ"

အဖေဟာ သူ့အပေါ်အင်္ကျီလေးကိုယူပြီး ကျွန်တော်နဲ့ပါလာတော့တယ်။ လက်ဖက်ရည်ဆိုင်ထဲရောက်တော့ ပေါ့ဆိမ့်နှစ်ခွက်ကို လှမ်းမှာပြီး ကျွန်တော့်အတွက် လက်ဖက်ရည်ကြမ်းငှဲ့ပေးတယ်။

"ကဲ...ပြော၊ မင်းက ဘာကို ဆွေးနွေးမှာလဲ ငါ့သား"

တော်သေးတာပေါ့။ ကျွန်တော့်ကို 'ငါ့သား'ဆိုတဲ့ အခေါ်အဝေါ် ကိန်းအောင်းနေသေးလို့။ အဖေ့မျက်နှာကို စေ့စေ့ကြည့်ပြီး တိုးတိုးလေးပြောလိုက်တယ်။

"အမေနဲ့ ပြန်ပေါင်းပါလား အဖေ"

အဖေဟာ ပြူးကျယ်တဲ့မျက်လုံးကြီးနဲ့ ကျွန်တော့်ကိုကြည့်နေတယ်။ ပြီးမှ သက်ပြင်းချပြီး.....

"မင်းအမေရဲ့အကြောင်းကို မင်းမသိဘူးလား ငါ့သား"

"သိပါတယ် အဖေ၊ အဲဒါကြောင့်လည်း အမေ့ဘဝကို အဖေကယ်မှ ဖြစ်မှာမို့ပါ၊ ဒီအတိုင်းကြည့်နေရင် ပိုဆိုးလာလိမ့်မယ်"

"ဘယ်လိုမှမဖြစ်နိုင်ပါဘူးကွာ၊ မင်း ပြန်တော့"

"အဖေ.....အမေ့အပေါ်မှာ သံယောဇဉ် တစ်စွန်းတစ်စလေး တောင် မရှိတော့ဘူးလားဗျာ၊ ကျွန်တော့်ကို ငဲ့ကြပါဦး"

အဖေက နောက်တစ်ကြိမ် ပင့်သက်မောကိုချပြီး.....

"မဖြစ်နိုင်လို့ပါ သားရာ၊ အ မင်းအမေက အဖေကြား သလောက် သူ့သတင်းကမကောင်း ဘူးကွာ၊ မင်းက သူ့ကိုထိန်းမှဖြစ် တော့မယ်"

"ကျွန်တော်က သူ့သားလေ အဖေ၊ သားသမီးက မိဘကိုပြ ထိန်းပေးရမှာလား၊ အခု ကျွ တော့်ကိုအကြောင်းပြပြီး အ တစ်ယောက် ပျက်စီးနေပြီဗျာ၊ ကြ ရင် အမေ့ဘဝလေး စုံးစုံးမြုပ်သွား လိမ့်မယ်၊ အဖေက တားဆီးပေး သင့်တယ်"

"အဖေ ဝမ်းနည်းတယ် သား၊ သူ့အတွက် အဖေလည်း ဘာမှမတတ်နိုင်ဘူးကွာ၊ ကဲ...မ လက်ဖက်ရည်သောက်ပြီးပြန်တော့ ရော့...ဒါက မင်းသုံးဖို့၊ အမေ့ ဒါပဲပါလာတယ်"

ငွေငါးထောင်တန်တစ်ရွက် ကျွန်တော့်လက်ထဲ လာထည့် တယ်။ ကျွန်တော်က အဖေ့ဆီ ငါးထောင်ကို ပြန်ပို့လိုက်ပြီး.....

"ကျွန်တော် နားလည်သွား



www.burmeseclassic.com

www.burmeseclassic.com



အဖေ၊ တကယ်တော့ အမေသာ ကျွန်တော့်အပေါ် မိဘဝတ္တရား ကျေတာပါဗျာ၊ အမေ့အပေါ် ကျွန်တော် နားလည်မှုနဲ့ လက်ပိုက်ကြည့်နေရတော့မှာပေါ့၊ ကျွန်တော့်အတွက် အမေ့ကိုယ်နဲ့ရင်း ပြီး ရှာဖွေပေးတဲ့ငွေနဲ့ လုံလောက်ပါတယ်၊ အမေ့ကို ကျွန်တော် သနားတယ်အဖေ၊ ကျွန်တော်သွားပါပြီ"

"ဟော့.....သား၊ လက်ဖက်ရည် သောက်သွားဦးလေ"

"ဟင့်အင်း၊ အမေ့ရဲ့ မေတ္တာနဲ့ ကျွေးမွေးတဲ့အစာက ကျွန်တော့်အတွက် အာဟာရသိဒ္ဓိ ဖြစ်မြောက်ပါတယ် အဖေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ကျွန်တော်က အဖေ့ဆီအားကိုးတကြီးနဲ့ အကောင်းဆုံးနည်းလမ်းရှာဖို့ ရောက်လာခဲ့ပေမယ့် အဖေ့ရဲ့ဥပေက္ခာသာ ကျွန်တော်ရခဲ့တယ်။ ဒီတော့ စိတ်မကောင်းစွာနဲ့ အိမ်ကိုပြန်လာခဲ့ရတော့တယ်။ အိမ်ထဲဝင်ပြန်တော့.....

"သား.....စောစောက ဘယ်ထွက်သွားတာလဲကွယ်၊ အမေ သားအတွက် ကော်ဖီနဲ့မုန့် စီစဉ်ထားတယ်၊ ဓာတ်ဘူးထဲမှာ၊ ကော်ဖီပူပူလေး သောက်လိုက်ဦးကွယ်"

အမေ့ကို ကျွန်တော် အားနာသွားမိတယ်။ ကျွန်တော်ပြောဆိုသမျှတွေက အမေ့နှလုံးသားထဲမှာ ဒဏ်ရာဖြစ်စေခဲ့ရင် သားကို ခွင့်လွှတ်ပါအမေလို့ ကျွန်တော်က ကော်ဖီသောက်ရင်း အမေ့ကို စိတ်ထဲက အခါခါတောင်းပန်နေမိပါတယ်။ အဲဒီမှာ ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အသိတစ်ခုရလိုက်တာက ကျွန်တော်တို့သားအမိတွေရဲ့ လွတ်မြောက်ခြင်းက ကျွန်တော် ပညာတတ်၊ ဘွဲ့ရပြီး အလုပ်လုပ်နိုင်မှ အမေ့ဘဝကို ကယ်တင်နိုင်မှာမဟုတ်လားဗျာ။ ဒါကြောင့်မို့ ဒီနှစ်တော့ တက္ကသိုလ်ဝင်တန်းအောင်ဖို့ ကျွန်တော် ကြိုးစားရတော့မယ်ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် ဆင်ခြင်တတ်လာပါပြီ။

"အမေ သား ဒီနှစ် အောင်ရမယ်ဗျာ၊ အမေ့ကို ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ ကွယ်၊ အမေမျှော်လင့်နေတာ အဲ့ဒါ သား၊ အမေ့သားလေး လူတစ်လုံး သူတစ်လုံး ဖြစ်သွားတာမျိုး အမေ မြင်ချင်တယ်၊ အမေ ကျေနပ်ပါပြီကွယ်"

ကျွန်တော့်မျက်လုံးအိမ်မှာ မျက်ရည်တွေစီးကျရင်း အမေ့ကို ကတိပေးစကားပြောမိတယ်။ ကျွန်တော်တို့ သားအမိနှစ်ယောက်ရဲ့ အပြန်အလှန်စီးဆင်းတဲ့မေတ္တာတွေဟာ ဘယ်လိုအရာမျိုးမှ တားဆီးလို့မရနိုင်တော့ဘူးပေါ့နော်။ အမေ့





www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော်က နားလည်မှုပေး လိုက်တော့တယ်။

♛♛♛♛♛

လူဆိုတာ မဖြစ်နိုင်တာ ဘာမှမရှိဘူး။ မဖြစ်သေးတာပဲရှိတယ် ဆိုတဲ့စကားက မှန်ကန်ပါလားဗျာ။ ကျွန်တော့်ရဲ့ ပညာရေးကြိုးစားမှုက နောက်ဆုံးတော့ အသီးအပွင့်တွေနဲ့ အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ခဲ့ပြီပေါ့ဗျာ။ ကျွန်တော် တက္ကသိုလ်ဝင်စာမေးပွဲကြီး အောင်သွားခဲ့တယ်။ အမေမျှော်လင့်တဲ့ ဘဝတစ်ခုကို ရောက်အောင်ကြိုးစားမယ်ဆိုတဲ့ ကတိနဲ့ ကျွန်တော်ဟာတက္ကသိုလ်တက်နိုင်ခဲ့တယ်။

"သား အမေ နယ်ကိုသုံးရက်လောက် ခရီးသွားရဦးမယ်ကွယ်"

"အလုပ်ကိစ္စလား အမေ"

"ဟုတ်တယ် သား"

အမေဟာ အရင်လို အပြန်ညဦးမနက်တော့ပေမယ့် အခုလိုပဲ နယ်ကို ခရီးခဏခဏထွက်နေရတယ်။ ကျွန်တော်ကတော့ အမေ့ရုံးကို ကျေးဇူးတင်မိတယ်။ အမေ့ကို ဖွင့်မမေးရက်ပေမယ့် အမေဟာ အရင်အလုပ်ကို စွန့်လွှတ်လိုက်ပုံရတယ်လို့ ကျွန်တော်ထင်မိတယ်။

အမေ ခရီးထွက်နေတဲ့တစ်နေ့မှာ အိမ်ကို အမေ့ရဲ့လုပ်ဖော်ကိုင်ဖက် ဒေါ်ခင်မှုံ ရောက်လာတယ်။

"ကလေး ခင်သန့်စင် ဘယ်သွားလဲကွယ်"

"အန်တီမှုံ လာပါ၊ အထဲဝင်ထိုင်ပါဦး"

ကျွန်တော်က ဧည့်သည်ကို ထိုင်ခိုင်းပြီး အမေမရှိတဲ့အကြောင်းကို ပြောပြလိုက်ရတယ်။ ဒီတော့ ဒေါ်ခင်မှုံက သက်ပြင်းရှည်ကိုချရင်း.....

"ခက်တယ်ကွယ်၊ ခင်သန့်စင်တော့ ခွင့်ရက်ပျက်တာတွေ များနေလို့ လူကြီးဒေါ်တွေ့တော့မယ်၊ အန်တီမှုံလည်း သူ့အတွက်အမျိုးမျိုး ပြောပေးခဲ့တာပါပဲကွယ်၊ ခက်တာက သူ့သတင်းတွေကို လူကြီးတွေသိကုန်ကြပြီ၊ ဒုက္ခတော့ဖြစ်ပြီပေါ့ကွယ်"

"ဗျာ....အမေ့ရဲ့ဘာသတင်းလဲ အန်တီမှုံ"

ဒေါ်ခင်မှုံက ပြောသင့်၊ မပြောသင့် စဉ်းစားနေတော့ ကျွန်တော်က တောင်းဆိုဖန်များတော့မှ.....

"မင်းကိုပြောရမှာ အားတော့နာပါတယ်ကွယ်၊ ခင်သန့်စင်က ပြည့်တန်ဆာခေါင်းဖြစ်နေပြီ၊ အခုဆို လူကုန်ကူးသူတွေနဲ့ပေါင်းပြီး မိန်းကလေးတွေကို လိမ်ညာခေါ်သွားတယ်၊ အလုပ်ရမယ်ဆိုပြီး

တရုတ်ပြည်ဘက်အထိ ပို့နေတ... တဲ့"

"ဗျာ.....လုပ်ရက်လေခြင်... အမေရယ်"

"အေး.....အခု သူ့အလုပ်... မယ်ပြောပြီး ဖြားယောင်းသေ... ခေါ်သွားတဲ့ မိန်းကလေးတွေ... မိဘတွေက ရုံးကိုလိုက်လာ... တယ်၊ သက်ဆိုင်ရာကိုလည်း တ... တားကြပြီတဲ့၊ ကဲ.....ဘယ်လိုလု... ကြမလဲ၊ သူတို့သမီးကို လူပွဲ... ဒေါ်ခင်သန့်စင်က ခေါ်သွားတ... လို့ လာပြောသွားတာပဲ"

"အမေ့ဆီ ဖုန်းခေါ်တာ... ဘူး အန်တီမှုံ၊ ဖုန်းမကိုင်ဘူး"

"ဟုတ်တယ်၊ အန်တီလည်... ဖုန်းဆက်နေတာပဲ၊ မရဘူး"

ကျွန်တော့်ရည်ရွယ်ချက်... ပျက်သုဉ်းရပြီလား။ အမေဟာ ... ဘဝကို သူကိုယ်တိုင် နှစ်နစ်အေ... လုပ်နေတာပါ။ ကျွန်တော်သိပ်... ယူကျုံးမရဖြစ်မိတယ်ဗျာ။ ဒီ... မျက်ရည်တွေကျလာပြီး ဒေါ်ခ... ကို မေးလိုက်မိတယ်။

"ဘယ်လိုဆက်လုပ်ကြမ... အန်တီမှုံ၊ အမေရော အဖမ်းခံ... ဘာဖြစ်မလဲဟင်"

"ထောင်ကျမှာပေါ့ကွဲ့၊ ... ကုန်ကူးမှုက ပြစ်ဒဏ်ကြီး... တယ်၊ ခင်သန့်စင် သိပ်... ကလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့်မို့ အမေက ငွေ ရှာနေတာပဲ၊ ပြီးတော့ ရွှေနဲ့ငွေ နဲ့ ဝယ်ခြမ်းနေတာ ဒါကြောင့်ကိုး။ သူတစ်ပါးဒုက္ခမျက်ရည်တွေကို ခြေ ချပြီး ဟားတိုက်ပျော်ရွှင်နေတဲ့ သူ့ အမေ့ကို ကျွန်တော် သိပ်မုန်း သွားပြီ အနံ့တို့မို့၊ သူ ကျွန်တော့် ကို လိမ်ညာခဲ့တယ်"

"အဲဒီလိုတော့ မပြောပါနဲ့ ကလေးရယ်၊ ခင်သန့်စင်ဘဝလေး ကို အနံ့တို့မို့ အသိခံပါကွယ်၊ သူ့ ကို အရွယ်လည်းရှိ ရုပ်ရည်လေး လည်းရှိတော့ အိမ်ထောင်သစ်ထူ ချင်တယ်၊ ဒါပေမဲ့ သူက မင်း ကိုငဲ့ပြီး အိမ်ထောင်မပြုဘဲနေတော့ ဖြစ်သင့်တာတွေ ဆက်ဖြစ်ကုန် တော့တာပေါ့၊ မိန်းကလေးတစ် ယောက်ဘဝမှာ အိမ်ထောင်ကွဲ သွားရင် ကောင်းကျိုးတစ်ဝက်၊ ဆိုးကျိုးတစ်ဝက်ပါကွယ်၊ ခင်သန့် စင်ကတော့ ဆိုးကျိုးက ပိုများ သောက်အောင် သူ့သားကြောင့် ဒုက္ခဖြစ်ရတာပဲ၊ မင်းကို ကောင်း ကောင်းနေစေချင်တဲ့ မိခင် မေတ္တာကြောင့် အမှားတွေ ဆက် တိုက်ဖြစ်လောက် အောင် ငွေ နောက်ကို လိုက်ပါသွားခဲ့တာပဲ ကွဲ့"

ဒေါ်ခင်မွှားက အမေ့ကို စိတ်နာ ခြင်းမဖြစ်စေဖို့ ကျွန်တော့်ကိုဆုံးမ တယ်။ သူ့ရဲ့စကားရှည်ကြီး ပြီးဆုံး သွားမှ ပြန်သွားတော့တယ်။ ကျွန် တော် ဘာဆက်လုပ်ရမလဲ။ အမေ မရှိတော့တဲ့အခါ ကျွန်တော့်ဘဝကို ကျွန်တော် ထူထောင်ရတော့မှာပေါ့ နော်။

သိပ်မကြာခင်မှာပဲ ရဲစခန်းက အမေ့ကိုလာရှာကြတယ်။ ကျွန် တော်က အမေပြန်မလာသေးတဲ့ အကြောင်း၊ ဘယ်နေရာကိုသွား မယ်ဆိုတာ ပြောမသွားကြောင်း ရှင်းပြလိုက်တော့မှ "မင်းအမေ ပြန်လာရင် ချက်ချင်းအကြောင်း ကြားပါ"ဆိုပြီး မှာသွားတယ်။ ပြီး တော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ပါ တာဝန်ပေးသွားပုံပါပဲ။ သူတို့က ကျွန်တော့်ဆီ ရောက်လာကြပြီး အမေ့သတင်းကို စုံစမ်းတော့တာပါ ပဲဗျာ။

♛♛♛♛♛

"ခင်သန့်စင်က လူကုန်ကူး နေတာကိုး၊ ဒါကြောင့်မို့ ဒီကောင်မ ပျံလန်နေတာပေါ့၊ ဟင်း...သူတစ် ပါး မျက်ရည်ကြီးငယ်ကျမှ မတရား ရတဲ့ငွေနဲ့ စားသောက်နေကြတာ အံ့ပါရဲ့တော်"

"ဟုတ်ပါ့၊ သားကိုလည်း ကောင်းကောင်းထားလိုက်တာလေ၊ တစ်သက်လုံးက ရွှေတောင်မြင်ဖူး တဲ့ဟာတွေမဟုတ်ဘူး၊ သားက ဘဝင်မြင့်နေတာ၊ အခုတော့ အရှက်ကွဲပြီပေါ့"

ကျွန်တော် လမ်းထဲဖြတ်သွား တိုင်း ကြားနေကျအသံတွေပါပဲ။ သူတို့က မမောမပန်းနိုင်လောက် အောင် ပြောနေကြပေမယ့် ကြားရ တဲ့ ကျွန်တော်က နားတွေလျှံထွက် နေပါပြီဗျာ။ ကျွန်တော့်နေရာမှာ စိတ်တို၊ ဒေါသကြီးတဲ့ သူတစ် ယောက်ဆိုရင် ဘယ်လိုနေမလဲ။ သူတို့ကို ဓားနဲ့လိုက်ခုတ်မှာအမှန် ပဲလေ။

"ပြောပါစေ ရဲရင့်ကျော်ရာ၊ သူတို့ ဘယ်အချိန်အထိ ပြောနိုင် ကြမှာလဲ၊ လူတစ်ယောက်ရဲ့ဘဝ ကို မသိဘဲနဲ့ ဝေဖန်ပြောဆိုနေကြ တာ သိပ်ကိုအောက်တန်းကျတဲ့သူ တွေပါကွာ၊ သွားမယှဉ်နဲ့နော်၊ မင်း လုပ်ရမှာက ကိုယ့်ရည်ရွယ်ချက် အပျက်မခံဘဲ ကိုယ့်လမ်းကိုယ် လျှောက်ပါကွာ၊ မင်းက ဘာမှမသိ တဲ့သူပဲမဟုတ်လား"

ကျွန်တော့်ကို သူငယ်ချင်း ကောင်းပီသစွာနဲ့ အားပေးတတ်တဲ့ မင်းနိုင်ကို ကျွန်တော် ကျေးဇူးတင် သွားတယ်။

"ဟုတ်တယ် မင်းနိုင်၊ ငါ အလုပ်ထွက်လုပ်မှ ဖြစ်တော့မယ်၊ ရှိတာလေးကို စားနေ၊ သုံးနေရင် ငါမွဲတေသွားမှာပဲကွာ"

"မင်း အလုပ်လုပ်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင်တော့ ငါ့ဦးလေးရဲ့ စား
သောက်ဆိုင်မှာ လုပ်ပါလားကွ၊ စား
တာသောက်တာတော့ မင်းမပူရ
ဘူး၊ သူ့ဆိုင်မှာ တို့အရွယ်ဝန်ထမ်း
တွေ အများကြီးပဲကွ၊ အားလုံးဟာ
ညီအစ်ကိုတွေလိုပဲ၊ ပျော်စရာ
ကောင်းတယ်"

ကျွန်တော်က
မင်းနိုင်အပြောကြောင့်
စိတ်ဝင်စားသွား
တော့တယ်။ ဘာပဲ
ပြောပြော ကျွန်
တော့် ပညာရေး
ဆုံးခန်းတိုင်ဖို့
အလုပ်လုပ်မှ ဖြစ်
တော့မယ်မဟုတ်ပါ
လား။ ဒါကြောင့်မို့
အလုပ်မရွေးတော့ဘဲ
မင်းနိုင်ကို.....

"အေးကွာ၊ ငါ
အခုပဲ အလုပ် စလုပ်တော့မယ်၊
မင်းဦးလေးဆိုင် ကိုသွားမယ်ကွာ၊
အလုပ်ရဖို့ပြော ပေး"

"တကယ်လား ရဲရင့်ကျော်၊
ဒါဆို အခုလိုက်ပို့ပေးမယ်"

ကျွန်တော် ဝမ်းသာသွားတော့
တယ်။ မင်းနိုင်ရဲ့ဦးလေးက ကျွန်
တော့်ကိုအကဲခတ်ပြီး ခေါင်းညိတ်
လိုက်တယ်။

"ကောင်းပြီလေ၊ ငါ့တူကို
တစ်လအစမ်းခန့်ကြည့်ဦးမယ်၊ ဒါ
ပေမဲ့ လစာအပြည့်ပေးမှာနော်၊ ဦး
လေးစိတ်ကြိုက်ဖြစ်မှ မင်းလုပ်နိုင်
သလောက် လုပ်ပေါ့ကွာ၊ အလုပ်
သဘောကိုတော့ မင်းနားလည်စေ
ချင်တယ်"

"ဝမ်းသာလိုက်တာ ဦးလေး
ရာ၊ ကျွန်တော် ကြိုးစားလုပ်ပါ့



မယ်"

ဝန်ထမ်းတွေကလည်း ကျွန်
တော့်ကို ညီလေး.....ညီလေးနဲ့
နွေးနွေးထွေးထွေး ကြိုဆိုကြတယ်။
ကျွန်တော့်ဘဝမှာ မိသားစုဘဝရ
လိုက်သလို ခံစားမိတယ်။ ကျွန်
တော် မသိတာ၊ မတတ်တာ၊ နား
မလည်တာမျိုးကို သူတို့က စိတ်
ရှည်လက်ရှည်နဲ့ ပြောပြ၊ ရှင်းလင်း
ပြကြတယ်။

ကျွန်တော့်ကို ညီရင်းတစ်
ယောက်လို အကုန်ကူညီကြတော့
ကျွန်တော် ပျော်ရွှင်မိပါတယ်
ကျောင်းကပြီးတော့မှာဆိုတော့
အလုပ်ရှင်နဲ့ နားလည်မှုယူပြီး
တစ်ခုရအောင် ကျွန်တော်တက်
ခဲ့ပါတယ်ဗျာ။

♛♛♛♛♛

"ဩော်...အမေ
အမေ၊ ဘယ်ဆီ
ရောက်နေပြီလဲ
အမေ့ကိုသေသလား
ရှင်သလား ကျ
တော် မသိခဲ့
လား၊ သား ရှိ
တစ်ခေါက်မှ
အမေက ပြန်မ
ခဲ့ဘူး၊ အမေ
ဆီကိုရောက်
ဘယ်လိုမကော
တွေ လုပ်နေသလဲ အမေ
တစ်ခါတစ်ခါတော့
အမေ့ကို ကျွန်တော် သတိ
တယ်။ သတိရတိုင်းလည်း
ရည်တွေဝဲလို့ပေါ့။ အမေ
သားတစ်ခုဘဝမှာ အမေ
က ကျွန်တော့်အတွက် မြ
တောင်ကြီး ပြိုလဲသွားသ
ကျွန်တော်ငိုခဲ့ရတဲ့ ရက်
ရေတွက်မကုန်နိုင်လောက်
ပဲ။



www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော် ဘွဲ့ယူတဲ့နေ့က အဆိုးဆုံးပါပဲ။ သူများတွေ မိစုံဖစုံနဲ့ ပျော်ရွှင်ဝမ်းသာနေကြချိန်မှာ ကျွန်တော်ကတော့ မပျော်ရွှင်နိုင်ပါဘူး။ ဘွဲ့ဝတ်စုံဝတ်ပြီး 'အမေ'လို့ ရေးထိုးသားထဲမှာ အထပ်ထပ်ခေါ်နေမိတာ ဥဩငှက်လေးက သူ့မိခင်ကို ရှာဖွေခေါ်မြည်နေသလိုပါပဲ။ မိခင်ပျောက်ရှာနေတဲ့ ဥဩငှက်လေးလို ကျွန်တော်လည်း အမေ့ကို တမ်းတနေတာ အမေတစ်ယောက် ကြားသိစေချင်ပါတယ်။

"အမေ့ကို ဘွဲ့ဝတ်စုံဝတ်ပြီး ပြချင်လိုက်တာဗျာ၊ အမေရှိရာကို သားအရောက်လာပြီး ပြလိုက်ချင်ပါတယ်၊ အမေမျှော်လင့်နေတဲ့ ဘဝတစ်ခုကို သားရောက်နေပြီ အမေ၊ အမေ့ကို ဝမ်းသာစေချင်တယ်ဗျာ"

"ရဲရင့်ကျော် စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဒေါ်ဒေါ်က တစ်နေ့နေ့ မင်းဆီကို အရောက်ပြန်လာပါလိမ့်မယ်၊ အခုလည်း အဝေးကနေ မင်းရဲ့သတင်းကိုကြားပြီး ဝမ်းသာချင် ဝမ်းသာနေမှာပဲ၊ လာကွာ..... ဝမ်းအနားစတော့မယ်ထင်တယ်၊ ထိုင်ကြရအောင်"

မင်းနိုင်နဲ့ကျွန်တော်က ဘွဲ့နှင်းသဘင်ခန်းမထဲကို ဝင်လိုက်ကြတော့တယ်။ အထဲရောက်တော့ သူငယ်ချင်းတွေနဲ့ စကားပြောကြ ဆိုကြနဲ့ အမေ့ကို မေ့သွားပါတော့တယ်။




♛♛♛♛♛

ဘွဲ့ရပြီး သုံးနှစ်အကြာမှာတော့ ကျွန်တော်ဟာ မင်းနိုင်ရဲ့ဦးလေး ကျွန်တော့်အလုပ်ရှင် ဦးဝဏ္ဏရဲ့ ယုံကြည်မှုကိုခံရပြီး စာရင်းကိုင်ရာထူးကိုရခဲ့တယ်။ အဲဒီမှာပဲ ဦးဝဏ္ဏရဲ့သမီး မခင်ဝဏ္ဏက မန်နေဂျာဆိုတော့ သူနဲ့အလုပ်တွဲဖက်လုပ်ကိုင်ရတယ်။ ခင်ဝဏ္ဏဟာ ကျွန်တော့်ထက် နှစ်နှစ်ကြီးပါတယ်။ ဘွဲ့ရပြီး မိဘအလုပ်မှာ ဝင်လုပ်ခဲ့တယ်။ သူ့ကို မာန်မာနကြီးသူလို့ ဝန်ထမ်းတွေက ပြောကြတယ်။ ချောတာတော့ ရက်ရက်စက်စက်ပါပဲ။ ကိုရီးယားမင်းသမီးလေးလို ချစ်ဖို့ကောင်းတယ်။

"ရဲရင့်ရေ မင်းကို အလုပ်ရှင်က သမက်အဖြစ် မျက်စိကျနေလားမသိဘူးကွာ၊ ဒီဆိုင်မှာ ဘွဲ့ရသူဆိုလို့ မင်းတစ်ယောက်တည်း ရှိတာမဟုတ်လား"

"ပေါက်ကရ ပြောတော့မယ်ဗျာ၊ ကျွန်တော်က ကွန်ပျူတာ တတ်တော့ စာရင်းဇယားလုပ်ခိုင်းတာပါ"

"ဟင်း.....ဟင်း၊ မင်းက ခင်ဝဏ္ဏလေးကို နည်းနည်းပါးပါး ရင်မခုန်ဘူးလားကွာ၊ မလိမ်နဲ့နော်

www.burmeseclassic.com



ကောင်လေး”

“မလိမ်ပါဘူးဗျာ၊ အိမ်မက်တောင် မမက်ရဲပါဘူး၊ သူနဲ့ကျွန်တော့်ဘဝက မိုးနဲ့မြေလို ကွာခြားတာလေ”

“မင်းတို့နှစ်ယောက်က သေချာကြည့်ရင် တကယ်လိုက်တာကွ၊ သူက မင်းကို ဘယ်လိုခေါ်သလဲ”

“မောင်လေးတဲ့”

“သူ့ကိုယ်သူကျတော့ ဘယ်လိုပြောသလဲကွ”

“မမခင်တဲ့လေ”

“ဟာကွာ.....ဒါ သက်သက်နိမ်တာပဲ၊ ငါတို့သိသလောက်ဆိုရင် ခင်ဝဠာမှာ ချစ်သူမရှိသေးဘူးကွ၊ မင်း မျှော်လင့်ချက်ရှိသေးတယ်”

လုပ်ဖော်ကိုင်ဖက်တွေက ကျွန်တော့်ကို မြှောက်ပေးကြပါတယ်။ မခင်ဝဠာကို စိတ်ဝင်စားမိပေမယ့် ကျွန်တော်က သူ့အဖေ အလုပ်ရှင် ဦးဝဠာကိုကြောက်တယ်။ ပြီးတော့ မင်းနိုင်ရဲ့မျက်နှာကိုလည်း ထောက်ထားရဦးမှာ မဟုတ်လားဗျာ။

“မင်း ဘာမှစဉ်းစားမနေနဲ့ ကောင်လေး၊ အပျိုကြီးမကို ချစ်ရေးဆိုလိုက်တော့”

“မလုပ်ပါနဲ့ဗျာ၊ ကျုပ်အလုပ်ပြုတ်သွားပါဦးမယ်၊ ခင်ဗျားတို့ရော ကြိုက်ရင် ရအောင်ကြိုးစားကြပါလား”

သူတို့က သွားလေးတွေပေါ်အောင် ပြုံးကြပြီးမှ.....

“တို့လိုကောင်ကို ခင်ဝဠာက ခြေတောင်ဆေးခိုင်းမှာမဟုတ်ဘူးကွ၊ တို့တွေက ဘွဲ့မရ၊ ရုပ်ရည်မလှတဲ့အပြင် နေစရာအိမ်တောင်ရှိတာမဟုတ်ဘူးလေ၊ မင်းမှာက အားလုံးအဆင်သင့်”

သူတို့ပြောလည်း ပြောစရာပါ။ ကျွန်တော့်အတွက် အလုပ်ရှင်က သူတို့တိုက်ရှိ ဝန်ထမ်းများထားရာအဆောင်တွင် အခန်းတစ်ခန်းပေးထား၏။ ကျွန်တော်က အိမ်ခဏပြန်လိုက်၊ သည်မှာနေလိုက်နှင့်။ နားရက်မျိုးတွင် အိမ်ပြန်နေလိုက်သည်။

“ဒီအဆောင်မှာပဲနေပြီး မင်းအိမ်ကို ငှားစားပါလား ကောင်လေး”

“ဟာ...ဟုတ်တယ်၊ မင်းငှားလိုက်ရင် တစ်လငါးသောင်းကတော့ မင်းအတွက် စုမိမှာပဲ၊ အခုဆို အိမ်ငှားခတွေ ဈေးကြီးလာပြီကွ”

“မငှားပါဘူးဗျာ၊ အမေ့အိမ်လေးကို အပျက်စီးမခံနိုင်ပါဘူး၊ အမေပြန်လာမှာဗျ”

“မင်းက သိပ်ခေါင်းမာတာပါလား၊ မင်းလုပ်ပုံနဲ့ ခင်ဝဠာက ကြိုက်မှာမဟုတ်ပါဘူးကွာ၊ သူလည်း မင်းကိုကြိုက်မှာမဟုတ်ပါဘူး၊ ဒီတော့ အိပ်မက် မက်မနေ[...]တော့ ကောင်လေးရေ”

ဒီအပြောက ကျွန်တော့်ရင်[...]မှာ မခံချင်ဖြစ်မိပါရဲ့ဗျာ။ လူလူချ[...] မတူမတန်တာလည်း အခုခေ[...] ကြီးထဲမှာ မရှိတော့ပါဘူး။ စိတ်[...]မှာ စနိုးစနောင့်ဖြစ်လာပြီး စိန်ခေ[...]မှုတစ်ခုကို ကျွန်တော်က ဘယ်သူ့[...]ကိုမှ အသိမပေးဘဲ စတင်ဖို့ [...] ဖြစ်လိုက်တော့တယ်။

♛♛♛♛♛

မခင်ဝဠာကို ကျွန်တော်[...] အခုမှ သေသေချာချာ၊ စေ့စေ့[...] စပ် ကြည့်မိတော့တယ်။ သူမ[...] ဘေးတိုက်ကြည့်ရချိန်မှာ နှုတ်ခ[...] ဖူးဖူးလေးက ဆွဲဆောင်မှုရှိ[...] တယ်။ သူမရဲ့ သွယ်လျလျ လ[...] ချောင်းတွေက ရင်ဖိုစရာပါ။ [...] Customer တွေက ခင်ဝဠာ[...] မကြားတကြား ပြောသွားကြတ[...] ဒါတောင် ကျွန်တော်ရှိနေလို့ [...] သေးတာပေါ့ဗျာ။

“ဟင်း.....သိပ်စိတ်ပျက်[...] ကောင်းတာပဲ၊ စားသောက်ပြီး[...] ကြတာမဟုတ်ဘူး၊ လူကို ပြ[...] မှာထားတဲ့အရုပ်လို ထိုင်ကြည့်[...] ကြတယ်၊ ပြီးတော့ ပါးစပ်[...] သရမ်းလိုက်တာ”

“မမခင်က ပြောတာကို[...]



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့.....ငါ့ဘာသာချောတာ ဘုရားပေးတဲ့ဆုပဲဟာ၊ မနာလို ဖြစ်နဲ့"

"ဒါဆိုလည်း မနက်ဖြန်မှာ အသွားကြီးလိုဝတ်စားပြီး ပါးကွက်ထူထူလိမ်း၊ ဘီးကျော်ပတ်ကြီး ပတ်၊ မျက်မှန်ထူထူတပ်ပြီး ထိုင်နေပါလားဗျာ"

"မင်းနော် မလုပ်ရဲဘူးထင်နေလား"

"စမ်းကြည့်လိုက်လေ"

မခင်ဝင္ဇာက ကျွန်တော့်ဘက် ကြည့်ပြီး မျက်စောင်းလှလှလေးထိုးလိုက်တော့တယ်။ သူမရဲ့မျက်ဝန်းနဲ့ ဆုံရတဲ့ခဏ ကျွန်တော့်ရင်မှာ တစ်မျိုးလေးဖြစ်သွားသလို ခံစားသွားရတော့တယ်။ အဲဒီအချိန်မှာပဲ သူ့ကိုစချစ်မိသွားတယ်ဆိုပါတော့ဗျာ။

အချစ်ဟာ အရာရာကို ခွန်အားသတ္တိတွေ ပေးလာတယ်။ ကျွန်တော့်မှာကြောက်စိတ်တွေ မရှိတော့ဘူး။ အချစ်နဲ့ ရှေ့လျှောက်ပြဿနာတွေအားလုံးကို ရင်ဆိုင်ဖို့ နောက်မတွန့်တော့ဘူး။ ကျွန်တော်က မခင်ဝင္ဇာရဲ့အချစ်ကိုရဖို့ ကြိုးစားနေတော့တယ်။

ဒီညှ ကျွန်တော်တို့ဆိုင်ပိတ်တဲ့နေ့မှာ မခင်ဝင္ဇာဆီ Viber နဲ့ Message ပို့လိုက်တယ်။ ဒီတော့....

"မောင်လေးရယ် ငယ်ပါသေးတယ်၊ ပြန်အိပ်လိုက်ပါဦး တစ်ရေးလောက်"

တဲ့။ ကျွန်တော်က ရုပ်ပုံလေးတွေနဲ့ သူမနဲ့ လက်တွဲချင်တဲ့အကြောင်း ပြန်ပို့လိုက်တော့ သူမက ပန်းစည်းလေးပြန်ပို့တယ်။ သင်္ကေတသဘောကတော့ အဆင်နည်းနည်းပြေပြီပေါ့ဗျာ။ ဒါနဲ့ပဲ ကျွန်တော်လည်း မခင်ဝင္ဇာအချစ်ကို လူနာအမဲခြောက်ဖုတ်တောင်းသလိုမျိုး ဇွဲရှိရှိနဲ့တစ်ညလုံးတောင်းတော့မှ သူ့ဘက်က 'အင်း'ဆိုတဲ့အဖြေနဲ့ ကျွန်တော်တို့နှစ်ယောက် ချစ်သူဖြစ်သွားကြတယ်ဗျာ။

ချစ်သူဘဝရောက်တော့ ပုန်းလျှိုးကွယ်လျှိုး ချစ်လို့မရတော့ဘူး။ ကျွန်တော်က လုပ်ဖော်ကိုင်ဖက်တွေကို ကြွားချင်ချင်ဆိုတော့ သူတို့တွေ သိသွားကြတော့တယ်။ ဒီတော့.....

"ဟာ.....ကောင်လေးရာ၊ မင်းကို လေးစားပါတယ်၊ ငါတို့က ထင်တောင်မထင်ဘူးကွာ"

"မင်းသိပ်တော်တယ် ကောင်လေး၊ မင်းကို လေးစားပါတယ်၊ ငါတို့က ထင်တောင်မထင်ဘူးကွာ"

"မင်းသိပ်တော်တယ် ကောင်လေး၊ တို့အလုပ်ရှင်လေးဖြစ်သွားရင် တို့အားလုံးက မင်းရဲ့ကျေးဇူးရှင်တွေနော်၊ ပစ်မထားနဲ့"

"မပစ်ပါဘူးဗျာ၊ ခင်ဗျားတို့လည်း ဦးဝင္ဇာမသိအောင် နေပေးကြနော်၊ တော်ကြာ ကျွန်တော်ပါ မောင်းထုတ်ခံနေရဦးမယ်"

"စိတ်ချပါ ကောင်လေးရာ"

ကျွန်တော်နဲ့ ခင်ဝင္ဇာတို့ ချစ်သူဖြစ်သွားကြတော့ ဆိုင်ပိတ်ရက်မှာပဲ အပြင်မှာ ခိုးတွေ့ရတော့တယ်ဗျာ။ နှစ်ယောက်စလုံးဟာ အရွယ်ရောက်ပြီးသူတွေဖြစ်ကြတော့.....

"မမခင်တော့ အဖေ့ကို ဖွင့်ပြောပြလိုက်တော့မယ် မောင်"

"မမခင်အဖေကြီးကသဘော မတူရင်ရောဗျာ"

"အို.....ဒါတွေ မမခင်တာဝန်ထားလိုက်ပါကွယ်၊ မင်းဘက်ကသာ မမခင်ကို ချစ်မြတ်နိုးဖို့ပဲ လိုပါတယ်"

"ဘာလဲ မမခင်က မောင့်အချစ်ကို မယုံလို့လား။ ဒါဆိုလည်း အိမ်မပြန်နဲ့တော့"

"ဘယ်ဖြစ်မလဲ မောင်ရယ်၊ မမခင်က သမီးတစ်ယောက်တည်းရှိတဲ့ မိသားစုကပါ၊ ပြီးတော့ မိဘတွေကို မျက်နှာမပျက်စေချင်ဘူး။ အဆင်ပြေဖို့ ကြိုးစားမယ်"

"ဖြစ်ပါ့မလား မမခင်၊ တော်ကြာ....."

မမခင်က ကျွန်တော့်နှုတ်ဖျားကို သူ့လက်ချောင်းလေးနဲ့ပိတ်ပြီး ခေါင်းလေးခါပြတယ်။ နောက်တော့ မမခင်က သူ့မိဘတွေကို ပြော



www.burmeseclassic.com

www.burmeseclassic.com

**ကျွန်တော်က အမေ့မျက်နှာကို ကြည့်ပြီး**
**ဝမ်းနည်းနေတော့တယ်။**
**စကားတောင် ပြန်မပြောနိုင်တော့ပါဘူး။**
**အမေ့ကိုတော့ လည်းနားလည်တဲ့အကြည့်မျိုးနဲ့**
**ကျွန်တော်တို့သားအမိကို ကြည့်နေရှာတယ်။**
**အမေ့မျက်ရည်တွေကို ကျွန်တော်သုတ်ပေးပြီး.....**

ပြလိုက်ပုံရပါတယ်။ ဦးဝဇ္ဇာက ကျွန်တော့်ကို ခေါ်တွေ့တော့တာပေါ့။

"မင်းကို စတွေ့ကတည်းက ငါ့သမီးနဲ့ ရည်ရွယ်ထားပြီးသားပါ သားရာ၊ ငါတို့လည်း အသက်ကြီးပါပြီ၊ ဆိုင်ကို မင်းတို့ပဲ ဦးစီးလုပ်ကိုင်ကြတော့"

ကျွန်တော် သိပ်ကိုဝမ်းသာသွားမိတယ်။ ကျွန်တော့်ဘဝမှာ ဒါမျိုးတွေ ဖြစ်လာလိမ့်မယ်လို့ ထင်မထားမိပါဘူး။ ကံကောင်းချင်တော့ နတ်သမီးလေးနဲ့ ရွှေဘုံပေါ်မှာ စံစားရတဲ့ဘဝ။ ဩော်.....အမေ့ကို သတိရလိုက်တာဗျာ။ အမေသာရှိနေရင် သူ့သားအတွက် ချွေးမလောင်းလေးကို ချစ်မှာအမှန်ပါပဲ။ ဘာလိုလို့နဲ့ အမေနဲ့ခွဲခဲ့ရတာ ၆ နှစ်တင်းတင်းပြည့်ခဲ့ပါရောလား။

အမေ့သတင်းအစအနတောင် မရတော့ လူ့လောကကြီးမှာအမေမှ ရှိနေပါတော့မလားလို့ ကျွန်တော် ထင်မှတ်လိုက်တယ်။ အမေသာ သက်ရှိထင်ရှားရှိနေရင် ကျွန်တော့်ကို တစ်နည်းနည်းနဲ့ လာတွေ့မှာပဲမဟုတ်လား။

အမေ့ကိုတမ်းတတဲ့စိတ်က အိပ်မက်ထဲအထိ အမေ.....အမေနဲ့ ကျွန်တော်က တကြော်ကြော် ခေါ်နေတဲ့အထိပါပဲဗျာ။ နောက်တော့ ခင်ဝဇ္ဇာနဲ့ကျွန်တော် မင်္ဂလာပွဲလေးကို ခမ်းခမ်းနားနား ကျင်းပပေးခဲ့တယ်။ ဒီစားသောက်ဆိုင်မှာပဲ မင်္ဂလာအထိမ်းအမှတ် ညစာစားပွဲလေး ကျင်းပပါတယ်။ ကျွန်တော့်အတွက် ပျော်ရွှင်စရာနေ့လေးဆိုရင်လည်း မမှားဘူးပေါ့ဗျာ။

"သားနဲ့သမီးတို့ ဒီတိုက်မှာပဲ အတူတူနေကြရမယ်နော်"

ခင်ဝဇ္ဇာက တစ်ဦးတည်းသော သမီးဆိုတော့ ကျွန်တော်က သူ့နောက်ကို လိုက်ပါခဲ့ရတာပေါ့ဗျာ။

♛♛♛♛♛

ကျွန်တော် အိမ်ထောင်ကျပြီး သုံးလအကြာမှာတော့ ဆိုင်ထဲကို အမျိုးသမီးကြီးတစ်ယောက် ဝင်လာတယ်။ သူ့ကြည့်ရတာ နွမ်းနွမ်း ဖပ်ဖပ်နဲ့ ဆာလောင်မွတ်သိပ်လာပုံရပါတယ်။ ဒါနဲ့ စား... ထိုးတစ်ယောက်က.....

"မောင်ရဲရင့်ရေ မိန်းမကြီး... တစ်ယောက် ဆိုင်ထဲမှာ ခေါက်ဆွဲ... ကြော်လာစားပြီး ပိုက်ဆံမလော... ဘူးဖြစ်နေတယ်၊ သူ့ကြည့်ရတာ... သနားပါတယ်ကွာ၊ တော်တော်... နေတာပဲ"

ကျွန်တော်က စားသောက်... တဲ့ အမျိုးသမီးကြီးနားကို ရော... သွားချိန်မှာ ကျွန်တော့်ရင်ထဲမှာ... သွားရလောက်အောင် ယူကျုံး... ဖြစ်သွားတော့တယ်။

"ဟင်..အမေ၊ အမေ...သာ... ဆီကို ပြန်လာတယ်နော်"

"ဟင်.....သားလေး၊ အ... သားလေး၊ အေး.....အေး အ... ပြန်လာပါပြီ သားရယ်၊ မင်း... ဆိုင်မှာ အလုပ်လုပ်နေတာလာ... ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က အမေ့မျက်နှာကိုကြည့်ပြီး ဝမ်းနည်းနေတော့တယ်။ စကားတောင် ပြန်မပြောနိုင်တော့ပါဘူး။ စားပွဲထိုးကိုစောသည်း နားမလည်တဲ့အကြည့်မျိုးနဲ့ ကျွန်တော်တို့သားအမိကို ကြည့်နေရှာတယ်။ အမေ့မျက်ရည်တွေကို ကျွန်တော်သုတ်ပေးပြီး အမေ့ကို အပေါ်ထပ်ကို ဝမ်းသာသွားအောင် ခေါ်သွားလိုက်တယ်။

"လာ.....အမေ၊ အမေ့ကို ပြစရာရှိတယ်"

အမေဟာ သူ့ရဲ့ညစ်ပေပေ လက်ဆွဲအိတ်လေးကို ဆွဲကိုင်တော့ ကျွန်တော်က အမေ့လက်ကိုဆွဲပြီး အိတ်ကို တစ်ဖက်ကကိုင်ပြီး မိန်းမနဲ့မိတ်ဆက်ပေးဖို့ ခေါ်လာခဲ့တယ်။

"ဘာတွေပြမလို့လဲကွယ်၊ အမေ့သားမျက်နှာလေးကို ကြည့်လို့တောင်မဝသေးဘူးကွယ်၊ အမေ့သားလေးက ချောလှပြီး ယောကျ်ားပီသတဲ့ရုပ်ရည်ပဲ၊ ကြည့်ကောင်းလိုက်တာ သားရယ်"

အမေဝမ်းသာတော့ ကျွန်တော်လည်း စိတ်ချမ်းသာရပြီပေါ့ဗျာ။ အမေ့ကိုခေါ်ထားပြီး ကျွန်တော်က တစ်ဝကြီး လုပ်ကျွေးတော့မယ်။ ကျွန်တော့်တစ်ချိန်က စိတ်ကူးထားသမျှ လက်တွေ့ အကောင်အထည်ဖော်လို့ရပြီပေါ့ဗျာ။ အခုဆိုရင် ကျွန်တော့်မှာ မိန်းမနဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်ခွင့်ရနေပါပြီ။ တစ်ချိန်က မိသားစုမစုံလင်ခဲ့တဲ့ ကျွန်တော့်အတွက် ကံတရားက ဖန်တီးပေးလာပြီပေါ့ဗျာ။



"လာ..အမေ၊ အပေါ်ထပ်ကို တက်ရအောင်၊ ဖြည်းဖြည်းတက်နော်"

"ဟဲ့....သား၊ အမေ့ကိုဘယ်ခေါ်သွားဦးမလို့လဲ၊ အိမ်ရှင်တွေက ကြိုက်ပါ့မလားကွယ်၊ ကောင်းလိုက်တဲ့တိုက်ကြီးပဲနော်၊ ဒါက သားရဲ့အလုပ်ရှင်အိမ်ပေါ့နော်"

"ဟုတ်ပါတယ် အမေ၊ သုံးထပ်တိုက်မှာ အလုပ်ရှင်တွေက အပေါ်ထပ်မှာနေကြတယ်၊ ကျွန်တော်က အလယ်ထပ်မှာပါ၊ အောက်ထပ်က စားသောက်ဆိုင်ပေါ့"

"ဪ...သားတို့ကို ဒီမှာပဲထားတာလား၊ သဘောကောင်းတဲ့ ကျေးဇူးရှင်တွေပဲနော်၊ ဒါနဲ့ အမေ့အိမ်လေးကရောကွယ်"

"ရှိပါတယ် အမေရဲ့၊ သားက အမေ့အိမ်လေးကို မကြာခဏပြန်ကြည့်ပါတယ်၊ အမေပြန်အလာကို စောင့်နေတာပါ၊ ဒီမှာခဏထိုင်ဦးနော် အမေ"

ကျွန်တော်က ကျွန်တော်တို့လင်မယားနေတဲ့ အလယ်ထပ်က ဧည့်ခန်းမှာ အမေ့ကိုထိုင်စေပြီး မိန်းမကို အားရဝမ်းသာနဲ့ခေါ်ပြဖို့ အိပ်ခန်းထဲကို ဝင်လာခဲ့တယ်။

"ခင်.....မောင့်အမေရောက်နေတယ်၊ အမေ့ကို အံ့သြသွားအောင်လို့ သူ့ချွေးမလေးကို ပြချင်

www.burmeseclassic.com



တယ်ကွာ''

''မောင်က အရှုပ်ထုပ်ကိုအိမ်ပေါ်ခေါ်တင်လာတာပဲ၊ ခင့်မိဘတွေက မကြိုက်ဘူးနော် မောင်''

''ဘာ.....မင်း ဘယ်လိုပြောလိုက်တာလဲ ခင်''

ခင်ဝဥ္ဇာကို အထင်ကြီးမိတာ ကျွန်တော့်အမှားပဲ။ တကယ်တော့ ခင်ဝဥ္ဇာက ကျွန်တော့်ကို ငရဲပေးနေတဲ့ ဖနီးတစ်ယောက်ပါလား။ ကျွန်တော် သိပ်ကိုအံ့ဩသွားရတယ်။

''ဒါပဲနော်၊ မောင့်အမေကို အိမ်မှာထားလို့မဖြစ်ဘူး၊ ခင်လည်း အတူမနေနိုင်ဘူး၊ မောင့်အမေအကြောင်း ကိုမင်းနိုင် ပြောပြထားပြီးပြီ၊ ခင်က သေပြီမှတ်လို့ မောင့်ကို လက်ထပ်ခဲ့တာ၊ ဒီလိုသာပြန်လာမယ်မှန်းသိရင် ဒုစရိုက်မယ်တစ်ယောက်ကို ယောက္ခမ မတော်နိုင်ဘူး''

''တော်စမ်း.....ခင်၊ မင်း သိပ်ကိုလွန်နေပြီကွာ၊ တောက်.....''

ကျွန်တော်လည်း ဒေါသမျက်ဝန်းတွေနဲ့ ခင်ဝဥ္ဇာကို ကြည့်လိုက်တယ်။ သူမကတော့ ဘီလူးသရဲဝင်ပူးသလို တစ်ကိုယ်လုံး တုန်ယင်နေပြီး ငိုနေတယ်။ အဲဒီမှာ ကျွန်တော်လည်း အတိုက်အခံ မပြောချင်တော့ဘဲ ချာခနဲ လှည့်ထွက်ခဲ့တယ်။

ကျွန်တော်တို့ ပြောနေတဲ့ စကားတွေကို အမေလည်းကြားမှာပါပဲဗျာ။ အမေ့ကို အားနာနာနဲ့ ပြန်လာတော့ အမေက ပြုံးနေပြီး ကျွန်တော့်ကို နှစ်သိမ့်စကားဆိုပါတော့တယ်။

''သား သူက မင်းမိန်းမလားကွယ်၊ ဟိုးက သားတို့ရဲ့ ဘွဲ့ဓာတ်ပုံလေးကိုကြည့်ပြီး အမေ့ချွေးမလေးကို ချစ်လိုက်တာ သားရယ်၊ အမေ့သားက အချောတော်သားပဲ၊ မင်းပြချင်တာ အဲဒါမဟုတ်လား သား၊ ဒါပေမဲ့ အမေက မင်းတို့နဲ့ မနေနိုင်ပါဘူးကွယ်၊ အမေ့အိမ်လေးကိုပဲပြန်မယ်''

ဒီစကားတွေဟာ ကျွန်တော့်ကို စိတ်မဆိုးအောင် ပြောနေတဲ့ စကားတွေမှန်း ကျွန်တော် နားလည်ပါတယ်ဗျာ။ အမေ့ကို စူးစူးစိုက်စိုက်ကြည့်နေပြီး ဘာပြောရမှန်း မသိတော့ပါဘူး။

''ကဲ.....အမေပြန်မယ် သား၊ အမေ့သားအတွက် အမေဂုဏ်ယူတယ်၊ ဘယ်လိုစိတ်မချမ်းသာစရာမျိုးနဲ့ ရင်ဆိုင်ရစမ်းပါစေ၊ အမေ့သားက စိတ်မပျက်ဘဲ ဖြေသိမ့်တတ်ပါစေ သားရယ်၊ တစ်ဖက်သားရဲ့ ခံစားချက်ကို နားလည်အောင်တွေးပြီး စာနာစိတ်နဲ့ ခွင့်လွှတ်နိုင်ရမယ်နော်''

''အမေ.....''

ဆိုနင့်ကြေကွဲတဲ့အသံနဲ့ ကျွန်[illegible]
တော်က လှိုက်လှိုက်လှဲလှဲ ခေါ်[illegible]
လိုက်မိတယ်။ အမေကတော့အပြုံး[illegible]
မပျက်ပါဘူး။

''ဘာပြောဦးမလို့လဲ သား[illegible]
အမေ အားလုံးကို နားလည်တယ်[illegible]
ခွင့်လွှတ်တယ်၊ အမေတောင် ခွင့်[illegible]
လွှတ်စိတ်ထားမှ မင်းက ဘာ[illegible]
ကြောင့် ခွင့်မလွှတ်နိုင်တာလဲကွယ်[illegible]
သမီးလေးပြောတာ မှန်တယ် သား[illegible]
အမေက ဒီနေ့မှ ထောင်ကလွတ်[illegible]
လာတဲ့သူပါ သားရယ်၊ အမေ့သား[illegible]
လေးကို စိတ်မကောင်းဖြစ်မှာစိုး[illegible]
အမေက အဆက်အသွယ်ဖြတ်[illegible]
ကိုယ့်ဖိုက်ဖြစ်ကို ပေးဆပ်ခဲ့တာ[illegible]
ကွယ်၊ အမေ့ကို သားလေး [illegible]
လွှတ်ပါနော်၊ ကဲ...ကဲ အမေသွ[illegible]
တော့မယ် လူလေး''

ကျွန်တော်.....ကျွန်တေ[illegible]
အမေ့ကိုခေါ်ထားနိုင်ခွင့်မရှိတဲ့ သ[illegible]
မိုက်တစ်ယောက် အဖြစ်မခံနိုင်[illegible]
ဘူး။ ဘာပဲပြောပြော မိန်းမကို [illegible]
လည်းမရှိဖို့ ကျွန်တော် ကြိုးစား[illegible]
ပါအမေလို့ ရင်ထဲက ပြောန[illegible]
တယ်။

''အမေ.....သားလိုက်ပို့[illegible]
မယ်နော်''

ကျွန်တော်က အမေ့ကိုတွဲ[illegible]
လှေကားထစ်တွေအတိုင်း [illegible]
ပို့ဖို့ ခေါ်လာခဲ့တယ်။ အဲဒီမှာပဲ [illegible]
ဝဥ္ဇာရဲ့အမေက သူ့သမီး ရုံ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောလိုက်ပုံပါပဲ။ တိုက်အပေါ် ဆပ်ကနေ ဆင်းလာပြီး.....

"ဟော့.....မောင်ရဲရင့်ကျော်၊ င်းအမေကို ဆိုင်ကတစ်ယောက် ယောက်နဲ့ပို့ခိုင်းလိုက်ပါလား၊ ဆိုင် ကထိုင်ဖို့ လူမရှိဘူးနော်၊ ဦးဝဋ္ဋာ ည်း အပြင်ထွက်သွားတယ် ဟုတ်လား"

"ဒီမှာ အန်တီ၊ ဒါ ကျွန် တော့်အမေပါဗျာ၊ အမေ့အိမ်လေး ကို လိုက်ပို့ခွင့်မရှိတော့ဘူးလား၊ အန်တီ့သမီးကို ခဏထိုင်ခိုင်းပေါ့ ဗျာ၊ လာ.....အမေ"

ဒေါ်စိုးစိန်က မကျေမနပ်နဲ့ ကျန်ခဲ့တော့တာပေါ့။ ကျွန်တော်က အမေ့ကို ဆိုင်ပြင်ခေါ်ထုတ်လာပြီး ကားနဲ့လိုက်ပို့တယ်။ အမေက မရဲ တရဲနဲ့ပါပဲ။

"ဝင်ပါ အမေရာ၊ မိဘကို ကားနဲ့မှ မလဲနိုင်ပါဘူးဗျာ"

"သား အမေတို့ တက္ကစီနဲ့ သွားရအောင်ကွယ်"

"မသွားဘူး အမေ၊ မိန်းမနဲ့ သူ့အမေက မောက်မာစိတ်ရှိတယ်၊ ဦးဝဋ္ဋာမှာ အဲဒီလိုစိတ်မျိုးမရှိဘူး"

ကျွန်တော်လည်း အမေ့ကို ခေါ်တင်ပြီး ကားမောင်းထွက်ခဲ့ တော့တယ်။ အမေကတော့ စိတ် သေချာ ကျွန်တော့်ကိုကြည့်ပြီး ကျေနပ်ပီတိဖြစ်နေတော့တာပေါ့။ အမေနဲ့ခွဲခွာတဲ့နှစ်အတွင်းမှာ ကျွန် တော့်ရဲ့ပြောင်းလဲမှုတွေကို အမေ က အံ့ဩနေရှာတယ်လေ။

♛♛♛♛♛

"အမေ့သားက အမေထင် တာထက် ပိုအောင်မြင်နေတာပဲ ကိုး၊ အမေ ကျေနပ်တယ်ကွယ်၊ ဘဝကို အရှုံးမပေးဘဲ ကြံ့ကြံ့ခံနိုင် တဲ့စိတ်ဓာတ်မျိုး လိုတယ်သား၊ အိမ်ပြန်ရောက်ရင် ဒေါသနဲ့ မဖြေ ရှင်းဘဲ အရာရာကို နားလည်ခွင့် လွှတ်စိတ်နဲ့ အိမ်ထောင်ရေးနိုင်မြဲ အောင် ကြိုးစားစမ်းပါ သားရယ်၊ မင်းလည်း မိမဲ့ ဖမဲ့ ဖြစ်ခဲ့ရတာ မိဘရဲ့ အိမ်ထောင်ရေးကြောင့်ပဲ မဟုတ်လား"

"စိတ်ချပါ အမေ၊ ခင်ဝဋ္ဋာကို သားက ချစ်လို့ယူထားတာပါ၊ အိမ် ထောင်ရေးမှာ အဖုအထစ်မဖြစ် အောင် ကြိုးစားပါ့မယ် အမေရယ်"

ကျွန်တော်က အမေနေဖို့ အခန်းကအစ ပြန်လည်ပြုပြင်ထား ခဲ့တယ်။ အမေက သူ့အိမ်လေးနဲ့ အိမ်ထဲက ပစ္စည်းပစ္စယတွေကို ကြည့်ပြီး အံ့ဩနေတယ်လေ။

"အမေ ထင်တောင်ထင် မထားဘူးကွယ်၊ အမေ့သားလေး တော့ ဒုက္ခတောထဲမှာ အိမ်ကို ရောင်းချပြီး တစ်နေရာကို ပြောင်း သွားပြီမှတ်နေတာ"

"မိဘအမွေလေးက ဒီအိမ် လေးပဲ ကျန်ခဲ့တာပါ အမေ၊ ကျွန် တော် ဝေါ်ပြီးသေသွားပါစေ၊ ဘယ် တော့မှ အမေ့အိမ်လေးကို မရောင်း ဘူး၊ ဩော်.....ညနေစာကို ဆိုင် ကနေ ပို့ခိုင်းလိုက်မယ် အမေ၊ သား တော့ အားမှာမဟုတ်ဘူး၊ ညနေ စောင်းရင် စားသောက်ဆိုင်မှာ လူ ကျတယ်"

"အမေ့အတွက် ဒုက္ခမရှာပါနဲ့ သားရယ်၊ ဒီမှာ မီးဖိုချောင်ပစ္စည်း တွေ အစုံအလင်ရှိနေတာပဲကွယ်၊ အမေ ချက်ပြုတ်စားနိုင်ပါသေး တယ်"

"ဘယ်ဟုတ်မလဲ အမေ၊ သားက စားသောက်ဆိုင်ပိုင်ရှင် သူဌေးသမက်ဖြစ်နေမှ အမေချက် ပြုတ်စားဖို့ မလိုတော့ပါဘူး၊ မနက် စာ၊ ညစာကို လာပို့ခိုင်းပါ့မယ် အမေ၊ အမေ့ဗီရိုထဲမှာ သားရဲ့လုပ် အားခ စုထားတဲ့ငွေတွေရှိတယ်၊ အမေ သုံးစရာရှိတာ ယူသုံးနော်၊ ဘာသာရေးတော့ ပိုလုပ်ပေါ့ အမေ ရယ်"

"ပိုလုပ်မှာပါ သားရယ်၊ အမေ့ကံမကောင်းခဲ့တာ ငါ့သား လေး ဒုက္ခဖြစ်ရတယ်၊ အမေ လည်း အသက်ကြီးပါပြီ သားရယ်၊ ဘုရားတရားနဲ့ နေပါတော့မယ် ကွယ်"

ကျွန်တော်က အမေ့အိမ်လေး



www.burmeseclassic.com

www.burmeseclassic.com

ကနေ ပြန်လာခဲ့တယ်။ အမေ့ကို တစ်ယောက်တည်းထားခဲ့ရတာ စိတ်တော့မချဘူးပေါ့။ ဒါပေမဲ့ ကျွန်တော့်မှာလည်း အလုပ်ကတစ်ဖက်နဲ့ဆိုတော့ အမေက နားလည်မှုရှိတဲ့ မိခင်တစ်ယောက်ဆိုတာ ကျွန်တော်သိပါတယ်။ ဆိုင်ကိုပြန်ရောက်တော့ မိန်းမက စကားလုံးဝမပြောတော့ဘူး။ သူ့အမေကြီးက ကျွန်တော့်ကိုမြင်တာနဲ့ တိုက်ပေါ်ပြန်တက်သွားတယ်။ ယောက္ခမကြီး ဦးဝဇ္ဇာ ပြန်လာချိန်မှာ ကျွန်တော်က အမေ့ကိစ္စကို ပြောပြလိုက်တယ်။

"အေးပေါ့ကွာ၊ ကိုယ့်ကိုမွေးထားတဲ့မိဘပဲ၊ သားသမီးတာဝန်တော့ ကျေပါစေကွာ"

ကျွန်တော် ဝမ်းသာသွားမိတယ်။ ဦးဝဇ္ဇာမှာ လူတန်းစားခွဲခြားစိတ်မရှိတာ ကျွန်တော်အသိဆုံးပါပဲ။ ဒီတော့ ဦးဝဇ္ဇာနဲ့ ကျွန်တော်က တစ်ဖက်၊ ခင်ဝဇ္ဇာနဲ့ သူ့အမေကြီးက တစ်ဖက်ပေါ့။

"မောင်ရဲရင့်ကျော်ရေ မင်းအမေအတွက် ပို့ပြီးပြီလား"

"ဟုတ်ကဲ့ အဖေ၊ သွားပို့ခိုင်းပါ့မယ်"

"မင်းကိုယ်တိုင် သွားပို့ချင်ပို့လေ၊ အဖေရှိသားပဲ"

"ဟုတ်ကဲ့ပါ အဖေ၊ ဒါဆို ကျွန်တော်သွားလိုက်မယ်နော်"

ဦးဝဇ္ဇာဟာ ကျွန်တော့်ကို ပင့်သက်မောလေးချပြီး ကြည့်နေပါတယ်။ သူ့သမီးလုပ်ပုံကြောင့် စိတ်မကောင်းဖြစ်နေပုံပါပဲ။ ကျွန်တော်လည်း အမေ့ဆီမရောက်တာ သုံးရက်ရှိနေပါပြီ။ အမေ့ကို တစ်ခေါက်လောက်တော့ သွားကြည့်ရဦးမယ် မဟုတ်လားဗျာ။

အမေ့အတွက် စားသောက်စရာကိုယူပြီး ကျွန်တော်က ကားနဲ့ထွက်လာခဲ့တယ်။ အမေ့အိမ်လေးကိုရောက်တော့ အမေက ဘုရားရှိခိုးနေတယ်ဗျာ။ ဒီမြင်ကွင်းလေးကို ကျေနပ်စွာ ကြည့်နေတဲ့ ကျွန်တော်က အမေတရားထိုင်ပြီးတဲ့အထိ စောင့်နေလိုက်တယ်။ ဒါပေမဲ့ ကျွန်တော့်မျက်ဝန်းထဲမှာ မိုးရွာနေပြီပေါ့ဗျာ။ ဟိုတုန်းက ဒီအိမ်လေးမှာ သားအမိနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် နေလာခဲ့သမျှ အခုတော့ အမေ့ကို တစ်ယောက်တည်း ထားခဲ့ရတာ စိတ်မချဘူးဗျာ။

"ဟယ်.....သားလေးရောက်နေတယ်၊ အသံမပေးဘာမပေးကွယ်"

အမေဟာ တရားထဲမှာ နစ်မြောနေပုံရပါတယ်။ ကျွန်တော်ရောက်နေတာကို မသိရှာဘူး။ အမေ့အတွက် စားသောက်စရာကို ကျွန်တော်ကိုယ်တိုင် ပြင်ဆင်ပေးပြီး အမေ အားရပါးရစားနေတာကို စိတ်ချမ်းချမ်းသာသာနဲ့ ကြ[illegible] နေလိုက်တယ်။

"အမေ ဘာစားချင်သေး[illegible] ဟင်၊ စားချင်တာရှိရင်ပြောနော်"

"အမေ့အတွက် သားကျွေ[illegible] တဲ့ ထမင်းဟင်းနဲ့ လုံလောက်ပြ[illegible] စုံနေပါပြီသားရယ်၊ အဟွတ်... အဟွတ်.....အဟွတ်"

အမေက ချောင်းတဟွ[illegible] ဟွတ်ဆိုးနေတော့ ကျွန်တော်လ[illegible] အမေနေထိုင်မကောင်းဖြစ်မှာကို[illegible] ရိမ်လာတယ်။

"အမေ သား ဆေးဝ[illegible] ပေးမယ်နော်၊ ဒါမှမဟုတ် ဆေ[illegible] ခန်းသွားမလား"

"ချောင်းဆိုးတာ တစ်ည[illegible] အိပ်မရဘူးကွယ်၊ အချိုတွေလ[illegible] အမေရှောင်ပါတယ်၊ ထော[illegible] ထွက်လာပြီးမှ ကျန်းမာရေးက[illegible] ချာလာသလိုပဲ သား"

"အမေ့အသက်က ၅၀ ကျေ[illegible] လာပြီနော်၊ ကျန်းမာရေးတော့[illegible] စိုက်ပါ အမေရယ်၊ အမေ့ကို သ[illegible] စိတ်မချဘူး၊ ဒါမှမဟုတ်ရင် အ[illegible] တစ်ယောက် ခေါ်ထားမလား"

"မခေါ်ပါဘူးကွယ်၊ အမေ[illegible] ရဲပါတယ်၊ အမေ သေဖို့လ[illegible] မကြောက်ပါဘူး၊ သားကို စိတ်[illegible] ရနေပြီပဲကွယ်"

အမေ့နှုတ်က သေခြာ[illegible] တွေ ပြောနေတာ ကျွန်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ချင်ဘူး၊ အမေ့ကို အားရ ...ရ ပြုစုခွင့်ရှိပါရစေဦးဗျာ။

"ပြန်တော့လေ သား၊ မင်း ...နေမ စိတ်ပူနေပါ့မယ်ကွယ်"

"ရပါတယ် အမေ၊ ကျွန်တော် အမေ့အတွက် ဆေးဝယ်ပေးခဲ့ဦး ...ယ်"

ကျွန်တော်က အမေ့လိုအပ် ...က်တွေ ဖြည့်ဆည်းပေးရင်း အမေ ကြိုက်တဲ့ ပန်းသီးကိုပါ ဈေးကဝင် ...ယ်လိုက်တယ်။ ပြီးတော့ ရေခဲ ...သေတ္တာထဲမှာ အခွံနွှာ၊ ခွဲပေးပြီး ...ိုင်မှာလို ပလတ်စတစ်ပါးနဲ့ ဖုံး ...ပ်ပေးပြီး ထားခဲ့တယ်။ အမေ ...ချင်ရင် အဆင်သင့် ယူစားနိုင် ...အောင်လို့ပါ။ ပြီးမှ ကျွန်တော်က ...ိုင်ကိုပြန်လာခဲ့တယ်။

♛♛♛♛♛

"ဩော်.....သူများတွေများ ...ဘကို သိတတ်လိုက်ကြတာ၊ ...ထုပ်ကြီး၊ အထုပ်ငယ်နဲ့ ပို့လို့ကို ...ဆုံးဘူး၊ ရှင့်သမီးတော့ ဒီပုံ ...တိုင်းဆိုရင် စိတ်ညစ်နေရမှာပဲ"

ဒေါ်စိုးစိန်က ကျွန်တော်ကြား ...အောင်လို့ တမင်ပဲ ဟောင်ဖွာဖွာ ...ပ်နေတာပါ။ ခင်ဝဥ္ဇာက ...ဘ်ခမ်း တစူစူနဲ့ပေါ့။

"ကောင်လေး မင်းယောက္ခမ ... မင်းကိုစောင်းနေပြီ သိလား၊ စိတ်လျှော့နော်"

"ပြောပါစေဗျာ၊ မိဘရဲ့ကျေး ဇူးတရားကို မသိရှာတဲ့သူတွေ အတွက် ကျွန်တော့်မှာ ပြန်ပြော စရာ စကားလုံးမရှိတော့ပါဘူး၊ မိန်းမလည်း မကြာခင်မှာ မွေး တော့မှာလေ၊ အဲဒါမှ မိခင်ဘဝကို ကိုယ်ချင်းစာလာတတ်မှာပါ"

"အေးကွာ၊ တို့အားလုံး မင်း အတွက် စိတ်မကောင်းပါဘူး"

"အမေဆိုတာ ဘယ်လိုဘဝ မျိုးပဲရှိပါစေ၊ ကျွန်တော့်ကို ဘယ် သူပြောပြော ဂရုမစိုက်ပါဘူး၊ ဘဝ မကောင်းခဲ့တဲ့အမေ့ကို စိတ်ချမ်း သာအောင်ထားဖို့က ကျွန်တော်တို့ သားသမီးတွေရဲ့ ဝတ္တရားမဟုတ် လား၊ မိဘကို မသိတတ်ရင် ကိုယ် မွေးလာတဲ့ သားသမီးတွေလည်း ကိုယ့်အပေါ် သိတတ်လာမှာမဟုတ် ဘူး၊ မိဘပေးတာယူ၊ ရှိတာသယ် ပြီး မိဘကို ကွယ်ရာမှာအကောင်း မပြောကြတဲ့ သားသမီးတွေလည်း လောကမှာ ရှိနေကြတာပဲ၊ အဲဒါ ကြောင့်မို့ မိဘဝဋ်လည်နေကြတာ ပေါ့ဗျာ"

"မင်းစိတ်ဓာတ်ကို လေးစား တယ်ကွာ၊ သည်းခံခြင်းတရားရှိ တာ မင်းရင်ထဲမှာ တရားရှိနေလို့ ပဲပေါ့၊ ဒီအတိုင်းဆက်ရှိနေနော်"

ကျွန်တော်က ကိုစောကို ခေါင်းညိတ်ပြပြီး နာရီကိုလှမ်းကြည့် လိုက်တယ်။ အဒမ့ဆီ ညစာပို့ဖို့ အချိန်ရောက်နေပြီမဟုတ်လား။ ကိုယ်မအားလပ်တဲ့အတွက် ကိုစော ကိုပဲ အကူအညီတောင်းလိုက်ရ တော့တယ်။

"မောင်စော ပို့ပြီးတာနဲ့ ပြန် ခဲ့နော်၊ မကြာပါစေနဲ့၊ ဆိုင်မှာ လူ နည်းနေတယ်"

ယောက္ခမကြီးက အမြဲတမ်း ရန်လိုနေတော့ ကျွန်တော်လည်း သူတို့မသဒ္ဓါချင်တဲ့အစာကို အမေ့ ကို မကျွေးရက်ဘူး။ အပင်းအဆိပ် အဖြစ် ကျိန်ဆဲနေရင် ဘယ်လိုလုပ် မလဲဗျာ။ ဒီတော့ ဒေါ်သာပါတဲ့ အသံမျိုးနဲ့ ကိုစောကို ပြန်ခေါ်လိုက် တော့တယ်။

"ကိုစော အဲဒါတွေ ပြန်ထား ခဲ့တော့ဗျာ၊ ထမင်းဆိုင်ကနေ ချိုင့် ဆွဲပို့တော့မယ်"

ချက်ချင်းပဲ ထမင်းဆိုင်ကို ဖုန်းဆက်မှာလိုက်တော့တယ်။ မနက်ည ထမင်းချိုင့် အဆင်ပြေ သွားတော့တာပေါ့၊ သူတို့နဲ့လည်း ပြဿနာ ဆက်မဖြစ်ချင်တော့ဘူး ဗျာ။ ဒီတော့လည်း ဒေါ်စိုးစိန်ရဲ့ ပါးစပ်ပေါက်ကြီး ပိတ်သွားတော့ တာပေါ့။ ဦးဝဥ္ဇာကတော့ ကျွန် တော့်လုပ်ရပ်ကို မပြောရှာပါဘူး။ သူတို့ကွယ်ရာမှာတော့.....

"မင်းအမေဆီကို သွားလိုက် ဦးနော် သား၊ အမေက သားကို

www.burmeseclassic.com



မျှော်နေမှာပါ၊ မင်းတို့သားအမိ သံယောဇဉ်ကို မောင်မင်းနိုင်ပြောပြထားလို့ အဖေနားလည်ပြီးသားပါကွယ်၊ အင်း.....ဘဝတွေက သားသမီး အဆင်ပြေလည်း မိဘကို ဟင်းတစ်ခွက်တောင် စိတ်ချမ်းချမ်းသာသာ မပို့နိုင်ရပါလားကွာ''

''အဖေ့ကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အဖေ့သမီးလည်း နေ့စွဲလစွဲကြီးနဲ့ မွေးတော့မယ် အဖေ၊ သူ အမြင်မှန်ရလာတဲ့နေ့ကိုပဲ စောင့်ရတော့မှာပေါ့ အဖေရယ်''

ကျွန်တော်က အမေ့အတွက် ထမင်းဆိုင်ကပဲ ချိုင့်ဆွဲမှာထားတော့ အမေစားသောက်ဖို့ မပူရတော့ပါဘူး။ အမေက မြန်မာဆန်ဆန် အစားအစာကို နှစ်သက်တော့ ပိုပြီးသဘောကျသွားတယ်။

''အခုမှပဲ စားသောက်လို့ကောင်းတော့တယ်ကွယ်၊ သားကို အားနာလို့ မပြောတာပါ၊ အမေတို့က မြန်မာစာ ငါးပိ၊ တို့စရာပဲစားတတ်တာပါ သားရယ်''

''အမေစားသောက်လို့ကောင်းရင် သားဝမ်းသာပါတယ်ဗျာ၊ စပျစ် သီးနဲ့ ကျွဲကောသီးတွေ ထည့်ပေး ထားတယ်နော်''

''အေးပါကွယ်၊ အမေယူစားပါတယ်၊ သားအတွက်လည်း ဆုတောင်းနေမိတယ်၊ သမီးလေးအတွက်လည်း ပါတယ်ကွယ်''

''အမေ...အမေ့ချွေးမအပေါ် စိတ်မဆိုးဘူးလားဟင်''

ကျွန်တော်က အမေ့မေတ္တာနဲ့ မတန်တဲ့သူမို့ မေးလိုက်တော့.....

''အို..ဘာကြောင့် စိတ်ဆိုးရမှာလဲကွယ်၊ အမေက သားကို သိပ်ချစ်တဲ့မိခင်မဟုတ်လား၊ ချွေးမလေးက အမေ့အပေါ် ကောင်းကောင်း၊ ဆိုးဆိုး ချွေးမကို သမီးလေးလိုပဲ သဘောထားပြီး ခွင့်လွှတ်နိုင်တယ်''

''အမေရယ်.....''

ကျွန်တော်လည်း အမေ့ကို ဖက်ပြီး ငိုချလိုက်တော့တယ်။ အခုနေများ မိန်းမက အမြင်မှန်ရပြီး အမေ့ကို လာတောင်းပန်ရင် သိပ်ကောင်းမှာပါပဲဗျာ။ မိန်းမကို အမေ့ဝဋ်တွေ မလည်စေချင်ဘူး။ သူ ရှောရှောရှူရှူ မွေးဖွားနိုင်ဖို့ အရေးကြီးနေပြီဗျာ။

''မြန်တော့လေ သား၊ မင်း မိန်းမက မွေးတော့မယ်ဆို၊ ဆေးရုံမှာမဟုတ်လား၊ မင်းမပြောပေမယ့် မောင်မင်းနိုင်ပြောလို့ အမေသိခဲ့ပြီးပါပြီကွယ်၊ ဒီတော့ မိန်းမအနားမှာ နေနော်၊ ယောကျ်ားဖောင်စီး မိန်းမ မီးနေတဲ့၊ ခင်ပွန်းက အနားမှာရှိနေတော့ အားရှိတာပေါ့သားရယ်၊ အမေလည်း ချွေးမလေးအတွက် ဆုတောင်းပေးနေမှ[...]ပါကွယ်၊ သွားတော့နော်''

အမေ့ အိမ်လေးထဲက[...] မသွားချင်သွားချင်နဲ့ ခင်ဝဉ္စာရှိ[...] ဆေးရုံကို ရောက်သွားရတယ်[...] ဆေးရုံရောက်တော့ မိန်းမက သ[...] ဦးလေးကို မွေးဖွားသန့်စင်နိုင်ခဲ့[...] ကျွန်တော့်ရင်ထဲက အပူလုံးကြီး [...] သွားရတော့တယ်။ ဒါပေမဲ့.....

''မင်းကွယ် ကိုယ့်မိန်း[...] အရေးကြီးနေတာများ ဂရုစိုက်ပါ[...] တော့လား၊ ငါ့သမီး တစ်ခုခုဖြစ်[...] မင်းမလွယ်ဘူး၊ ဟင်း.....''

ဒေါ်စိုးစိန်က သူ့သမက်[...] တာများ မေ့နေပြီလားမသိပါ[...] ဗျာ။ သူ့ရဲ့ဆိုင်ဝန်ထမ်းလို ဆ[...] ဟိန်းဟောက်နေသေးတယ်။ ကျ[...] တော်က မိန်းမရဲ့ ခုတင်ဘေး[...] ထိုင်ပြီး မိန်းမမျက်နှာကို ကြည့်[...] လိုက်တယ်၊ သူ့ခမျာ မွေးဖွား[...] တော့ ပင်ပန်းနေရှာမှာပဲပေါ့။ [...] မိန်းမလက်ကလေးကို ဆုပ်[...] လိုက်ချိန်မှာ.....

''ဟော့....ဟော့၊ ငါ့သမီး [...] နုသားနုနဲ့ မင်းဆီက ဘယ်က[...] ပါလာမှန်းမသိတဲ့ ရောဂါပိုး[...] ကူးကုန်ပါဦးမယ်၊ မကိုင်နဲ့၊ [...] လိုက်''

ကျွန်တော့်စိတ်ထဲ [...] ခနဲ ဒေါသဖြစ်သွားရတော့[...]



www.burmeseclassic.com

www.burmeseclassic.com

အမေ့ဆီ ကျွန်တော်က မရောက်ဖြစ်ခဲ့ဘူး။ သတိတရတော့ရှိနေပါတယ်။ အခုနေများ အမေ့ကိုဖုန်းပေးထားခဲ့ရင် သိပ်ကောင်းမှာပဲဗျာ။ လူမရောက်ပေမယ့် အသံချင်းစကားပြောလို့ရတာပေါ့။ ပြီးတော့



အမေ့ကို သူ့မြေးလေးမွေးပြီဆိုတာ ပြောပြချင်နေတယ်။

"ဟေး.....ကလေးလေး၊ ချစ်စရာလေးနော်"

"ဟဲ့.....ငါ့သားနိုးသွားမယ်၊ နင်တို့အသံက ပြလိုက်တာ"

"ကြည့်ပါစေ မိန်းမရာ၊ ပြလိုက်ပါဦး"

"မောင်ရဲရင့်တောင် ကလေးအဖေဖြစ်ပြီနော်၊ အားကျလိုက်တာကွာ"

"ကောင်လေး မင်းလူဖြစ်ပြီကွ၊ ဟဲ.....ဟဲ"

ဝန်ထမ်းတွေက သားလေးမွေးတဲ့အတွက် ကျွန်တော့်ကို ကောင်းချီးထောမနာ ပြုကြတော့တယ်။ ကျွန်တော်က ဂုဏ်ယူခြင်းများစွာနဲ့ပေါ့။ အိမ်ပြန်ရောက်တော့လည်း ကလေးအတွက် ပုခက်ဝယ်ရ၊ လိုတဲ့ပစ္စည်းတွေဝယ်ရ၊ ပြင်ဆင်ရနဲ့ အမေ့အိမ်လေးကို မဝင်နိုင်ပြန်ဘူးဗျာ။

"သားရေ.....ဖုန်းလာတယ်၊ မင်းနဲ့စကားပြောချင်လို့တဲ့"

ယောက္ခမကြီး ဦးဝဋ္ဋာက လှမ်းပြောမှ ဖုန်းရှိရာကို သွားကိုင်လိုက်ရတယ်။

"ဗျာ.....အမေ့ကို ဆေးရုံတင်လိုက်ရတယ်၊ ဟုတ်လား"

ဘေးအိမ်ကဦးကြီးက ကျွန်တော့်ဆိုင်ဖုန်းကိုခေါ်ပြီး ကျွန်တော့်ကို အသိပေးလာတယ်။

"ဟုတ်တယ် ငါ့တူ၊ မင်းအမေ ကို စစ်ဆေးကြည့်ကြပြီး ဝေဘာဂီ ကူးစက်ရောဂါကုဆေးရုံကိုပို့လိုက်ကြတယ်၊ မင်းအမေမှာ အေအိုင်ဒီအက်(စ်)ဖြစ်နေပြီတဲ့ကွ၊ ထောင်မှတ်တမ်းအရ မင်းအမေဟာ အောက်ကနေတဲ့ ဝေဒနာရှင်တစ်ယောက်လို့ ပြောကြတယ်၊ အဲဒါကို အကြောင်းကြားတာပဲ ငါ့တူ"

ကျွန်တော့်ဦးနှောက်တွေ ချာချာလည်သွားရတော့တယ်။ အမေဟာ သူ့မှာ ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS) ဖြစ်နေတာကို သိပေမယ့် ကျွန်တော့်ကို ဖွင့်မပြောပြခဲ့ဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့နဲ့ အတူနေဖို့ ငြင်းခဲ့တာပေါ့ဗျာ။ ပြီးတော့ ကျွန်တော့်ကို ဒီဝေဒနာ မတော်တဆ မကူးအောင်လို့ ကြင်ကြင်နာနာ၊ နွေးနွေးထွေးထွေး ပြုစုတာမျိုးကို ငြင်းဆန်ခဲ့တယ်။

"ဒီဆေးတွေသောက်တာထက် အမေ့သားလေးရဲ့မျက်နှာကို မြင်တွေ့ရရင် အမေ့ဝေဒနာတွေ ပျောက်ပါပြီ သားရယ်"

လို့ အမေ နေမကောင်းစဉ်



www.burmeseclassic.com

www.burmeseclassic.com

အချိန်က ပြောခဲ့တဲ့စကားကို ကျွန်တော် အမှတ်ရသွားတယ်။ ဒီတော့ အမေ့ဆီကို ချက်ချင်းထွက်လာဖို့ ပြင်ဆင်ချိန်မှာ.....

"မောင်...ဒါက ဘယ်ကို သွားဦးမလို့လဲဟင်"

"အမေရှိတဲ့ဆီကိုပါ"

"ခင့်အနားမှာနေမယ်ဆို၊ မောင်ပဲ ကတိတွေပေးခဲ့တယ်နော်"

"ကိုယ့်ကိုနားလည်ပေးပါ ခင်ရယ်၊ အမေ့ဆီသွားမှဖြစ်မယ်ကွာ"

အမေ့မှာ ရောဂါဆိုးကြီးဖြစ်နေပြီဆိုတာကို ခင်ဝဣာတို့သားအမိသိရင် ကျွန်တော့်ကိုပါ သတီတော့မှာ မဟုတ်ပါဘူး။ ဒီတော့ သူတို့သိလို့ မဖြစ်ဘူးဗျာ။ ကျွန်တော်က ဘာမျှမရှင်းပြတော့ဘဲနဲ့ ကား မောင်းပြီး ထွက်သွားလိုက်တော့တယ်။

"ရတယ်မောင်၊ ရှင်ဟာ မိန်းမကို အမေလောက်တောင် ချစ်တဲ့ယောကျ်ား၊ ရှင့်အမေနဲ့ပဲ ချာနေတော့၊ ကျွန်မဆီ ဘယ်တော့မှ ပြန်မလာနဲ့"

ကျွန်တော် မရှင်းပြချင်တော့ပါဘူး။ ခင်ဝဣာ ပြောချင်သလိုပြော ပါစေတော့။ ဒီအချိန်မှာ အရေး ကြီးတာက အမေ့ဆီ အမြန်ရောက်ဖို့ပဲမဟုတ်လား။ အမေ့ကို ကျွန်တော်က ကယ်ရမယ်။ အမေ့ဝေဒနာ သက်သာဖို့ဆိုရင် ဘယ်လောက်ကုန်ကုန် ကျွန်တော် ကုပေးမယ်။ သားလာနေပါပြီ အမေ ရယ်။

ဆေးရုံမှာ အားငယ်နေရှာမယ့် အမေ့မျက်နှာလေးကို ကျွန်တော် မြင်ယောင်နေမိတယ်။ ဒီလိုဝေဒနာမျိုးဆိုတာ လူတွေက ရွံ့ကြောက်ကြီး ကြောက်ကြတာ မဟုတ်လား။ ပိုင်ရှင်မဲ့ဘဝနဲ့ အမေ့ကို ဂရုမစိုက်ကြရင်.....

"သေမင်းကြီးရယ်.....ကျွန်တော်တို့သားအမိကို မခွဲပါနဲ့ဦးဗျာ၊ အမေ့ကို အားရပါးရ လုပ်ကျွေးပါရစေဦးနော်"

ကျွန်တော်တစ်ယောက် ဆေးရုံကို အမြန်ရောက်ရေးအတွက် ဆန္ဒတွေ စောနေမိတာပေါ့။

♛♛♛♛♛

"ဩော်.....ဒေါ်ခင်သန့်စင်ဆိုတဲ့လူနာလား"

"ဟုတ်ပါတယ်ခင်ဗျာ"

"ဝမ်းနည်းပါတယ်ရှင်၊ စောစောကပဲ ဆုံးသွားပါပြီ"

"ဗျာ....."

ကျွန်တော် အရှပ်ကြီးပြတ်



**အမေ့မှာ ရောဂါဆိုးကြီးဖြစ်နေပြီဆိုတာကို ခင်ဝဣာတို့သားအမိသိရင် ကျွန်တော့်ကိုပါ သတီတော့မှာ မဟုတ်ပါဘူး။ ဒီတော့သူတို့သိလို့ မဖြစ်ဘူးဗျာ။ ကျွန်တော်က ဘာမျှမရှင်းပြတော့ဘဲနဲ့ ကားမောင်းပြီး ထွက်သွားလိုက် တော့......**



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတော့တယ်။ အမေ့အတွက် ယူကျုံးမရစိတ်နဲ့ ကျွန်တော်ဆောက်တည်ရာ မရဖြစ်မိတယ်။ ဒီတစ်သက် အမေလို့ ကျွန်တော်ခေါ်ခွင့်မရတော့ပါဘူး။ အမေ့မေတ္တာ၊ အမေ့စကားသံ၊ အမေ့မျက်နှာလေးတောင် ကျွန်တော်ရခွင့်၊ နားထောင်ခွင့်၊ ကြည့်ခွင့်လေးတောင် မရတော့ပါလား။ ကျွန်တော်တို့ သားအမိအဖြစ်က ဆိုးလွန်းပါတယ်ဗျာ။

"သား..... သားနဲ့ ခေါ်နေ ရှာတာပါ၊သနား စရာပဲရှင်"


"အမေ့ကို ကြည့်ခွင့်ရမလား ဆရာမ"

"ရှင့်ကို ကာကွယ်ဆေးထိုးမှရမယ်"

"ဟုတ်ကဲ့ ထိုးပါဆရာမ"

ဒါပေမဲ့ ကျွန်တော်က အမေ့ကို ကြည့်ခွင့်မရခဲ့ပါဘူး။ အမေ့ရဲ့ နောက်ဆုံးအချိန်လေးတောင် အမေ့အနားမှာ ရှိခွင့်မရတဲ့ဘဝ။ ကျွန်တော်က ပိုပြီးခံစားရတာပေါ့ဗျာ။

အမေ့ကို ရေဝေးအအေးတိုက်ကို ပို့ဆောင်လိုက်ပြီဆိုတာ သိရတော့ ကျွန်တော်က အမေ့ရဲ့နာရေးကိစ္စကို ချက်ချင်းစီစဉ်ရပြန်တယ်။ ဒါပေမဲ့ ပို့သူမဲ့တဲ့ အမေ့အဖြစ်ကို



ကျွန်တော် ရင်နာလို့မဆုံးပါဘူး။ အမေဟာ ကျွန်တော့်အတွက် သူ့ဘဝကို ရောဂါအဖြစ်ခံပြီး ရှာဖွေကျွေးမွေးခဲ့တဲ့ ကျေးဇူးရှင်ပါဗျာ။

"အမေ.....နောင်ဘဝဆိုတာများရှိခဲ့ရင် ဒီလိုဘဝ၊ ဒီလိုဝေဒနာဆိုးက လွတ်မြောက်ပါစေတော့ ကျွန်တော့်အတွက် အမေဟာ တာဝန်ကျေတဲ့ မိခင်တစ်ယောက် အမေ၊ အမေ့ကို သားကန်တော့တယ်ဗျာ"

ကျွန်တော် မျက်ဝန်းမှ မျက်ရည်တွေ ပြည့်လျှံနေပြ အမေ့ကို နော ဆုံးအကြိမ် က တော့လိုက်တယ် အဲဒီအချိန်မှ အမေ့ကိုမုန်း တဲ့စိတ် ကျွန်တော့်နှ သားထဲမှာ လုံ ရှိမနေတော့ ကျွန်တော်အ ဆုံးပါပဲ။ နော တ တရားမျ စွာနဲ့ ကျွန်တေ ကတော့ သရာထဲက ရုန်းထွက်လို့မရနိုင်သေးပါဘူး ကျွန်တော့်နှလုံး သားထဲမှာ အ လို့ ပဲ့တင်သံအထပ်ထပ် ပေါ်ထွ နေမှာအမှန်ပဲမဟုတ်ပါလား။

လေးလေးစွာဖြ

နွေးအလွ



www.burmeseclassic.com

www.burmeseclassic.com

ဒွေးမယ်နော်

# မျိုးသိပ်ခြင်းရဲ့ တစ်ဖက်မှာ





www.burmeseclassic.com

www.burmeseclassic.com



## မျိုးသိပ်ခြင်းရဲ့တစ်ဖက်မှာ

ဒွေးမယ်နော်

ကျွန်မတို့သူငယ်ချင်းနှစ်ယောက်က ၈ တန်းကတည်းက တွဲခဲ့ကြတာလေ။ ကျွန်မက နွယ်တဲ့၊ ကျွန်မသူငယ်ချင်းကတော့ ခရေတဲ့။ ကျွန်မက စာညံ့ပါတယ်။ ခရေက စာလည်းတော်တယ်၊ ပိုက်ဆံလည်းရှိတယ်။ ဒါကို သူက ၉ တန်းရောက်တော့ သိပ္ပံယူလို့ရရက်နဲ့ မယူဘဲ ကျွန်မနဲ့ မခွဲနိုင်လို့ဆိုပြီး ဝိဇ္ဇာပဲယူခဲ့တယ်။ (၁၀)တန်းစာမေးပွဲ အောင်စာရင်းထွက်တော့ ခရေက ဂုဏ်ထူးနှစ်ခုပါခဲ့တယ်။ ကျွန်မကတော့ စာမေးပွဲမှာ ဘွဲ့လွန်ဖြစ်ခဲ့တာပေါ့။ ခရေက သူငယ်ချင်းပီသစွာနဲ့ ထပ်ဖြေလို့ပြောပေမယ့် ကျွန်မရဲ့ညံ့ဖျင်းမှုရယ်၊ ကျူရှင်ဆုံးအောင်မတက်နိုင်တာရယ်၊ အိမ်မှာက အငယ်တွေလည်း ဒီနှစ် (၁၀)တန်းတက်မယ့် အမြွှာနှစ်ယောက်နဲ့ဆိုတော့ ကျွန်မကတော့ တက္ကသိုလ်နဲ့ ဝေးရပြီပေါ့။ ကျွန်မနဲ့ခရေ မတွေ့ရတော့ပေမယ့် ကျွန်မအမေနဲ့အတူ ဈေးရောင်းတယ်၊ ပြီးတော့ ပရဟိတ အလုပ်တွေလုပ်တယ်၊ သွေးလှူတယ်၊ အလှူခံထွက်ပေးတယ်၊ မကျန်းမာသူတွေကို ပြုစုပေးတယ်။ ညနေဘက်ရောက်တော့ ကလေးတွေကို စာသင်ပေးတယ်။

ခရေကတော့ တက္ကသိုလ်ကျောင်းသူကြီးဖြစ်လို့နေပေါ့။



ခရေ့ အဖေနဲ့အမေက ကျွန်မ[...] အရမ်း ချစ်ကြတယ်။ ကျွန်မလည်း[...] ဦးလေးနဲ့ ဒေါ်ဒေါ့အပေါ် ချစ်[...] တယ်။ ခရေကျောင်းပိတ်လို့ [...] လာတာနဲ့ ကျွန်မတို့နှစ်ယော[...] တတွဲတွဲပဲ။ ကျွန်မအိမ် ခရေ[...] လိုက်၊ ခရေ့အိမ် ကျွန်မ[...] လိုက်နဲ့ သွားအတူ၊ လာအ[...] အိပ်အတူနဲ့။ ဆံပင်ရှည်[...] လည်းတူကြတယ်။ ကိုယ်[...] ကိုယ်ထည်လည်းတူတယ်။ [...] မဲ့ လွဲတာလေးတွေလည်းရှိ[...] ပေါ့။ ပညာရေး၊ ငွေ၊ အ[...] အရေ၊ ဝတ်စားဆင်ယင်မှု[...] လည်းပါတာပေါ့။

♛♛♛♛♛

ခရေက အဆင့်အတန်း[...] တာ ခွဲခြားမှုမရှိစွာနဲ့ လက်တွဲ[...] မယ့် ကျွန်မ အခုလုပ်တဲ့ ပရ[...] အလုပ်ကိုတော့ ခရေက ကျ[...] သလို ဦးဦးနဲ့ ဒေါ်ဒေါ်ပါ [...]



www.burmeseclassic.com

www.burmeseclassic.com



မလှူရဘူးတဲ့။ ကျွန်မကလည်း ကိုယ်မှန်တယ်ထင်လို့ ရွှေ့ဆက်ခဲ့တယ်။ ကျွန်မကို အိမ်ကတောင်တားမရတဲ့ ဒီအလုပ်ကို ကျွန်မဘာကိုမှ ဂရုမစိုက်စွာနဲ့ တစိုက်မတ်မတ် လုပ်ခဲ့တယ်။ ဒီတစ်ခုမတူတဲ့ ခရေကို ကျွန်မ စိတ်မဆိုးပါဘူး။ ကျွန်မ စိတ်ကောက်တာ သိပ်မရှိဘူး။ နောက်ပြီး စိတ်ဓာတ်မကျတတ်ဘူး။ စိတ်မာတာပေါ့။ ဒီနေရာလည်း ခရေနဲ့ လွဲပြန်တယ်။ ခရေက အမေဆူလို့ အသံမာခဲ့ရင်တောင် ငိုတတ်တာလေ။ ကျွန်မကတော့ ကြိုက်တဲ့လူ ကြိုက်သလောက်ပြော အေးအေးပဲ။ အမေဆိုရင် ကျွန်မကို အကြိုက်ပြောတာ။ နာအောင်ပြောတယ်။ ကျွန်မကတော့ အမေဘယ်လောက်ပြောပြော ပန်းနဲ့ပေါက်သလိုပဲ။ မနာခဲ့ဘူး။

ကျွန်မရဲ့ ချစ်လှစွာသော သူငယ်ချင်းမ ခရေရဲ့အဒေါ်ဝမ်းကွဲက ကျွန်မကို မျိုးစုံဝေဖန်ခဲ့တယ်၊ ရိုင်းရိုင်းစွာ ဆက်ဆံခဲ့တယ်။ ပိုးစိုးပက်စက် ရက်ရက်စက်စက်ပြောခဲ့တာတောင် ကျွန်မ ခေါင်းငုံ့ခံခဲ့တယ်။ ခေါင်းငုံ့ခံခဲ့တယ်ဆိုတာ ကိုယ်ညံ့လို့ခံခဲ့တာမဟုတ်ဘူး။ ကိုယ်မှားလို့ ငြိမ်နေခဲ့တာမဟုတ်ဘူး။ ကျွန်မက ပညာမတတ်တော့ ပညာတတ်တွေရဲ့စကားကို နားထောင်ခဲ့တာ။ ပညာရှိအမျက် အပြင်မထွက်ရတဲ့။ ပညာမဲ့ဒေါသထက် ပညာရှိအပြုံးတစ်ပွင့်က တန်ဖိုးရှိတယ်တဲ့။

ဒီစကားတွေကတော့ အလိမ္မာစာမှာရှိဆိုသလို စာဖတ်တဲ့အကျိုးတွေပေါ့။ လူတော်တော်များများက မျက်နှာကြီးရာ ဟင်းဖတ်ပါပြီး မြေနိမ့်ရာလှံစိုက်ချင်ကြတာလေ။ ဒီပုံစံမျိုးတော့ ကျွန်မကို လာမချိုးနဲ့။ ကျွန်မတို့က ငွေသာမရှိတာ။ စေတနာအပြည့်ရှိတယ်။ ပညာမဲ့ပေမယ့် အသိရှိတယ်၊ သစ္စာရှိတယ်။ ကျွန်မကိုဆိုရင် အမေက ဆူမှဆူပဲ။ နင်တစ်နေ့ ကိုယ်ကျိုးနည်းရလိမ့်မယ်တဲ့။ ကိုယ်ကျိုးစီးပွားကို မလုပ်ဘဲနဲ့ အဓိပ္ပာယ်မရှိတာတွေ လုပ်နေတယ်တဲ့။ ကျွန်မကလည်းကျွန်မပဲလေ။ မနက်ဆိုရင် ၄ နာရီထပြီး ဆိုင်သွားခင်း၊ အမေ့ကိုကူလုပ်၊ အမေခဏလာပြီး ပြန်၊ ကျွန်မက ညနေ ၃ နာရီဆို ဆိုင်သိမ်းပြီးတာနဲ့ ရပ်ကွက်ထဲက လိုတာတွေလိုက်လုပ်၊ ကိုယ့်အသိတွေ ဆေးရုံဆို ဆေးရုံသွား ဆိုသွား၊ အလှူခံထွက်နဲ့ ည ၈ နာရီရောက်မှ အိမ်ပြန်ရောက်တယ်။


နေ့စဉ်နေ့တိုင်းဆိုတော့ အမေနဲ့အဖေက ငြီးငြင်ပြီပေါ့။ ဟိုနေ့က ဆိုရင် သွေးလှူလိုက်တာ နည်းနည်းများသွားလို့ မနက်မထနိုင်တော့ အမေက ဆူပါလေရော။ အဖေကလည်း ကျွန်မဘက်ပါတော့ အမေနဲ့အဖေ ရန်တွေဖြစ်ပါရော။ ဒီလိုဖြစ်နေတာက အကြိမ်မရေတွက်နိုင်တော့ဘူး။

www.burmeseclassic.com

ဒါလည်း ကျွန်မခြေလှမ်းတွေ နောက်မဆုတ်စွာနဲ့ အမေပြောတုန်းခဏပဲ။ ခြေတစ်လှမ်းဆုတ်တိုင်း သုံးလှမ်းတိုးခဲ့တာလည်း အမေမသိဘူး။

ဒီနေ့ ပရဟိတကလေးတွေ မိဘမဲ့ဂေဟာကို မန္တလေးက ပရဟိတ လူငယ်အဖွဲ့ လာကျွေးမွေးမယ်တဲ့။ ကျွန်မကို စောစောလာခဲ့တဲ့။ ကျွန်မက မအားတော့ စိတ်ဆင်းရဲစွာနဲ့ အမေ့ကို ဘယ်လိုပတ်ပြီး သွားရမလဲလို့ စဉ်းစားနေမိတယ်။ ဒီနေ့မှ ခရေလည်း ပြန်ရောက်မယ်ဆိုတော့ အမေက ခေါင်းမူးလို့ဆိုပြီး အစောကြီးပြန်သွားတော့ ကံကောင်းတာပေါ့။ အမေက ၁၁ နာရီထိုးလောက် ပြန်သွားတယ်။ ကျွန်မလည်း ဈေးကို မြန်မြန်ကုန်အောင်ရောင်းရင်း အရင်ကဆို ၃ နာရီမှ ဆိုင်သိမ်းတာဆိုတော့ ဒီနေ့တော့ ဗိုက်ဆာတာတောင် မစားဘဲ ဆိုင်သိမ်း၊ ထမင်းချိုင့်ကိုဆွဲပြီး ဆိုင်ဘေးက လူကြီးတွေကို နှုတ်ဆက်ပြီး အမေ့ကိုပြန်မပြောနဲ့လို့ ပိတ်ရသေးတယ်။

ပရဟိတကျောင်းရောက်တော့ ကျောင်းကို အလှူရှင်တွေတောင် ရောက်နေပြီ။ ကျွန်မလည်း နောက်




ပေါက်ကဝင်ပြီး ကျွေးမွေးထားတဲ့ အိုးခွက်ပန်းကန်တွေဆေးရင်း လုပ်ကိုင်နေလိုက်တာ ညနေ ၅ နာရီထိုးတော့ မခံနိုင်တော့ဘူး။ ဗိုက်ဆာတဲ့ဝေဒနာက တော်တော်ပြင်းထန်လာတယ်။ ခေါင်းတွေမူး၊ ရင်ဘတ်တွေအောင့်၊ ခြေတွေလက်တွေတုန်လို့။ ကြားဖူးတဲ့စကားကတော့ ကြိုက်မရှက်၊ ငိုက်မရှက်တဲ့ အခုတော့ စားမရှက်ဆိုတဲ့စကားကိုပါ ထည့်လိုက်တော့မယ်။ ကျွန်မ ဆာဆာနဲ့စားနေမိတယ်။ ဒီနေ့မှ ထမင်းချိုင့်ထဲကထမင်းက နည်းနေသလိုပဲ။ ကျွန်မ ပြီးခါနီးကျတော့ ဓာတ်ပုံရိုက်သံလိုလို၊ ကိုယ့်ကိုကြည့်နေသလိုလို ခံစားမိတယ်။ ကျွန်မ ဘေးကိုကြည့်လိုက်တော့ မနီးမဝေးမှာ လူတစ်ယောက်။ မျက်နှာက ပြုံးလို့။

အရပ်ကရှည်ရှည်၊ ဆံပင်တိုတိုနဲ့။ ဥပဓိရုပ်ကကောင်းကောင်း ဒါပေမဲ့ အသားညိုတယ်။ မပိန်မဝနဲ့ ကြည့်လို့တော်တော်ကောင်းပါတယ်။ ကျွန်မ အံ့ဩစွာနဲ့ ကြည့်နေတုန်း သူ့ရဲ့အပြုံးလေးတစ်ပွင့်က ကြယ်ပွင့်လေးလို လင်းလက်ပြီး သူ့မျက်နှာလေးက လပြည့်ဝန်းလို အေးမြတယ်။ ဒီလောက်ကြည့်ကောင်းပြီး စွဲမက်ချင်စရာလူ လိမ့်မယ်လို့ မထင်ခဲ့ဘူး။ ကျွန်မ ဒီနေ့ကို ဘယ်တော့မှမေ့မှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ထမင်းတွေ ပလုတ်
လောင်းနဲ့ ဝါးရမလား၊ မျိုချရ
လား စဉ်းစားနေတုန်း သူက.....

"ဟိတ်.....ဆက်စားလေ"

ဆိုတော့မှ ထမင်းကိုမျိုချမိ
တယ်။ သူက.....

"ဆက်စားပါဦး၊ ကျွန်တော့်
မခေါ်ဘူးလား၊ ထမင်းစားလေး
လေးပေါ့"

သူ့ရဲ့ ဩဇာရှိတဲ့အသံကို
ကျွန်မ တစ်ခါမှ မကြားဖူးဘူး။ သူ
ဆက်ပြောသေးတယ်။

"မင်းကို ကျွန်တော်ဓာတ်ပုံ
မိတယ်၊ ခွင့်လွှတ်တယ်မဟုတ်
လား"

ကျွန်မ ဘယ်လိုပြောရမလဲ။
ကျွန်မဓာတ်ပုံက လှဖို့မရှိဘူး။ အဲ
ဒါကြောင့်.....

"အဲဒါ ဓာတ်ပုံမထုတ်နဲ့နော်၊
တော့ ကျွန်မ ဗိုက်အရမ်းဆာနေ
လို့ပါ၊ မနက်ကတည်းက မစားရ
သေးဘူး၊ ဒီမှာ အလုပ်လုပ်နေရ
တာလည်း ရေတွေစိုရွှဲနေပြီ၊ အင်္ကျီ
တွေ ပေရေနေတယ်လေ၊ ဆံပင်
တွေကလည်း ဖရိုဖရဲ၊ မျက်နှာမှာ
သနပ်ခါးကလည်း ကြောင်ကျားနေ
တော့ ဓာတ်ပုံမထုတ်စေချင်ဘူး"

ကျွန်မပြောတဲ့စကားကို သူ
နားထောင်ပြီး ပြုံးနေတယ်။ ပြီး
တော့.....

"ဒါပဲလား၊ မင်းလိုပွင့်လင်း
တဲ့ မိန်းကလေးမျိုး ကျွန်တော်တစ်
ခါမှ မမြင်ဖူးဘူး"

ဟုတ်မှာပေါ့။ ကျွန်မက လှ
မှမလှတာပဲ။ ကျွန်မတို့ စကားပြော
နေတုန်းမှာပဲ သူ့လူတွေလိုက်ခေါ်
တာနဲ့ လိုက်သွားခါနီး.....

"မင်းပုံကို ကျွန်တော် ပုံကြီး
ချဲ့ပြီး ပြခန်းပို့ခွင့်ပြုပါ"

"ဟာ.....မရဘူး"

အဲဒီလိုပြောပေမယ့် သူက
မျက်ဝန်းနဲ့တစ်ချက်ကြည့်ပြီး မျက်
လုံးတစ်ဖက်မှိတ်ပြသွားခဲ့တယ်။
သူတို့ထွက်သွားတော့ ကျွန်မ
လည်း အလုပ်တွေရှုပ်နေတော့
မြန်မေ့သွားခဲ့တယ်။ ညနေရောက်
တော့ ခရေလာတာနဲ့ သွားကြို
တော့ ခရေကတောင် ပြောနေ
သေးတယ်။ သူ သူငယ်ချင်းတစ်
ယောက် ထပ်ရတယ်တဲ့။
ယောကျ်ားလေးတဲ့။ သူ ခင်
ကြောင်း၊ သူချောကြောင်းပြော
တယ်။ သူက မန္တလေးကတဲ့။
ကျွန်မရင်ထဲမှာတော့ တိုက်ဆိုင်
လိုက်တာ၊ ဒီနေ့ ကျွန်မနဲ့ဆုံတဲ့လူ
ရဲ့ပုံစံကလည်း မန္တလေးသားပုံစံပဲ
လို့ တွေးနေမိတယ်။

ခရေက မန္တလေးသားဆိုတဲ့
စကားကို ပါးစပ်ကကို မချတော့
ဘူး။ ကျွန်မစိတ်ထဲမှာတော့ ခရေ

အဲဒီလိုပြောပေမယ့် သူက မျက်ဝန်းနဲ့တစ်ချက်ကြည့်ပြီး
မျက်လုံးတစ်ဖက်မှိတ်ပြသွားခဲ့တယ်။
သူတို့ထွက်သွားတော့ ကျွန်မလည်း အလုပ်တွေရှုပ်နေတော့ မြန်မေ့သွားခဲ့တယ်။
ညနေရောက်တော့

www.burmeseclassic.com

နင်ပဲပြောပါတော့ဟာ၊ ငါမပြောပြတော့ဘူးလို့ ပြောနေမိတယ်။

ဒီလိုနဲ့ပဲ ကျွန်မလည်း ကျွန်မအလုပ်လုပ်၊ ခရေလည်း ကျောင်းပြန်သွား၊ အမေကဆူ၊ အဖေကပြောတဲ့ ပရဟိတအလုပ်ကိုလုပ်ရင်း အခုဆို ကျွန်မ မရှိရင် မရတော့ဘူး။ ညဆိုရင် ကျောင်းမှာသွားအိပ်နေရပြီး ကျွန်မက ဇာပန်းထိုး၊ စက်ချုပ်၊ နောက်ဆုံး အရိုးဇစ် ဆက်သင်ပေးနေရပြီ။



တစ်နေကုန် ဈေးရောင်း၊ အိမ်ပြန်၊ အမေ အဖေနဲ့ကလေးတွေ ဘာလိုသလဲမေး၊ ပြီးရင် ရေချိုး၊ ကျောင်းပြန်လာနဲ့ လူလည်းပိုင်း စုခိုင်သိမ်းလိုလုပပြီး အူဝဲလိုဖြစ်နေပြီ။ ဆိုင်နဲ့ အိမ်၊ ပရဟိတအလုပ်တွေနဲ့ပေါ့။

ဒီနေ့တော့ ကျောင်းမှာ ပန်းချီပြပွဲလုပ်ချင်လို့တဲ့။ အကြီးအကဲတွေ သဘောအရ ကိုယ့်ဦးနှောက်နဲ့ ကိုယ် ကြိုက်ရာဆွဲတဲ့။ ကျွန်မကတော့ ဘယ်လိုမှမေ့မရတဲ့ ကျေးဇူးရှင် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းပုံဆွဲတယ်။ ကိုယ်ဆွဲတဲ့ပုံကို ဘယ်သူ့မှမပြောရဘူးတဲ့။ ဒီပွဲမှာ မြို့ထဲကလူတွေ ပါဝင်ခွင့်ရှိတယ်။

ပျော်စရာတော့ကောင်းသား။ ကျောင်းမှာ ကလေးတွေ ၈၅ ယောက်၊ လူကြီးတွေနဲ့ဆိုရင် ၁၀၀ ယောက်ရှိတယ်။ အကြီးအကဲတွေက အဆောင်တစ်ခုကိုရှင်းပြီး ပန်းချီပြခန်းလုပ်ထားတယ်။ ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ အခမ်းအနားလုပ်မယ်တဲ့။ ကျွန်မကတော့ ကိုယ့်ပုံကို ဆုရမယ်လို့ထင်ပြီး ပျော်နေခဲ့တယ်။ ဖွင့်ပွဲနေ့မနက်ပိုင်းမှာတော့ မန္တလေးက လူ ၆ ယောက် ကားတစ်စီးနဲ့ ရောက်လာတယ်။ ကျွန်မ ဈေးရောင်းပြီး ညနေ ကျောင်းကို

ရောက်တော့ ကလေးတ
ယောက်က လာကြိုရင်းနဲ့ ဧည့်
သည်တွေ ရောက် နေတယ်
ပြောတယ်၊ ပြီးတော့ ပန်းချီကာ
တစ်ချပ်ယူလာတယ်တဲ့။ အဲ
ပန်းချီကားကို ဖဲကြိုးတွေနဲ့ ချိ
ထားတာ၊ လှလိုက်တာတဲ့
ကလေးလေးက စကားတွေ
တတ်လိုက်တာ။ လည်မှလည်
ကျွန်မတော့ ဒီကလေးတွေ
မခွဲနိုင်တော့ပါဘူ
ဒီတစ်သက်
ကလေး တွေ
နေတော့မယ်
စိတ်ကူး
တယ်။ ကျွ
ကျောင်း
ရောက်တော
ကလေးတွေ
ဇာထိုးပန်း
တတ်နေကြပြီး
တော်ကို လိမ္မာနေကြပါတယ်

ကျွန်မကို ဦးလေးကြီး
ယောက်က ရုံးခန်းကို ခဏလ
ခဲ့ဦးဆိုပြီးလာခေါ်လို့ ကလေး
ကို ပုံစံအသစ်ပြခဲ့ပြီး လိုက်
တော့ မန္တလေးက လူငယ်တွေ
လည်း ဒီပန်းချီပြပွဲထဲ ပါချင်လို
ပြီးတော့ ကျောင်းဆောင်အ
ဆောက်ဖို့ အလှူငွေထည့်တယ်
ပြောတယ်။ အခု



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဦးတဲ့”

ကျွန်မ ကြည့်လိုက်တော့ ကျွန်မကို ဓာတ်ပုံရိုက်သွားတဲ့ တစ်ယောက်ပေါ့။ ကျွန်မ ခေါင်းကိုငုံ့ထားပြီး.....

“ငါ...အလုပ်တွေရှိသေးလို့ သူငယ်ချင်း၊ နင်တို့ လွတ်လွတ်လပ်လပ်နေကြလေ”

ကျွန်မ နှုတ်ဆက်ပြီးထွက်လာပေမယ့် စိတ်ထဲမှာ စနိုးစနောင့်နဲ့။ ကျွန်မ ပန်းချီပြခန်းထဲရောက်တော့ ဓာတ်ပုံကို ကျွန်မ ထမင်းစားနေတဲ့ပုံဖြစ်နေတယ်။ ကျွန်မ ရင်ထဲမှာ ပျော်သလိုလို၊ စိတ်မကောင်းဖြစ်သလိုလို ဖြစ်နေတယ်။ ကျွန်မ စာသင်ပြနေတဲ့ ကလေးတစ်ယောက် ရောက်လာပြီး.....

“ဒီပုံက မမပုံလို့ ငါပြောသားပဲ၊ ဒီမှာကြည့်ပါလား၊ မမနဲ့ တစ်ပုံစံတည်းပဲ၊ သနားပါတယ်၊ မမဗိုက်အရမ်းဆာလို့လားဟင်၊ သမီးသူငယ်ချင်းတွေက ပြောနေတယ်၊ မမပုံမဟုတ်ဘူးတဲ့၊ မျက်နှာလေးက စိတ်ရှုပ်နေတဲ့ပုံတဲ့၊ ဓာတ်ပုံဆုရလို့ မန္တလေးက ဦးလေးက ထခုန်တယ်၊ ပြီးတော့ ရတဲ့ဆုငွေကို သမီးတို့ ကျောင်းကိုပဲ ပြန်လှူသွားတယ်၊ အခမ်းအနားပြီးတော့ မမကို အသည်းအသန် ရှာနေတယ်၊ ဟိုလူမေး၊ ဒီလူမေးနဲ့”

မင်းတို့မမကို ဘယ်သူမှမယူမှာမဟုတ်ပါဘူး
မင်းတို့မမက သဘောထားဖြူစင်တယ်၊ စေတနာ ကြီးတယ်၊
ကြင်နာတတ်တယ်၊ လူ တွေကို မမုန်းတတ်ဘူး ကတိတည်တယ်၊
သစ္စာရှိတယ်၊
ဒီအကြောင်းကြောင်းတွေကြောင့်
မင်းတို့မမ ကို.....

“သမီးက ဘာပြောလိုက်လဲ”

“သမီးတို့အားလုံးလည်း အံ့ဩသွားတာပေါ့၊ မမကိုမျှော်နေတုန်း ဟိုမမတစ်ယောက် ရောက်လာပြီး အဲဒီဦးဦးနဲ့ တတွဲတွဲနေတော့တာပဲ၊ မမက အဲဒီဦးလေးနဲ့ ခင်တာလား၊ သူငယ်ချင်းတွေပြောတော့ ခင်တာမဟုတ်နိုင်ဘူးတဲ့၊ ဒီလိုပုံဆိုတာ လုပ်ယူလို့မရဘူးတဲ့၊ အမှတ်တမဲ့ပုံတဲ့၊ အလှရိုက်တဲ့ပုံဆိုရင် ဒီပုံမျိုးမထွက်ဘူးလို့၊ သမီးက ပြောလိုက်တယ်၊ မမနဲ့ ဒီလူကြီး မသိဘူးလို့၊ ဟုတ်တယ်နော် မမ၊ မခင်ဘူးမဟုတ်လား၊ မမ အချိန်အားတိုင်း သမီးတို့ဆီမှာ ရှိနေမှာပဲ၊ မမ ယောကျ်ားမယူလိုက်ပါနဲ့နော်၊ သမီးတို့ကို မထားခဲ့ပါနဲ့နော်၊ မမ.....မမယောကျ်ားတစ်သက်လုံး မယူဘူးမဟုတ်လား၊ ဟင်...မမ”

ကျွန်မ ကလေးကို ငုံ့ကြ[...] လိုက်တော့ ကလေးက မျက်ရ[...] တွေနဲ့ ကျွန်မကိုကြည့်တဲ့အကြ[...] က စိန်ပွင့်လေးလို မျက်လုံး[...] လင်းလက်ပြီး ငိုနေတဲ့ကြားက [...] ပြုံးပြရင်း မေးတဲ့အမေးက လ[...] ဝန်းကြီးလိုပဲ။ ကျွန်မတို့ အလှ[...] သယ်ကောင်းနေတုန်းမှာပဲ ကျွ[...] ပုံကိုဆွဲတဲ့ မန္တလေးသား ရော[...] လာပြီး ကလေးမကို လက်ဆွဲလို[...]

“မင်းတို့မမကို ဘယ်သူမ[...] မှာမဟုတ်ပါဘူး၊ မင်းတို့မ[...] သဘောထားဖြူစင်တယ်၊ စေတ[...] ကြီးတယ်၊ ကြင်နာတတ်တယ်[...] တွေကို မမုန်းတတ်ဘူး၊ ကတိ[...] တယ်၊ သစ္စာရှိတယ်၊ ဒီအကြေ[...] ကြောင်းတွေကြောင့် မင်းတို့[...] ကို ဘုရားသခင်က ချစ်သူလို[...] မယ့် ကိစ္စတွေအတွက် [...] နှလုံးကို သော့ခတ်ထားတ[...]

www.burmeseclassic.com



…တ်တယ်မဟုတ်လား”

ကျွန်မကိုပါ လှည့်မေးလိုက် …တယ်။ ကလေးလေးက ပျော် …

“ဒါဆိုရင် သမီးသူငယ်ချင်း …ကို သွားကြွားလိုက်ဦးမယ်”

အဲဒီလိုပြောပြီး ထွက်သွား …တော့ သူက ကျွန်မကို.....

“မင်း ကိုယ့်ကို အနောက် …က ရှုခင်းတွေ လိုက်မပြချင် …လား”

ကျွန်မက လိုက်ပြ …ယ်ဆိုပြီး ကျွန်မ …ထားတဲ့ သီး … စားပင်တွေကို …ပြတော့.....

“မင်း ကိုယ့် …ပြောစရာစကား …ဘူးလား”

ကျွန်မက …ပါ ဘူးလို့ …လိုက်တယ်။

“မင်း ကိုယ့်ကိုစိတ် …နေလား”

“မဟုတ်ပါဘူး”

“မင်းက စကားနည်းတယ်၊ …စ်နဲ့ မင်းဘယ်တော့မှ အိမ် …ောင်ကျမှာမဟုတ်ဘူး”

အဲဒီလိုပြောပြီး သူ ကျွန်မကို …ဆက်ပြီး ထွက်သွားခဲ့တယ်။

♛♛♛♛♛

ကျွန်မလည်း ကိုယ့်အလုပ် ကိုယ်လုပ်ရင်းနဲ့ အချိန်တွေကုန်မှန်းမသိ ကုန်သွားတော့တယ်။ ခရေတောင် ယောကျ်ားယူသွားခဲ့ပြီး ကလေးတစ်ယောက်ရနေပြီ။



ကျွန်မကတော့ တစ်ကိုယ်တည်း ပျော်ပျော်ကြီးနဲ့ ပရဟိတ အလုပ်တွေ လုပ်နေတုန်းပဲ။

ဘာကြောင့်လဲဆိုရင် တစ်ချိန်က မျိုသိပ်ခဲ့ရတဲ့အချစ်ဟာ ကျွန်မ နှလုံးသားထဲမှာ ထာဝရရှိနေလို့ပေါ့။ နှုတ်နည်းတတ်တဲ့အကျင့်က ကျွန်မဘဝထဲကိုဘယ်လိုယောကျ်ားမျိုးပဲ ဝင်လာဝင်လာ ကျွန်မက ပြုပြင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့ အရှက် တရားနဲ့ သိမ်မွေ့နူးညံ့တဲ့စိတ်ကြောင့် သူပြောခဲ့တဲ့ ဘယ်တော့မှ အိမ်ထောင်ကျမှာ မဟုတ်ဘူးဆိုတဲ့ စကားကို ကျွန်မ သက်ဆိုပါတယ်။ မိန်းကလေး တစ်ယောက်ရဲ့ မျိုသိပ်ခြင်းရဲ့ တစ်ဖက်မှာ ဘာတွေရှိနေတယ်ဆိုတာ သူသိအောင် ကျွန်မက ဘယ်တော့မှ ဖွင့်ဟမှာ မဟုတ်ပါဘူး။


ကျွန်မ ရှေ့ဆက်ပြီး ပရဟိတ အလုပ်နဲ့ အသက်ရှင်ရင်း၊ ပရဟိတနဲ့ နှစ်ပါးသွားရင်း၊ ပရဟိတနဲ့ သေဆုံးသည့်အချိန်ထိ ရပ်တည်နေလိုက်တော့မယ်လို့ ဆုံးဖြတ်ထားပါတော့တယ်ရှင်။

**ဒွေးမယ်နော်**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




# မိုးတစ်ည၊ လူတစ်ယောက်နဲ့ပုစ္ဆာ တစ်ပုဒ်

ဆုမွန်ဦး (ဟင်္သာတ)

"ဝုန်း.....ဒုန်း.....ဖြန်း...ဖြန်း"

မိုးရောလေရော အတူတွဲရင်း ...သဲမဲမဲ ရွာသွန်းလာပြန်လေ ...ည်။

သက်ထွန်း ဒီနေ့ ကား ...က်လာသည်မှာ အချိန်နောက်ကျ ...ား၏။ ဒီကြားထဲ မိုးကပြတ် ...ည်ဟူ၍မရှိ။ မိုးရွာသွန်း၍ ကား ...မ်းမပေါ်တွင် လူဟူ၍မရှိ။ လက် ...က်ရည်ဆိုင်၊ ဈေးဆိုင်များသည် ...င် စောစောစီးစီး ဈေးသိမ်း၍ပြန် ...ကြလေပြီ။

ကားသမားတစ်ယောက်အဖို့ ...တစ်နေ့တာလုံး ခရီးမိုင်များစွာ ...မောင်းနိုင်ပါမှ အုံနာခ၊ ဆီဖိုးနုတ်၊ ...ပြီးမှ မိမိအတွက် စဉ်းစားနိုင်၏။ ...သခုမောင်းနေသောကားသည် ...NG ကားမဟုတ်။ ဓာတ်ဆီကား ...ဖြစ်၍ ရသည့်ဝင်ငွေက ဆီဖိုးနှင့် ...လျှင် တွက်ခြေမကိုက်။ ဒီကြား ...ထဲ ကားက ဆီစားပြန်သေးသည်။

မလှုပ်လေနှင့် မြုပ်သွားမည် ဆိုသောစကားအတိုင်း ကားသမား ဆိုတာကလည်း ကားကို ကျောက် တုံးတစ်တုံးလို ရပ်ထား၍မရ။ ရပ် ထားပါက ပါစင်ဂျာကမရနိုင်။ ပါ စင်ဂျာမတွေ့ဘဲ ဒီအတိုင်း လျှောက် မောင်းနေပါကလည်း လူမရဘဲ ဆီ ကုန်သည်သာ အဖတ်တင်မည် ဖြစ် လေသည်။

သည် ကြားကားသမားတွေ



ရဲ့ဘဝ၊ အထူးသဖြင့် တက္ကစီကား သမားတွေရဲ့ဘဝက တစ်စတစ်စ နဲ့ ရှာမရဖွေမရနှင့် ကျုံ့ကျုံ့လာရင်း တစ်နေ့တစ်နေ့ အုံနာခရဖို့ကိုပင် အနိုင်နိုင်ဖြစ်လာတော့သည်။

ခုလည်းကြည့်လေ။ ညက ထွက်လာကတည်းက ငွေက ငါး ထောင်ပဲရသေးတယ်။ အုံနာခက တစ်သောင်း။ ဒီကြားထဲ ဆီဖိုးက ရှိသေး။ အင်း...ဒီညတော့ အိတ် စိုက်ရဖို့ကိန်း မြင်နေပြန်ပြီ။ ကား သာ နေ့စဉ်မှန်မှန်ထွက်နေပေမယ့် ဟန်သည့်ရက်ဆိုတာ မရှိသေးဘူး။ တစ်နေ့လာလည်း အုံနာခစိုက်၊ တစ်နေ့လာလည်း အုံနာခစိုက်နဲ့ ကိုယ့်အတွက်ကျန်တဲ့ရက်ဆိုတာ မရှိဘူး။ ရန်ကုန်မြို့ကြီးရဲ့ လူသူ ရှင်းနေတဲ့ လမ်းမဘစ်ခုကနေထွက် လာရင်း လမ်းချိုးတစ်ခုကို ကွေ့ ဝင်လိုက်တော့ ကားက တချက် ချက်မြည်ရင်း ထိုးဆိုက်ရပ်၍သွား တော့သည်။

"အဲ.....ခုမှ ကောင်းကောင်း

www.burmeseclassic.com



ဒုက္ခရောက်တော့မယ်၊ ကားက ဆီပြတ်သွားပြီထင်တယ်”

သက်ထွန်း ကားပေါ်မှဆင်းလိုက်သည်။ ကားအက်ရှ်ဘုတ်အဖုံးပေါ်တွင် တင်ထားသော ဓာတ်မီးလေးကိုယူ၍ ကားခေါင်းအဖုံးကိုဖွင့်လိုက်သည်။ ဆီတိုင်ကီကို ဖွင့်၍ကြည့်လိုက်၏။

“ဟိုက်.....”

သက်ထွန်းထင်ထားသည့်အတိုင်း ဆီကလုံးဝမရှိတော့။ ဆီဝယ်ရပေဦးမည်။

ကားစက်ဖုံးကို ပြန်၍ပိတ်လိုက်၏။

ထို့နောက် အနီးပတ်ဝန်းကျင်သို့ ဟိုဟိုသည်သည် ကြည့်လိုက်၏။

ကားလမ်းတစ်ဖက်တွင် မီးရောင်ပျပျကို တွေ့ရ၏။ သက်ထွန်း ထိုနေရာသို့ လျှောက်လာခဲ့သည်။

“ဗျို့.....မိတ်ဆွေ ဒီ.....ဒီနားမှာ ကားဓာတ်ဆီရောင်းတဲ့ဆိုင်လေးဘာလေးများ မရှိဘူးလားခင်ဗျာ”

“ခင်ဗျား ဘယ်လောက်လိုချင်လို့လဲ”

လူတစ်ယောက်ရဲ့ တုံ့ပြန်စကားကြောင့် သက်ထွန်း ပျော်၍သွားသည်။

“မိတ်ဆွေတို့က ရောင်းတဲ့ဆိုင်ကို သိလို့လား”



“ကျွန်တော်တို့က ဆီရောင်းတဲ့ဆိုင်ပါခင်ဗျာ”

“ဩော်.....ဗျာ တိုက်ဆိုင်လိုက်တာဗျာ၊ ကျုပ် ခက်ခက်ခဲခဲရှာရတော့မယ်လို့ ထင်နေတာ၊ ခုတော့ ဆီရောင်းတဲ့ဆိုင်နဲ့ ပက်ပင်းတိုးနေတော့ အဆင်ပြေသွားတယ်... ကျုပ်ကားကလည်း မောင်းနေရင်းက ဆီပြတ်သွားလို့ ထိုးရပ်သွားတာဗျ”

“ဒါနဲ့ အစ်ကိုကြီးက ဘယ်...ဂါလန် ယူမှာလဲဗျ”

“သုံးဂါလန်ပေးပါ”

ဆီဆိုင်မှကောင်လေးကလိုက်ထည့်ပေးတော့ ကျသင့်ငွေကိုပေးပြီး သက်ထွန်း ကားလေးကိုမောင်းထွက်လာခဲ့သည်။ လူကြီးတစ်ဦးနှင့် မိန်းမကြီးနှစ်ဦးမှ ကားကိုတားလာ၏။ သက်ထွန်း ကားကိုရပ်ပေးလိုက်သည်။

“ဘယ်သွားကြမလဲခင်ဗျ”

“ရန်ကုန်ဆေးရုံကြီးကိုပါ”

“ရပါတယ်ခင်ဗျာ”

“ဒါဆို ဘယ်လောက်ပေး...မလဲ ကားဆရာ”

“သုံးထောင်ပဲပေးပါခင်ဗျာ”

စကားဆုံးတော့ ကားနောက်ခန်းတံခါးကိုဖွင့်ရင်း ဝင်လိုက်ကြသည်။ သက်ထွန်း ကားလေး...မောင်း၍ထွက်လာခဲ့တော့သည်။

♛♛♛♛♛

ရန်ကုန်မြို့ကြီး၏ညသ...တိတ်ဆိတ်ငြိမ်သက်နေ၏။ ရန်...ဆေးရုံကြီးကတော့ ...သူ၊ ...



www.burmeseclassic.com

www.burmeseclassic.com

သူ၊ သွားသူ၊ လာသူများဖြင့် စည်ကားလျက်သာရှိလေသည်။ ထိုသူများသည် ပျော်ရွှင်ချမ်းမြေ့နေကြသူများတော့ မဟုတ်ကြ။ သောကကိုယ်စီ၊ ဝေဒနာကိုယ်စီဖြင့် မလာချင်သော အရပ်သို့ လာရောက်ကြရသည့်သူ များလည်းဖြစ်ကြသည်။

ဆေးရုံဟူသည် လူမစည်ကားသင့်သော အရပ်(၃)ပါးတွင် ပါဝင်သော အရပ်တစ်ပါးပင်မဟုတ်ပါလား။ ဆေးရုံကြီး၏မိန်းပေါက်တံခါးမှ ဝင်လာရင်း ဆင်ဝင်ရှေ့တည့်တည့်အောက်တွင် ကားကိုရပ်လိုက်၏။ မိန်းမကြီးတစ်ယောက် ကားနောက်ဘက်မှဆင်းလာသည်။

ကားခငွေ ကျပ်တစ်ထောင်တန်သုံးရွက်ကို လာပေး၏။ ထို့နောက် ဆေးရုံပေါ်သို့ တက်သွားကြတော့သည်။

သက်ထွန်း ကားကိုစက်နှိုးလိုက်၏။ ထို့နောက် လီဘာကို ဖွဖွလေးနင်းလိုက်သည်။ ကားက ဆေးရုံဝင်းမှ ထွက်မည်အပြု.....

"ဘုတ်...ဘုတ်...ဘုတ်"

ပြေးလာသော ခြေသံတစ်သံကို ကြားလိုက်ရသည်။ လူတစ်ယောက် ပြေးလာသည်ကို တွေ့ရ၏။

"ဗျို့..ဗျို့ ကားဆရာ၊ ခဏ..ခဏ၊ တက္ကစီအားလားခင်ဗျာ"

ဆေးရုံဟူသည်
လူမစည်ကားသင့်သော
အရပ်(၃)ပါးတွင်
ပါဝင်သော
အရပ်တစ်ပါးပင်မဟုတ်ပါလား။
ဆေးရုံကြီး၏
မိန်းပေါက်တံခါးမှ
ဝင်လာရင်း......



"အားပါတယ်၊ ငါ့ညီ ဘယ်ကိုသွားချင်လို့လဲ"

"တောင်ဥက္ကလာကိုပါ"

"ရပါတယ်"

"ဒါဆို ဘယ်လောက်ပေးရမလဲ"

"ငါးထောင်ပဲပေးပါ"

"ရတယ်"

စကားဆုံးတော့ အသက် ၃၀ ခန့်ရှိ လူရွယ်တစ်ယောက်က ကားနောက်ခန်းကို တံခါးဖွင့်၍တက်လိုက်သည်။ သူထိုင်ပြီးသည်နှင့် ကားတံခါးကိုပြန်ပိတ်လိုက်သည်။

"ဂျိုင်း....."

ကားလေးကထွက်လာသည်။ လူရွယ်သည် အိတ်တစ်ခုကိုလွယ်လာ၏။ အိတ်ထဲမှ အင်္ကျီတစ်ထည်ကို ထုတ်၍ဝတ်လိုက်သည်။ အင်္ကျီမှာ ဆရာဝန်များဝတ်သော ဂျူတီကုတ်ဟုခေါ်သည့် အဖြူရောင်ကုတ်အရှည်ဖြစ်သည်။ ကားလေးမှာ မြို့ထဲမှထွက်လာရင်း ပုဇွန်တောင်ခုံးကျော်တံတားအောက်သို့ တဖြည်းဖြည်းရောက်လာသည်။

ထိုစဉ် ကားစီးလာသော ခရီးသည်လူငယ်က သက်ထွန်း၏ လက်ဝဲဘက်နံဘေးသို့ ချွန်မြသော အရာတစ်ခုဖြင့် ထောက်လိုက်၏။ တစ်ဆက်တည်း သူ့ထံမှ ခြိမ်းခြောက်သောစကားသံများ ကြားရတော့သည်။

www.burmeseclassic.com



"ဟေ့...ကားဆရာ၊ ခင်ဗျား လုံးဝမလှုပ်နဲ့နော်၊ လှုပ်တာနဲ့ ခင်ဗျားရဲ့နံရိုးကြားကို ကျုပ်ထောက်ထားတဲ့ အသွား(၆)လက်မရှိတဲ့ဓားက အိခနဲဝင်သွားမယ်၊ ရှေ့နားက မှောင်ရိပ်မှာ ခင်ဗျားရဲ့ကားကိုရပ်လိုက်၊ ကျုပ်က ရန်ကုန်ဆေးရုံကြီးက ခွဲစိတ်ဆရာဝန်တစ်ယောက်ပဲ၊ ခု ကျုပ် ခွဲစိတ်ခန်းထဲကနေ လူနာတစ်ယောက်ကို ခွဲစိတ်ရင်း ထွက်လာခဲ့တာ၊ ကျုပ်ခွဲနေတဲ့ လူနာက လောကမှာ အရမ်းတန်ဖိုးရှိတဲ့လူတစ်ယောက်ဗျ၊ ဒီလူ လူ့လောကက ဆုံးရှုံးသွားလို့မဖြစ်ဘူး၊ ဒီလူ အသက်ရှင်မှဖြစ်မယ်၊ သူ့မှာ လိုအပ်နေတာကတော့ ကျောက်ကပ်တစ်လုံးပဲ၊ ဒီလူ့ကျောက်ကပ်တစ်လုံးက အလုပ်မလုပ်တော့ဘူး၊ ဒါကြောင့် ခင်ဗျား သူ့ကို ကျောက်ကပ်တစ်လုံးလှူရမယ်၊ အေး.....ကျုပ် ခင်ဗျားဆီမှာ အသာတကြည် အလှူခံနေတာနော်၊ လှူမယ်ဆိုရင်တော့ ခင်ဗျားကားကို ဆေးရုံကြီးဘက်ကို ပြန်လှည့်လိုက်၊ အေး....မလှူဘူးဆိုရင်တော့ ကျုပ် ခင်ဗျားကိုသတ်ပြီး ကျုပ်လူနာအတွက် ခင်ဗျားရဲ့ ကျောက်ကပ်တစ်လုံးကို ယူရလိမ့်မယ်၊ ကဲ...ခင်ဗျား ဘာလုပ်မှာလဲ၊ လှူမှာလား၊ မလှူဘူးလား၊ ဒါပဲ ပြော၊ ကဲ.....ကဲ ကြာတယ်ဗျာ၊ ကားကိုရပ်လိုက်




စကားဆုံးတော့ တက္ကစီကား လေးက ပုဇွန်တောင်ခုံးကျော် တားအလွန် မှောင်ရိပ်အောက် ရပ်လိုက်၏။ ထိုကားလေးအ တွင် နောက်မှမီးထိုး၍မောင်း သော တက္ကစီကားတစ်စင်းလည်း ထိုးဆိုက်၍ရပ်လိုက်လေသည်။

"ဟို...ဟိုမှာ၊ ခုရပ်လိုက် ကားပဲ"

စကားအဆုံး ကားပေါ်မှ သုံးယောက် ပြေး၍ဆင်းလာ တော့၏။ မိန်းမကြီးတစ်ယောက် မှ အသံထွက်လာ၏။

"သား.....သားလေး၊ မ ခက်.....မင်းခက်၊ ကား..... ဆရာ၊ အဲ.....အဲဒါ ကျွန်မ ကျွန်မရဲ့သားလေးပါရှင်၊ ကျွန်မ သားလေးပါ"

မင်းခက်ဆိုသောလူငယ် တက္ကစီဒရိုင်ဘာအား ဓားဖြ ထောက်၍ထားဆဲဖြစ်လေ၏။

မိန်းမကြီးနှင့်အတူပါလာသော လူကြီးနှစ်ယောက်က ချော့ ဖျောင်းဖျရင်း လက်ထဲမှဓားကို ယူလိုက်ကြ၏။ ကားဆရာမှာ အဖြစ်အပျက်ကို ဘာမှနားမလည် သလိုဖြစ်နေ၏။ ထို့ကြောင့် ထို ယော်၏မိခင်ကပင် ရှင်းပြလိုက် သည်။




www.burmeseclassic.com

www.burmeseclassic.com

“အဖြစ်ကတော့ ဒီလို.....ဒီလိုပါ ငါ့တူရယ်၊ ဒီကသူငယ်လေးက အန်တီ့ရဲ့သားပါ၊ ရန်ကုန်ဆေးရုံကြီးမှာ ရောဂါ တစ်ခုကိုကုရင်း စိတ်ရောဂါကပါ ဖောက်လာပါတယ်၊ ပြီးတော့ သူက ငယ်ငယ်ကတည်းက ဆရာဝန်သိပ်ဖြစ်ချင် ခဲ့တဲ့သူပါ၊ ခု လည်း အန်တီတို့ သူ့ ကို ဆေးရုံမှာ စောင့်နေကြရင်း သွား အဖြေ တစ်ခု ကို ယူဖို့ ဆေးရုံအောက်ကို ခဏ အသွား အပြန်မှာ သူ့ကို အပြေးလိုက်ရှာ ရင်းက သူမင်းရဲ့ တက္ကစီကို ငှားပြီး ထွက်သွားတာ မြင်လိုက် တာမို့ တောက်လျှောက် လိုက်လာ ခဲ့တာပါပဲ”

“ဟုတ်တယ်ဗျာ၊ သူ ကျွန်တော့်ကားကိုငှားတော့ တောင်ဥက္ကလာကိုသွားချင်လို့ဆိုပြီး ငှားခဲ့တာ၊ ဒီပုဇွန်တောင်ခုံးကျော်နား ရောက်တော့မှ သူက ဆရာဝန် တစ်ယောက်တဲ့၊ သူ ခွဲစိတ်ခန်းမှာ လူနာတစ်ယောက်ကို ခွဲစိတ်ရင်း ထွက်လာတာတဲ့၊ လူနာက ကျောက်ကပ်လဲရမယ်တဲ့၊ ဒါကြောင့် ကျုပ်ကို ကျောက်ကပ်လှူခိုင်းတယ်၊ မလှူရင် ကျုပ်ကိုသတ်ပြီး ကျောက်ကပ်ယူမယ်တဲ့၊ ခုလည်း ဒီမှောင်ရိပ်မှာ သူရပ်ခိုင်း လိုက်လို့ ကျွန်တော်ရပ်လိုက်တာ၊ ခုလိုအန်တီတို့ကား နောက်က ချက်ချင်း ရောက်လာကြတာပဲ၊



ကျုပ်တော့ ဒီညသေ ပြီလို့မှတ် ထားတာ၊ တော်သေးတာ ပေါ့ ဗျာ”

“တောင်းပန်ပါတယ် ငါ့တူ ရယ်၊ သူဝတ်လာတဲ့ ဆရာဝန် ဂျူတီကုတ်ကလည်း သူ့အခန်း ဘေးက ဆရာဝန်တစ်ယောက် ရဲ့အကျီကိုယူပြီး ထွက်ပြေးလာ တာ၊ တော်ပါသေးရဲ့ကွယ်၊ မဆင်မခြင်တဲ့ လူတစ်ယောက် ယောက်နဲ့များ တွေ့ပြီး သတ် လား ပုတ်လား လုပ်ရင် အန်တီ့ သားလေး ကိုယ် ကျိုးနည်းတော့ မှာ”

“ကဲပါဗျာ ဒီညီလေးက စိတ် ဝေဒနာရှင်တစ် ယောက်ဆိုတာ ကျုပ်သိပြီမို့ ဘာမှ မလုပ်တော့ပါ ဘူး၊ ခွင့်လွှတ်ပါ တယ်”

စကားဆုံး တော့ မင်းခက်ဆို သော စိတ်မကျန်း မာသူ ကောင် လေးကို ခေါ် ဆောင်သွားသော တက္ကစီ ကား လေးက ဆေးရုံ ကြီးဆီသို့ မောင်း ထွက်သွားသလို သက်ထွန်း၏ ကားလေးသည်လည်း တရွေ့ ရွေ့လှုပ်ရှား ပြေးလွှားလျက်။

**ရေမှုန်ဦး (ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## တင်းလွန်းတဲ့အမုန်းကြိုး

ချောယဉ်ချစ်

"ဟဲ့.....နှင်းဥ"

ရုတ်တရက် အော်ခေါ်သံကြောင့် အမျိုးသမီးငယ်ကလှည့်ကြည့်သည်။

အထုပ်အပိုး တပွေ့တပိုက်နှင့် မနိုင်မနင်းဖြစ်နေသူ အမျိုးသမီးသုံးဦးကို တွေ့လိုက်ရသည်။

ဝတ်ပုံစားပုံက တောမကျမြို့မကျ။ တောရွာမှာနေပြီး မြို့ပေါ်သို့ ရောက်လာသူများဖြစ်ကြောင်း သိသာလှသည်။

"ဟဲ့.....နှင်းဥ"

မှတ်မှတ်သားသားဖြင့် ရင်းနှင်းနှီးနှီးခေါ်သူ အမျိုးသမီးမှာ နှင်းဥဟု အခေါ်ခံရသူအမျိုးသမီးနှင့် အသက် (၁၀)နှစ်ခန့်သာကွာမည်ထင်သည်။

"နှင်းဥ၊ နင်ဘာကြောင့်ပြီး ကြည့်နေတာလဲ၊ ငါတို့ကို မမှတ်မိဘူးလား"

နှုတ်ဆက်သူ အမျိုးသမီးက အထုပ်ကို အောက်သို့ချသည်။ နှင်းဥဆိုသူ အမျိုးသမီးအနီးသို့ ဝမ်းသာအားရဖြင့် လှမ်းသွားရင်း လက်ကိုလှမ်းကိုင်သည်။

နှင်းဥက နောက်တစ်လှမ်းဆုတ်ရင်း နှုတ်ဆက်သူအမျိုးသမီးကို အံ့အားသင့်သည့်ဟန်ဖြင့်လှမ်းကြည့်သည်။

"နှင်းဥ၊ အစ်မလေ၊ မမျိုးမျိုးလေ၊ ငါ့ညီမ မမှတ်မိဘူးလား၊ နင်က တစ်သွေးတစ်မွေးနဲ့ အရမ်းလှနေတော့ အစ်မတောင် မနည်းကြည့်ယူရတယ်"

မမျိုးမျိုးက ခင်မင်ရင်းနှီးမှု မပြတ်သောအပြုံးဖြင့် ရှင်းပြသည်။ နှင်းဥက မမျိုးမျိုးကို ခပ်စိမ်းစိမ်းကြည့်နေခဲ့သည်။

ထိုအချိန်၌ပင် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ဦး အနီးသို့ရောက်လာသည်။ မမျိုးမျိုးကိုအကဲခတ်ကြည့်ရင်း မေးခဲ့၏။

"အစ်မကြီး၊ လူမှားနေပြီထင်တယ်"

အမျိုးသားက မမျိုးမျိုးကို လေးလေးစားစားဖြင့်မေးသည်။

မမျိုးမျိုးအနီးသို့ အတူပါလာသူ အမျိုးသမီးနှစ်ဦးတို့က အထုပ်များကို လက်မှကိုင်ဆွဲရင်း ရောက်လာကြပြန်သည်။

"အစ်မ လူမမှားပါဘူးကွယ်၊ တစ်ရွာတည်းနေလာသူတွေဖြစ်လို့ မထင်မှတ်ဘဲတွေ့ကာနဲ့ ခေါ်ခဲ့တာပါ"

"အစ်မတို့က ဘယ်ကလဲ"

"အစ်မတို့က သိမ်ဇရပ်ကပါ"

"သိမ်ဇရပ်ဆိုတာ....."

အမျိုးသားက သိမ်ဇရပ်ကို မသိ၍မေးသည်။

"သိမ်ဇရပ် ဆိုတာ စစ်တောင်း တံတားအရှေ့ဘက်ကမ်းပါ၊ ကျိုက်ထိုမြို့နယ်အပိုင်ပေါ့ကွယ်၊ အစ်မတို့က သိမ်ဇရပ်၊ ဆိပ်ကမ်းသာရပ်ကွက်မှာနေတာပါ"

"ဟုတ်လား၊ အခု အစ်မတို့ နှုတ်ဆက်တဲ့ ဒီညီမလေးက မြို့



www.burmeseclassic.com

www.burmeseclassic.com



နိုးခိုင်ပါ၊ အစ်မတို့ လူတူမရှားဖြစ်ပြီး လူမှားနေတယ်ထင်တယ်"

နှင်းဥဆိုသူ အမျိုးသမီးက နှုတ်ခမ်းစူထားပြီး မမျိုးမျိုးတို့ကို မကျေမနပ်ဖြင့် မျက်စောင်းခဲ၍ ကြည့်နေခဲ့သည်။

"ကျွန်မနာမည် မြတ်နိုးခိုင်၊ အစ်မတို့ လူမှားနေတယ်"

"နှင်းဥရယ် အစ်မတို့ကိုမကျီစားပါနဲ့ကွယ်၊ နှင်းဥရဲ့ နှာခေါင်းထိပ်က မှဲ့နီလေးက မှတ်သားရလွယ်ပါတယ်"

"ရှင် တော်တော်ပြောရခက်ပါလား၊ ရှင်ပြောတဲ့ နှင်းဥမဟုတ်ဘူး၊ မသေမချင်း မှတ်ထား၊ ကျွန်မနာမည်က မြတ်နိုးခိုင်တဲ့၊ အဆိုတော်မြတ်နိုးခိုင်ရှင့်"

"ဟဲ.....ဟဲ နှင့်ဓာတ်ပုံတွေကို ဂျာနယ်တွေထဲမှာ တွေ့ဖူးပါတယ်၊ နှင့်ကို အဆိုတော်အဖြစ်သိနေတာကြာပြီ၊ ဒါပေမဲ့ နာမည်မတူလို့ တို့တစ်တွေ အငြင်းအခုံဖြစ်နေကြတာ၊ နှင်းဟယ် ငါတို့ကို ဒီလိုမကျီစားနဲ့ဟာ"

မမျိုးမျိုးက မြတ်နိုးခိုင်(ခ) နှင်းဥက နောက်ပြောင်နေသည်ထင်ပြီး အရယ်အပြုံးမပျက်ပြောသည်။

မြတ်နိုးခိုင်က မမျိုးမျိုးကို မျက်နှာထိမျက်နှာထားတင်းတင်းဖြင့် ပြန်ပြောခဲ့၍ မမျိုးမျိုးပင် အံ့အားသင့်ခဲ့ရသည်။

"ကိုလတ်၊ လာ..သွားမယ်၊ ဘယ်လိုဟာတွေလဲမသိဘူး၊ လူလိုပြောတာ လူစကားကို နားမလည်ဘူး"

မြတ်နိုးခိုင်က နောက်မှရောက်လာသူ ကိုလတ်ဆိုသူ၏ လက်မောင်းကို ချိတ်ကိုင်ရင်း လှည့်ထွက်သွားခဲ့သည်။

"မမျိုး ဒီကောင်မ ဘယ်လိုဖြစ်တာလဲ"

မမျိုးမျိုးနှင့် အတူပါလာသူ မကြည်ထွေးက မခံချင်စိတ်ဖြင့်ဝင်ပြောခဲ့သည်။

"အေးဟယ်၊ လူပုံကိုလည်းကြည့်ပါဦး၊ ပုံလန်နေတာပဲ၊ မျက်နှာကလည်း ပေါင်းတင်ထားတော့ အရုပ်ကို သေးဆိုးထားတဲ့ပုံပေါ… နေတယ်"

"ပုံပြောင်းတာကို လက်ခံ… မယ့် စိတ်ဓာတ်ပြောင်းတာကိုတော့ လက်မခံနိုင်ဘူး၊ တို့နဲ့အတူနေတ… က မြစ်ဆိပ်မှာ ကုန်ကောက်… ပြန်ရောင်းနေရတဲ့ဘဝကို မေ့သွား… တယ်နဲ့တူတယ်"

နောက်တစ်ယောက်ကလည်… မခံချင်စိတ်ဖြင့် ထပ်ပြောသည်။

အပြစ်တင်မည်ဆိုက တ… စရာပင်။

နှင်းဥ၏ဖခင်မှာ စက်လှေမှ… ၏ စက်ပြင်ဆရာဖြစ်သည်။ နှင်း… ၏အမေက ရွှေကျင်နှင့်မဒေါက်… မှ စစ်တောင်းမြစ်အတိုင်းစုန်ဆ… လာသော စက်လှေများမှ ကုန်စိ… များကို ဝယ်ယူ၍ သိမ်ဇရပ်… တွင် ပြန်ရောင်းရသူဖြစ်သည်။

နှင်းဥ၏ဖခင်ဖြစ်သူ စက်… ဖြင့်လိုက်ပါသွားစဉ် လှိုင်းလေ… စက်လှေနစ်မြုပ်ချိန်၌ သေဆုံးသွား… ခဲ့သည်။ စက်လှေမှာ ဒုံဇရပ်… ရွာအနီးတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်…

နှင်းဥ၏ဖခင် ကွယ်လွန်သွား… ၍ မိသားစု၏ ဘဝရပ်တည်ရေး… ကစဉ့်ကလျားဖြစ်ခဲ့ရသည်။ … အချိန်က နှင်းဥမှာ ရှစ်တန်းကျော… သူသာဖြစ်သည်။

နှင်းဥ၏မိခင်မှာ … သူ ကွယ်လွန်ပြီး တစ်နှစ်ကျော်…

အမျိုးမှာ နှင်းဥသည် စားသောက်ဆိုင်တွင် ဝယ်ကိုင်အဆိုတော်အဖြစ် ရပ်တည်နေကြောင်း သတင်းသဲ့သဲ့ကြားရသည်။ နောက် တော့.....



www.burmeseclassic.com

www.burmeseclassic.com



အကြာ၌ ဘဝရပ်တည်နိုင်ရေးအတွက် နောက်အိမ်ထောင်ပြုခဲ့ရသည်။

ဒုတိယအိမ်ထောင်ကလည်း တစ်ခုလပ်ဖြစ်သည်။ အရက်သောက်သည်။ အရက်မူးလျှင် အလွန်သွေးဆိုးသူဖြစ်သည်။

မယားပါသမီး နှင်းဥကိုပင် ရိသဲ့သဲ့လုပ်လာ၍ အိမ်နီးချင်းဖြစ်သူ မမျိုးမျိုးက အိမ်ခေါ်ထားပြီး ပညာဆက်လက်သင်ယူစေခဲ့သည်။

၁၀ တန်းစာမေးပွဲ ဖြေပြီးသည်နှင့် နှင်းဥမှာ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့နေ ယာဉ်မောင်းတစ်ဦးနှင့် ခိုးရာလိုက်ပြေးသည်။

သိပ်မကြာပေ။ နှင်းဥကို ခိုးယူပေါင်းသင်းသူတွင် လက်ရှိဇနီးနှင့် ကလေးတစ်ယောက်ရှိကြောင်း သတင်းကြားလိုက်ရသည်။

ယာဉ်မောင်းဖြစ်သူ၏ မိဘဆွေမျိုးများက မောင်းထုတ်၍ နှင်းဥတစ်ယောက် အမျိုးသမီးတစ်ဦးနှင့်အတူ ရန်ကုန်သို့ထွက်သွားကြောင်း သိလိုက်ရသည်။

အချို့က နှင်းဥသည် စားသောက်ဆိုင်တွင် ပင်တိုင်အဆိုတော်အဖြစ် ရပ်တည်နေကြောင်း သတင်းသဲ့သဲ့ကြားရသည်။ နောက်တော့ စားသောက်ဆိုင်ကြီးများက ဖိတ်ခေါ်ရသည့် အဆိုတော်အဆင့်သို့ ရောက်သွားခဲ့ကြောင်း ကြားရပြန်သည်။

ထိုသတင်းများကို ကြားသိရသည့် မမျိုးမျိုးနှင့် မကြည်ထွေးတို့က ရန်ကုန်သို့ရောက်တိုင်း စုံစမ်းသည်။

ဘဝရပ်တည်ချက်ချင်း အလှမ်းကွာဝေးနေ၍ ရှာမတွေ့ခဲ့ပေ။

ယနေ့ သိမ်ကြီးဈေးသို့ရောက်ရှိပြီး ဈေးဝယ်ပြီးအပြန်၌ နှင်းဥနှင့် မထင်မှတ်ဘဲ ဆုံခဲ့သည်။

နှင်းဥက သူစိမ်းပြင်ပြင်ဆက်ဆံပြီး ကျောခိုင်းသွားခဲ့သည်။

မမျိုးမျိုးနှင့် မကြည်ထွေးတို့မှာ ခံပြင်းဒေါသဖြစ်မိသော်လည်း ကြားဖူးနားဝစကားများအရ မလွန်ဆန်နိုင်သော ချုပ်ကိုင်ခံရမှုရှိနေ၍ မသိသလို ဟန်ဆောင်သွားခြင်းဖြစ်မည်ဟု ဖြည့်စွက်အတွေးဖြင့် ဒေါသစိတ်ကို ဖြေခဲ့ကြသည်။

မမျိုးမျိုး၊ မကြည်ထွေးတို့နှင့် အတူပါလာသော အမျိုးသမီးက နောင်မှ သိမ်ဖရပ်သို့ပြောင်းလာသူဖြစ်၍ နှင်းဥအကြောင်းကို သိသူမဟုတ်။

မမျိုးမျိုးနှင့် မကြည်ထွေးတို့မှာ နှင်းဥ၏ပညာရေးနှင့် ဘဝရပ်တည်ရေးကို ကူညီခဲ့ကြသူများဖြစ်၍ မခံချင်စိတ်တော့ ဖြစ်မိခဲ့သေးသည်။

သူတို့တစ်တွေ လှမ်းကြည့်ချိန်ဝယ် နှင်းဥက ရပ်ထားသော နောက်ဆုံးပေါ် ခေတ်မီကိုယ်ပိုင်ကားပေါ် တက်သွားသည်ကိုတွေ့လိုက်ရ၏။



နှင်းဥလိုက်ပါသောကား မောင်းထွက်ချိန်တွင် နှင်းဥက မမျိုးမျိုးတို့ဘက်သို့ တစ်ချက်မျှပင်လှည့်မကြည့်ခဲ့။

ကားထဲတွင် ကြော့ကြော့မော့မော့ထိုင်ရင်း လိုက်ပါသွားခဲ့သည်။

“သူ အိမ်ထောင်ကျဖူးတယ်ဆိုတာ ပြောမှာကြောက်လို့ မသိချင်ယောင်ဆောင်သွားတာဖြစ်မယ်”

မကြည်ထွေးက မမျိုးမျိုးကို ခပ်တိုးတိုးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



မမျိုးမျိုးက အဖော်လိုက်ပါလာသူ သိသွားမည်စိုး၍ မျက်တောင်လှုပ်ခတ်ပြရင်း နှုတ်ပိတ်စေခဲ့သည်။

ရင်းနှီးခဲ့သူများက သူမ၏ ဂုဏ်သိက္ခာကို ထိန်းပေးခဲ့သော်လည်း တစ်ချိန်သောအခါက မပြည့်မစုံဘဝဖြင့် နေခဲ့ရသူ နှင်းဥအမည်ခံ မြတ်နိုးခိုင်က အတိတ်ကို ကြွတက်မလာစေရန် ဖင်ခုထိုင်ထားခဲ့သည်ဟုပင် ထင်ခဲ့မိကြလေသည်။

♛♛♛♛♛

"မြတ်နိုးခိုင်"

ကိုလတ်က ကားမောင်းနေရင်း မြတ်နိုးခိုင်ကို လှည့်ကြည့်ကာ ခေါ်သည်။ လမ်းဘေးဝဲယာသို့ငေးကြည့်နေသော မြတ်နိုးခိုင်မှာ အိပ်ပျော်နေသူကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။

"ကိုလတ်၊ ဘာလဲဟင်"

"မြတ်နိုးခိုင်ရဲ့ ဘဝအမှန်ကို ပြောပြပါလား"

"ဘဝမှန်၊ ဘာကိုပြောတာလဲ"

"ဟိုလွန်ခဲ့တဲ့ ၁၀ ရက်ကျော်က သိမ်ကြီးဈေးမှာ ဈေးဝယ်လာတဲ့ အမျိုးသမီးသုံးယောက်နဲ့ တွေ့တဲ့နေ့ကို မှတ်မိသေးရဲ့လား"

"မှတ်မိတယ်လေ၊ ဘာဖြစ်လို့လဲ"

"သူတို့ပြောတာ အမှန်ပဲလား"

"သွားစမ်းပါ၊ အဓိပ္ပာယ်မရှိလိုက်တာ"

မြတ်နိုးခိုင်က မျက်နှာထားခပ်တင်းတင်းဖြင့် ပြန်အော်ခဲ့သည်။

ကိုလတ်က သည်းခံနေရဟန်ရှိသည်။

"ကိုလတ်နဲ့ခိုင်တို့ တရားဝင်လက်ထပ်ထားတာနော်၊ ကိုယ့်မိန်းမရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ရမယ့်အစား ဘာ့ကြောင့် မယုံသင်္ကာဖြစ်ရတာလဲ"

"မယုံသင်္ကာမဟုတ်ဘူး၊ ဆိုးဆိုးကောင်းကောင်း အမှန်တရားကို သိချင်တဲ့စိတ်ရှိတယ်"

"အဲဒီလို သိချင်တာကိုက မယုံသင်္ကာစိတ်ကို အခြေခံတာပဲ"

ကိုလတ်က မြတ်နိုးခိုင်ဘက်သို့ လှည့်ကြည့်ရင်း တက်ရောက်စပြုလာသည့် ဒေါသစိတ်ကို လျှော့ချပစ်လိုက်ရသည်။

"ကိုလတ်ကို တစ်ခုတော့ ပြောချင်တယ်"

"ပြော"

"ဒီလထွက်လာတဲ့ Album က အောင်မြင်တယ်မဟုတ်လား"

"အင်း......မဆိုးပါဘူး"

"လုပ်ငန်းအဝဝ အောင်မြင်တာဟာ အဆိုတော် မြတ်နိုးခိုင်ကြောင့်ဆိုတာ မမေ့ပါနဲ့၊ ခိုင့်ဘက်က ကိုလတ်ရဲ့တေးသံသွင်းကုမ္ပဏီ အောင်မြင်မှုတွေရအောင် ပံ့ပိုးနေရတာ မမေ့နဲ့"

မြတ်နိုးခိုင်က အသံပြတ်ဖြင့် ပြန်ပြောရင်း မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်သည်။ ကိုလတ်ကို အမှုအရာဖြင့် အသံတိတ် ဆန့်ကျင်ပြနေကြောင်း ကိုလတ်က သတိပြုမိလိုက်သည်။

"ခိုင်က စိတ်ဆိုးတာလား"

"ရှင် ထင်ချင်သလိုထင်"

"ကိုလတ်ဆိုတဲ့ကောင်က မြတ်နိုးခိုင်ဖြစ်လာအောင် ငွေကြေးများစွာ အကုန်အကျခံပြီး မြေတောင်မြှောက်ပေးခဲ့ရတာကို မေ့သွားပြီလား"

မြတ်နိုးခိုင်က ဆတ်ခနဲပြန်လှည့်သည်၊

"ရှင်က ကျွန်မကို မြေတောင်မြှောက်ပေးချင်လောက်အောင် ကျွန်မရဲ့ခန္ဓာကိုယ်နဲ့ဘဝကို ရှင်အသုံးချခဲ့တယ်မဟုတ်လား၊ အပြန်အလှန်ပေါ့"

"ကောင်းပြီ၊ မင်းရဲ့ အပြန်အလှန်ဆိုတာကို ငါလက်ခံပေးမယ်၊ ဒါပေမဲ့ မင်းရဲ့ဘဝမှန်ကိုတော့ ဆက်ပြီးမဖုံးကွယ်သင့်ဘူး၊ စုံစမ်းလို့ ရရှိထားတာတွေရှိတယ်၊ လိုအပ်ရင် ဂျာနယ်တိုက်တွေနဲ့ အင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဈေးလုပ်လိုက်မယ်''

''ဘာ...ဘာ..ရှင်..ရှင်...''

အဆိုတော်မြတ်နိုးခိုင် ဖြစ်လာစေရန် ငွေကြေးစိုက်ထုတ်ရင်းနှီးခဲ့ရသူမှာ ကိုလတ်ဖြစ်သည်။ ကိုလတ်ဘက်မှ မည်သို့ကြိုးစားသည်ဖြစ်စေ ပြည်သူလူထုအတွင်း နာမည်ဂုဏ်သတင်း ပျံ့နှံ့စိုးမိုးစေရန် ပေါင်းကူးတံတားတည်ဆောက်ပေးရသည်မှာ စာပေမီဒီယာပင်ဖြစ်သည်။

ဂျာနယ်များက တင်စားမြှောက်တင်ခဲ့သော မြတ်နိုးခိုင်ကို ဂျာနယ်များက ပြန်လည်ချေဖျက်နိုင်စွမ်းရှိသည်ကိုတော့ မြတ်နိုးခိုင်ကသိသည်။ ဂျာနယ်လစ်များကို သူမ ကြောက်သည်မှာ အမှန်ဖြစ်၏။

လွန်ခဲ့သောလက တေးချစ်သူပရိသတ်တစ်ဦးကို မြတ်နိုးခိုင်က ကြမ်းတမ်းသောစကားဖြင့် ဆက်ဆံခဲ့သည်ကို ဂျာနယ်များက ဖော်ပြပေးခဲ့၍ ကိုလတ်၏အစီအစဉ်ဖြင့် တောင်းပန်သည့် ဂျာနယ်ရှင်းလင်းပွဲ လုပ်ခဲ့ရသေးသည်။

မြတ်နိုးခိုင်ဘက်က ဘာမှမပြောဝံ့တော့အောင် နှုတ်ဆိတ်သွားခဲ့သည်။

မြတ်နိုးခိုင်၏ရင်ထဲတွင် ဒေါသများက အင်နှင့်အားနှင့် စုစည်းနေကြသည်။ အပြင်သို့တိုးထွက်ရန် ရုန်းကန်နေကြ၍ မြတ်နိုးခိုင်က အသိတရားတစ်ခုဖြင့် ပိတ်ဆို့ထားလိုက်သည်။

ထိုနေ့က မြတ်နိုးခိုင်နှင့် ကိုလတ်တို့ ရန်ကုန်–မန္တလေး အဝေးပြေးကားလမ်းအတိုင်း မန္တလေးသို့ သွားခဲ့ကြခြင်းဖြစ်သည်။

မန္တလေးသို့ရောက်သည်အထိ တစ်ဦးနှင့်တစ်ဦး စကားမပြောကြ။

မန္တလေးတွင် သီချင်းခွေဖြန့်ချိရေးအတွက် အကြိုညှိနှိုင်းရန် သွားခဲ့ကြခြင်းဖြစ်သည်။ ထုတ်လုပ်သူများကိုယ်တိုင် ဈေးကွက်သို့ ဆင်းနေကြရသည်။

မန္တလေးတွင် အခွေဖြန့်ချိရေး ဂျာနယ်ဖင်းမိတ်ဆက်ပွဲလုပ်ရန်ဖြစ်သည်။ နောက်တစ်နေ့တွင် အခွေစတင်ဖြန့်မည်။ အခွေစတင်ဖြန့်ချိချိန်၌ မြတ်နိုးခိုင်က ဝယ်ယူသူများကို နှုတ်ဆက်ညှိခံ၍ လက်မှတ်ရေးထိုးပေးရန် အစီအစဉ်ပြုလုပ်ထားသည်။

ကြိုတင်စေလွှတ်ထားသော အဖွဲ့များက မန္တလေးသို့ ရောက်နှင့်နေကြပြီးဖြစ်သည်။

ကိုလတ်နှင့် မြတ်နိုးခိုင်တို့ တည်းခိုကြမည့်ဟိုတယ်ကို ကြိုတင် Booking လုပ်ထားပြီးဖြစ်သည်။ အဆင်သင့် တည်းခိုရုံသာဖြစ်၏။

ရန်ကုန်မှ နံနက် (၈)နာရီတွင် ထွက်ခဲ့ကြသည်။

မန္တလေးသို့ ည (၇)နာရီတွင် ရောက်ခဲ့၏။

ကိုလတ်ကလမ်းတစ်လျှောက်ကားကို ဖြည်းဖြည်းနှင့်မှန်မှန်သာ မောင်းခဲ့သည်။ အဝေးပြေးလမ်းတစ်လျှောက် အဝေးပြေးလမ်းရဲစခန်းများက စောင့်ကြည့်သည်။ ယာဉ်ထိန်းရဲများကလည်း ကြီးကြပ်ပေးနေကြသည်။

ယာဉ်မတော်တဆမှုများမဖြစ်ပေါ်စေရန်ဖြစ်သည်။ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ သိသိသာသာ ကျဆင်းခဲ့ကြသည်။

မန္တလေးမြို့ တည်းခိုရမည့် ဟိုတယ်တွင် မြို့ခံမိတ်ဆွေများက အသင့်စောင့်ဆိုင်းပြီး ကြိုဆိုနေကြသည်။

မြတ်နိုးခိုင် မန္တလေးသို့ရောက်ရှိလာသည်နှင့် အနုပညာသတင်းသမားများ ပိုင်းအုံရောက်ရှိလာပြီး ဓာတ်ပုံသတင်းယူကြသည်။ အချို့က လူကိုယ်တိုင်တွေ့၍ အင်တာဗျူးလုပ်သည်။

မြတ်နိုးခိုင်က သူမ၏အောင်မြင်မှုအတွက် ဂုဏ်ယူမဆုံးရှိနေခဲ့သည်။

''ဟင်.....သူ.....သူက ဘယ်ကပေါ်လာတာလဲ''

သတင်းထောက်များထဲတွင် နှောင်းအတိတ်က သူမကို ဒိုးနှု ပေါင်းသင်းခဲ့ဖူးသည့် ယာဉ်မောင်း

www.burmeseclassic.com



လူငယ်ကို တွေ့လိုက်ရသည်။

ထိုအချိန်က မြတ်နိုးခိုင်ကို နှင်းဥအဖြစ်သာ သိကြသည်။

မြတ်နိုးခိုင်မှာ ဆောက်တည်ရာမရအောင် ဖြစ်သွားခဲ့၏။

သူမသည် ဘုရားကြီးမြို့ရှိ ယာဉ်မောင်းခင်ပွန်း၏ ဆွေမျိုးများ၏ မောင်းထုတ်ခံရချိန်တွင် ရန်ကုန်သို့ အမျိုးသမီးကြီးတစ်ဦးနှင့် လိုက်သွားခဲ့သည်။

နှင်းဥကိုခေါ်သွားသူ အမျိုးသမီးမှာ စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်သည်။ ကေတီဗွီဆိုင်လည်းရှိသည်။ နှင်းဥက အသံကောင်းသည်။ ဗွီဒီယိုခွေများကို နားထောင်စေပြီး အသံထပ်နည်းဖြင့် သီချင်းလိုက်ဆိုစေသည်။ တေးသီချင်းတော်တော်များများကို ထပ်တူနီးပါး လေ့ကျင့်သားရရှိချိန်ဝယ် စင်တင်တေးကို ဆိုစေခဲ့သည်။

ကံကောင်းသည်ဟုဆိုရမည်။ တစ်လအတွင်း နှင်းဥ၏နာမည်သည် တစ်ဟုန်ထိုး ကျော်ကြားသွားခဲ့သည်။ စားသောက်ဆိုင်ပိုင်ရှင်က ဗေဒင်ဆရာနှင့် တွက်ချက်ခိုင်းပြီး မြတ်နိုးခိုင်အမည်ဖြင့် ကြော်ငြာဆိုင်းဘုတ် တင်ပေးခဲ့သည်။

နောက်တော့ စားသောက်ဆိုင်၏ အလှည့်ကျ အချိန်ပိုင်းအဆိုတော်ဖြစ်ခဲ့သည်။ ဆုငွေ၊ ပန်းကုံး၊ လက်ဆောင်တို့ကြောင့် မြတ်နိုးခိုင်၏ဘဝသည် နေ့ချင်းညချင်း ပြောင်းလဲသွားခဲ့သည်။

နောက်တော့ နှင်းဥသည် နေ့ချင်းညချင်း တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီးကို ပိုင်ဆိုင်သွားခဲ့သည်။ ထိုအကြောင်းကို အချို့ကသိသော်လည်း မြတ်နိုးခိုင်ဟူသော ကျော်ကြားသည့်အမည်ကြောင့် ပါးစပ်သတင်းအဖြစ်သာ ထွက်ပေါ်ခဲ့သည်။

ယနေ့တော့ ကိုလတ်က နောက်ကြောင်းလှန်နေချိန်တွင် အတိတ်က ခင်ပွန်းဟောင်းကပေါ်လာ၍ မြတ်နိုးခိုင်မှာ ထိတ်ထိတ်



ပျာပျာ ဖြစ်နေခဲ့ရတော့သည်။

♛♛♛♛♛

အခွေစတင်ဖြန့်ချိသည့်နေ့ မိတ်ဆက်ပွဲ၌ ကိုလတ်နှင့် မြတ်နိုး ခိုင်၏ခင်ပွန်းဟောင်းတို့ အခန်း ထောင့်တစ်နေရာတွင် တီးတိုးပြော နေကြသည်ကို မြတ်နိုးခိုင်ကလှမ်း မြင်လိုက်ရသည်။

ညပိုင်း တည်းခိုသည့်ဟိုတယ် ခန်းသို့ ရောက်သောအခါ မြတ်နိုး ခိုင်မှာ ကြိတ်မှိတ်အောင့်အည်းနိုင် ခြင်းမရှိ၍ ကိုလတ်နှင့် သတင်း ထောက်တို့ ဘာပြောနေသည်ကို ထုတ်မေးခဲ့သည်။

"သတင်းထောက်က ထု လုပ်သူအနေနဲ့ မြတ်နိုးခိုင်ဆို အဆိုတော်ကို ဘယ်လိုမြောက်စား ခဲ့တယ်၊ ဘယ်လိုလက်ထပ်ခဲ့သ ဆိုတာ မေးခဲ့တယ်"

မြတ်နိုးခိုင်မှာ သတင်းထော ၏အမေးကို မည်သို့ဖြေခဲ့ကြော အတင်းအဓမ္မ မေးနေခဲ့၏။

"ငါမပြောနိုင်ဘူး မြတ်နိုးခိုင်

"ဘာ့ကြောင့်လဲ"

"မင်းဟာ မိဘနှစ်ပါးမရှိ ကိုယ့်ထူးကိုယ်ချွန်ခဲ့ရတဲ့သူလို့ ပြ ပြခဲ့တယ်၊ အပျိုစင်လို့ အာ တယ်"

"အဲဒီတော့...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ မင်းက ငါ့ကို သိမ်ခဲ့တာ၊ ငါ့ကို အရက်မူးအောင် တိုက်ပြီး မင်းနေတဲ့အခန်းထဲမှာ သက်သေတွေနဲ့ ဝိုင်းဖမ်းပြီး လက်ထပ်စေခဲ့တာကို ပြန်လည်ဆက်စပ်စဉ်း စားကြည့်ခဲ့မိတယ်"

"ဘာများစဉ်းစားစရာရှိလို့လဲ"

"ရှိတယ်၊ ငါ့ကိုလက်ထပ်ခိုင်းပြီး အိမ်၊ မြေနဲ့ စတူဒီယိုလုပ်ငန်းကို မင်းနာမည်နဲ့ လွှဲခိုင်းတာတွေ၊ ငါ သိဘဲ ငွေတွေကို ဘဏ်စာရင်းဖွင့် စုဆောင်းနေတာတွေဟာ ရိုးသားခဲ့လားလို့ ပြန်စဉ်းစားခဲ့မိတယ်"

"လင့်ပစ္စည်း မယားပိုင်တယ်လေ"

"ဟုတ်ပါတယ်၊ မင်းနဲ့လက်မထပ်မီက ဥစ္စာပစ္စည်းမှန်သမျှကို အမည်ပေါက်လွှဲခိုင်းတဲ့ ရည်ရွယ်ချက်ကို သိချင်လွန်းလို့ပါ"

"ရှင့်ကို ဟိုသတင်းထောက်က သွေးထိုးခဲ့တာမဟုတ်လား"

"မဟုတ်ဘူး၊ အမှန်တွေကို ပြောပြခဲ့တာ"

မြတ်နိုးခိုင်မှာ အပျိုစင်ဟု လိမ်ထားသမျှ ဘူးပေါ်သလို ပေါ်တော့မည်ဖြစ်၍ ဒေါသပေါက်ကွဲခဲ့တော့သည်။

ထိုအချိန်၌ပင် မြတ်နိုးခိုင်၏ လက်ကိုင်ဖုန်းက မြည်လာသည်။

ချက်ချင်းမကိုင်ခဲ့။ ဖုန်းက မရပ်မနားခေါ်နေခဲ့၍ ကိုင်လိုက်ရ၏။

"ဟုတ်ကဲ့၊ ဘယ်ကလဲရှင့်"

"ကျုပ်နာမည် သိန်းထိုက်ကျော်ပါ"

"ဘယ်ကလဲ"

"မြတ်နိုးခိုင်၊ မင်း မသိချင်ယောင်ဆောင်နေတာလား။ မင်းရဲ့ အကြောင်းတွေကို ရှင်းဖွင့်ဖို့ အချိန်တန်ပြီ၊ ဒါကြောင့် ကြိုတင်ဆက်သွယ်တာပါ"

"ဘာတွေလာပြောနေတာလဲ"

"ကျုပ်ရှင်းပြပါ့မယ်၊ ကျုပ် သဘောကဆင်းလာတော့ ခင်များတို့တိုက်ခန်းနားက သူငယ်ချင်းဆီ ရောက်ခဲ့တယ်၊ ခင်များကို စိတ်ဝင်စားမိတာ အမှန်ပဲ၊ ခင်များက ကျုပ်ကို လိုက်လျောမှုအစွမ်းကုန်လုပ်ခဲ့တယ်၊ မှားခဲ့တယ်၊ အဲဒီအမှားကို သက်သေခံပြပြီး ကျုပ်ကို မုဒိမ်းမှုနဲ့ တရားစွဲခဲ့တယ်"

"ဒါက ရှင့်အမှားပဲ"

"ငါ့အမှားမဟုတ်ဘူး။ အမှားဖြစ်အောင် မြှူဆွယ်ခဲ့ခေါ်တာက နင်ပဲလေ၊ ငါက သဘောဒုဥ်းစီးမှူးလေ၊ နင်က ငါ့ဝင်ငွေကို သိနေတယ်၊ သဘောပြန်ထက်ရမယ့် အချိန်မှာ အမှုဖွင့်တယ်၊ အမှုရှိနေရင် သဘောတက်ခွင့်မရနိုင်ဘူး။ ဒါကိုသိတဲ့နင်က အမှုနဲ့ချည်နှောင်တယ်၊ တိုက်ခန်းနဲ့ကားအလျော်ပေးမှ ငါ့ကို ကျေအေးခွင့်ပေးခဲ့တယ်၊ ဒါ့ကြောင့် ကျေအေးခွင့်ရအောင် လက်ထပ်စာချုပ် လုပ်ပေးခဲ့ရတယ်"

"ရှင် လူမှားနေပြီထင်တယ်"

"ဟုတ်လား၊ မနက်ဖြန်မှာ တေးထုတ်လုပ်သူ ကိုလတ်ရယ်၊ ငါရယ်၊ တစ်ချိန်က နင့်ရဲ့ခင်ပွန်းဟောင်း သတင်းထောက်ရယ်ပေါင်းပြီး ကွာတွဲယမုဆိုးအကြောင်း ပူးတွဲစာနယ်ဇင်းရှင်းလင်းပွဲလုပ်မလို့"

"ရှင်.....ရှင်တို့ လူယုတ်မာတွေပဲ"

"ဟုတ်လား၊ ဘယ်သူက ယုတ်မာသလဲဆိုတာ စောင့်ကြည့်လိုက်စမ်းပါ"

သိန်းထိုက်ကျော်က ဖုန်းချသွားသည်နှင့် မြတ်နိုးခိုင်မှာ ထိုင်နေရာမှ ကိုလတ်ရှိရာသို့ ဒေါသတကြီး လျှောက်သွားခဲ့သည်။

♛♛♛♛♛

တည်းခိုခန်းထဲတွင် ကိုလတ်ကို မတွေ့ရ။

သိန်းထိုက်ကျော်နှင့် ဖုန်းစကားပြောနေချိန်တွင် မည်သည့်နေရာသို့ ထွက်သွားသည်ကိုမသိရ။

ကိုလတ်နှင့် အတိတ်ဟောင်းက ခင်ပွန်းနှစ်ဦးတို့ပေါင်းပြီး သူမကို လက်စားချေကြတော့မည်ကို

www.burmeseclassic.com



တွေးကြည့်ရင်း စိတ်ထဲတွင်ချောက်ချားလာသည်။

ယခုအချိန်တွင် မြတ်နိုးခိုင်ဟူသောနာမည်သည် လူတိုင်း၏နှုတ်ဖျား၌ ရေပန်းစားနေသောနာမည်ဖြစ်သည်။

နာမည်ကြောင့် ငွေကို နည်းမျိုးစုံဖြင့် သိမ်းယူနိုင်ခဲ့၏။

နယ်ရှိုးပွဲဖြင့် ငွေယူနိုင်သည်၊ အခွေထုတ်ပြီး ငွေယူနိုင်သည်။ ရန်ကုန်ရှိုးပွဲများတွင် ကြိုက်ဈေးခေါ်နိုင်ခဲ့၏။ နိုင်ငံခြားသို့သွားရောက်ဖျော်ဖြေရန်ပင် စီစဉ်ထားခဲ့သည်။

နှင်းဥဘဝမှ မြတ်နိုးခိုင်ဘဝသို့ရောက်ရန် ကြိုးစားခဲ့ရသည်လည်းရှိသည်။ မာယာနည်းဖြင့် ဒုစရိုက်နည်းသုံးပြီး ငွေညှစ်ခဲ့ဖူးသည်။ စတူ ဒီယိုပိုင်ရှင် ကိုလတ်တွင်လက် ထပ်ရန် ရည်ရွယ်ထားသူရှိမှန်းသိလျက် အပိုင်သိမ်းပိုက်နိုင်ရန် ကြံစည်ခဲ့နိုင်သည်။

နှင်းဥသည် ရိုးသားသောဘဝဖြင့် စတင်ခဲ့သူဖြစ်သည်။

သူမ၏အချစ်ကို လိမ်လည်ရယူ၍ ဘဝကိုဖျက်ဆီးခြင်းခံခဲ့ရသည်။

အောင်မြင်စအချိန်တွင် သူမကို ငွေနှင့်မျှား၍ အသွေးအသားကိုစားမျိုချင်သည့် ပုရိသမုဆိုးပေါင်းများစွာကို ကြုံခဲ့ရသည်။ သူတို့၏ရန်ကို နည်းမျိုးစုံဖြင့် ရှောင်ခဲ့ရသည်။

ကြာလာတော့ အရိုးခံတောသူမလေး နှင်းဥကို စိတ်ရိုင်းများဝင်စေရန် ယောကျ်ားသားများကလှုံ့ဆော်ခဲ့သည်ဟု ခံစားခဲ့ရ၏။

အသားစားလိုသူကို ငါးများချိတ်ထည့်ပြီး ကျွေးခဲ့သည်။

အဆိပ်သင့်အချစ်ဖြင့် ကြွယ်ဝချမ်းသာမှုကို ရှာတတ်လာသည်။

တောမကျွမ်း၊ နည်းပညာမသိသော မုဆိုးကို စိုင်ကသင်ခဲ့၍တောကျွမ်းမုဆိုးဖြစ်လာရသည်။

အချို့သော ယောကျ်ားသားများက မိန်းမသားမှန်လျှင် သူတို့ဘဝအတွက် အသုံးချခံပစ္စည်းလိုသဘောထားခဲ့ကြသည်။

စားလိုသောပစ္စည်းကို ငွေပေးပြီး ဝယ်ယူရသလို သူတို့အလိုရှိသော မိန်းကလေး၏ဘဝကိုပိုင်ဆိုင်နိုင်ရန်အတွက် ငွေကုန်ကြေးကျခံပြီး လှည့်စားကြသည်။

မိန်းမမာယာ သဲကိုးတောင်းဟု အဆိုရှိသလို ယောကျ်ားမာယာကိုမန်ကျည်းကိုးပင်ဟု ခိုင်းနှိုင်းပုံပြ၍ ချေပခဲ့ကြသည်။

နှင်းဥ ခေါ် မြတ်နိုးခိုင်သည် ယောကျ်ားသားများကို အမုန်းကြီးမုန်းခဲ့သည်။ ယောကျ်ားသားများကို လှည့်စားနိုင်ရန်အတွက် အပျိုစင်မဟုတ်ဘဲ အပျိုဟု ဟန်ဆောင်ခဲ့သည်။

ပင်ကိုရုပ်ကို ခေတ်ပေါ်အလှ ပစ္စည်းမျိုးစုံသုံး၍ လူတိုင်းက ငေး ကြည့်ရသူဖြစ်အောင် ပြုပြုပြင်ပြင် လုပ်ခဲ့သည်။ နာမည်ကြီးလျှင် အထင်တကြီးဖြင့် လက်တွဲလိုသူ များအတွက် နာမည်ကြီးတစ် ယောက်ဖြစ်အောင် ကြိုးစားခဲ့ သည်။

မိန်းမလှ၏ အမုန်းဒဏ်သင့် ပုရိသများမှာ မာယာပြိုင်နည်းမျ ဟာတိုက်ပွဲတွင် တစ်ယောက်ပြီး တစ်ယောက် ကျဆုံးခဲ့ကြရသည်။

အမုန်းများကို အဆုံးသတ်၍ မေတ္တာကို တန်ဖိုးထားမည်ဆိုသည် ဆုံးဖြတ်ချက် ပေါ်လာချိန်တွင် အတိတ်၏သားကောင်များက နိုးထ ဝိညာဉ်ဖြင့် မြတ်နိုးခိုင် ၏နောက်သို့ ပြေးလိုက်လာကြ

မဆုံးနိုင်သော အမုန်းတိုက်ပွဲ များအဖြစ် စစ်ပြင်လာကြသည်။

မြတ်နိုးခိုင်က ငယ်သည်၊ လှ သည်၊ အောင်မြင်သည်။

ငယ်ရွယ်လှပ၍ အောင်မြင်သူ တစ်ဦး၏မာနက သူမတွင်ရှိနေ သည်။ ထိပ်တိုက်ရင်ဆိုင်မည်ဆို သောအတွေးဖြင့် ရှောင်ထွက်သွား သူ ကိုလတ်ကို လိုက်ရှာခဲ့သည်။

အတိတ်လူသားသုံးဦးတို့



www.burmeseclassic.com

www.burmeseclassic.com



ည့်နေရာကို မှန်းဆပြီး မန္တလေး
ျုံးမြို့ရိုးဘက် ထွက်ခဲ့သည်။

မန္တလေးမြို့နယ် နာရီစင်အနီး
 နာမည်ကြီးစားသောက်ဆိုင်သို့
သွားခဲ့သည်။

ယခင်က ကိုလတ်နှင့်အတူ
သွားခဲ့ဖူးသော နေရာဖြစ်သည်။

မျှော်လင့်သည့်အတိုင်း စား
သောက်ဆိုင်ထဲတွင် ကိုလတ်၊
သိန်းထိုက်ကျော်နှင့် ခင်ပွန်း
ဟောင်းတို့ကို တွေ့လိုက်ရသည်။

ဒေါသစိတ်ကို မထိန်း
နိုင်သော မြတ်နိုးခိုင်က
အသင့်ဆောင်လာ သော
တီးလ်ခေါက်ဓားဖြင့်
ကြ ညာချက်မပြုဘဲ
င်ထိုးသည်။

မြတ်နိုးခိုင်ရောက်လာ
သည်ကို တွေ့သည်နှင့်
ယောက်ျားသားသုံးဦးတို့က မတ်
တတ်ရပ်လိုက်ကြသည်။

မြတ်နိုးခိုင်က လက်ထဲမှဓား
ဖြင့် သိန်းထိုက်ကျော်ကို ဦးစွာဝင်
ထိုးသည်။

သိန်းထိုက်ကျော်က လက်ကို
မ်းဆွဲပြီး ဆောင့်တွန်းပစ်လိုက်
သည်။ လဲကျသွားသော မြတ်နိုး
ခိုင်မှာ ဦးခေါင်းနှင့်ကြမ်းပြင်သမံ
တလင်းကိုရိုက်မိ၍ လုံးဝမေ့လဲ
သွားသည်။

သတိမရတော့။



ချက်ချင်း ဆေးရုံသို့ပို့သည်။

ခင်ပွန်းဟောင်းသတင်းထောက်
က နေရာစုံ၊ မြင်ကွင်းစုံမှ ဓာတ်ပုံ
ရိုက်ယူသည်။ ထိုသတင်းသည်
နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်း
စာများတွင် မျက်နှာဖုံး
သတင်းအဖြစ်ပါရှိလာခဲ့သည်။

မြတ်နိုးခိုင်၏ ပရိသတ်က
ဆေးရုံသို့သွားရောက်ပြီး သတင်း
မေးကြသည်။ ဆေးရုံပေါ်တွင် ပက်
လက်အနေအထားဖြင့် မလှုပ်
မယှက် တွေ့ရသော မြတ်နိုးခိုင်၏
သတင်းကို ဂျာနယ်သတင်းထောက်
များက အနုပညာနှင့်သက်ဆိုင်
သည့် ဂျာနယ်များတွင် ဖော်ပြပေး
ခဲ့သည်။

ယောက်ျားသားများကြောင့်
မိန်းမရှိင်းဘဝ ရောက်ခဲ့ရသော
မြတ်နိုးခိုင်မှာ သူမက မသိလို၊
မမြင်လိုသော လောကကြီးကို
အတိတ်မေ့ မေ့မြောနေသူအဖြစ်
နှုတ်ပိတ်နေခဲ့ သည်မှာ
တကယ့်ကို သနားစဖွယ်
ပင်။

မိန်းမယဉ်ကို
မိန်းမရိုင်းဖြစ်စေရန်
ဖန်တီးခဲ့ကြသူများကို
အပြစ်တင်ရမည်
လော။

နာကျင်ကြေ
ကွဲမှုကြောင့် လက်
တုံ့ပြန်မှုပြင်းထန်
ခဲ့သည့် မိန်းမသား
ကိုပင် အပြစ်တင်ရမည်
လော။

လောကဓာတ်ခံ အရှုပ်
ကြိုးများကြောင့် လူသားများသည်
အရူးတစ်ပိုင်း စိတ်မကျန်းမာသူ
ဖြစ်ခဲ့ကြရသည်ဆိုလျှင် လောက
ကြီးကိုပင် အပြစ်တင်ရမည်လော
မသိတော့ပေ။

**ချောယဉ်ချစ်**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သူတည်းတစ်ယောက်

ကေသီမိုးသူ

နောက်သုံးရက်ဆိုလျှင် မမကြီး မအေးအေး မင်္ဂလာဆောင်ပေတော့မည်။ မမကြီး မအေးအေးရဲ့ ချစ်သူ ကိုမောင်မောင်သန်းနှင့်ဖြစ်သည်။ သူတို့နှစ်ယောက်က အခုတွေ့၊ အခုကြိုက်၊ အခုယူဆိုသည်မျိုး မဟုတ်ပါ။ နှစ်နှစ်ကျော်ကျော်လောက် သမီးရည်းစားဘဝနှင့် နေလာခဲ့ပြီး ငွေကြေးလေး စုဆောင်း ရတတ်သမျှနှင့် ယခုကဲ့သို့ မင်္ဂလာပွဲလေး ကျင်းပဖို့ စီစဉ်လိုက်ကြခြင်းဖြစ်သည်။

မမကြီး မအေးအေး ရေချိုးပြီးစ ထဘီရင်ရှားနှင့် မှန်တင်ခုံရှေ့တွင် အလှပြင်နေသည်ကိုကြည့်ရင်း ကေသီထွေးက မသိမသာ ပြုံးနေမိသည်။

ဩော်...မမကြီး....မမကြီး၊ နောက်ဆိုရင် မမကြီးကို အပျိုစင်ဘဝနဲ့ နီးနီးကပ်ကပ်နေခွင့်ရတော့မည်မဟုတ်၊ အိမ်ထောင်သည်ဘဝသို့ရောက်ရှိပြီး သျှောင်နောက်ဆံထုံးပါဆိုသည့်စကားအတိုင်း ခင်ပွန်းသည် ကိုမောင်မောင်သန်း ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားရပေတော့မည်။ ဖေဖေနှင့်မေမေတို့ကတော့ မင်္ဂလာအခမ်းအနားတွင်



ကျွေးမွေးဧည့်ခံရန်အတွက် လိုအပ်သည့် ပစ္စည်းပစ္စယများဝယ်ဖို့ မနက်ကတည်းက မြို့သို့ထွက်သွားကြပြီဖြစ်သည်။ အိမ်တွင်ကျန်ရစ်သည်က မိမိနှင့် မမကြီး မအေးအေး နှစ်ယောက်တည်းရယ်။

"မမကြီး...."

ကေသီထွေးသည် မမကြီး မအေးအေး၏ ပခုံးနှစ်ဖက်ပေါ်သို့ လက်နှစ်ဖက်ကို အသာတင်ရင်း မဝံ့မရဲ ခေါ်လိုက်မိသည်။ မမကြီး မအေးအေးသည် သူ့နောက်တွင် ရပ်နေသည့် ညီမဖြစ်သူ ကေသီထွေးအား မှန်ထဲမှတစ်ဆင့် လှမ်းကြည့်ရင်း....

"ဘာလဲ ညီမလေး၊ ဘာပြောချင်လို့လဲ"

မမကြီး မအေးအေးက စကားလမ်းခင်းပေးလိုက်သည်နှင့် ကေသီထွေးသည် အားတုံ့အားနာရှိသည်

www.burmeseclassic.com

လေသံဖြင့်....

"အထွေး မမကြီးဆီက အကူအညီတောင်းစရာရှိနေလို့ အဲဒါ.."

မမကြီး မအေးအေးသည် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားသည့် ကေသီထွေးဘက်သို့ ကိုယ်ကို လှည့်လိုက်လျက် တစ်ဆက် တည်း....

"ဪ..ညီမလေးကလည်း ကွယ် ပြောစရာရှိတာများ မြန်မြန်ပြောတာမဟုတ်ဘူး၊ မမကြီးကို အားနာနေရသေးတယ်၊ ကဲ.... ပြော၊ ဘာလိုချင်လို့လဲ၊ ဘာအကူအညီတောင်းချင်လို့လဲ၊ ပွင့်ပွင့်လင်းလင်းသာပြော"

သည်တော့လည်း ကေသီ ထွေးသည် စိတ်ကိုတင်းလိုက်သလို အသက်ကို ပြင်းပြင်း တစ်ချက်ရှူ လိုက်ပြီး....

"အထွေး ဒီည ကိုကိုဦးနဲ့ သွားတွေ့မလို့၊ အဲဒါအထွေးမှာ ဝတ်စရာ အဝတ်အစားအသစ် မရှိလို့"

"ဘာလဲ မမကြီးက အဝတ်အစားအသစ် ပြေးပြီးဝယ်ပေးရမှာလား"

ကေသီထွေးက ဦးခေါင်းကို မသိမသာယမ်းခါပြလျက်....

"မဟုတ်ဘူး မမကြီး၊ အထွေးအတွက် အဝတ်အစားအသစ် ပြေးဝယ်ပေးစရာမလိုပါဘူး၊ မမကြီးဆီမှာရှိပြီးသားအဝတ်အစားကို ခဏငှားမလို့ပါ"

"ဆိုစမ်းပါဦး၊ ဘယ်အဝတ်



အစားကို ငှားချင်ရတာတဲ့လဲ"

"ဟို....မမကြီးရယ် ဖြောင်ထဘီပါတိတ်အနက်ရောင်လေးနဲ့ အင်္ကျီလက်ရှည် အနက်ရောင်လေးကိုပါ၊ ခါးစည်းကြိုးနဲ့ အင်္ကျီအနက်လေးဟာလေ"

ကေသီထွေးစကားကြောင့် မမကြီး မအေးအေးသည် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားသည်။ အကျောက်အကန်လည်း ငြင်းဖို့ကြိုးစားခဲ့သည်။

"အဲဒီအင်္ကျီနဲ့ ထဘီကိုတော့ ချမ်းသာပေးပါ အထွေးရယ်၊ ဘာ
ဖြစ်လို့လဲဆိုတော့ မမကြီးရဲ့မင်္ဂလာ
ပွဲ ညည့်ခံတဲ့နေ့မှာ ဝတ်ရမယ်
အဝတ်အစားတွေ ဖြစ်နေလို့
ကွယ်"

"မမကြီးကလည်း ခဏ
လေးပဲဝတ်မယ့် ဥစ္စာ
ကို၊ ကိုကို ဦးနဲ့တွေ့
အိမ်ပြန်ရောက်တာ
ချက်ချင်းပြန်ချွတ်မယ်
ဥစ္စာကို"

ကေသီထွေး
လည်း ဖွတ်အတ
ပြောသည်။

မမကြီး မအေ
အေးသည် ကေသီ
အားမျက်စောင်းတ
ချက်ပစ်ထိုးလိုက်ရင်း

"ညည်းရဲ့အဝ
အစားတွေက ဘယ်ရောက်
လို့လဲ"

"အားလုံး လျှော်တဲ့အထဲ
သွားပြီလေ၊ အခုထက်ထိ
အဝတ်အစားတွေက အစိုအတိုင်း
ရှိနေတုန်းပဲ၊ ဒါကြောင့် မမကြီး
က အဝတ်အစားကို ခဏတော
နေတာပေါ့"

မမကြီး မအေးအေးသ
သက်ပြင်းတစ်ချက်ကိုသာ
လေးပင်ပင်ကြီးချလိုက်လျက်
ဆက်တည်း....

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း...ညည်းမလည်း ဒုက္ခပဲနော်၊ ကိုယ့်ချစ်သူနဲ့ သွားပြီး တွေ့တာများ အဝတ်အစားအသစ်နဲ့ သွားချင်ရသေးတယ်၊ ရိုးရိုးအဝတ်အစားဟောင်းနဲ့ သွားတွေ့တော့ ညည်းရဲ့လူက ဘာပြောမှာမို့လို့လဲ၊ ညည်းမှာ ဝတ်စရာအဝတ်အစားတွေ ရှိသေးတယ်ဆိုတာကို ငါသိတယ်၊ ညည်းငါ့ကို လိမ်ဖို့တော့ မကြိုးစားနဲ့ အထွေး"

"ကဲပါ မမကြီးရယ် စကားအပိုတွေ ပြောမနေပါနဲ့တော့၊ အထွေးကို ပေးမယ့်ဟာသာ ပေးစမ်းပါ"

သည်တော့လည်း မမကြီး မအေးအေးသည် ထိုင်ရာမှ ထရပ်လိုက်လျက် ကေသီထွေး၏ နဖူးပြင်လေးကို လက်ညှိုးဖြင့်အသာတို့လိုက်ပြီး....

"ညည်းနော်....ညည်း တော်တော်ရှုပ်ချင်တယ်၊ အနိုင်ယူစရာမရှိရင် ကိုယ့်အစ်မကိုပဲ အနိုင်ကျင့်နေ၊ ဟွန်း...."

ထို့နောက် မမကြီး မအေးအေးသည် ကေသီထွေးအတွက် အဝတ်အစားကို ဗီရိုထဲကနေ သွား၍ ထုတ်ယူပေးသည်။

ကေသီထွေးသည် မမကြီး မအေးအေး၏ခါးကိုဖက်ကာ နဖူးပြင်လေးကို တစ်ချက်နမ်းရှုပ်လိုက်ပြီး....

"ဒီလိုအလိုက်သိတတ်တာလေးတွေကြောင့် မမကြီးကို အထွေး အရမ်းချစ်နေရတာ"

"သွားပါ၊ သူလိုတာရမှ ဟွန်း...."

မည်သို့ပင်ဖြစ်စေ သူလိုတာကို ရလိုက်ပြီမို့ မမကြီး မအေးအေး အပါးကနေ ခွာခဲ့သည်။

♛♛♛♛♛

သည် ကနေ့ ညမှ ၁မှ လကသာသာနေသည်။ သို့တစေ ရဲရဲဝံ့ဝံ့ကြီး သာနေခဲ့သည်တော့ မဟုတ်။ တိမ်တိုက်အချို့ ဖုံးအုပ်ထားတာကြောင့် မဝံ့မရဲဖြင့်သာ နေခြင်းသာဖြစ်သည်။

ကေသီထွေးသည် ရိုးပြတ်တောကလေးကို ဖြတ်သန်းမိခဲ့ပြီ ဖြစ်သည်။ ရှေ့တွင်ရှိနေသည့် တံတားငယ်တစ်ခုကို ဖြတ်သန်းရဦးမည်ဖြစ်သည်။ ထို့နောက်တွင်မှ ချစ်သူကိုကိုဦးနှင့် ချိန်းဆိုထားရာ ရွာလယ်ရှိ ဇရပ်ပျက်ကြီးဆီသို့ ရောက်ရှိမည်ဖြစ်သည်။

ရှေ့မလှမ်းမကမ်းဆီမှ အသံဝါကြီးနှင့် အော်ဟစ်သီဆိုနေသည့် သီချင်းဆိုသံတစ်သံကို ကြားရသည်။ ထိုသို့သီချင်းသီဆိုနေသူမှာ အခြားသူမဟုတ်ပါ။ ရွာဆော်ပွဲကြီးတစ်ဦးဖြစ်သည့် ဖော်ကြီးဖြစ်သည်။ ကေသီထွေး သည်နေရာကို ဖြတ်ကျော်သွားလေတိုင်း ထိုကဲ့သို့

ကေသီထွေးသည် ရိုးပြတ် တောကလေးကို ဖြတ်သန်းမိခဲ့ပြီ ဖြစ်သည်။
ရှေ့တွင်ရှိနေသည့် တံ တားငယ်တစ်ခုကို ဖြတ်သန်းရဦး မည်ဖြစ်သည်။
ထို့နောက်တွင်မှ ချစ်သူကိုကိုဦးနှင့်......



www.burmeseclassic.com

www.burmeseclassic.com

ပင် ဖော်ကြီး၏ သီချင်းဆိုသံကို ကြားရစမြဲဖြစ်သည်။ လူချင်းလည်း မကြာခဏ ကြုံဆုံရစမြဲဖြစ်သည်။ ယခုလည်း လူချင်းကြုံဆုံရဦးမည် ထင်သည်။

ကေသီထွေးသည် ဦးခေါင်းကို မသိမသာငုံ့၍ ရှေ့ဆီသို့ သွက်သွက်လက်လက် လှမ်းခဲ့သည်။

အစကတည်းက မှတ်ထင်ထားသည့်အတိုင်းပင် ကောက်ရိုးခြောက်ပုံကြီးကို ကျောမှီ၍ထိုင်ရင်း သီချင်းဆိုနေသည့် ဖော်ကြီးအား မြင်တွေ့ရသည်။ ကေသီထွေးကို

တံတားလေး၏
တစ်ဖက်ဆီသို့ ရောက်တော့မှပင်
စိတ်နည်းနည်း အေးသွားသည်။
ရှေ့သို့နည်းနည်း
ဆက်၍လျှောက်လိုက်သည်နှင့်
ကိုကိုဦး
အသင့်စောင့်ဆိုင်းနေသည့်
ဇရပ်ပျက်ကြီးသို့.....



မြင်တွေ့သည်နှင့် ဖော်ကြီးက သီချင်းဆိုခြင်းကို ရပ်တန့်လိုက်သည်။ ထို့နောက် ဦးခေါင်းလေးကိုငုံ့ကာ ခပ်သုတ်သုတ်လေး လျှောက်လှမ်းနေသည့် ကေသီထွေးအား မျက်စိတစ်ဆုံး လိုက်ကြည့်နေခဲ့၏။ ကေသီထွေးကလည်း ဦးခေါင်းကိုသာငုံ့၍ ရှေ့ဆီသို့ မြန်မြန်ဆန်ဆန် လျှောက်လှမ်းသည်။

တံတားလေး၏တစ်ဖက်ဆီသို့ ရောက်တော့မှပင် စိတ်နည်းနည်း အေးသွားသည်။ ရှေ့သို့နည်းနည်း ဆက်၍လျှောက်လိုက်သည်နှင့် ကိုကိုဦး အသင့်စောင့်ဆိုင်းနေသည့် ဇရပ်ပျက်ကြီးသို့ ရောက်ရှိသွားတော့၏။

"ကိုကိုဦး စောင့်နေရတာကြာပြီလားဟင်"

ကေသီထွေးက ဇရပ်ပျက်ကြီးပေါ်သို့ လှမ်းတက်ရင်း မေးလိုက်သည်။

"သုံးနှစ်သုံးမိုးလောက် စော
နေရလည်း ဘာအရေးလဲ ကေ
ရယ်၊ အရေးကြီးတာက ကေ
ကိုဦးရဲ့ရင်ခွင်ထဲဝင်လာဖို့ပဲမဟုတ်လား"

အပြောကောင်းလွန်းသည့်
ကိုဦးအား မျက်စောင်းတစ်ချ
ပစ်ထိုးလိုက်ရင်း ရင်ခွင်ကြား
တိုးဝင်လိုက်မိသည်။

"ကိုဦးကတော့လေ အခ



www.burmeseclassic.com

www.burmeseclassic.com

ကတော့ အရမ်းကောင်းတာပဲနော်၊ အဲဒီအပြောလေးတွေကြောင့်များ ဒီက သူ့ကိုချစ်နေတာလား မပြောတတ်ဘူး"

ကိုကိုဦးသည် ကေသီထွေး၏ဦးခေါင်းထက်ရှိ ဆံစလေးများကို အသာနမ်းရှိုက်လိုက်ရင်း တိုးတိုးလေး ပြောခဲ့သည်။

"ကိုဦးက အပြောကောင်း ရုံတင်ပဲလား ကေသီ"

"ဟွန်း....သွား ဘာမှန်းလဲ မသိဘူး၊ ကိုဦးကလည်း နားရှက်စရာတွေ"


ကေသီထွေးသည် ရှက်သလို တိုးတိုးလေးဆိုရင်း ဦးခေါင်းကို ကိုကိုဦး၏ရင်ခွင်ထဲသို့ တိုးဝင်ဝှက်ထားလိုက်မိသည်။

ထိုစဉ်မှာပင် ငွေလမင်း၏ အလင်းရောင်က သုံးလုံးလျှားလျှား ကွယ်ပျောက်သွားလေတော့သည်။ တိမ်စိုင်၊ တိမ်တိုက်များက ဖုံးအုပ်ထားလိုက်သောကြောင့်ပင်ဖြစ်သည်။

♛♛♛♛♛

ပြဿနာက စတင်ခဲ့ပြီထင်သည်။

ကိုမောင်မောင်သန်းနှင့်အတူတူ သူ့မိဘနှစ်ပါးက အိမ်သို့ ရောက်ရှိလာသည်။ သူတို့နှင့်အတူ ရွှေဆော် ငပွကြီး အမူးသမားဖော်ကြီးလည်း ပါရှိလာ၏။ ထိုအချိန်တွင် မအေးအေးမှာ မနက်



ဖြန်ကျင်းပမည့် မင်္ဂလာပွဲတွင် ဝတ်ဆင်မည်ဖြစ်သော ဝတ်စုံကို ဝတ်ကြည့်နေချိန်ဖြစ်သည်။

"ဟား....ဦးတိုးဆင့်နဲ့ ဒေါ်သီတာတို့ပါလား၊ စောစောစီးစီး ဘာကိစ္စများလဲ၊ မင်္ဂလာပွဲက မနက် ဖြန်ကျမှမဟုတ်လား"

မအေးအေးနှင့် ကေသီထွေးတို့၏ဖခင် ဖြစ်သူ ဦးတင်မောင်က ဆီးကြိုနှုတ်ဆက်လိုက်သည်။ ဦးတိုးဆင့်က မျက်ထောင့်နီကြီးဖြင့် ဦးတင်မောင်အား လှမ်းကြည့်လိုက်ရင်း....

"ဒီမှာဦးတင် မောင်၊ ခင်ဗျားသမီးနဲ့ ကျုပ်ရဲ့သား မင်္ဂလာ ကိစ္စကို မလုပ်ကြတော့ရင်ကောင်းလိမ့်မယ်ထင်တယ်"

ထိုစကားကြောင့် တံခါးအကွယ်မှ ချောင်း၍ နားထောင် နေကြသည့် ညီအစ်မနှစ်ယောက် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားကြသည်။ မအေးအေးသည် စိတ်မထိန်းနိုင် တော့သဖြင့် လူကြီးများရှိရာဆီသို့ ထွက်သွားလျက် တစ်ဆက်တည်း....

"ဦးလေး ခုနက ဘာပြောလိုက်တယ်၊ မင်္ဂလာပွဲကိုမလုပ်ရင်ကောင်းမယ်တဲ့၊ ဟုတ်လား"

"ဟုတ်တယ်လေ။ ညည်းလို သစ္စာမရှိတဲ့ မိန်းကလေးမျိုးကို ငါ့ရဲ့

www.burmeseclassic.com



သားနဲ့ မပေးစားနိုင်ဘူး"

"ကျွန်မဘာက ဘာများ အမှားအယွင်းလုပ်မိလို့လဲ"

ဦးတိုးဆင့်က မအေးအေး၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီးမှ ပြောလိုက်သည်။

"မင်း ဘာလုပ်ခဲ့တယ်ဆို တာကို မင်းကိုယ်မင်း သိရမှာပေါ့၊ မင်း တစ်နေ့ညက ရုံးပြတ်တောကို ဖြတ်ပြီး ဘယ်ကိုသွားခဲ့တယ်ဆိုတာကို မင်းကိုယ်မင်း သိရမှာပေါ့၊ အေး.. အဲဒီတုန်းကကိစ္စကို မင်းမေ့ နေတယ်ဆိုရင်တော့ ဟောဒီက မျက်မြင်သက်သေဖြစ်တဲ့ ဖော်ကြီးကိုပဲ အဖြစ်မှန်ကို ပြောပြခိုင်းရ တော့မှာပဲ၊ ဖော်ကြီး....မင်း ဟိုတစ်နေ့ညက ဘာတွေမြင်တွေ့ခဲ့ရသလဲဆိုတာကို အမှန်အတိုင်း ပြောပြလိုက်စမ်းပါ"



သည်တော့ လည်း ဖော်ကြီးသည်ရှေ့သို့ထွက်လာလျက် မအေးအေးအားလက် ညှိုးငေါက်ငေါက်ထိုးကာ....

"ဟုတ်တယ်၊ ဒီအဝတ်အစားနဲ့ပဲ အဲဒီညတုန်းက ကိုကိုဦးဆိုတဲ့ လူကို သွားပြီးတွေ့တာ၊ ဟောဒီမျက်စိနဲ့ သေသေချာချာ တွေ့ခဲ့ရတာ၊ ညည်းဘာမှငြင်းဖို့ ကြိုးစားမနေနဲ့"

ဖော်ကြီးဆီက ဒက်ထိဆိုလာသည့် စကားကြောင့် မအေး၏ အကြည့်မျက်လုံးက ညီမငယ် ကေသီထွေးဆီသို့ ကျ ရောက်သွားသည်။

သည်တစ်ခါ တော့ ပြဿနာ အကြီးအကျယ် တက်တော့မည်ကို သိနားလည်လိုက်သည် ကေသီထွေးသည် မျက်စိ မျက်နှာအပျက် ပျက်အယွင်း ယွင်းနှင့် မမကြီးမအေး အေးအား ဦးခေါင်း မသိ မသာ ယမ်းခါပြလိုက်မိ သည်။ မမကြီး မအေးအေး အနေဖြင့် အပြေအနေမှန်ကို သဘောပေါက် သွားဟန်ဖြင့် ဦးတိုး ဆင့်ဘက်သို့ မျက်နှာ ပြန်လှည့် လိုက်လျက်....

"ကဲ....ဒီလိုဆိုလည်း ဦးလေး တို့ပြောသလို ဒီမင်္ဂလာပွဲကို ဖျက်သိမ်း လိုက်ကြတာပေါ့၊ တစ် ယောက်နဲ့တစ်ယောက် သံသယ ဖြစ်နေကြလို့ကတော့ ဒီမင်္ဂလာပွဲဟာ အောင် မြောက်မှာလည်း မဟုတ် တော့ဘူး"

မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ် သွားသူမှာ ဖခင်ကြီး ဦးတင်မောင် ဖြစ်သည်။ ဦးတင်မောင်က မအေး၏လက်တစ်ဖက်ကို ဆွဲကိုင်လိုက် ပြီး....

"ဟဲ့...သမီး၊ ညည်း ဘာ လိုပြောလိုက်တာလဲ၊ ဒီကိစ္စ ကလေးကစားနေတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com





လူကြီးတွေလုပ်ထားတဲ့ကိစ္စ၊ ညည်းက ခြေနဲ့ဖျက်ချင်နေတာလားဟင်"

"အို....ဖေဖေကလည်း သူတို့ဘက်က စပြီးတော့ ပြဿနာရှာလာတဲ့ဥစ္စာပဲ၊ သူတို့ဘက်က တင်းလာတဲ့ဥစ္စာကို သမီးတို့ဘက်က တောင်းတောင်းပန်ပန်နဲ့ ခယနေရဦးမှာလား၊ ထားလိုက်ပါတော့ ဖေဖေ၊ ဒီမင်္ဂလာပွဲ ပျက်သွားရလို့လည်း သမီးတို့မှာ ဘာမှနစ်နာမသွားပါဘူး၊ နေပါစေ ဖေဖေရာ၊ သူတို့သဘောအတိုင်းပဲ ရှိပါစေတော့လေ"

ထိုမျှသာပြောပြီးနောက် မအေးအေးသည် ကေသီထွေးထံသို့ လှည့်ထွက်ခဲ့သည်။

"မမကြီးရယ် အထွေးကြောင့်နဲ့ မမကြီးတို့မင်္ဂလာပွဲ ပျက်သွားရပြီနော်"

မျက်ရည်လည်ရွဲနှင့် ကေသီထွေးက ပြောလိုက်မိသည်။

မမကြီး မအေးအေးသည် ကေသီထွေး၏ လက်မောင်းတစ်ဖက်ကို အသာဆုပ်ကိုင်လိုက်၍ နှစ်သိမ့်စကားပြောလိုက်သည်။

"ထားလိုက်ပါတော့ အထွေးရယ်၊ ဖြစ်ချိန်တန်ရင် ဖြစ်မှာပဲ၊ ပျက်ချိန်တန်ရင်တော့ ပျက်ရမှာပဲ၊ ဒါဟာ လောကဓမ္မတာပဲလေ၊ ဒီတော့ ဘာမှစိတ်ညစ်မနေနဲ့၊ ဟုတ်ပြီလား"

စိတ်ညစ်မနေနဲ့ဟုဆိုလိုက်သည့် မမကြီး မအေးအေး၏အသံသည် တုန်ယင်လို့က်မောနေသည်။ လက်ငင်းပစ္စက္ခတွင် ကြုံတွေ့လိုက်ရသည့် အဖြစ်အပျက်ကြောင့် သူကိုယ်တိုင် ဝမ်းပန်းတနည်းဖြစ်နေမည်မှာ မလွဲကေန်ပင်။

မမကြီး မအေးအေးသည် ကေသီထွေး၏ပခုံးတစ်ဖက်ကို အသာဖျစ်ညှစ်၍ သူ့အိပ်ခန်းထဲသို့ဝင်သွားသည်၊ ကေသီထွေးမှာ မျက်နှာကို လက်ဝါးနှင့်အုပ်မိုး၍ အသံထွက်သည်အထိ ငိုရှိုက်မိတော့သည်။

ဩော် ... သူတည်းတစ်ယောက် ကောင်းဖို့ရောက်ရန်အတွက် တစ်ယောက်သောသူမှာ အပျက်တရားနှင့် ကြုံတွေ့သွားရပြီကောလေ။

**ကေသီမိုးသူ**



www.burmeseclassic.com

www.burmeseclassic.com

# အစ်ကိုရဲ့ဇနီးကိုတောင် လင်အယောင်ဆောင်ပြီး အဓမ္မမှုကျူးလွန်ဝံ့သူ အတူနေလူငယ်ရဲ့လုပ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ်တွင် မရီးဖြစ်သူအား တစ်အိမ်တည်းအတူနေ မတ်ဖြစ်သူက သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ ည ၁၁ နာရီအချိန်က မ--- (၂၀ နှစ်)၊ (စက်ချုပ်)၊ ---ရွာ၊ တွံ့တေးမြို့ နယ်နေသူသည် နေအိမ်အိပ်ခန်း ခြင်ထောင်ထဲတွင် တစ်ဦးတည်း အိပ်ပျော်နေစဉ် လူတစ်ဦး ခြင် ထောင်အတွင်းသို့ ဝင်ရောက်လာပြီး သားမယား အဖြစ်ပြုကျင့်ရန် ပြုလုပ်သဖြင့် မ-က ခင်ပွန်းဖြစ်သူ ထင်မှတ်၍ ခါးကိုစမ်းသပ်ကြည့်ရာ ဂျင်းဘောင်းဘီ ဝတ်ဆင်ထားသည်ကို သိရသည်ဆို၏။

ထိုသို့သိရသဖြင့် ခင်ပွန်းဖြစ်သူမှာ ဂျင်းဘောင်းဘီဝတ်လေ့ဝတ်ထမရှိ၍ ဘယ်သူလဲဟုမေးပြီး မျက်လုံးဖွင့်ကြည့်ရာ နေအိမ်ဧည့်ခန်းတွင် ထွန်းထားသော နှစ်ပေမီးချောင်းအလင်းရောင်ကြောင့် ခင်ပွန်းဖြစ်သူ၏ညီဖြစ်သူ ခင်ဇော်လတ် (၁၈ နှစ်)၊ (ပန်းထိမ်လုပ်သား)၊ (လိပ်စာတူ)ဖြစ်နေ၍ တွန်း ဖယ်ပြီး တစ်အိမ်တည်းအတူနေ ယောက္ခမများထံတိုင်ကြားစဉ် ခင် ဇော်လတ်မှာ ထွက်ပြေးသွားခဲ့ သည်ဆို၏။

မ---က တရားလိုပြုလုပ် တိုင်တန်းသဖြင့် တွံ့တေးမြို့မ စခန်း(ပ)၂၈၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆/၅၁၁ ဖြင့် အမှုဖွင့်ပြီး အမှု စစ် ရဲအုပ် ရန်နောင်လတ်က ခင် ဇော်လတ်အား စစ်ဆေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

လင်းဦး (လှည်းကူး

# အန်ဖတ်ဆို့အောင် သောက်မိတဲ့အရက်ကြောင့် လူလတ်ပိုင်းယာဉ်မောင်း သေဆုံးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်တွင် လူတစ်ဦးအရက်ကို အလွန်အကျွံ သောက်စားမှုကြောင့် အရက်မူးလွန်ပြီး အန်ဖတ်ဆို့၍ သေဆုံးသွားသော သေမှုသေခင်း တစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ နံနက် ၈နာရီအချိန်က ဘုရင့်နောင်နယ်မြေရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်တင်နိုင်ဇော်သည် မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်တွင် အမျိုးသား တစ်ဦး သေဆုံးနေကြောင်း သတင်းရရှိ၍ စခန်းမှူး ရဲအုပ်ကျော်ဇောဦးစီးသည့်အဖွဲ့နှင့်အတူ သက်သေများလိုက်ပါလျက် သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ သန်းထိုက်စိုးကြွယ် (၃၈နှစ်)၊ (ယာဉ်မောင်း)ဖြစ်ပြီး အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာ မတွေ့ရှိရဘဲ ၎င်းသည် နေအိမ်တွင် တစ်ဦးတည်းရှိနေစဉ် အရက်အလွန်အကျွံသောက်စားထားရာ အရက် မူးလွန်ပြီး အန်ဖတ်ဆို့ကာ သေ သည့် လက္ခဏာဖြင့် တွေ့ရှိ မြောက်ဥက္ကလာပဆေးရုံသို့ ပို့အ ရာ ပီအာရ် ၃၁ဖြင့် လက်ခံထ ရှိခဲ့၏။

ဒုရဲအုပ် တင်နိုင်ဇော် တရား လိုပြုလုပ်တိုင်တန်းသ ဘုရင့် နောင်နယ်မြေရဲစခ သေမှုသေခင်းအမှတ်စဉ် (၁ ၂၀၁၄)ဖြင့် အမှုဖွင့်ပြီး အမှု စခန်းမှူး ရဲအုပ်ကျော်ဇောက ဆေးလျက်ရှိကြောင်း သတင်း သည်။

အောင်မိုးနှံ့နော



www.burmeseclassic.com

www.burmeseclassic.com



# ရင်ကျပ်ရောဂါအတွက် ငါးအရှင်ကို မျိုချရတဲ့ကုထုံး

အိန္ဒိယနိုင်ငံတွင် ရင်ကျပ်ရောဂါ ခံစားနေရသောသူများကို ငါးအရှင်များ မျိုချစေသည့်ကုထုံးဖြင့် ကုသပေးလျက်ရှိသည်။ နှစ်စဉ် ဇွန်လရောက်တိုင်း ရင်ကျပ်ရောဂါဝေဒနာ ခံစားနေရသူများသည် အိန္ဒိယနိုင်ငံတောင်ပိုင်း၊ ဟိုက်ဒါဘတ်မြို့သို့ ရောက်ရှိလာကာ ဆေးကုသမှုများ ခံယူလေ့ရှိသည်။

ထိုကုသနည်းသည် ဟိန္ဒူလူမျိုးများ၏ ရိုးရာအစဉ်အလာ ဆေးကုသနည်းဖြစ်ပြီး ဘာသီနီဂေါ့မိသားစုက ရှေးနှစ်ပေါင်းများစွာကတည်းက လက်ဆင့်ကမ်းကုသခဲ့၍ နှစ်ပေါင်း (၁၅၆)နှစ်တိုင် ရှိသွားပြီဖြစ်သည်။ ဆေးကုသမှုခံယူသူသည် (၄၅)ရက်အတွင်း သတ်မှတ်ထားသော စည်းမျဉ်းများကို တိကျစွာ လိုက်နာရမည်ဖြစ်ပြီး သုံးနှစ်ဆက်တိုက် ကုသမှုခံယူပါက အသက်ရှူခြင်းဆိုင်ရာရောဂါများ သက်သာပျောက်ကင်းကြောင်း သိရသည်။

ရင်ကျပ်ရောဂါသည်များသည် အဝါရောင်ပတ်ထားသော အရာကဲ့သို့ ငါးစင်တီမီတာရှိသည့် ငါးတစ်ကောင်ကို ပါးစပ်ထဲထည့်ကာ မျိုချစေခြင်းဖြစ်သည်။ ငါးအရှင်ကို မျိုချရန် ပါးစပ်ကို ကျယ်ဝန်းစွာ ဟထားရမည်ဖြစ်ပြီး ကလေးငယ်များမှာ ကြောက်ရွံ့စွာ ငိုကြွေးကြသည်။

ဆရာဝန်များနှင့် လူ့အဖွဲ့အစည်းများက ထိုကုထုံးကို ဝေဖန်မှုပြုကြသော်လည်း ယုံကြည်သက်ဝင်သူ များပြားသဖြင့် လူအုပ်ကို ထိန်းသိမ်းရန် ရဲတပ်ဖွဲ့ဝင်များကိုပင် ချထားပေးရကြောင်း သိရသည်။

**ဆောင်းဟေမန်**

Re : Strange News

23-7-2014

www.burmeseclassic.com





# မိကျောင်းဥနဲ့ ပြုလုပ်ထားတဲ့ ရေခဲမုန့်

ဖိလစ်ပိုင်နိုင်ငံ၊ Davaoမြို့ရှိ စားသောက်ဆိုင်တစ်ခုသည်အနီး အနားတွင်ရှိသော မိကျောင်းမွေးမြူရေးဥယျာဉ်မှ မိကျောင်းဥများရယူ ပြီး ရေခဲမုန့်ပြုလုပ်ခဲ့ကြသည်။

ထိုဥယျာဉ်သည် မိကျောင်းများကို အသားနှင့် သားရေရရှိရန် မွေးမြူထားခြင်းဖြစ်ပြီး မိကျောင်းဥများသည် ပုံမှန်ကြက်ဥများထက် အာဟာရဓာတ် ပို၍ပြည့်ဝကြောင်း စားသောက်ဆိုင်ပိုင်ရှင်က ပြောဆိုခဲ့သည်။ ထိုရေခဲမုန့်များကို မိကျောင်းအသားနှင့် ပြုလုပ်ခဲ့ခြင်းမဟုတ်ဘဲ သားဖောက်ခြင်းမလုပ်သည့်ဥများနှင့် ပိုလျှံနေသော ဥများနှင့်သာ ပြုလုပ်ခဲ့သည်။


ဆိုင်ရှင်သည် ဥယျာဉ်ပိုင်ရှင်ထံမှ မိကျောင်းဥများ ရရှိခဲ့ပြီး ရေ ခဲမုန့်လုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မိကျောင်းဥများသည် ဇဝရာခိုင်နှုန်းမှာ အနှစ်ဖြစ်ပြီး ကြက်ဥ ထက် အာဟာရပိုရှိကာ ကျန်းမာရေးနှင့် သင့်တော်သည့် ရွေးချယ်မှုဖြစ်ကြောင်းသိရသည်။

**ဆောင်းဟေမန်** Ref: International News 27-7-2014



www.burmeseclassic.com

www.burmeseclassic.com



# အမြွှာညီအစ်မနှစ်ယောက်လုံးနဲ့

## တစ်ပြိုင်တည်းချစ်သူဖြစ်ခဲ့သူ

ဩစတြေးလျနိုင်ငံတွင် အသက် (၃၁)နှစ်အရွယ်ရှိ Ben Byrne ဆိုသူ အမျိုးသားသည် အသက် (၂၈)နှစ်အရွယ်ရှိ အမြွှာညီအစ်မနှစ်ဦးလုံးနှင့် တစ်ပြိုင်နက်တည်း ချစ်သူရည်းစားဖြစ်ခဲ့သည်။

Ben Byrne သည် ကားစက်မှုအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး Facebook လူမှုကွန်ယက်၌ အမြွှာညီအစ်မ Anna နှင့် Lucy Decinque တို့ကို တွေ့ဆုံခဲ့သည်။ ၆ လခန့် အွန်လိုင်းတွင် တွေ့ဆုံခဲ့ပြီး အပြင်၌တွေ့ဆုံကာ ပြိုင်တူချစ်သူဖြစ်သွားခဲ့သည်။

အမြွှာညီအစ်မ၏ မိခင်ဖြစ်သူကလည်း အမျိုးသားတစ်ယောက်တည်းနှင့် သူမ၏သမီးနှစ်ဦး တစ်ပြိုင်နက်တည်း ချစ်သူဖြစ်နေသည်ကို ခွင့်ပြုထားသည်။ သူတို့သုံးယောက်၏ အချစ်ဇာတ်လမ်းကို စိတ်ဝင်စားသူများပြားကြောင်း သိရသည်။

**ဆောင်းဟေမန်**


Ref: World interesting News

3-8-2014



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ထောင်ရှိအမျိုးသားနဲ့ငြိစွန်းလို့ လူမြင်ကွင်းမှာအရက်စက်ဆုံးနှိပ်စက်ခံရမှု

တရုတ်နိုင်ငံ၊ Yulin မြို့ရှိ စတိုးဆိုင်တစ်ဆိုင်ရှေ့တွင် လွန်စွာကြမ်းတမ်းသော ရန်ပွဲတစ်ခုဖြစ်ပွားခဲ့သည်။

ထိုရန်ပွဲတွင် အိမ်ထောင်ရှိအမျိုးသားနှင့် ရှုပ်သည်ဟုယူဆသော အမျိုးသမီးကို အခြားသောအမျိုးသမီးများက စိတ်ရှိလက်ရှိ ရက်စက်စွာ ရိုက်နှက်ခဲ့ကြသည်။

ထိုအမျိုးသမီးကို အင်္ကျီချွတ်၊ ဆံပင်ဆွဲ၊ ဆောင့်ကန်ကာ လူအများရှေ့တွင် တရွတ်တိုက်ဆွဲချသွားခဲ့ကြသည်။ ဘေးနားမှလူများက ဝင်မဆွဲရဲသည့်အပြင် ရဲများကလည်း ရပ်ကြည့်နေခဲ့ကြသည်။

ထိုသတင်းမှာ လူမှုကွန်ယက်၌ ပျံ့နှံ့သွားပြီး တချို့က ရှုပ်သည့်အမျိုးသားကို အပြစ်တင်ခဲ့ကြပြီး တချို့က ကောင်မလေးသည် အိ[illegible] ထောင်ရှိသည့်အမျိုးသားမှန်း [illegible] တာလည်းဖြစ်နိုင်သည်ဟု ပြော[illegible] ခဲ့ကြသည်။

**ဆောင်းဟော[illegible]**

Ref:China N[illegible]

7-8-2[illegible]



www.burmeseclassic.com

www.burmeseclassic.com



# အဝဲ့အလာအရုမတည့်သည့် ရှဉ့်မျောက် မိတ်ဆွေရင်းတွေဖြစ်နေကြလို့

ဗြိတိန်နိုင်ငံ၊ Port Lympne Reserve တိရစ္ဆာန်ဥယျာဉ်ထဲမှ မျောက်ငယ်လေး Mubi သည် အာဖရိက Drill မျောက်အမျိုးအစားထဲတွင် ပါဝင်ပြီး ကမ္ဘာ့မျိုးသုဉ်းတော့မည့် မျောက်မျိုးစိတ်ဝင်ဖြစ်သည်။

ထိုမျောက်သည် မွေးပြီးပြီးချင်း မိခင်ဖြစ်သူ၏ စွန့်ပစ်ခြင်းကို ခံခဲ့ရပြီး တိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Simon Jeffery က အိမ်သို့ခေါ်ယူမွေးစားခဲ့သည်။

မွေးပြီး ပထမတစ်ပတ်တွင် ကျန်းမာရေးဆိုးဝါးခဲ့သော်လည်း ယခုအခါ ပြန်လည်ကျန်းမာလာခဲ့သည်။ ယခုအခါ အိမ်ရှင်ကမွေးထားသော ခွေးလေးနှင့် အဖော်ရနေပြီး ဆော့ကစားရန် မျောက်ရုပ်လေးတစ်ရုပ်လည်း ပေးထားသည်။

Mubi ၏ ချစ်စရာပုံသဏ္ဌာန်နှင့် ခွေးလေးအပေါ် ချစ်ခင်စွာနေထိုင်တတ်သည့် ပုံများမှာ အင်တာနက်၌ ရေပန်းစားလျက်ရှိသည်။

**ဆောင်းဟေမန်**

Ref: World Amazing Animal

2-8-2014

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

**တနင်္ဂနွေ**

လုပ်ငန်းစီးပွားနှင့်ပတ်သက်၍ စိတ်ပန်းလူပန်းဖြစ်မည်။ အပြိုင်အဆိုင်၊ အတိုက်အခံများ မည်။ အောင်မြင်မှုကို လွယ်လွယ်ကူကူ မရရှိနိုင်ပါ။ မြေကိစ္စ၊ မိန်းမကိစ္စနှင့်ပတ်သက်၍ ပြဿနာရှင်းရမည်။ တောင်ပေါ်တောလမ်းခရီးသွားလာရလျှင် အန္တရာယ်ရှိသည်။ သတိ စွာထားပါ။ ဝင်ငွေများသော်လည်း ထွက်ငွေ၏ဆွဲဆောင်မှုကို မခံနိုင်၍ လက်ထဲငွေမထား ဘဲ ငွေစုဘဏ်တွင်ထားရှိခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းပြုလုပ်ပါ။ သစ်နှင့်ပတ်သက်သော အိမ်ထောင်ပရိဘော ရောင်းဝယ်မှု အကျိုးပေးမည်။ ဘာသာရေး အားကောင်းမည်။ အမြင်ထူး၊ အာရုံထူးရရှိမည်။

**ယတြာ။** ■ ရွှေဖရုံသီးဆွမ်းချက်၍ လှူဒါန်းဒါနပြုပါ။

**တနင်္လာ**

စိတ်သောကဖြစ်စရာများ၊ ခိုက်ရန်ဖြစ်ပွားမှုများ မကြာခဏ ကြုံရသော်လည်း ကျ မရှိပါ။ အပူလောင်ခြင်း၊ တစ်ပါးသူ၏ အခက်အခဲကို ဖြေရှင်းရခြင်းကြုံမည်။ ဝန်ထမ်း၊ မဟုတ် သားသမီးဖြစ်ပါက အကြီးအကဲနှင့် မိဘအကြီးအကဲများ၏ စောင့်ရှောက်ကူည ခံစားရမည်။ အိမ်ထောင်ဖက်ထံမှ အကူအညီကောင်းရရှိမည်။ ဆေးပညာ၊ စာပေပညာဖြင့် အသက်မွေး ကျောင်းပြုသူများ အောင်မြင်မှုကို အတိုက်အခံနှင့် အနှောင့်အယှက်များကို ရင်းနှီး၍ အောင်မြင်မှုရရှိမည် ချစ်သူမရှိသေးသူများ ချစ်သူတွေ့မည်။ ချစ်သူရှိပြီးသူများ မေတ္တာပြိုင်ပေါ်တတ်သည်။

**ယတြာ။** ■ ဘုရားကို ထီး၊ ယပ်နှင့် ကြံပန်းလှူပေးပါ။

**အင်္ဂါ**

စာပေပညာရှင်များ၊ တေးရေးသူများ မထင်မှတ်ဘဲ အောင်မြင်မှုရရှိမည်။ စစ်ဘ စက်မှုပညာရှင်၊ ဆေးဘက်ပညာရှင်များ နာမည်ဂုဏ်သတင်းကြီးမည်။ ဘာသာရေးကို လုပ်ဆောင်၍ အလှူကြီးပေးလှူရမည်။ ထီပေါက်ခြင်း၊ ကံစမ်းမဲပေါက်ခြင်း၊ ဆုလာဘ် ခံရခြင်းများကြုံမည်။ လေရောဂါသတိပြု၍ လေယာဉ်၊ ရေယာဉ်ဖြင့် သွားလာရသော များကို အထူးဂရုစိုက်ပါ။ အတတ်ပညာတစ်ခုခုကို သင်ယူရန် အခြေအနေ ဖြစ်ပေါ်လာမည်။ အိမ်ထော



www.burmeseclassic.com

www.burmeseclassic.com

သည်များ အိမ်ထောင်ရေးသာယာမည်။ ငယ်ရွယ်သူနှင့် ပညာသင်များ အပေါင်းအသင်း အထူးဂရုစိုက်၍ သွားလာပါ။

**ယတြာ။** ■ မုန့်လုံးရေပေါ် (၂၇)လုံးဖြင့် ဆွမ်းကပ်၍ ဗောဓိညောင်ပင်ကို ရေလောင်းလှူဒါန်းပေးပါ။

လုပ်ငန်းစီးပွားအောင်မြင်မည်။ အနုပညာရှင်များဖြစ်ပါက ဂုဏ်သတင်းကျော်စော၍ ဆုလာဘ်ချီးမြှင့်ခြင်းခံရမည်။ အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အလုပ်အကိုင်သစ်များပေါ်မည်။ အထည်အဝတ်အစားနှင့် ရတနာပစ္စည်းရောင်းဝယ်သူများ တပြည်းပြည်းချင်း လုပ်ငန်းမြင့်တက်အောင်မြင်မည်။ အသက်အရွယ်အားဖြင့် မိမိထက်ကြီးသော အမျိုးသမီးများထံမှ အကျိုးရှိသော အကူအညီရရှိမည်။ အိမ်ထောင်သည်များ အချစ်သစ်ပေါ်ပေါက်တတ်သဖြင့် မိမိ၏ဂုဏ်သိက္ခာကိုပြန်ထိန်းပါ။ ငယ်ရွယ်သူဖြစ်ပါက အသက်ကြီးသူနှင့် ချစ်သူဖြစ်တတ်သည်။ ပညာရေးကောင်း၍ စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိမည်။

BURMESE CLASSIC

**ယတြာ။** ■ မွေးနေ့နံနက်တွင် ကောက်ညှင်းပေါင်းကို ဗယာကြော်နှင့်တွဲ၍ ဆွမ်းကပ်လှူပေးပါ။

အကောင်းဆုံးကို စိတ်တိုင်းကျ ဖန်တီးနိုင်သည့် အခွင့်အရေးရရှိသောကာလဟု မှတ်ယူပါ။ တောတောင်နှင့် နီးစပ်သောနေရာများမှာ ခြံမြေဝယ်ယူပိုင်ဆိုင်နိုင်မည်။ ဘာသာရေးတွင် ထူးခြားသော ပညာရပ်များကို ဆည်းပူးလေ့လာခွင့်ရရှိမည်။ တိုင်းခြားမြေခြားသို့ အလုပ်ကိစ္စဖြင့်ဖြစ်စေ၊ ပညာရေးအတွက်ဖြစ်စေ သွားလာရလိမ့်မည်။ သို့ရာတွင် လျှပ်စစ်နှင့်မီးတို့ကို အထူးသတိပြု ကိုင်တွယ်ထိန်းသိမ်းပါ။ အိမ်ထောင်သည်ဖြစ်သည့်တိုင် စန်းပွင့်နေတတ်သည်။ ငယ်ရွယ်သူများ အပေါင်းအသင်းကြောင့် အမှုအခင်းကြုံတတ်သည်။ သတိပြုပါ။ ပညာရေးအလွန်ကောင်းနေပါသည်။

**ယတြာ။** ■ ပိတောက်ညွှန့်ကို အုန်းညွှန့်နှင့်တွဲ၍ မွေးနံထောင့်မှ ကပ်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

### သောကြာ

စီးပွားရေးတွင် အပြိုင်အဆိုင်နှင့် အတိုက်အခံရှိမည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်နေသူများ၊ ဝင်ငွေကောင်း၍ လုပ်ငန်းတိုးတက်မည်။ အသီး၊ အဥ ရောင်းဝယ်သူများ အကျိုးပေးမည်။ အကြီးအကဲ၊ မိဘတို့၏ စောင့်ရှောက်မှုခံယူနိုင်မည်။ နှလုံး၊ အသည်းရောဂါကိုတော့ သတိပြုရပါလိမ့်မည်။ ကုန်သည်၊ ပွဲစားတို့ ငွေဝင်လာဘ်ရွှင်မည့်ကာလဟု မှတ်ယူပါ။ အိမ်ထောင်သည်များ နှစ်ဦးအတူ သာသနာပြုခရီးထွက်၍ အလှူဒါနကြီးများပြုရမည်။ ငယ်ရွယ်သူဖြစ်ပါက နွားအိုမြက်နုကြိုက်သမားများနှင့် ကြုံတွေ့ရတတ်သည်။ ပညာရေးတွင် အဆိုးမရှိပါ။

**ယတြာ။** ။ လိမ္မော်သီး(၇)လိမ္မော်ရည်ဖြင့် မွေးနေ့၊ မွေးနံထောင့်မှ နံနက် (၉)နာရီမကျော်မီ ကပ်လှူပါ။

### စနေ

စီးပွားရေးအောင်မြင်မည်။ ထီပေါက်ခြင်း၊ အမွေရရှိခြင်း၊ လုပ်ငန်းထူထောင်အပ်နှံခံရခြင်း ဖြစ်ပေါ်လာမည်။ ရွှေတူးဖော်ရေးလုပ်ငန်းများ အောင်မြင်မည်။ နတ်ပိုင်းဆိုင်ရာ အစောင့်အရှောက်ခံရမည်။ ရေထွက်ပစ္စည်း၊ ရေနံထွက်ပစ္စည်း ရောင်းဝယ်ခြင်း ပြုလုပ်နိုင်ပါသည်။ နိုင်ငံ့ဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများ လစာနှင့် ရာထူးတိုးမြှင့်ခံရလိမ့်မည်။ အိမ်ထောင်သည်ဖြစ်ပါက ဦးခေါင်းပိုင်းဝေဒနာ သတိပြုရမည်။ ရန်အားလုံးကို အောင်မြင်စွာ ကျော်ဖြတ်နိုင်လိမ့်မည်။ ငယ်ရွယ်သူများ ချစ်သူနှင့် ခရီးယာယီထွက်ရမည်။ ပညာရေးကောင်းနေ၍ သတိပေးစရာမရှိပါ။

**ယတြာ။** ။ မွေးနံထောင့်တွင် ရွှေထီး၊ ငွေထီးလှူ၍ အများသောက်သုံးရန် သောက်ရေအိုး၊ ရေသန့်ဘူး လှူပေးပါ။

ဝေဒသုတေသီတစ်ဦး



www.burmeseclassic.com